
www.burmeseclassic.com

# MANDELA'S WAY

## LESSON on LIFE

by
Richards Stengel



# မင်ဒဲလား

## လာခဲ့သောဘဝ လျှောက်ခဲ့သောလမ်း

မောင်ကြည်သန့်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


-။ နယ်လ်ဆင် မင်ဒဲလား၏ အမှာစကား ၁

-။ ဝိရောဓိအစုံ ပေါင်းစပ်ထားသူတစ်ဦး ၂

၁။ သတ္တိရှိခြင်းသည် ကြောက်စိတ်ကင်းမှု မဟုတ်ပါ ၂၁

၂။ အလိုက်သင့် နေတတ်ပါစေ ၃၄

၃။ ရှေ့ဘက်မှ ဦးတည် ခေါ်ဆောင်ပါ ၄၈

၄။ နောက်ဘက်က ဦးတည် တွန်းပို့ပါ ၆၃

၅။ ဖြစ်ချင်သည့်အတိုင်း မြင်ကြပါစေ ၇၃

၆။ အဓိက အခြေခံ သဘောတရားတစ်ရပ် ရှိပါစေ
အခြား အရာတိုင်းသည် နည်းဗျူဟာမျှသာပင် ၈၆

၇။ သူတစ်ပါးကောင်းကွက် မြင်အောင်ကြည့်ပါ ၉၇

၈။ ရန်သူ့အကြောင်း သိထားပါ ၁၁၀

၉။ ပြိုင်ဘက်များအပေါ် အနီးကပ် စောင့်ကြည့်ပါ ၁၂၄

၁၀။ ခေါင်းခါတတ်ပါစေ ၁၃၂

၁၁။ ကာလများမည့် ဂိမ်းပွဲတစ်ပွဲ ၁၃၇

၁၂။ အချစ်ကြောင့် တစ်မျိုး ထူးလာသည် ၁၄၄

၁၃။ ဖယ်ပေးလိုက်မှုနှင့် ဦးဆောင်မှု အတူတူ ၁၆၂

၁၄။ မှန်လည်း မှန်နိုင်၊ မှားလည်း မှားနိုင် ၁၆၇

၁၅။ ကိုယ်ပိုင်ဥယျာဉ် ရှာစေချင် ၁၇၃

-။ မင်ဒဲလား၏ လက်ဆောင်မွန် ၁၈၀

-။ မူရင်းစာရေးသူ ၁၉၂


www.burmeseclassic.com

www.burmeseclassic.com

## နယ်လ်ဆင် မင်ဒဲလား ၏ အမှာစကား

အာဖရိကတိုက်တွင် ubuntu ဟု သိမှတ်ထားသော အမြင် သဘောထား တစ်ရပ် ရှိသည်။ အနက်အဓိပ္ပာယ် နက်နဲသိမ်မွေ့လှ၏။ မိမိတို့သည် သူတစ်ပါးအပေါ် စာနာထောက်ထားတတ်မှသာ လူဟုဆိုနိုင်သည်။ ဤကမ္ဘာပေါ်တွင် ဘယ်အရာမဆို ဖြစ်မြောက်သွားလျှင် သူတစ်ပါး၏ လုပ်ဆောင်ချက်နှင့် အောင်မြင်မှုများ ဟူ၍လည်း ထည့်တွက်ရပေမည်။ ရစ်ချတ်စတန်းဂဲလ်သည် အဆိုပါ အယူအဆကို လိုလိုလားလား အသုံးချတတ်သူများအနက် တစ်ဦးဖြစ်သည်။ သူသည် ထင်ရှားသော စာရေးဆရာတစ်ဦး ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံသမိုင်းအကြောင်း အတွင်းကျကျ သိနားလည်သည်။ Long Walk to Freedom စာအုပ် ဖန်တီးရာတွင် ဝိုင်းဝန်းဆောင်ရွက်ပေးမှု အတွက် အလွန့်အလွန် ကျေးဇူးတင်ပါသည်။ ယင်းစာအုပ် ပြုစုမှု လုပ်ငန်းအတွင်း နာရီပေါင်းများစွာ စကားလက်ဆုံကျခဲ့ပုံများ၊ အတူတကွအားစိုက် လုပ်ကိုင်ခဲ့ရပုံများနှင့် ပတ်သက်၍ အောက်မေ့တမ်းတမိပါသည်။ သူသည် မျက်မှောက်ကမ္ဘာကြီးနှင့် ကမ္ဘာကြီးအတွင်း နေထိုင်သူ အားလုံး ရင်ဆိုင်နေရဆဲ အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်နေသည့် ခေါင်းဆောင်မှုဆိုင်ရာ စိန်ခေါ်ချက်များကို ထူးထူးခြားခြား ကြည့်မြင်သုံးသပ်ပြထားသည်။ ယင်းအချက်မှ လူတိုင်း လေ့လာသင်ယူနိုင်ကြပါသည်။

- နယ်လ်ဆင် မင်ဒဲလား၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဝိရောဓိအစုံ ပေါင်းစပ်ထားသူတစ်ဦး

ကျွန်ုပ်တို့ လူစွမ်းကောင်း (ဟီးရိုးများ) လိုလားတောင့်တမိကြသည်။ နည်းလွန်းလေစွ၊ နယ်လ်ဆင် မင်ဒဲလား (Nelson Mindela) သည် ဤကမ္ဘာမြေပေါ်တွင် နောက်ဆုံးလက်ကျန် ဟီးရိုးစစ်စစ်တစ်ဦး ဖြစ်ပုံရသည်။ သူသည် စွန့်လွှတ်အနစ်နာခံမှု (sacrifice) နှင့် ရိုးသားဖြောင့်မတ်မှု (reetitude) တို့အတွက် အပြီးသင်္ကေတ ဖြစ်သည်။ သက်ရှိ သူတော်စင်တစ်ဦးပမာ လူသန်းပေါင်းများစွာက လေးစားသည်။ ဤပုံရိပ်မှာ တစ်ဖက်မြင် ပုံရိပ်မျှသာပင်။ မိမိသည် သူတော်စင်တစ်ဦး မဟုတ်ရပါဟု လက်ဦးဆုံး ပြောမည့်သူ ဖြစ်သည်။ ဤသည်လည်း ဣန္ဒြေ သမ္ပတ္တိ အတုအယောင် မဟုတ်ချေ။

နယ်လ်ဆင်မင်ဒဲလားသည် ဝိရောဓိအမျိုးမျိုး ပေါင်းစပ်ထားသူ ဖြစ်သည်။ အရေထူသည်။ ထိခိုက်လွယ်သည်။ သူတစ်ပါး ခံစားနေရမှုကို သိလွယ်သည်။ မိမိ အရင်းနှီးဆုံးလူများ၏ ခံစားချက်များကိုမူ မကြာမကြာ မသိကျိုးကျွန်ပြုနေတတ်သည်။ ငွေကြေးနှင့် ပတ်သက်လာလျှင် မနှမြောတတ်၊ သို့ရာတွင် စားပွဲထိုးကို ဘောက်ဆူးပေးရာ၌ လက်တွန့်နေတတ်သည်။ ပုရစ်ကောင် တစ်ကောင်ဖြစ်စေ၊ ပင့်ကူတစ်ကောင်ဖြစ်စေ တက်နင်းရက်သူ မဟုတ်။ သို့ရာတွင် အာဖရိကန် နေရှင်နယ် ကွန်ဂရက် (အေအင်စီ) စစ်ရေးဌာန ပထမဦးစီး ဖြစ်သည်။ သူသည် ပြည်သူအများနှင့် သက်ဆိုင်သူဖြစ်သည်။ သို့ရာတွင် ကြွယ်ဝကျော်ကြား လူသိများလှသူနှင့် တွေ့လျှင် သောက်စားမြူးထူး နေတတ်သည်။ တစ်ဦးတစ်ယောက်အတွက် နှစ်သိမ့်မှုလည်း ပေးတတ်၏။ သို့ရာတွင် အပြောဆိုးလျှင်လည်းဆိုးတတ်ပြန်သည်။ ချီးကျူးဂုဏ်ပြုခံရမှုကို မလိုလားတတ်ချေ။ သို့ရာတွင် မည်သည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com



တောင်အာဖရိကတိုက်ရဲ့ကယ်တယ်ရှင် (သို့မဟုတ်) ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် နယ်လ်ဆင်မင်ဒဲလား

www.burmeseclassic.com

www.burmeseclassic.com



တောင်အာဖရိကရှိ မင်ဒဲလား၏ ပုံတူနံရံဆေးပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



အခါ ကာလမျိုးတွင် မိမိအပေါ် ချီးကျူးဂုဏ်ပြုထိုက်ကြောင်းကို သိစေလိမ့်မည်။ မီးဖိုချောင်ထဲရှိ လူတိုင်းနှင့် လက်ဆွဲ နှုတ်ဆက်တတ်သည်။ သို့ရာတွင် မိမိ၏ ကိုယ်ရံတော်များ အမည်အားလုံးကို မသိတတ်ချေ။

မင်းဒဲလား၏ အပြင်ပန်းပေါ်လွင်သည့် သရုပ်သကန်မှာ အာဖရိကန် နန်းတွင်း မျိုးနွယ်နှင့် ဗြိတိသျှ မင်းနွယ်မင်းမျိုး နှစ်ထွေ ရောစပ်ထားမှု ဖြစ်သည်။ သူသည် ပိုးဝတ်စုံ ဝတ်ဆင်ထားချိန်၌ ဗိတိုရိယခေတ် လူကြီးလူကောင်းတစ်ဦး ဖြစ်နေသည်။ သူ၏ ဟန်အမူအရာများသည် မဟာဆန်သည်။ ခြုံ၍ဆိုရလျှင် မင်းဒဲလားသည် ဗြိတိသျှ ကိုလိုနီလက်ထက် ကျောင်းများတွင် ကျောင်းအုပ်ဆရာကြီးများထံမှ သင်ယူတတ်မြောက်လာခဲ့သည်။ ယင်းကျောင်းအုပ်ကြီးများသည် စာရေးဆရာကြီး ချားလ်ဒစ်ကင်စ် သက်ရှိထင်ရှား စာရေးနေချိန်တွင် ဒစ်ကင်စ် စာများကို ဖတ်ရှုနေခဲ့သူများဖြစ်သည်။

သူသည် သမားရိုးကျဆန်သည်။ တစ်ဦးတစ်ယောက်အား အရှေ့ကကြွပါဟု ကိုယ်ခန္ဓာကို အနည်းငယ်ညွတ်လျက် လက်ကို ဝှေ့ယမ်းပြလိုက်သည်။ သို့ရာတွင် သူသည် အရာရာကို ဇီဇာကြောင်တတ်သူ မဟုတ်ချေ။ ရော့ဘန်း အကျဉ်းထောင်အတွင်း သန့်စင်ခန်းသွားရပုံကို အသေးစိတ် ပြောချင်ပြောလိမ့်မည်။ သို့တည်းမဟုတ် အသက် ၁၆ နှစ်သား အရွယ်တွင် အရေပြား လှီးဖြတ်ခံရစဉ်က ဝေဒနာခံစားရမှုကို မကွယ်မဝှက် ပြောလိမ့်မည်။ လန်ဒန်မြို့တွင်ဖြစ်စေ၊ ဂျိုဟန်နက်စ်ဘတ်မြို့တွင်ဖြစ်စေ ရောက်ရှိနေချိန်အတွင်း ငွေထည်ပစ္စည်း လှလှကလေးများကို သုံးတတ်သည်။ သို့ရာတွင် သူ၏ဇာတိ ထရန်စကီရွာကလေးရှိ နေအိမ်၌ ဒေသရိုးရာအတိုင်း အစားအသောက်ကို လက်များဖြင့် အားပါးတရ စားလိမ့်မည်။

နယ်လ်ဆင် မင်းဒဲလားသည် အလွန် စေ့စပ်တိကျသည်။ သူသည် ဘူးထဲမှ တစ်ရှူးစက္ကူများကို ထုတ်ယူလိုက်ပြီး တစ်ရွက်ချင်းစီ ပြန်ခေါက်သည်။ ပြီးမှ သူ့အင်္ကျီ ရှေ့အိတ်ထဲသို့ ထည့်တတ်သည်။ တစ်ခါက တွေ့ဆုံမေးမြန်းခန်းတစ်ခု ပြုနေစဉ် မင်းဒဲလားသည် စီးထားသည့် ရှူးဖိနပ်တစ်ဖက်ကို ချွတ်လိုက်သည်။ ခြေအိတ်တစ်ဖက် ပြောင်းပြန် ဖြစ်နေသည်ကို ပုံမှန်ဖြစ်သွားအောင် ပြန်ဝတ်လိုက်သည်ကို တွေ့ဖူးသည်။ ထောင်ကျနေစဉ်ကာလအတွင်း နှစ်ပေါင်း ၂၀ ကျော် စာများရေးခဲ့သည်။ ထိုစာများကို တစ်စောင်ချင်း မိတ္တူကူး ရေးထားတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ခံရရှိသည့်စာတိုင်းကိုလည်း အသေးစိတ် စာရင်းပြုစုထားသည်။ ဘယ်နေ့ကရ၍ ဘယ်နေ့တွင် ပြန်ကြားလိုက်သည်ကို မှတ်တမ်းတင်သည်။ Graca Machel နှင့် လက်မထပ်ခင်အထိ မင်ဒဲလားသည် ဧရာမ အိပ်ရာကြီး ပေါ်တွင် တစ်ခြမ်းတည်းသတ်သတ် အိပ်တတ်သည်။ အခြားတစ်ဖက်ကို အလွတ် အတိုင်း ထားတတ်သည်။ အရုဏ်မတက်မီ အိပ်ရာမှ ထတတ်သည်။ နံနက်တိုင်း အိမ်မှာဖြစ်စေ၊ ဟိုတယ်တွင်ဖြစ်စေ အိပ်ရာကို တိတိကျကျ အိပ်ရာပြင်တတ်သည်။ မင်ဒဲလားကိုယ်တိုင် အိပ်ရာခင်းနေသည်ကို မြင်ရသောအခါ ဟိုတယ်ဝန်ထမ်း များ ထိတ်လန့်တကြား ဖြစ်သွားတတ်ပုံကို မြင်ရဖူးသည်။ အချိန်နောက်ကျ ခြင်းကို မုန်းတီးသည်။ တိကျမှု မရှိတတ်ခြင်းကို ကိုယ်ကျင့်ပျက်ပြားမှုတစ်ရပ် အဖြစ် သဘောထားသည်။

နယ်လ်ဆင် မင်ဒဲလားလောက် တည်တည်ငြိမ်ငြိမ် ရှိတတ်သူမျိုးကို မမြင်ဖူး ခဲ့ချေ။ သူသည် ထိုင်နေစဉ် သို့မဟုတ် တစ်စုံတစ်ခုကို နားထောင်နေစဉ် လက်ချောင်း များဖြင့် တစ်စုံတစ်ခုကို ခေါက်မနေတတ်ချေ။ ခြေထောက်ကိုလည်း ငြိမ်ငြိမ်ထား တတ်သည်။ ဟိုရွှေ့ သည်ရွှေ့လည်း မလုပ်တတ်ချေ။ သူ့မျက်နှာပေါ်တွင် ဆတ်ခနဲ လှုပ်ရှားသွားမှုမျိုးလည်း မရှိတတ်ချေ။ ကျွန်ုပ်သည် မင်ဒဲလား၏ လည်စည်း စောင်းနေလျှင် ပြန်လည် တည့်မတ်ပေးရ၏။ အပေါ်အင်္ကျီ တွန့်ကြေနေလျှင် ဆွဲဆန့်ပေးရ၏။ သူ၏ ကုတ်အင်္ကျီ ရင်ဘတ်ပေါ်တွင် မိုက်ကရိုဖုန်း၊ အသံခဲ့စက် လေးတစ်လုံး တပ်ဆင်ပေးရသည်။ ထိုသို့ လုပ်ကိုင်ပေးရသော အချိန်များတွင် မင်ဒဲလားမှာ ကျောက်ရုပ်ကြီး တစ်ရုပ်လို ငြိမ်နေတတ်သည်။ မိမိ ပြောစကားကို သူ နားထောင်နေလျှင် ပုံသေ ဓာတ်ပုံကြီးတစ်ပုံ ကြည့်နေရသည်နှင့် တူနေလိမ့် မည်။ အသက်မှ ရှူပါလေစဟု အောက်မေ့မိလိမ့်မည်။

မင်ဒဲလားသည် တန်ခိုးသြဇာကို တိမ်းမက် ရရှိစေတတ်သူ ဖြစ်သည်။ မည်သည့်နည်းဖြင့်မဆို သင့်ကို တိမ်းညွတ်လာအောင် လုပ်နိုင်သည်ဟု ယုံကြည် ထားသည်။ သူသည် အာရုံစူးစိုက် လုပ်ကိုင်တတ်သည်။ မဟာဆန်သည်။ နှစ်လိုဖွယ်ကောင်းသည်။ သူ အမုန်းဆုံး ဝေါဟာရတစ်လုံးဖြင့် ဖော်ပြရလျှင် ညို့ယူ ဖမ်းစားတတ်သည်။ ယင်းသို့ ဖြစ်လာအောင်လည်း သူ ကြိုးစားသည်။ သူသည် သင်နှင့် မတွေ့မီကပင် သင့်အကြောင်း တတ်နိုင်သလောက် လေ့လာထားတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထောင်မှ ထွက်လာရချိန်တွင် ဂျာနယ်လစ်များ၏အကြောင်းကို ဖတ်ရှုလေ့လာသည်။ တစ်ဦးချင်းအကြောင်းကို အသေးစိတ်ကျကျ ချီးမွမ်း ပြောဆိုနိုင်သည်။ သူတစ်ပါး မိမိအပေါ် တိမ်းညွတ်လာအောင် လုပ်နိုင်စွမ်းရှိသူများနည်းတူ သူ့ကိုယ်သူလည်း ညှို့ယူဖမ်းစားနိုင်သည်။ မိမိအပေါ် သူ အနိုင်ရရှိသွားပြီဖြစ်ကြောင်း မြင်အောင် ကြည့်စေနိုင်ခြင်းပင် ဖြစ်သည်။

နိုင်ငံရေးအတွက်သာမက ပုဂ္ဂိုလ်ရေးကိစ္စအတွက်လည်း ထို တိမ်းမက်မှုနှင့် သက်ဆိုင်သည်။ နိုင်ငံရေးသည် သွေးဆောင်စည်းရုံးမှုနှင့် လုံးဝ ပတ်သက်သည်။ မိမိကိုယ် မိမိ ဆက်သွယ်ရေးကောင်းသူ ပုဂ္ဂိုလ်ကြီး Great Communicator အဖြစ် မမြင်။ သွေးဆောင်စည်းရုံးတတ်သူ ပုဂ္ဂိုလ်ကြီး Great Persuator အဖြစ် သဘောထားသည်။ သူသည် မိမိအပေါ်တွင် တက္ကဗေဒနှင့် စောဒကတက်မှု သို့မဟုတ် တိမ်းမက်စေနိုင်မှု (charm) မှတစ်ဆင့် အနိုင်ယူနိုင်သည်။ အများအားဖြင့် နှစ်ခုစလုံးကို ပေါင်းစပ် အသုံးပြုတတ်သည်။ တစ်ခု တစ်ခုကို ဤသို့ ဤပုံ လုပ်ပါဟု အမိန့်ပေးခြင်းထက် ဤသို့ ဤပုံ လုပ်ပါလားဟု ပိုမို၍ သွေးဆောင် စေခိုင်းတတ်သည်။ သို့ရာတွင် မဖြစ်မနေလုပ်ရန် ဖြစ်ပေါ်လာခဲ့လျှင်မူ ဒီလို ဒီလို လုပ်ပါဟု အမိန့်ပေး စေခိုင်းလိမ့်မည်။

လူအများ၏ လိုလားနှစ်သိမ့်မှုကိုလည်း ခံယူလိုသည်။ သူနှင့် လာရောက်တွေ့ဆုံသူတိုင်းသည် သူ့ထံမှ တစ်စုံတစ်ခု ရမည်ဟု မျှော်လင့်ထားစေချင်သည်။ ယင်းသို့ဖြစ်လာနိုင်ရန် အားခွန် အလွန် စိုက်ရသည်။ သူ့ထံ လာသူတိုင်း၏ အကြိုက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးတတ်သည်။ မင်ဒဲလားထံမှ သူတို့ လိုချင်သမျှ ရရှိသွားတတ်ကြသည်။ မင်ဒဲလား မောပန်းနွမ်းနယ်နေချိန်ကိုမူ ခြွင်းချက်ထားရလိမ့်မည်။ ထိုအချိန်မျိုးတွင် အိပ်ချင်မူးတူး မျက်လုံးမျိုးဖြင့် မတ်တတ်ရပ်လျက် အိပ်ပျော်နေသယောင် ထင်ရသည်။ သူကဲ့သို့ တစ်ညလုံး အိပ်ရေးပျက်ထားသော်လည်း နောက်တစ်နေ့တွင် နိုးနိုးကြားကြား တက်တက်ကြွကြွ ရှိနေတတ်သူမျိုးကို မတွေ့ဖူးချေ။ ည ၁၀ နာရီဆိုလျှင် သေကောင်ပေါင်းလဲ ပုံစံမျိုး ဖြစ်နေတတ်သည်။ သို့ရာတွင် ၈ နာရီအကြာ နောက်တစ်နေ့ နံနက် ၆ နာရီသို့ ရောက်လျှင် ရွှင်လန်းတက်ကြွနေပြီး အသက် ၂၀ လောက် ပိုငယ်သွားသလိုမျိုး ထင်မှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိမိအား မည်မျှလောက်အထိ ရင်းနှီးသိကျွမ်းမှုရှိသည်ဟူသော အချက်နှင့် ပတ်သက်၍မူ သူ့တွင်ရှိသော တိမ်းညွတ်စေနိုင်မှုစွမ်းအား ပြောင်းပြန်ဖြစ်နေတတ်သည်။ သူစိမ်းတစ်ရံဆံများနှင့် တွေ့လျှင် မိတ်ဟောင်းဆွေဟောင်းပမာ တရင်းတနှီး လိုက်လိုက်လှဲလှဲ ရှိတတ်သည်။ ရင်းနှီးကျွမ်းဝင်သူများနှင့် တွေ့လျှင်မူ ဆက်ဆံရေး အေးစက်နေတတ်သည်။

မင်ဒဲလား၏ စက်ဝိုင်းအတွင်း ဝင်ရောက်လာမည့်သူတိုင်းတွင် သူ၏ လိုက်လှဲသော နူးနူးညံ့ညံ့အပြုံး စွဲထင်နေတတ်သည်။ သို့ရာတွင် ထိုအပြုံးမျိုးသည် အပြင်လူများအတွက် သီးသန့်ဖြစ်နေတတ်သည်။ ကျွန်ုပ်သည် မင်ဒဲလားအား သူ၏သား၊ သူ၏သမီးများ၊ သူ့ညီမများနှင့် မကြာမကြာ အတူတွေ့ရှိဖူးသည်။ ထိုအခါမျိုးတွင် သူတို့သိထားသော မင်ဒဲလားသည် အပြုံးအရယ်မရှိ မျက်နှာထားကြီး တင်းနေတတ်သည်။ သွေးချင်းသားချင်းများ၏ ပြဿနာများအတွက် စိုးရိမ်ကြောင့်ကြတတ်ပုံလည်း မပေါ်ချေ။ သူသည် ဝိတိုရိယခေတ် နိုင်ငံသား အာဖရိကန်ဖခင်တစ်ဦး ဖြစ်သည်။ ခေတ်သစ် ဖခင်တစ်ဦး မဟုတ်ချေ။ သူ မပြောချင်သော အကြောင်းအရာတစ်ခုကို သွားမေးကြည့်ပါ။ မျက်နှာကြီးကို သဘောမကျသလို ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားတတ်သည်။ သူ၏ ပါးစပ်သည် ကာတွန်းပုံထဲက အပြုံးဖောက်ထိုးပုံစံမျိုး ဖြစ်သွားတတ်သည်။ သိချင်သမျှကို ဇွတ်မမေးလေနှင့်။ သူ ပိုမို၍မျက်နှာကြီး တင်းမာလာလိမ့်မည်။ စိတ်အာရုံသည် အခြား တစ်နေရာသို့ ရောက်သွားလိမ့်မည်။ ထိုသို့ဖြစ်သွားခဲ့လျှင် နေ သာနေရာမှ ရုတ်တရက် တိမ်ဖုံးသွားသလို ဖြစ်သွားတတ်သည်။

မင်ဒဲလားသည် ရုပ်ဝတ္ထုပိုင်ဆိုင်သမျှ အားလုံးအပေါ်တွင်လည်း စိတ်မဝင်စားတတ်သလို ဖြစ်နေတတ်သည်။ ကားများ၏အကြောင်း၊ ကားများ၏အမည်များကို လုံးဝ မသိ၊ ဂရုလည်း မထားချေ။ သို့ရာတွင် သူ သဘောကျသော ဖောင်တိန်တစ်လက်ကို ရရှိရန် တစ်နာရီမျှ ကားမောင်းပြီး သက်တော်စောင့်တစ်ဦးအား ယူခိုင်းခဲ့ဖူးသည်။ သူသည် သား သမီးများ ငွေတောင်းလျှင် ရက်ရက်ရောရော ပေးတတ်သည်။ သို့ရာတွင် စားပွဲထိုးတစ်ဦးအား ဘောက်ဆူးပေးရာတွင်မူ လက်တွန့်နေတတ်သည်။ ကျွန်ုပ်တို့ နှစ်ဦးသည် ဂျိုဟန်နက်စ်ဘတ်မြို့ ဟိုတယ် စားသောက်ဆိုင်ကြီးတစ်ခုတွင် နေ့လယ်စာ အတူ စားဖူးသည်။ သူ့အား သူ လိုသမျှ ပြုစု

www.burmeseclassic.com



စောင့်ရှောက်နိုင်ရန် စားပွဲထိုးတစ်ဦး အသင့်ရှိနေသည်။ ကျသင့်ငွေစာရင်းအရ ရန့်ဒ် တစ်ထောင်ကျော်သည်။ မင်ဒဲလားသည် ပြန်အမ်းသော အကြွေအနည်းငယ်ကို ဂရုတစိုက် စစ်ဆေးသည်။ ပြီးမှ အကြွေအနည်းအကျဉ်းများကိုသာ ချန်ထားတတ်သည်။ သူ ထွက်ခွာသွားသောအခါ ကျွန်ုပ်သည် ရန့်ဒ် တစ်ရာတန် ငွေစက္ကူ တစ်ရွက်ကို စားပွဲထိုးအား လက်သိပ်ထိုး၍ ပေးခဲ့ရသည်။ ထိုသို့ ပြုပေးရသည်မှာ ကျွန်ုပ် တစ်ဦးတည်းမဟုတ်ကြောင်း သိရသည်။

မင်ဒဲလားသည် သူ မှန်ကန်သည်ဟု ယုံကြည်မိလျှင် အလွန် ခေါင်းမာတတ်သည်။ လုံးဝ အလျှော့ပေးရိုးထုံးစံ မရှိချေ။ 'ဒီဟာ မဟုတ်ဘူးဗျ' ဟူ၍ သူ ပြောလိုက်သံကို မကြာမကြာ ကြားရတတ်သည်။ ကိစ္စတစ်ခုသည် သာမန်မျှ ဖြစ်ချင် ဖြစ်မည်။ တစ်ကမ္ဘာလုံးနှင့် ပတ်သက်၍ အရေးကြီးချင် ကြီးနေလိမ့်မည်။ သို့ရာတွင် ဒါ မဟုတ်ဘူးဗျဟု ပြောပုံဆိုပုံမှာ တစ်ထပ်တည်း ဖြစ်သည်။ လုံခြုံရေးအစောင့်တစ်ဦးက မင်ဒဲလား၏ ရုံးခန်းတံခါးကို ဖွင့်ပေးရာတွင် မပွင့်ဘဲ ရှိနေသောအခါ ဒီဟာ မဟုတ်သေးဘူး ဟူသော စကားကိုမူ ရေရွတ်လိုက်သံ ကြားရဖူးသည်။ တောင်အာဖရိက သမ္မတ F.W.de Krelk နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆွေးနွေးပွဲကိစ္စ ပြောစဉ်ကလည်း ထိုအသုံးအနှုန်းအတိုင်းပင် တဲ့တိုးကြီး ပြောခဲ့ဖူးသည်။ ရော့ဘန်းကျွန်း အကျဉ်းစခန်းတွင် နှစ်ပေါင်းများစွာ နေထိုင်ရစဉ် ထောင်ကြပ်တစ်ဦးကို ဖြစ်စေ၊ ထောင်မှူးတစ်ဦးကိုဖြစ်စေ ဒီပုံစံအတိုင်း ပြောဆိုလာခဲ့သည်။ ဒီဟာ မဟုတ်ဘူးဗျ၊ (This isn't right) သည် သူ့လက်သုံးစကား ဖြစ်သည်။ ဤသို့ မဟုတ်လျှင် မဟုတ်သလို၊ မမှန်လျှင် မမှန်သလို တုံ့ပြန်တတ်မှုသည် အခြေခံကျကျ ဆိုရလျှင် သူ့အား တွန်းအားပေးနေသည့်အချက်ပင် ဖြစ်သည်။ သူ၏ မကျေနပ်မှု၊ အားမရမှုတို့ကို ဖော်ထုတ်ရန်အတွက် အင်ဂျင်စက်ဖြစ်သည်။ အသားအရောင် ခွဲခြားမှု၏ အခြေခံ မကောင်းမှု ဒုစရိုက်နှင့် ပတ်သက်၍ သူ၏ ရိုးစင်းလှသော ထင်မြင် ဆုံးဖြတ်ချက်ပင် ဖြစ်သည်။ သူသည် မှားယွင်းမှု တစ်စုံတစ်ရာကို တွေ့ရှိလျှင် အမှန်သို့ရောက်ရန် ကြိုးစားတတ်၏။ တရားမျှတမှုမရှိခြင်းကို မြင်တွေ့ရလျှင် တရားမျှတမှုသို့ ပြန်ရောက်ရန် ကြိုးစားတတ်ခဲ့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ ပြောတတ်ဆိုတတ်သူများကို ယခုကဲ့သို့ သိရှိခဲ့ရပါသနည်း။

ကျွန်ုပ်သည် နယ်လ်ဆင် မင်ဒဲလားနှင့် တွဲဖက်၍ ချက် သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ပြုစုခဲ့ပါသည်။ သုံးနှစ်သုံးမိုးတိုင်တိုင် ပြုစုခဲ့ကြသည်။ ထိုမျှ ကြာမြင့်သောကာလကြီးအတွင်း သူနှင့် နေ့တိုင်းလိုလို တွေ့ခဲ့ရသည်။ ခရီးအတူထွက်ခဲ့ရသည်။ အတူစားခဲ့ရသည်။ သူ့ဖိနပ်ကြိုးကို ချည်ပေးခဲ့ရသည်။ လည်စည်းစောင်းနေလျှင် ပြန်တည့်ပေးခဲ့ရသည်။ နာရီပေါင်းများစွာ စကားလက်ဆုံကျခဲ့ရသည်။ သူ့ဘဝနှင့် သူ့လုပ်ငန်းအကြောင်း မမောနိုင် မပန်းနိုင် ပြောခဲ့ ဆိုခဲ့ရသည်။

ကျွန်ုပ်နှင့် မင်ဒဲလား တွေ့ဆုံရန် ဖန်တီးလာမှုမှာ မတော်တဆ ကြုံကြိုက်မှုသာ ဖြစ်သည်။ ပထမဦးဆုံး ကျွန်ုပ်သည် တောင်အာဖရိကသို့ ကံအားလျော်စွာ ရောက်ရှိသွားခဲ့ရသည်။ ထိုစဉ်က သတင်းစာဆရာတစ်ဦးသည် တောင်အာဖရိကသို့ လိုက်ပါသွားရန် စီစဉ်ပြီးမှ နောက်ဆုံး မိနစ်ပိုင်းတွင် ခရီးစဉ် ဖျက်သိမ်းလိုက်ရသည်။ သူ့ကိုယ်စား ကျွန်ုပ် လိုက်ပါသွားခဲ့ရခြင်း ဖြစ်သည်။ ထိုခရီးစဉ်အတွင်း အသားအရောင်ခွဲခြားရေးဝါဒလက်အောက် မြို့ငယ်လေးတစ်မြို့၏ ဘဝအကြောင်းကို စာအုပ်တစ်အုပ် ရေးဖြစ်ခဲ့သည်။ နောင်တွင် မင်ဒဲလား၏ ကိုယ်ရေးမှတ်တမ်းကို တည်းဖြတ်ပေးသူ အယ်ဒီတာက ကျွန်ုပ်၏ စာအုပ်ကို သွားတွေ့သည်။ သူက မင်ဒဲလား၏ ကိုယ်ရေးမှတ်တမ်း ပြုစုသူကို ပူးတွဲလုပ်ဆောင်နိုင်မှု ရှိ မရှိ ကမ်းလှမ်းလာခဲ့သည်။

သို့နှင့်ပင် ၁၉၉၂ ခုနှစ် ဒီဇင်ဘာလတွင် ကျွန်ုပ်သည် ဂျိုဟန် နက်စ်ဘတ်မြို့သို့ ရောက်ခဲ့ရသည်။ မင်ဒဲလားနှင့် တွေ့ဆုံခွင့်ရရန် စောင့်ဆိုင်းနေခဲ့ရသည်။ ထိုအချိန်သည် တောင်အာဖရိကသမိုင်း၌ အခက်ခဲဆုံး အန္တရာယ်အများဆုံး ကာလကြီး ဖြစ်သည်။ တစ်နိုင်ငံလုံးမှာ ပြည်တွင်းစစ်ပွဲကြီးအတွင်း ဆင်းသက်ရန် တာစူလျက်ရှိသည်။ ထိုအချိန်တွင် မင်ဒဲလား ထောင်အပြင်သို့ ရောက်နေခဲ့သည်မှာ သုံးနှစ်နီးပါး ရှိနေခဲ့ပြီ။ သူသည် သြဇာအာဏာရရှိရန် ရုန်းကန်နေရသည်။ တောင်အာဖရိကနိုင်ငံသမိုင်းတွင် ပထမဦးဆုံး ဒီမိုကရေစီ ရွေးကောက်ပွဲများကျင်းပပေးနိုင်ရန် ကြိုးပမ်းလျက် ရှိသည်။ သူ၏ ကိုယ်ရေး ရာဇဝင်ကို ရေးသားခြင်းမှာ သူ၏ ဆောင်ရွက်ရန်စာရင်းတွင် ဦးစားပေးအဆင့်၌ မရှိချေ။ သို့ရာတွင် သူ့အကြောင်းကို ပြောပြချင်နေသည်။

ကျွန်ုပ်သည် မင်ဒဲလားနှင့် တွေ့ဆုံရန် တစ်လနီးပါး စောင့်ဆိုင်းနေခဲ့ရသည်။ ထို့နောက်မှ ပထမအကြိမ် တွေ့ခဲ့ရသည်။ တွေ့မယ့် တွေ့ရတော့လည်း ကျွန်ုပ်၏

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်မှာ ထင်ထားသလို ဖြစ်မနေကြောင်း တွေ့ရသည်။ ကျွန်ုပ်သည် အေအင်န်စီ ဌာနချုပ်ရှိ ရုံးဟောင်း အပြင်ဖက် တွဲဖက်အခန်းကလေးထဲတွင် သူ ထွက်အလာကို ထိုင်စောင့်နေရမည်ဟု ထင်ခဲ့သည်။ သို့ရာတွင် သူသည် အခြားတစ်ဖက်မှ ကျွန်ုပ်ရှိရာသို့ ခန်းမကြီးအတိုင်း ဝင်ရောက်လာခဲ့သည်။ ဖြည်းညင်းစွာ လမ်းလျှောက်လာနေခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ပထမဦးဆုံး အသားအရောင်ကို သတိပြုမိ၏။ သူ့အသားအရေသည် လှပ၍ ညိုဖျော့ဖျော့ အရောင်ရှိသည်။ နူးညံ့သည်။ ညိုဝါရောင်သမ်းနေသည်။ ကိုယ်လုံးကိုယ်ပေါက် အချိုးကျသည်။ ပါးရိုးမြင့်သည်။ အာရှတိုက်သားပုံစံ ဖြစ်သည်။ အရပ် ခြောက်ပေ နှစ်လက်မ မြင့်သည်။ သတိထားမိသည့်အချက်မှာ သူ့ဦးခေါင်းနှင့် လက်များသည် သာမန်ထက် ပိုမိုကြီးမားနေခြင်း ဖြစ်သည်။ သူ အနီးရောက်လာသောအခါ ကျွန်ုပ် မတ်တတ်ရပ်လိုက်သည်။

'ခင်ဗျားက ဟိုဒင်းထင်တယ်'ဟု သူက ပြောသည်။ ကျွန်ုပ် ပြောမည့် စကားကို နားစွင့်နေသည်။ 'ကျွန်တော် ရစ်ချတ်စတင်ဂယ်ပါ' ဟု ကျွန်ုပ်က ပြောလိုက်၏။ မင်ဒဲလားက လက်ကို ဆန့်ထုတ်လိုက်သည်။ သူ့လက်မှာ အသားပြည့်နေသည်။ ပူနွေးခြောက်သွေ့နေသည်။ လက်ချောင်းများမှာ ဝက်အူချောင်းများပမာ တုတ်တုတ်ခိုင်ခိုင်ကြီး ဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်း လုပ်ကိုင်လာခဲ့ရ၍ လက်ဝါးမှာမူ ကြမ်းထော်နေသည်။

သူက ကျွန်ုပ်ကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် ပြုံးလျက် 'ဟာ၊ ခင်ဗျားက လူငယ်လေးပဲ ရှိပါသေးလား' သူသည် လူငယ်ကလေး ဟူသော နောက်ဆုံးစာလုံး နှစ်လုံးကို တစ်ခုတည်း ပေါင်းစပ်ပြောဆိုလိုက်ခြင်း ဖြစ်သည်။ မြှောက်ပင့်ပြောဆိုလိုက်ခြင်း မဟုတ်ချေ။ သူက ကျွန်ုပ်အား ရုံးခန်းထဲသို့ ခေါ်သွားသည်။ ရုံးခန်းသည် ကြီးမားသည်။ သမားရိုးကျဆန်သည်။ အလွန်သပ်ရပ် သန့်ရှင်းသည်။ ရှုံ့ပြရုံသက်သက် ဟန်ပြရုံးခန်းလေးတစ်ခုနှင့် တူနေသည်။ အမှန်တကယ်တော့ မဟုတ်ချေ။ မင်ဒဲလားသည် သူ၏ လက်ထောက်နှင့် ခေတ္တ စကားပြောသည်။ လက်ထောက်မှာ သွက်သွက်လက်လက် လူလုံးသေး အမျိုးသမီးတစ်ဦး ဖြစ်သည်။ အမျိုးသမီးက လက်မှတ်ထိုးရန် စာရွက်ကို လှမ်းပေးလိုက်သည်။ သူသည် စာရွက်ကို အသာအယာ လှမ်းယူလိုက်သည်။ အေးအေးဆေးဆေး လှမ်းယူလိုက်သည်။ သူသည် မည်သည့်အလုပ်ကိုပင် လုပ်လုပ် နှိုင်းနှိုင်းယှဉ်ယှဉ် အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး လုပ်တတ်ကြောင်း ထင်ရှားသည်။ ထို့နောက် သူသည် သူ၏ စားပွဲနောက်တွင် ဝင်ထိုင်ပြီး စာကို ဖတ်သည်။ ရုပ်၍ဖတ်ခြင်း မဟုတ်၊ တစ်လုံးချင်း လုံးစေ့ပတ်စေ့ ဖတ်နေခြင်းဖြစ်သည်။ ထို့နောက် သူသည် စာရွက်၏ အောက်ဘက်တွင် သူ၏အမည်ကို ဖြည်းညင်းစွာ ရေးလိုက်သည်။ ယခုမှ လက်မှတ်ထိုး လေ့ကျင့်နေသယောင် ထင်ရသည်။

မင်ဒဲလားသည် ကျွန်ုပ်ထိုင်နေရာသို့ ထလာသည်။ ခုံတန်းနှင့် မျက်နှာချင်းဆိုင် အတော်ပင် ဟောင်းနွမ်းနေပြီဖြစ်သည့် သားရေစွပ် ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူက ကျွန်ုပ် ဘယ်အချိန်က ရောက်နေသလဲဟု မေးသည်။ သူ့ အသံက တော်တော်ကလေး ပိုးတိုးဝါးတား ဖြစ်နေသည်။ အသံအုပ်ပစ္စည်း တပ်ဆင်ထားသော လေမှုတ်တူရိယာသံနှင့် တူနေသည်။

'ခင်ဗျား တောင်အာဖရိကကိုလာတာ စာအုပ် ဝိုင်းရေးပေးဖို့လား၊ အခြားဘာရည်ရွယ်ချက်များ ရှိသေးလဲ'

ကျွန်ုပ် စိတ်ဓာတ်ကျသွားသည်။ သူ၏ မေးခွန်းက အတ္ထုပ္ပတ္တိကို ရေးရန် တကူးတက လာရခြင်းမဟုတ်ဟု ထင်နေပုံရသည်။ ကျွန်ုပ်က စာအုပ်ရေးဖို့သက်သက် လာခဲ့တာပါဟု ဖြေလိုက်သည်။ သူ ခေါင်းညိတ်ပြသည်။ နောက်ထပ် ဘာမျှမပြောတော့ချေ။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရက်အား ခရီးထွက်ရန် စီစဉ်ထားကြောင်း မင်ဒဲလားက ပြောပြသည်။ ရက်အားကာလအတွင်း သူ့ရုံးအဖွဲ့က ကျွန်ုပ်တို့နှစ်ဦး သီးသန့် စကားပြောနိုင်ရန် လေးငါးရက် သတ်မှတ်ပေးထားကြောင်း သိရသည်။ သူ ခရီးရှည်ကြီး မထွက်မီ စာအုပ်ရေးသည့်လုပ်ငန်း အပြီးသတ်နိုင်မည်ဟု မျှော်လင့်ကြောင်း ဖြင့်လည်း ပြောလိုက်သည်။ သူ ခရီးရှည်ကြီးထွက်ရန် ၁၀ ရက်မျှသာ လိုတော့သည်။ ကျွန်ုပ်သည် သူ့အတွက် စာအုပ်ရေးပေးရန် တစ်လမျှ အချိန်ဖြုန်းခဲ့ရသည်။ သူနှင့် တွေ့ဆုံခွင့်ရရန် တယ်လီဖုန်း အကြိမ်ကြိမ် ခေါ်ခဲ့ရသည်။ အချက်အလက်များ ရှာဖွေရင်း လပေါင်းများစွာ ပြင်ဆင်ခဲ့ရသည်။ သုတေသနပြုခဲ့ရသည်။ သို့အတွက် ရင်ထဲတွင် မျိုသိပ်ထားရသော ခံစားမှု ပွင့်ထွက်သွားသလို ဖြစ်သွားသည်။ အသံ မသိမသာ မြှင့်မိလျက် 'လေးရက် ငါးရက်ပဲ တွေ့ခွင့်ရမတဲ့လား၊ လေးကြိမ် ငါးကြိမ် တွေ့ရုံကလေးနဲ့ ဒီစာအုပ်ကို အပြီးသတ်နိုင်မယ်လို့ ထင်မိပါသလား'ဟု ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မင်ဒဲလားရှေ့တွင် ရောက်နေသည်မှာ ၁၀ မိနစ်ပင် ပြည့်တော့မည်။ ကျွန်ုပ်က သူ့တွင် အမှန်တရားကို ခိုင်ခိုင်မြဲမြဲဖမ်းဆုပ်မှု မရှိသေးဟု ဝေဖန်လိုက်သည်။ မင်ဒဲလားက မျက်ခုံး မသိမသာမြှင့်လျက် ကျွန်ုပ်အား မသိမသာ လှမ်းကြည့်လိုက်သည်။ မတ်တတ်ရပ်လိုက်သည်။ ကျွန်ုပ်အား ထွက်ခွာသွားခွင့်ပေးရန် အသင့်ရှိနေပြီ။ ထို့နောက် သူသည် သူ့စားပွဲရှိရာသို့ လျှောက်သွားသည်။ ထို့နောက် သူ၏ လက်ထောက်ထံသို့ ဖုန်းဆက်သည်။ 'မစ္စတာစတင်ဂယ် ဒီမှာ ရောက်နေပြီ၊ အစီအစဉ်တစ်ခု ဆွဲရအောင်' ဟု ပြောလိုက်သည်။ မင်ဒဲလားက ထိုနေ့ညနေတွင် အလုပ်ကိစ္စ ချိန်းဆိုထားချက်တစ်ခု ရှိနေသည်။ ကျွန်ုပ်ကို အလောတကြီး မဖြစ်စေလိုပေ။ ပြောစရာ ဆိုစရာရှိလျှင် တနင်္လာနေ့ နံနက်တွင် သူ၏ လက်ထောက်နှင့် ပြောဆိုနိုင်ကြောင်း မှာကြားသည်။ ဤနည်းဖြင့် သူ့ရုံးခန်းမှ ကျွန်ုပ် ထွက်ခဲ့သည်။ သူ့ဘဝထဲမှ ထွက်ခဲ့သည်ဟု ဆိုနိုင်သည်။

နောက်တစ်နေ့ တနင်္လာနေ့ညနေတွင် ကျွန်ုပ်ထံသို့ ဖုန်းဆက်သည်။ မင်ဒဲလားက နောက်တစ်နေ့ နံနက် ၇ နာရီတွင် ကျွန်ုပ်နှင့် တွေ့ဆုံမည်ဟု ဆိုသည်။ နောက်တစ်နေ့ နံနက် ၇ နာရီ အချိန်တွင် ပြီးခဲ့သည့် အခြေအနေအတိုင်း နှစ်ယောက်သား ထိုင်မိကြသည်။ 'ကိုင်း၊ စလိုက်ကြရအောင်' ဟု မင်ဒဲလားက ပြောလိုက်၏။ အမှုတစ်ခု စတင် စစ်ဆေးလိုက်မည့် တရားသူကြီး ဟန်ပန်မျိုး ဖြစ်နေသည်။ ကျွန်ုပ်က လည်ချောင်းကို ရှင်းလိုက်၏။ ပထမနေ့က အပြုအမူနှင့် ပတ်သက်၍ တောင်းပန်စကား ပြောလိုက်သည်။ ရိုင်းရိုင်းပျပျ ပြောမိခဲ့သည်ဟူသော စကားမှာ သူ့အတွက် အသစ်အဆန်း ဖြစ်သွားသည်။ သူက ကျွန်ုပ်ကို တစ်ချက် ပြုံးပြလိုက်၏။ ထိုအပြုံးတွင် သဘောကျသွားပုံရသည်။ နားလည်သဘောပေါက်ပုံပေါ်သည်။ အနည်းငယ် ကသိကအောက် ဖြစ်နေဟန်တူသည်။

မင်ဒဲလားက 'ဟိုတစ်နေ့က ကျုပ်တို့နှစ်ယောက် စကားပြောပွဲဟာ ရိုင်းပျမှု ပါရှိခဲ့တယ်ဆိုရင် ခင်ဗျားဟာ အလွန်ယဉ်ကျေးသိမ်မွေ့တဲ့ လူငယ်တစ်ဦးပါပဲ' ဟု ပြောသည်။ ထိုရိုင်းပျသည်ဟူသော စကားလုံးကို လေသံတစ်မျိုးဖြင့် တမင် ပြောလိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ် ရယ်မောလိုက်မိ၏။

သူသည် ထောင်ထဲတွင် နှစ်ပေါင်း ၂၇ နှစ်လုံးလုံး နေခဲ့ရ၏။ အချိန်အတော်များများပင် ထောင်ကြပ်များနှင့် အတူ နေခဲ့ရသည်။ အစောင့်များက သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လူမဆန်အောင် ထားရှိပြုမူခဲ့ကြသည်။ တစ်ခါ တစ်ခါလည်း ရက်ရက်စက်စက် ပြုမူတတ်ကြသည်။ ထောင်ထဲမရောက်မီ မင်ဒဲလားမှာ ရဲအဖွဲ့ဝင်များ၊ စစ်သားများ၏ တကောက်ကောက် လိုက်နေခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် မင်ဒဲလားအား တွေ့ရာနေရာ ပစ်သတ်ရမည့် အကြမ်းဖက်သမားတစ်ဦးအဖြစ် သဘောထားခဲ့ကြသည်။ သူသည် နိုင်ငံတစ်နိုင်ငံတွင် နေခဲ့ရ၏။ ထိုနိုင်ငံတွင် အာဏာရ လူဖြူလူတန်းစားက သူ့ကို ပြည့်ပြည့်ဝဝ လူတစ်ဦးမဟုတ်သလို သဘောထားခဲ့၏။ ဆက်ဆံပြုမူခဲ့၏။ ထိုအကြောင်းအချက်အားလုံးမှာ ရိုင်းပျမှုဟူသော ဝေါဟာရ သဘောထက် အနည်းငယ် ပိုလွန်လျက်ရှိသည်။

ဤနည်းဖြင့် ကွဲနိုပ်နှင့် မင်ဒဲလားတို့ ရင်းနှီးသွားကြသည်။ နောက်ထပ် နှစ်နှစ်ကျော်ကာလအတွင်း သူနှင့် နာရီပေါင်း ၇၀ ကျော် တွေ့ဆုံမေးမြန်းခဲ့သည်။ သို့ရာတွင် ကျွန်တော်တို့နှစ်ဦး ခင်မင်ရင်းနှီးစွာ နာရီပေါင်း ရက်ပေါင်း လပေါင်းများစွာ အတူနေခဲ့ရမှုနှင့် နှိုင်းစာလျှင် အသေးအဖွဲ့မျှသာ ဖြစ်သွားလိမ့်မည်။ ကွဲနိုပ်သည် သူ လက်ခံ ခွင့်ပြုနေသမျှ ကာလပတ်လုံး သူ့နံဘေးတွင် အတူရှိနေရန် ဆုံးဖြတ်ခဲ့မိသည်။ အစည်းအဝေးများ၊ အခမ်းအနားများ၊ အားလပ်ရက်များ၊ နိုင်ငံတော် ခရီးစဉ်များတွင် သူနှင့်အတူရှိနေရန် ဆုံးဖြတ်ခဲ့သည်။ ကွဲနိုပ်သည် Houghton မြို့ရှိ သူ၏နေအိမ်တွင် နာရီပေါင်းများစွာ ကုန်ဆုံးခဲ့သည်။ ထရန်စကီရွာရှိ သူ့ဇာတိနေအိမ်သို့ အတူလိုက်ပါသွားခဲ့သည်။ အမေရိကနှင့် ဥရောပသို့ သွားရာတွင်လည်း ပါသွားခဲ့သည်။ အာဖရိကအနှံ့လည်း ရောက်ခဲ့ပြီးပြီ။ ကွဲနိုပ်သည် သူနှင့်တွဲလျက် မဲဆွယ်တရား လိုက်ဟောခဲ့သည်။ စေ့စပ်ဆွေးနွေးပွဲများသို့လည်း လိုက်ပါသွားခဲ့ရသည်။ ကွဲနိုပ်သည် တတ်နိုင်သမျှ မင်ဒဲလား၏ အရိပ်ပမာ ဖြစ်နေခဲ့သည်။ မင်ဒဲလားနှင့် အတူနေခဲ့ရသည့်အကြောင်းများကို ကွဲနိုပ် ဒိုင်ယာရီ ရေးမှတ်ခဲ့သည်။ စာလုံးပေါင်း ၁၂၀,၀၀၀ အထိ ရေးမှတ်နိုင်ခဲ့သည်။ ဤစာအုပ်ပါ အချက်အလက်အများစုမှာ အဆိုပါ မှတ်စုများမှ ရယူခဲ့ခြင်း ဖြစ်သည်။

နယ်လ်ဆင်မင်ဒဲလားနှင့် အချိန်ပေါင်းများစွာ အတူနေခဲ့ရဖူးသူ တစ်ဦးအနေဖြင့် ထိုသို့ နေခွင့်ရခဲ့ခြင်းမှာ မဟာအခွင့်အရေးကြီး တစ်ခုမျှသာ မဟုတ်ဘဲ ဧရာမ ပျော်ရွှင်မှုကြီးတစ်ခုလည်း ဖြစ်သည်။ သူ ရှိနေမှုသည် ကြည်နူးဖွယ်ကောင်းသည်။ အသိဉာဏ်ပညာများစွာ ရရှိသည်။ မိမိကိုယ်ကို မိမိ အရပ်

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ပိုရှည်လာသယောင်၊ ရုပ်ရည် ပိုချောလာသယောင် ထင်မှတ်စေနိုင်သည်။ အချိန်အများစုတွင် မင်ဒဲလားသည် မြူးမြူးကြွကြွရှိသည်၊ ယုံကြည်စိတ်ချမှုရှိသည်၊ စိတ်စေတနာကောင်းရှိသည်၊ ပျော်စရာကောင်းသည်။ မင်ဒဲလားသည် ကမ္ဘာကြီးနှင့် ပတ်သက်၍ ပြဿနာကြီးကြီးမားမား ပိနေစဉ်မှာပင် ခပ်ပေါ့ပေါ့နေနိုင်သည်။ သူနှင့် ရှိနေရသောအခါ မိမိသည် သက်ရှိ ရာဇဝင်ကြီးတစ်ခုနှင့်အတူနေရသလို ထင်မှတ်စေတတ်သည်။ သူသည် ကျွန်ုပ်အား သူ၏ဘဝ အတော်များများ အတွင်းသို့ ဝင်ရောက်လေ့လာခွင့် ပေးခဲ့သည်။ သူ၏ အတွေးများ၊ စိတ်ကူး အချို့ထဲသို့ ဝင်ရောက် လေ့လာခွင့် ပေးခဲ့သည်။ သူ၏ နှလုံးသားအစိတ်အပိုင်း အတိုင်းအတာတစ်ခုသို့လည်း ဝင်ရောက် ကြည့်ရှုခွင့်ပေးခဲ့သည်။ သူသည် ကျွန်ုပ်အား တောင်အာဖရိကသူတစ်ဦးနှင့် လက်ထပ်ရန် တိုက်တွန်းအားပေးသူ တစ်ဦး ဖြစ်လာခဲ့သည်။ ကျွန်ုပ်၏ သားဦးအတွက် ခေါင်းကိုင်ဖခင်ကြီးဖြစ်လာခဲ့သည်။ ကျွန်ုပ်သည် သူ့အပေါ် တကယ်ပင် ချစ်မြတ်နိုးပါ၏။ ကျွန်ုပ်၏ဘဝတွင် ဖြစ်ပေါ် လာသမျှ အကောင်းဆုံး အရာအားလုံးသည် သူ့ကျေးဇူးကြောင့် ဖြစ်ပါသည်။ နောက်ဆုံးအချိန် စာအုပ်ပြီးဆုံးသွားပြီးနောက် ကျွန်ုပ် သူ့ထံမှ ထွက်ခွာခဲ့ရပါသည်။ ထိုအခါတွင် ကျွန်ုပ်၏ ဘဝထဲမှ နေလုံးကြီး ပျောက်ကွယ်သွားသလို အောက်မေ့ မိသည်။ နောက်ပိုင်းနှစ်များတွင် မင်ဒဲလားနှင့် အကြိမ်များစွာ တွေ့ခွင့်ရခဲ့ပါသည်။ ထိုအချိန်များတွင် မင်ဒဲလားသည် ကျွန်ုပ်၏ သားနှစ်ဦးနှင့် အချိန်ကုန်ခဲ့ရသည်က များသည်။ ကလေးများက မင်ဒဲလားအား ချစ်ခင်မြတ်နိုးတတ်သော အဘိုးအိုကြီး အဖြစ် သဘောထားခဲ့ကြသည်။ သို့ရာတွင် မင်ဒဲလားသည် ကျွန်ုပ်တို့၏ ဘဝများတွင် အမြဲတမ်း ပုံမှန် ရောက်မလာနိုင်တော့ပါ။ ဤစာအုပ်သည် ကျွန်ုပ်အား ပေးအပ်ခဲ့ သည့် အချိန်ကာလများနှင့် ချစ်ခြင်းမေတ္တာများအတွက် ကျေးဇူးတင်စကား ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။ ထို့ပြင် မင်ဒဲလား၏ စိတ်ထားကောင်းမှုနှင့် ဉာဏ်ပညာကြီးမားမှု အကျိုးကျေးဇူးကို လက်ခံရရှိခွင့် မရှိခဲ့သူများအတွက် လက်ဆောင်ပစ္စည်းတစ်ခုလည်း ဖြစ်ပါသည်။

× × ×

နယ်လ်ဆင် မင်ဒဲလား၏ ဘဝတွင် သင်ဆရာ၊ မြင်ဆရာ များစွာရှိခဲ့သည်။ သို့ရာတွင် သင်ဆရာ၊ မြင်ဆရာပေါင်းများစွာအနက် အကြီးမားဆုံးမှာ အကျဉ်းထောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အကျဉ်းထောင်သည် ယနေ့ ကျွန်ုပ်တို့ မြင်နေ၊ သိနေသော ပုဂ္ဂိုလ်ကြီး တစ်ဦးကို ပုံသွင်းပေးခဲ့သည်။ မင်ဒဲလားသည် ဘဝအကြောင်းနှင့် ခေါင်းဆောင်မှု အကြောင်းကို ရင်းမြစ်များစွာမှ သင်ယူရရှိခဲ့သည်။ အတော်ကလေး အလှမ်းကွာ လှသော သူ့ဖခင်ထံမှလည်း ရသည်။ သားတစ်ဦးအဖြစ် ပြုစုပျိုးထောင်ပေးခဲ့သူ Thembu ဘုရင်ကြီးထံမှလည်း ရသည်။ သူ၏ အလွန်အားထားရသော မိတ်ဆွေများနှင့် Walter Sisulu, Oliver Tambo စသည့် လုပ်ဖော်ကိုင်ဖက်များထံမှလည်း ရသည်။ Winston Churchill နှင့် Haile Selassie ကဲ့သို့သော သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် နိုင်ငံ အကြီးအကဲများထံမှလည်း ရရှိသည်။ Machiavelli နှင့် Tolstoy တို့၏ အရေးအသား အဆိုအမိန့်များမှလည်း ရသည်။ သို့ရာတွင် ထောင်ထဲတွင် ၂၇ နှစ် ကုန်ဆုံးခဲ့ရမှုက ပြင်းပြင်းထန်ထန် စမ်းသပ်ခံလိုက်ရမှုကြီးပင် ဖြစ်သည်။ ယင်း စမ်းသပ်ချက်က မင်ဒဲလားအား မာကျော ခက်ထန်လာစေသည်။ တိုက်ရိုက်မသက်ဆိုင်သော အပယိကကိစ္စမျိုးများကို ပျောက်ပျက်သွားစေခဲ့သည်။ အကျဉ်းထောင်သည် လူ့စိတ်ကို ထိန်းသိမ်းချုပ်တည်းတတ်စေခဲ့သည်။ စည်းစနစ် လေ့ကျင့်ပေးခဲ့သည်။ အမြင်နှင့် ရည်မှန်းချက် ပြတ်ပြတ်သားသား ထားရှိ လုပ်ကိုင်စေနိုင်ခဲ့သည်။ အဆိုပါ အချက်များသည် ခေါင်းဆောင်မှုတွင် မရှိမဖြစ် အရည်အချင်းများ ဟူ၍ ယူဆထားသည်။ ထိုသို့ သင်ယူပေးမှုက မင်ဒဲလားအား လူသားစစ်စစ်မှန်မှန်တစ်ဦး full human being အဖြစ် နေထိုင်တတ်ရန်လည်း သင်ကြားပေးခဲ့သည်။

နယ်လ်ဆင်မင်ဒဲလားသည် အသက် ၇၁ နှစ်အရွယ်တွင် ထောင်မှ ထွက်ခဲ့ရ၏။ အသက် ၄၄ နှစ် အရွယ်တွင် ထောင်ကျသွားခဲ့ရ၏။ ထိုသို့သော မင်ဒဲလား နှစ်ဦးသည် အခြားနားကြီး ခြားနားလျက် ရှိသည်။ မင်ဒဲလားနှင့် ထောင်ကျဖက် အရင်းနှီးဆုံး သူငယ်ချင်းနှင့် တစ်ချိန်က ဥပဒေအကျိုးဆောင်လုပ်ငန်း လုပ်ဖော်ကိုင်ဖက် နောင်တွင် အေအင်န်စီဥက္ကဋ္ဌ ဖြစ်လာသည်။ Oliver Tambo က ထောင်ထဲတွင် တွေ့ခဲ့ရသော လူငယ် မင်ဒဲလားနှင့် ပတ်သက်၍ 'လူသားတစ်ဦး အနေဖြင့် ဆိုရလျှင် စိတ်ဓာတ်ပြင်းပြသည်၊ စိတ်ထိခိုက်လွယ်သည်၊ ထင်ဟပ်တုံ့ပြန်တတ်သည်၊ လက်စားချေတတ်သည်၊ ရိုင်းရိုင်းပျပျ ပြန်အော်ချင် အော်မည်၊ သို့မဟုတ် အထက်စီးဟန်ပန်ဖြင့် တုံ့ပြန်ချင် တုံ့ပြန်တတ်သည်' ဟူ၍ သရုပ်ဖော်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ စိတ်လှုပ်ရှားလွယ်ပါသလား။ စိတ်ဓာတ်ပြင်းပြပါသလား။ စိတ်ငြိုငြင်ခိုက် လွယ်ပါသလား။ ချက်ချင်း တုံ့ပြန်တတ်ပါသလား။ ဤအချက်များကို ထောင်ထဲမှ ထွက်လာသော နယ်လ်ဆင်မင်းဒဲလားတွင် လုံးဝ ပါရှိမလာခဲ့ပေ။ အပြင်ပန်း အားဖြင့်ပင် မတွေ့နိုင်ချေ။ ယနေ့ဆိုလျှင် ဖော်ပြခဲ့သော နာမဝိသေသနများကို သူ သဘောမကျတတ်ချေ။ သူ့အနေဖြင့် လူတစ်ဦးတစ်ယောက်အား အပြင်း ထန်ဆုံး ဝေဖန်မှု ပြုမည်ဆိုလျှင် 'ခင်ဗျားဟာ စိတ်လှုပ်ရှားလွယ်တယ်' သို့မဟုတ် 'ခင်ဗျားဟာ စိတ်ဓာတ် ပြင်းပြလွန်းတယ်' သို့မဟုတ် 'ခင်ဗျားဟာ သိပ်ပြီး တုံ့ပြန်လွယ်တယ်' ဟူ၍သာ သုံးနှုန်းတတ်သည်။ မကြာမကြာ ကြားရတတ်သည့် တစ်ဦး တစ်ယောက်အပေါ် ချီးမွမ်းစကား ပြောကြားရာတွင် 'တည်ငြိမ်တယ်' 'နှိုင်းနှိုင်းချိန်ချိန် တွက်ဆတတ်တယ်' 'ထိန်းထိန်းသိမ်းသိမ်း လုပ်တတ်တယ်' ဟူ၍ သုံးနှုန်းတတ်သည်။ ကျွန်ုပ်တို့အနေဖြင့် သူတစ်ပါးအပေါ် ချီးမွမ်းပြောဆို မှုသည် မိမိတို့ကိုယ်ကို မိမိတို့ ယုံကြည်ထင်ဟပ်ချက်တစ်ရပ် ဖြစ်သည်။ မင်းဒဲလား ၏ ချီးမွမ်းစကားမှာမူ မိမိ၏စရိုက် သဘောသဘာဝ စကားလုံးများပင် ဖြစ်သည်။

ဤသို့သော စိတ်ဓာတ်ပြင်းပြသော တော်လှန်ရေးသမား တစ်ဦးသည် ဘယ်လို နည်းဖြင့် ချိန်တွယ်တွက်ဆတတ်သော နိုင်ငံရေး သုခမိန်ကြီးတစ်ဦး ဖြစ်လာခဲ့ရ ပါသနည်း။ ထောင်ထဲတွင် မင်းဒဲလားသည် အရာရာအပေါ် တုံ့ပြန်မှုများ ချုပ်တည်း ခဲ့ရ၏။ ထောင်ထဲတွင် အကျဉ်းသားတစ်ဦးအတွက် ထိန်းချုပ်နိုင်ဖွယ် အစွမ်းအစ မရှိချေ။ တစ်ခုပဲ ထိန်းချုပ်ထားနိုင်စရာရှိသည်။ ထိန်းလည်း ထိန်းချုပ်ခဲ့ရသည်။ မိမိကိုယ်ကို မိမိ ထိန်းချုပ်ထားရခြင်း ဖြစ်သည်။ ထောင်ထဲတွင် စိတ်ထဲရှိသမျှ ဖွင့်အန်ပြောချစရာ နေရာလည်း မရှိချေ။ မိမိကိုယ်ကိုမိမိ လုပ်ချင်ရာလုပ်ခွင့် လည်း မရချေ။ စည်းမဲ့ကမ်းမဲ့ နေထိုင်လုပ်ကိုင်ခွင့်လည်း မရှိချေ။ သူ့တွင် ကိုယ်ပိုင် သီးသီးသန့်သန့် နေထိုင်လုပ်ဆောင်ခွင့်ရ ဇုန်ငယ် (Zone of privacy) မရှိချေ။ ကျွန်ုပ်သည် ရော့ဘန်ကျွန်း အကျဉ်းစခန်းရှိ မင်းဒဲလား နေထိုင်ခဲ့ရဖူးသော အခန်းကလေးထဲသို့ ဝင်ကြည့်ခဲ့ပါသည်။ အံ့ဩသွားမိ၏။ လူနေသည့်နေရာမှ ဟုတ်ပါလေစ။ အခန်းငယ်၏ အကျယ်မှာ မင်းဒဲလား ကိုယ်လုံးအရှည်ထက်ပင် သေးငယ်ခဲ့သည်။ သူ ခြေလဲလျောင်းလိုက်သောအခါ ခြေထောက်ကို မဆန့်နိုင် ခဲ့ချေ။ အကျဉ်းထောင်က သူ့အား တိုက်ရိုက် (သို့) သွယ်ဝိုက်၍ ပုံသွင်းပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ထင်ရှားသည်။ သူ့အတွက် လူလည်း လှုပ်လှုပ်ရှားရှား လုပ်ချင်လည်း လုပ်မရ။ စိတ်လည်း လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့် မရခဲ့ပေ။ သူ ပြုချင်သမျှကို ဖြတ်တောက်ပစ်ခဲ့ရသည်။ အရာရာကို ခိုင်းသမျှ လုပ်ခဲ့ရသည်။ နံနက်ပိုင်းနှင့် ညနေပိုင်းတွင် သူသည် ထိုအခန်းကျဉ်းကလေးအတွင်း ပိုင်ဆိုင်ထားရှိခွင့်ရသော ပစ္စည်းကလေးများကို ပင်ပန်းတကြီး စီစဉ်နေရာချထားခဲ့ရသည်။

တစ်ချိန်တည်းမှာပင် သူသည် အာဏာပိုင်များရှေ့တွင် နေ့စဉ် မတ်တတ်ရပ်ခဲ့ရသည်။ သူသည် အကျဉ်းသားများ၏ ခေါင်းဆောင် ဖြစ်သည်။ အကျဉ်းသားများ သူ့အပေါ် ယုံကြည်အားကိုးထားနေမှုကို အဖျားရှူး မခံနိုင်ပေ။ မိမိသည် အနိုင်ယူလိုက်ရသလား။ သို့မဟုတ် အရှုံးပေးလိုက်ရသလား။ အကျဉ်းသားများက သိနေမြင်နေသည်။ မင်းဒဲလားသည် မိမိ၏ လုပ်ဖော်ကိုင်ဖက်များက မိမိပေါ် ထားရှိသည့် သဘောထားအမြင်ကို ပိုမိုနားလည် သိရှိလာခဲ့သည်။ သူသည် ပိုမိုကျယ်ပြန့်သော ကမ္ဘာကြီးမှ ဝေးရာတွင် နေထိုင်ရ၏။ သို့ရာတွင် သူ့အကျဉ်းထောင်ကို သူ့စကြဝဠာကြီးဟု သဘောထားခဲ့သည်။ သူ ရှိနေသရွေ့ ရှေ့ဆုံးမှခေါင်းဆောင်နိုင်ရန် ကြိုးစားခဲ့သည်။ ဤမျှ ရှုပ်ထွေးလှသော အခြေအနေများကြားမှပင် သူ့အတွက် အချိန်တစ်ချိန် ရယူထားနိုင်သေးသည်။ စဉ်းစားသည်။ ကြံစည်သည်။ ထိုအကြံအစည်မှု၊ စီစဉ်မှုကို ပြန်လည်မွမ်းမံသည်။ စိတ်ထဲတွင် မွမ်းမံပြင်ဆင်ထားသော ထိုစိတ်ကူး အကြံအစည်များကို ထပ်ကာထပ်ကာ ပြန်လည်စဉ်းစား မွမ်းမံသည်။ နှစ်ပေါင်း ၂၇ နှစ်လုံးလုံးပင် မင်းဒဲလားသည် နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ မူဝါဒကိစ္စကိုသာ စဉ်းစားခဲ့သည် မဟုတ်ချေ။ မည်ကဲ့သို့ ပြုမူပြောဆိုရမည်။ ခေါင်းဆောင်တစ်ဦးဖြစ်ရန် မည်ကဲ့သို့ လုပ်ရမည်။ လူသားစစ်စစ်တစ်ဦးလို နေထိုင်နိုင်ရန် မည်သို့လုပ်ဆောင်ရမည် စသည့် အချက်များကို အလေးအနက် စဉ်းစားသည်။

မင်းဒဲလားသည် မိမိဘာသာ အတွေးနယ်ချဲ့နေတတ်သူ အံ့ပုန်းတစ်ဦး မဟုတ်ချေ။ သူ့ရင်ထဲတွင် မည်သို့ခံစားနေရသည် သို့မဟုတ် မည်သို့ စဉ်းစားတွေးတောနေမည်ဟူသော အကြောင်းကိုမူ ဖွင့်ပြောချင် ပြောလိမ့်မည်။ သူသည် ရံဖန်ရံခါ စိတ်အလိုမကျမှု ခံစားရတတ်သည်။ တစ်ခါတစ်ရံတွင် သည်းမခံနိုင်အောင် စိတ်တိုတတ်သည်။ ထိုအခါမျိုးတွင် ကျွန်ုပ်က သူ၏ ခံစားချက်များကို ပြန်လည်၍ သရုပ်ခွဲကြည့်ရန် ကြိုးစားရတတ်သည်။ သူသည် စိတ်ပညာဆိုင်ရာ ခေသာမိ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာစကား သို့မဟုတ် ကိုယ်ထူကိုယ်ထ နည်းစနစ်တို့နှင့် ပတ်သက်၍ ကောင်းစွာ ကျွမ်းကျင်မှု မရှိချေ။ သူ ပြုစုပျိုးထောင်လာခဲ့သည့် ကမ္ဘာလောကကြီးမှာ Sigmund Freud ၏ စိတ်ပညာ အယူအဆမှာ ဩဇာသက်ရောက်မှု မရှိခဲ့ချေ။ သူသည် အတိတ်ဖြစ်ရပ်များနှင့် ပတ်သက်၍ တန့်နှံ့ စဉ်းစားနေတတ်၏။ သို့ရာတွင် ထိုအကြောင်းကို ဖွင့်ပြောခဲ့သည်။ သူ့အတွက် နှမြောစိတ်မကောင်းစရာ အချိန်ကာလတစ်ခုနှင့် ပတ်သက်မှုကို ကြားလိုက်ရသည်။ 'ကျုပ်ဟာ အချိန်ကာလတစ်ခုမှာပဲ နေထိုင်နိုင်တဲ့ အဘိုးအိုကြီးတစ်ဦး ဖြစ်ပါတယ်' ဟူ၍ ဖြစ်သည်။ ထိုသို့ ပြောသည့်အချိန်မှာ တောင်အာဖရိကနိုင်ငံသစ်ကြီး၏ သမ္မတဖြစ်လာပြီး နိုင်ငံသစ်တစ်ရပ် ဖန်တီးပေးရန် အသင့်ပြင်နေပြီ ဖြစ်သည်။ ယင်းကာလမှာ မင်ဒဲလား၏ အကြီးမားဆုံး အောင်ပွဲကာလကြီးပင် ဖြစ်သည်။

မည်သို့ပင်မေးမေး သူက မဖြေချင်။ အကျဉ်းထောင်က သူ့ဘဝအား မည်သို့ ပြောင်းလဲစေခဲ့ကြောင်း ထပ်ကာ ထပ်ကာ မေးကြည့်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ထောင်ထဲ ဝင်သွားခဲ့ရသူနှင့် ၁၉၉၀ ပြည့်နှစ်တွင် ထောင်မှ ထွက်လာခဲ့သူနှစ်ဦး မည်သို့ခြားနား ကွဲပြားနေရပါသနည်း။ ဤမေးခွန်းကို မေးတိုင်း သူ စိတ်အနှောင့်အယှက်ဖြစ်သွားခဲ့သည်။ ဤမေးခွန်းကို မသိကျိုးကျွန် ပြုချင်ပြုလိမ့်မည်။ အခြား စကားသို့ လှိုးလွှဲပြောချင် ပြောလိမ့်မည်။ ဘာမျှမထူးပါဘူးဟု ငြင်းလျှင် ငြင်းလိမ့်မည်။ နောက်ဆုံးတစ်နေ့တွင်မူ မင်ဒဲလားသည် စိတ်တိုနေသော အသံမျိုးဖြင့် 'ကျုပ် ရင့်ကျက်လာတာပေါ့ဗျ' ဟူ၍ အဖြေပေးသည်။

## ကျုပ် ရင့်ကျက်လာတာပေါ့ (I came out mature)

မင်ဒဲလား မည်သို့ ဆိုလိုချင်ပါသနည်း။ ကမ္ဘာပေါ်တွင် အရှားပါးဆုံးအရာသည် ရင့်ကျက်သောလူတစ်ဦး (A mature man) ဖြစ်သည်ဟု Andre Malraux က သူ၏ ဘဝမှတ်တမ်းတွင် ရေးသားခဲ့သည်။ မင်ဒဲလားနှင့် သူ့အဆိုအမိန့် ကိုက်ညီနေနိုင်သည်။ ကျွန်ုပ်အတွက်မူ ရင့်ကျက်လာတယ်ဟူသော စကားလေး လေးလုံးသည် နယ်လ်ဆင်မင်ဒဲလားဆိုတာ ဘယ်သူလဲနဲ့ သူ ဘာတွေသင်ကြားတတ်မြောက်လာသလဲဟူသော အချက်ကို အတွင်းကျကျ ဖော်ထုတ်ပေးနိုင်မည့် သဲလွန်စဖြစ်လိမ့်မည်ဟု ယူဆထားနိုင်သည်။ အဆိုပါ စိတ်ထိခိုက်လွယ်သောကြေး

www.burmeseclassic.com

www.burmeseclassic.com




စိတ်လှုပ်ရှားလွယ်သော လူငယ်ကလေး ပျောက်ကွယ်မသွားသေးခြင်း ဖြစ်သည်။ ထိုလူငယ်ကလေးသည် ယနေ့ ကျွန်ုပ်တို့မြင်နေရသော မင်းဒဲလား၏ ကိုယ်တွင်း၌ ဆက်လက်တည်ရှိနေဆဲပင်။ ရင့်ကျက်လာသည်ဟူသော စကား၏ သဘောမှာ ပိုမိုနူးပျိုသော စိတ်လိုက်မာန်ပါ တွေးခေါ်ပြုလုပ်တတ်မှုအပေါ် ထိန်းချုပ်တတ်ခဲ့ပြီဟု ဆိုရာရောက်သည်။ ငယ်ရွယ်စဉ်ကကဲ့သို့ ထိလျှင် ဆတ်ဆတ်ထိမခံ၊ ထိလျှင်လည်း ထိလွယ်၊ နာလွယ်၊ စိတ်ဆိုးလွယ်သော စိတ်ဓာတ်မျိုး မရှိတော့ဟုလည်း ဆိုရာ ရောက်သည်။ ဘာလုပ်ရမည်။ မည်သို့ လုပ်ရမည်ဟူ၍ အမြဲသိနေရမည်ဟူ၍ မဆိုလိုပေ။ ကမ္ဘာလောကကြီးကို ပကတိအတိုင်း မြင်ကြည့်ရာ၌ စိတ်လှုပ်ရှားမှုမျိုးနှင့် စိုးရိမ်ကြောင့်ကြမှုမျိုးကို ဖိသိပ်တတ်သွားပြီဟူသော သဘောဖြစ်သည်။ မိမိတို့သည် ထိုအရာများမှတစ်ဆင့် မြင်တွေ့နိုင်ပြီး သင့်ကိုလည်း ဤသို့ပင် မြင်တွေ့စေလိမ့်မည်။

တစ်ချိန်တည်းမှာပင် လူတိုင်း နယ်လ်ဆင်မင်းဒဲလား မဖြစ်နိုင်ဟူသော အချက်ကို သဘောပေါက်လာသည်။ အကျဉ်းထောင်သည် မင်းဒဲလားအား မာကျော ခက်ထန်စေခဲ့၏။ အခြားသူများကိုမူ ရိုက်ချိုး ဖျက်ဆီးပစ်ခဲ့သည်။ နားလည် သဘောပေါက်မှုက ပိုမို၍ သူတစ်ပါးနှင့် မျှဝေ ခံစားကြည့်တတ်လာစေခဲ့သည်။ မလုပ်ဆောင်နိုင်သူများအပေါ် မင်းဒဲလားသည် မည်သည့်အခါမျှ ဆရာလုပ်လေ့ မရှိပေ။ အရှုံးပေး လက်မြှောက်လိုက်သူတစ်ဦးကို မည်သည့်အခါမျှ အပြစ် မပြောတတ်ပေ။ အညံ့ခံ အရှုံးပေးတတ်မှုသည် လူသားတို့၏ သဘောသဘာဝပင် ဖြစ်သည်။ နှစ်ပေါင်းများစွာပင် မင်းဒဲလားသည် မမြင်နိုင်သောအရာကို သိနိုင်စွမ်းရှိသည့် စွမ်းအားကို ဖန်တီးခဲ့သည်။ လူသားတို့၏ နုံနဲ့မှုအပေါ် အလေးအနက် ထောက်ထားညှာတာမှု ပြုခဲ့သည်။ တစ်နည်းအားဖြင့် သူ့အပေါ် ပြုမူခံခဲ့ရသည့်အတိုင်း မဖြစ်စေဘဲ လူသားတိုင်း၏ ရပိုင်ခွင့်များကို တိုက်ခိုက်ရယူပေးခဲ့သည်။ သူ့တွင် လူငယ်လေးတစ်ဦး၏ နူးညံ့ပျော့ပျောင်းမှု သို့မဟုတ် စိတ်ထိလွယ်ခိုက်လွယ်မှုမျိုး ပျောက်ဆုံးမသွားခဲ့ချေ။ ထိုသို့ဖြစ်လာလျှင် ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် ပိုမိုမာကျော၍ ဘေးရန်ကင်းရှင်းစေသော အခွံမာတစ်ခုကိုသာ ဖန်တီးထားခဲ့ခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားကိုယ်တိုင် မဲထည့်နေပုံ (၁၉၉၄)

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလား(၁၉၉၈)

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောက်ကာလ နယ်လ်ဆင်မင်ဒဲလားအကြောင်းမေးရန် မလွယ်လှချေ။ စွမ်းအားကို အသွင်ပြောင်းလဲပေးနိုင်သော လူမည်းခေါင်းဆောင် Barack Obama နှင့်လည်း နှိုင်းယှဉ်၍ မဖြစ်ပေ။ သူတို့နှစ်ဦးတွင် မျဉ်းပြိုင်များစွာ ရှိနေကြသည်။ ၂၀၀၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ၊ အကြိုညှိနှိုင်းပွဲများ ကျင်းပနေစဉ်အတွင်း မင်ဒဲလားနှင့် တွေ့ရသည်။ Hillary Clinton နှင့် Barack Obama တို့နှစ်ဦးအနက် မည်သူ့ကို ပိုမိုသဘောကျကြောင်း မေးကြည့်သည်။ မင်ဒဲလားက ပြုံး၏။ လူတိုင်း နားလည်နိုင်သော အမူအရာမျိုးဖြင့် ကျွန်ုပ်ဘက်သို့ လက်ညှိုးတဆတ်ဆတ် လုပ်ပြရင်း ခင်ဗျား တော်တော်ဒုက္ခပေးတာပဲဟူသော သဘောမျိုးကို လုပ်ပြသည်။ မည်သူ့ကို ပိုမိုသဘောကျကြောင်း သူ မဖြေခဲ့ပေ။ သူ၏ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်နိုင်မှုကား ထူးခြားလေစွ။

ထိုသို့ စိတ်ထိန်းချုပ်နိုင်ခြင်း၊ ချုပ်တည်းနိုင်ခြင်း (self control) ဟူသော အရည်အချင်းကို မင်ဒဲလားနှင့် အိုဘားမားတို့နှစ်ဦး မျှဝေပိုင်ဆိုင်ထားကြသည်။ ကျွန်ုပ်တို့သိနေသော နယ်လ်ဆင်မင်ဒဲလားဖြစ်နိုင်ရန် အကျဉ်းထောင်ထဲတွင် ၂၇ နှစ်မျှကြာအောင် ပုံသွင်းခဲ့ရ၏။ အသက် ၄၈ နှစ်အရွယ် အမေရိကန်သမ္မတ အိုဘားမားသည် မင်ဒဲလား၏ စိတ်ဓာတ်မျိုးရရှိရန် ဒုက္ခအရင်းခံ၍ နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ရပုံ မပေါ်ချေ။ အိုဘားမား၏ ကိုယ့်စည်းကမ်းနှင့်ကိုယ်နေခြင်း၊ သူတစ်ပါးပြောလျှင် နားထောင်လိုစိတ်ရှိခြင်း၊ ကောင်းမွေဆိုးမွေ မျှဝေခံစားတတ်ခြင်း၊ သူ၏ အစိုးရအဖွဲ့ထဲတွင် နိုင်ငံရေးရန်ဘက်များအား ထည့်သွင်းခန့်ထားခြင်း၊ ပြည်သူတို့သည် ဘာမဆို ရှင်းပြခံချင်သည်ဟူသော ယုံကြည်မှုများသည် မင်ဒဲလား၏ တန်ဖိုးများနှင့် အပြင်ပန်း ပေါ်လွင်သည့် သရုပ်သဏ္ဌာန်ဆိုင်ရာ ၂၀ ရာစု ပုံစံတစ်ရပ်နှင့် တူညီသည်။ မင်ဒဲလား၏ ကမ္ဘာ့အမြင်သည် လူမျိုးခွဲခြားရေးဆိုင်ရာ နိုင်ငံရေး ဒယ်စောက်ကြီးထဲတွင် ပုံသွင်းဖြစ်ပေါ်လာခဲ့ရပြီး အိုဘားမားကမူ လူမျိုးခွဲခြားရေးဆိုင်ရာ နိုင်ငံရေးနောက်ပိုင်းပုံစံတစ်ရပ်ကို ဖန်တီးလျက်ရှိသည်။ မင်ဒဲလားက အိုဘားမားသည် အမေရိကန်သမ္မတသစ်ဖြစ်မည်ဟု ထင်ချင်လည်း ထင်မည်။ မထင်ချင်လည်း မထင်ချေ။ သို့ရာတွင် အိုဘားမားသည် အဘက်ဘက်မှ လေ့လာကြည့်လျှင် ကမ္ဘာ့ဇာတ်ခုံပေါ်၌ မင်ဒဲလား၏ နေရာကို ဆက်ခံမည့်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မင်ဒဲလားသည် ကျွန်ုပ်တို့ ခေတ်ကာလအတွက်သာ စံပြပုံစံ မဟုတ်ပေ။ အခါကာလတိုင်းအတွက်သာ ဖြစ်သည်။ စာဖတ်သူတို့ ဖတ်ရှုသွားရမည့် သင်ခန်းစာများသည် ထောင်ထဲတွင် မင်ဒဲလား သင်ယူရရှိခဲ့သည့် စာကြောင်းများသာ မဟုတ်ဘဲ သူ့ဘဝတစ်လျှောက်လုံး လေ့လာတတ်မြောက်ခဲ့သည့်အရာဟု ယုံကြည်မိသည်။ အဆိုပါအကြောင်းအချက်များက မင်ဒဲလားအား စံနမူနာပြုစရာ ခေါင်းဆောင်တစ်ဦး ဖြစ်လာစေခဲ့သည်။ စံနမူနာပြုစရာ လူသားတစ်ဦးအဖြစ်သို့လည်း ပို့ဆောင်ခဲ့သည်။ လူတိုင်းသည် နယ်လ်ဆင်မင်ဒဲလား မဖြစ်နိုင်ပါဟု ဆိုခဲ့ပါသည်။ ယင်းကဲ့သို့ မဖြစ်နိုင်ခြင်းအတွက် ကံကောင်းလှသည်ဟု သူက ဆိုပါလိမ့်မည်။ ကျွန်ုပ်တို့ထဲမှ လူအချို့သည် သူ့ဘဝတွင် သူ ထိခိုက်ခံစားခဲ့ရသည့် ကြုံကြုံခံနိုင်ခဲ့သော အဖြစ်မျိုးကို ကျွန်ုပ်တို့၏ ဘဝများတွင်လည်း အလားတူ တွေ့ကြုံရပြီး တောင့်ခံခဲ့ရဖွယ်ရှိသည်။ မည်သို့ပင်ဆိုစေ မင်ဒဲလား တွေ့ကြုံခဲ့ရသော သင်ခန်းစာများသည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများအတွက် အသုံးမဝင်ဟု မဆိုနိုင်ချေ။ သူတို့သည် အသုံးဝင်ကြပါသည်။ ကျွန်ုပ်၏ ဘဝသည် မင်ဒဲလား၏ သင်ခန်းစာများကြောင့် ပိုမို၍ ကြီးမားရင့်သန်လာခဲ့ရကြောင်း သိပါသည်။ မင်ဒဲလားအတွက် ဘဝသင်ခန်းစာများနှင့် ခေါင်းဆောင်မှုကို အကျဉ်းထောင်မှ အဆီအနှစ်ထုတ်ယူခဲ့ရသည်။ ဤစာအုပ်တွင် ကျွန်ုပ်လည်း အလားတူ လုပ်ဆောင်နိုင်ရန် ကြိုးပမ်းထားပါသည်။ မင်ဒဲလား ရင်းနှီးခံစား ယူဆောင်ပေးခဲ့သောတန်ဖိုး စိုးစဉ်းမျှဖြင့်ပင် စာဖတ်သူတို့ သင်ခန်းစာများ လေ့လာသင်ယူ တတ်မြောက်နိုင်ကြပါသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

၁

# သတ္တိရှိခြင်းသည် ကြောက်စိတ်ကင်းမှု မဟုတ်ပါ

နယ်လ်ဆင်မင်ဒဲလားသည် ရဲရင့်ခြင်း (Courage) ကို အကောင်းဆုံး သရုပ်ဖော်ဆောင်နေသူဟု အများစုက ပြောကြပါလိမ့်မည်။ မင်ဒဲလားကိုယ်တိုင်ကမူ ရဲရင့်ခြင်းဝေါဟာရကို တစ်မူထူးစွာ အနက်ဖွင့်ထားသည်။ ရဲရင့်ခြင်းကို မွေးရာပါ အရည်အချင်းအဖြစ် မမြင်ချေ။ မိမိတို့ သောက်သုံးနိုင်သော သက်စောင့်ဆေးတစ်မျိုးဟူ၍ သဘောမထားပေ။ သမားရိုးကျနည်းဖြင့် သင်ယူရရှိနိုင်သော အရာဟူ၍လည်း မခံယူချေ။ မင်ဒဲလားအနေဖြင့် ရဲရင့်ခြင်း၊ သတ္တိရှိခြင်းဟူသည်မှာ တစ်စုံတစ်ခုဖြစ်လာရန် မိမိတို့ရွေးချယ်လိုက်သည့်အတိုင်း ပေါ်ထွန်းလာသော နည်းလမ်းပင်ဖြစ်သည်။ မည်သူမျှ မွေးလာကတည်းက သတ္တိခဲ ရဲဇာနည်ကြီးတွေ မဟုတ်ဘူး။ ဖြစ်ပေါ်လာတဲ့ အခြေအနေ အမျိုးမျိုးကို ဘယ်လိုနည်းနဲ့ တုံ့ပြန်တွန်းလှန်လိုက်နိုင်သလဲဆိုတဲ့ အဓိက အကြောင်းသာဖြစ်ပါတယ်။ ဤသို့ပင် မင်ဒဲလားက ဆိုခဲ့သည်။

မင်ဒဲလား ဘဝတွင် စမ်းသပ်ခံခဲ့ရသော အခိုက်အတန့်များစွာ ရှိသည်။ လူအများသိနေကြသည့် စမ်းသပ်ခံ အခိုက်အတန့်များသည် ပမာဏအားဖြင့် ကြီးမားလှ၏။ လူသိသူသိ ဖြစ်ခဲ့ရ၏။ အံ့ဖွယ် ထူးခြားလွန်း၏။ မင်ဒဲလား၏ အဆိုအရ ရဲရင့်ခြင်းသည် နေ့စဉ် ဖြစ်ရိုးဖြစ်စဉ် ပြုဖွယ်ဆောင်တာတစ်ရပ်ဖြစ်သည်။ ဤအချက်ကို ဖြစ်ရပ် အရွယ်ပမာဏ အမျိုးမျိုးဖြင့် ခင်းကျင်းပြသနိုင်သည်။ ၁၉၉၄ ခုနှစ်က နေတယ်ပြည်နယ် (Natal) တွင် ဖြစ်၏။ မင်ဒဲလား၏ ရဲရင့်ခြင်း သတ္တိ သဘောသဘာဝကို ဖျတ်ခနဲ ကြည့်မြင်လိုက်ရသည်။ ပထမဦးဆုံးသော တောင်အာဖရိကနိုင်ငံ ဒီမိုကရေစီရွေးကောက်ပွဲ အကြိုကာလအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထိုအချိန်တွင် နိုင်ငံရေးအကြမ်းဖက်မှုများ ပျံ့နှံ့ဆိုးဝါးလျက်ရှိသည်။ မင်ဒဲလားသည် မိမိ၏ ဇူးလူးထောက်ခံအားပေးသူများနှင့် တွေ့ဆုံစကားပြောရန် စီစဉ်ထားသည်။ နေတယ်ပြည်နယ်သို့ ပန်ကာတပ် လေယာဉ်ငယ်လေးတစ်စင်းဖြင့် စီးနင်းလိုက်ပါသွားသည်။ အမှန်ဆိုရလျှင် ယခုလို ခရီးမျိုး မထွက်သင့်ချေ။ ထိုအချိန်တွင် မင်ဒဲလား ဘက်တော်သား ဇူးလူးများမှာ ပြိုင်ဘက် ဇူးလူးအင်ကာသာ လွတ်လပ်ရေးပါတီ (Zulu Inkatha Freedom Party) စစ်တပ်များ၏ လုပ်ကြံသတ်ဖြတ် ခံနေရသည်။ အခြေအနေမှာ အန္တရာယ် ကြီးမားလွန်းလှသည်။ မင်ဒဲလားက ဘာပဲဖြစ်ဖြစ် မရောက်ရောက်အောင် သွားခဲ့သည်။

ကျွန်ုပ်သည် မင်ဒဲလားအား လေဆိပ်တွင် ကြိုဆိုရန် သဘောတူထားသည်။ လေယာဉ်ဆိုက်ရောက် ဆင်းသက်ရန် မိနစ်နှစ်ဆယ် လိုတော့သည်။ လေဆိပ်အရာရှိတစ်ဦး သတင်းလာပေးသည်။ မင်ဒဲလား စီးလာသော လေယာဉ်ငယ်၏ ပန်ကာတစ်လုံး မလည်တော့ကြောင်း၊ လေယာဉ်ဆင်းသက်ရာတွင် အမှားအယွင်း မဖြစ်စေရန် မီးသတ်ကားများ၊ သူနာတင်ယာဉ်များ အသင့်ထားရှိရန် စီစဉ်ထားကြောင်း ပြောပြသည်။ ထိုသို့ဖြစ်လာခဲ့လျှင်လည်း ကိစ္စမရှိ။ လေယာဉ်မှူးသည် ဘေးမသီရန်မခ လေယာဉ်ဆင်းသက်တတ်ကြောင်း ပြောကြားသည်။

မင်ဒဲလားသည် လေယာဉ်ငယ်ပေါ်တွင် တစ်ဦးတည်းသော သက်တော်စောင့်နှင့် လိုက်ပါလာသည်။ သက်တော်စောင့်မှာ မိုက် ဖြစ်သည်။ လေယာဉ်မောင်းနှစ်ဦးလည်း ပါရှိသည်။ မိနစ်နှစ်ဆယ်မျှအကြာတွင် မီးသတ်ကားများ သူနာတင်ယာဉ်များ ခြံရံလျက် လေယာဉ်ငယ်သည် မသိမသာ လှုပ်ရှားခါယမ်းလျက် ဆင်းလာသည်။ အပြုံးမျက်နှာနှင့် မင်ဒဲလား လေဆိပ်ဧည့်ဆောင်ကလေးထဲသို့ ဝင်လာသည်။ အဆောင်ထဲတွင် ဂျပန်တိုးရစ်ကားတစ်စီးတိုက် အရေအတွက်ဖြင့် ဝိုင်းရံ ခံရသည်။ ထုံးစံအတိုင်းပင် မင်ဒဲလားသည် ဂျပန်တိုးရစ်များအား တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်သည်။ အားပါးတရပြုံးလျက် ဓာတ်ပုံအရိုက်ခံသည်။

မင်ဒဲလား ဓာတ်ပုံအရိုက်ခံနေချိန်တွင် ကျွန်ုပ်သည် မိုက်နှင့် တွေ့ရ ပြောရသည်။ ခရီးစဉ်တစ်လျှောက် သုံးပုံ နှစ်ပုံခန့်အရောက်တွင် မင်ဒဲလားသည် မိုက်ဘက်သို့ ကိုယ်ကိုယိမ်းလျက် ပြတင်းပေါက်သို့ လက်ညှိုးထိုးပြသည်။ ပန်ကာတစ်လုံး လည်နေပုံမပေါ်ဟု မင်ဒဲလားက အေးအေးဆေးဆေး ပြောလိုက်သည်။ လေယာဉ်မှူး

www.burmeseclassic.com

www.burmeseclassic.com



များထံ သတင်းသွားပို့ခိုင်းသည်။ မိုက်သည် လေယာဉ်မောင်းခန်းထဲသို့ ဝင်လိုက်သည်။ ထိုကိစ္စကို လေယာဉ်မှူးများက ကောင်းကောင်း သိထားပြီး ဖြစ်သည်။ မိမိတို့ လေယာဉ်ဆင်းသက်လျှင် မီးသတ်ကားများနှင့် သူနာတင်ယာဉ်များ အသင့်ရှိရန် လေဆိပ်သို့ သတင်းပို့ထားပြီဖြစ်ကြောင်း ပြောပြသည်။ အခြေအနေအားလုံး ကောင်းပါလိမ့်မည်ဟုလည်း အာမခံကြသည်။ လေယာဉ်မှူးများ ပြောစကားအတိုင်း မိုက်က မင်ဒဲလားထံသို့ သတင်းပြန်ပို့သည်။ မင်ဒဲလားက တိတ်ဆိတ်စွာ ခေါင်းညိတ်ပြသည်။ ဖတ်လက်စ သတင်းစာကို ဆက်ဖတ်နေသည်။ လေယာဉ်ပျံသန်းမှု အတွေ့အကြုံမရှိလှသူ မိုက်မှာ ကြောက်လွန်း၍ တစ်ကိုယ်လုံး တုန်နေခဲ့သည်။ သူ့စိတ် ငြိမ်သက်သွားစေရန် မင်ဒဲလားကိုသာ စိုက်ကြည့်နေမိသည်။ မင်ဒဲလားသည် သတင်းစာကိုသာ ဆက်ဖတ်နေသည်။ နံနက်ပိုင်း ဆင်ခြေဖုံး ရထားစီးပြီး ရုံးတက်သွားနေသူတစ်ဦး ပုံစံအတိုင်း ဖြစ်သည်။ မိုက် ပြောပြချက်အရ လေယာဉ်ဆင်းသက်ချိန်တွင် မင်ဒဲလားသည် သတင်းစာမှ မျက်စိကိုပင် မခွာခဲ့ချေ။

မင်ဒဲလားသည် ဂျပန်တိုးရစ်များနှင့် လက်ဆွဲနှုတ်ဆက်ပြီးနောက် ကျည်ကာ ဘီအမ်ဒဗလျူကား နောက်ခန်းထဲသို့ ဝင်လိုက်သည်။ ကားသည် ကျွန်ုပ်တို့အား အစည်းအဝေးကြီး ကျင်းပရာသို့ ခေါ်ဆောင်သွားသည်။ ကျွန်ုပ်က လေယာဉ်ခရီးစဉ် ဘယ်လိုရှိခဲ့သလဲဟု မေးကြည့်သ ည်။ ကျွန်ုပ်ဘက်သို့ ကိုယ်ကို ယိမ်းသည်။ မျက်စိကျယ်ကျယ်ဖွင့်ထားပြီး ဟန်ပါပါလေသံမျိုးဖြင့် **'ကိုယ့်လူရယ်၊ လေယာဉ် စီးလာတုန်းက ကြောက်လိုက်တာ မပြောပါနဲ့တော့'**ဟု ပြောလိုက်သည်။

မင်ဒဲလားကို အမွှမ်းတင်ခံရသော ပုဂ္ဂိုလ်အဖြစ် သိမှတ်ထားကြသူများက 'ကြောက်လိုက်တာ မပြောပါနဲ့တော့' ဟူသော စကားကြောင့် အံ့သြသွားစေလိမ့်မည်။ သို့ရာတွင် မင်ဒဲလားက သူ ကြောက်ခဲ့ဖူးကြောင်း ကျွန်ုပ်နှင့် အင်တာဗျူးရင်း အကြိမ်ကြိမ် ပြောပြခဲ့ပါသည်။ သူ့ကို တစ်သက်တစ်ကျွန်း ထောင်ဒဏ် စီရင်ချက်ချလိုက်သည့် ရီဗိုနီယာ တရားရုံး၌ အမှုစစ်ခံနေရချိန်အတွင်းကလည်း ကြောက်လန့်ခဲ့ဖူးသည်။ Robben Island အကျဉ်းစခန်း၌ ဝါဒင်များက သူ့ကို ရိုက်နှက်မည် တကဲကဲ လုပ်နေချိန်ကလည်း ကြောက်ရွံ့နေခဲ့ဖူးသည်။ မြေအောက် ဝရမ်းပြေးဘဝ၊ စာနယ်ဇင်းများတွင် 'Black Pimpernel' ဟု တင်စား ရေးသား ခံနေရချိန်ကာလကလည်း အကြောက်ကြီး ကြောက်နေခဲ့ရှာသည်။ တောင်အာဖရိက

www.burmeseclassic.com

www.burmeseclassic.com



အစိုးရနှင့် ဆွေးနွေးပွဲများ တိတ်တဆိတ် စတင်နေချိန်တွင်လည်း ချွေးပြန်နေခဲ့ဖူးသည်။ သူ့ကို တောင်အာဖရိကနိုင်ငံသမ္မတကြီးအဖြစ် ပို့ဆောင်ပေးမည့် ရွေးကောက်ပွဲ မတိုင်မီ ရှုပ်ရှုပ်ထွေးထွေး ကာလတစ်လျှောက်လုံးတွင်လည်း ခြေ မကိုင်မိ လက်မကိုင်မိ ဖြစ်ခဲ့ရဖူးသည်။ မင်းဒဲလား မကြောက်တာ တစ်ခုပဲရှိသည်။ သူ ထိတ်လန့်ကြောက်ရွံ့ခဲ့မိပါသည်ဟု ပြောဆိုရန် မည်သည့်အခါမျှ မကြောက်တတ်ခြင်း ဖြစ်သည်။

မင်းဒဲလား၏ ရဲရင့်စိတ်သည် ငယ်ရွယ်စဉ်ကပင် ပေါ်ထွန်းလာခဲ့သည်။ ထိုအရွယ်က Dingane, Bhambatha Makana စသည့် သမိုင်းဝင် အာဖရိကန် ခေါင်းဆောင်ကြီးများ၏ သတ္တိဇာတ်လမ်းများ ကြားခဲ့ရသည်။ သူ ကိုးနှစ်သား အရွယ်တွင် ဖခင်ကြီး ကွယ်လွန်သည်။ တိုင်းရင်းသားဘုရင် စိုးစံရာရွာသို့ ခေါ်သွားကြသည်။ ရွာအမည်မှာ Mqhekezweni ဖြစ်သည်။ သမ်ဘူ (Thembu) တိုင်းရင်းသားဘုရင် Jongintaba ၏ ပြုစုပျိုးထောင်မှု ခံယူရန်ဖြစ်သည်။ မင်းဒဲလား၏ ဖခင်သည် သမ်ဘူဘုရင်၏ အတိုင်ပင်ခံ၊ ဒေသဆိုင်ရာ အကြီးအကဲတစ်ဦး ဖြစ်သည်။ ဘုရင်ကြီးက သူ့သားတော်ကလေး ထီးနန်းဆက်ခံလျှင် မင်းဒဲလားအား အတိုင်ပင်ခံအဖြစ် ပျိုးထောင်ပေးချင်သည်။ ဘုရင်ကြီးကိုယ်တိုင် အာဖရိက သူရဲကောင်းများ အစဉ်အဆက် စာရင်းဝင် ဖြစ်သည်။ Xhosa တိုင်းရင်းသားများ၏ ရိုးရာဓလေ့များ၊ အခမ်းအနားများကို အလေးအမြတ် လိုက်နာကျင့်သုံးတတ်သည်။ အဆိုပါ အခမ်းအနားများအနက်မှ တစ်ခုကြောင့် မင်းဒဲလားအတွက် ကျန်ရှိသော ဘဝတာတစ်လျှောက်လုံး စိတ်ချောက်ချားမှု ခံစားလာခဲ့ရသည်။

၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဖြစ်၏။ မင်းဒဲလား ဆယ့်ခြောက်နှစ်ပြည့်ပြီ။ သူနှင့် သက်တူရွယ်တူ လူငယ် နှစ်ဆယ့်ငါးဦးမှာ Mbashe မြစ်ကမ်းပေါ်ရှိ မြက်တဲကြီးနှစ်လုံးထဲတွင် တသီးတခြား သွားနေရသည်။ လူငယ်ကလေးများမှာ ရွာအတွင်း အထက်တန်းစားဝင်များ ဖြစ်သည်။ သူတို့၏ ခန္ဓာကိုယ်တစ်ခုလုံး အမွေးအမှင်များ ပြောင်နေအောင် အရိတ်ခံရသည်။ မြေနီ မြေဝါမှုန့်များ လိမ်းကျံခံရသည်။ ပခုံးများပေါ်တွင် စောင်များကိုသာ တ်ဆင်ထားရသည်။ ရုတ်တရက်ကြည့်လျှင် သရဲ တစ္ဆေကလေးများနှင့် တူနေသည်။ သူတို့ခမျာ စိုးရိမ် ကြောင့်ကြနေကြသည်။ နေမထိထိုင်မသာ ခံစားနေရသည်။ ဇိုဆာ တိုင်းရင်းသား

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအရ လိင်တံထိပ်အရေပြား လှီးဖြတ်ခံရန် အသင့်ပြင်ထားရသည်။ မင်ဒဲလား အဆိုအရ 'ဇိုဆာ အမျိုးသားတိုင်း၏ ဘဝတစ်လျှောက် လိုအပ်သော မလုပ်မဖြစ် လုပ်ငန်း' ဖြစ်သည်။ ယင်းအခမ်းအနားမှာ တိုးတိုးတိတ်တိတ်လုပ်ရသော ပွဲမျိုး မဟုတ်ပေ။ လူရှေ့သူရှေ့တွင် ထင်ထင်ရှားရှား ဆောင်ရွက်တတ်သည်။ အခမ်းအနား ကျင်းပမည့် မြစ်ကမ်းနံဘေးတွင် ဘုရင်ကြီး၊ အကြီးအကဲအချို့၊ သူငယ်ချင်းများ၊ ဆွေမျိုးများ အစုံအလင် လာရောက်ထိုင်ကြည့်နေကြသည်။ အိမ်ထောင်ပြုခြင်း ဟူသော ဘဝမှတ်တိုင်အတွက်သာ မဟုတ်ချေ။ လူအများရှေ့တွင် သတ္တိ ရှိ မရှိ စမ်းသပ်ပွဲလည်း ဖြစ်သည်။ လူငယ်ကလေးများမှာ အလှီးအဖြတ် ကျွမ်းကျင်သူ (ingcibi) တစ်ဦး၏ ပြုသမျှ ခံကြရသည်။ အောက်တွင် မင်ဒဲလား၏ ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသော နေ့စဉ်မှတ်တမ်းပါ အကြောင်းအချက်များ ဖြစ်သည်။

ရုတ်တရက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ၏။ လူ ခပ်ပိန်ပိန် အသက်ကြီးကြီးတစ်ဦးက ကျွန်ုပ်၏ လက်ဝဲဘက်သို့ လှစ်ခနဲ ဖြတ်သန်းသွား၏။ ပထမဆုံးလူငယ်၏ရှေ့တွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။ စက္ကန့်အနည်းငယ်အကြာတွင် ထိုလူငယ် အော်ပြောလိုက်သည့် 'ကျွန်တော် ယောက်ျားပါ' ဟူသော အသံကို ကြားလိုက်ရသည်။ (မင်ဒဲလား၏ သူငယ်ချင်း ဘုရင့်သားတော်) ဂျပ်စတစ်ကလည်း ထိုအတိုင်း ထပ်အော် လိုက်သည်။ သူနှင့် ကျွန်တော့်အကြား အခြား လူငယ်သုံးဦးကလည်း ထိုအတိုင်း တစ်ယောက်စီ အော်ကြသည်။ ထိုလူကြီးက ကျွန်ုပ်တို့ရှေ့သို့ ပြန်းခနဲရောက်လာသည်ကိုပင် မသိလိုက်။ ကျွန်ုပ်က သူ့မျက်လုံးများကို စူးစိုက်ကြည့်လိုက်၏။ လူကြီးမှာ ဖျော့တော့ နွမ်းနယ်နေသည်။ ထိုနေ့ ရာသီဥတုက အေးမြနေသော်လည်း မျက်နှာကြီးမှာ ချွေးများဖြင့် ပြောင် လက်နေသည်။ လူကြီးက ဘာမပြော ညာမပြော ကျွန်ုပ်၏ အောက်ပိုင်း ကို မိမိရရ ဖမ်းဆုပ်လိုက်ပြီး အရေပြားကို ဆွဲထုတ်လိုက်၏။ အလှီး အဖြတ် ကျွမ်းကျင်လှ၏။ သန့်ရှင်းသည် တိကျဝိုင်းစက်သည်။ ရက်သတ္တ တစ်ပတ်အတွင်း ဒဏ်ရာပျောက်သွားနိုင်သည်။ သို့ရာတွင် ထုံဆေး မပါဘဲ လှီးဖြတ်ခံလိုက်ရ၍ ကျွန်ုပ်၏ သွေးပြန်ကြောများတစ်လျှောက် ခဲပူရည်များ စီးဆင်းနေသကဲ့သို့ ခံစားနေရသည်။ စက္ကန့်အနည်းငယ်မျှ

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာ အောင့်အည်းထားရမည်ကို သတိမရ။ နာကျင်မှု သက်သာသွားစေရန် ဦးခေါင်းနှင့် ပခုံးများကို မြက်နုံရုံတစ်ခုအတွင်း ထိုးသွင်းလိုက်မိ၏။ သတိရလိုက်သောအခါ အခြားလူငယ်များ အော်ဟစ်ခဲ့သလို 'ကျွန်တော် ယောကျ်ားပါ' ဟု မနည်း အော်လိုက်နိုင်တော့သည်။ ကျန်သော လူငယ်များသည် ကျွန်ုပ်ထက် ခွန်အားကောင်းပုံရသည်။ အလှည့်ရောက်တိုင်း မဆိုင်းမတွ ပီပီသသကြီး အော်ဟစ်ပြနိုင်ခဲ့ကြသည်။

မင်ဒဲလားက ထိုကိစ္စအကြောင်း ကျွန်ုပ်အား ပြန်လည်ပြောပြချိန်တွင် ထိုဖြစ်ရပ် ဖြစ်ပျက်ခဲ့သော ဆောင်းရာသီ မှုန်းတည့်ချိန်မှာ လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ခန့် အဝေးတွင် ကျန်ရစ်ခဲ့လေပြီ။ ယင်းသို့ ပြန်ပြောပြနေချိန်တွင် မင်ဒဲလားသည် မချိတင်ကဲ မကျေမနပ်ဖြစ်နေသေးပုံ ပေါ်နေသည်။ ထိုသို့ စိတ်ထဲ ခံစားနေရခြင်းသည် နာနာကျင်ကျင် ကိုယ်ခန္ဓာ ခွဲစိတ်ခံခဲ့ရမှုကြောင့်မဟုတ်ဘဲ လီးဖြတ်ခံရပြီးနောက် အခြားလူငယ်များအတိုင်း ကောင်းကောင်းတုံ့ပြန်မှု မပြုမိခဲ့သောကြောင့် ဖြစ်သည်။ ခွဲစိတ်ခံရမှု ဝေဒနာမှာ မေ့သလောက်ပင် ရှိနေပြီ။ သို့ရာတွင် ထိုစဉ်က အသည်းကြောင်ခဲ့မိမှုအတွက် ယခုအထိ မမေ့နိုင်သေးချေ။ မင်ဒဲလားက ခေါင်းကိုငုံ့လိုက်ပြီး 'ကျုပ် ညံ့ခဲ့မိတယ်ဗျာ၊ အသံမာမာနဲ့ ကျွန်တော် ယောကျ်ားပါလို့ မအော်နိုင်ခဲ့ဘူး' ဟု ပြောခဲ့သည်။ အခြားလူငယ်ကလေးများမှာ မိမိထက် ပိုမိုရဲရင့်ပြီး ပိုမို စွမ်းသန်ပုံရသည်ဟု စိတ်ထဲ ခံစားမိသည်။ မင်ဒဲလားက အခြားသူများနည်းတူပင် မိမိသည် ပင်ကိုအားဖြင့် ရဲရင့်မှု မရှိခဲ့ကြောင်း၊ ရဲရင့်စေရန် မည်သို့လုပ်ကိုင်ရမည်ကို လေ့လာမိခဲ့ရင် အကောင်းသားဟု နောင်တရနေသည်။ ခွဲစိတ်ခံရပြီးနောက် နှစ်ပေါင်းများစွာအတွင်း စိတ်မသက်သာမှု ခံစားနေခဲ့မိ၏။သို့ရာတွင် အဆိုပါ အခမ်းအနားကျေးဇူးကြောင့် သူ အကျိုးရလဒ် ရလိုက်သည်။ 'နောင်ကျရင် ငါ့ကို ပျော့တယ် ညံ့တယ်လို့ မထင်အောင် မမြင်အောင် နေထိုင်မယ်' ဟူ၍ စိတ်ပိုင်းဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားနှင့် တွေ့ဆုံမေးမြန်းမှုများ စောစောပိုင်းလများ အတွင်း၌ မင်ဒဲလားက သူနှင့်ရဲများ တွေ့ကြုံဆက်ဆံခဲ့ရပုံ၊ သို့မဟုတ် မြေအောက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံတို့ကို ပြောပြသည်။ ကျွန်ုပ်က မကြောက်ဘူးလားဟု မေးကြည့်သည်။ သူက ကျွန်ုပ်အား နလပိန်းတုံးတစ်ယောက်ပမာ သဘောထားအကြည့်မျိုးဖြင့် 'ဟာ ဘယ်လိုပြောလိုက်ပါလိမ့်၊ ကြောက်တာပေါ့ဗျ' ဟု ပြန်ဖြေသည်။ သူရူးသူမိုက်တွေသာ မကြောက်တတ်တာဟု သူက ဆိုသည်။ ကြောက်စရာကိစ္စကြုံလာတိုင်း မိမိ၏ကြောက်ရွံ့မှုကို တတ်နိုင်သမျှနည်းဖြင့် ဖိသိပ်ထားခဲ့မိကြောင်း ပြောပြသည်။ သူ ကြောက်ရွံ့နေသည်ဟု သူတစ်ပါး မြင်သိ မသွားစေလိုခဲ့ပေ။

သတ္တိရှိခြင်းသည် ကြောက်ရွံ့စိတ် ကင်းမဲ့နေခြင်းမဟုတ်ဟု မင်ဒဲလားက သင်ကြားပေးခဲ့သည်။ ကြောက်စိတ်ကို ကျော်နင်း လွှမ်းမြောက်နည်းကို သင်ယူခြင်းဖြစ်သည်။

၁၉၅၀ ပြည့်လွန် နှစ်များအတွင်း ဖရီးစတိတ်ဒေသသို့ Dr. James Mooroka နှင့် တွေ့ဆုံရန် ကားဖြင့် ထွက်ခဲ့သည်။ ဒေါက်တာမော်ရော်ကာသည် ခံ့ညားပြီး ရှေးဆန်လှသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ African National Congress ဥက္ကဋ္ဌကြီးလည်း ဖြစ်သည်။ မင်ဒဲလား စာကြမ်းရေးသားခဲ့ပြီး တောင်အာဖရိက ဝန်ကြီးချုပ်ထံသို့ ပို့မည့်ကန့်ကွက်စာကို ဒေါက်တာမော်ရော်ကာ ထောက်ခံ အတည်ပြုဖို့ လိုအပ်သည်။ တောင်အာဖရိကနိုင်ငံတွင် ရှေးအဆန်ဆုံး ဒေသများအနက် တစ်ခုဖြစ်သော ဖရီးစတိတ်ဒေသ ရွာငယ်ကလေးတစ်ရွာအတွင်း မော်တော်ကား ဖြတ်သန်းသွားစဉ် မင်ဒဲလား စီးလာသော ကားသည် ဘိုင်စကယ်စီးလာသော လူဖြူ ကလေးငယ်နှင့် ပွတ်တိုက်မိသည်။ ကလေးငယ်မှာ အတော်ပင် ထိတ်လန့်သွားသော်လည်း အထိအခိုက် မရှိချေ။ မင်ဒဲလား ပထမဆုံးပြုမူလိုက်မှုမှာကား ရှေ့ခန်းထိုင်ခုံပေါ် တင်ထားသည့် သတင်းစာတစ်စောင်ကို အလျှားထိုး ရယူ ဝှက်ထားလိုက်ခြင်း ဖြစ်သည်။ New Age သတင်းစာမှာ African National Congress (ANC) ပါတီဝင်များ၏ အာဘော်ဖြစ်သည်။ တောင်အာဖရိက အစိုးရ ပိတ်ပင်ထားသော သတင်းစာဖြစ်၍ သတင်းစာတစ်စောင် ပိုင်ဆိုင်ထားရုံဖြင့် ထောင်ငါးနှစ်ကျသွားနိုင်သည်။ ကားနှင့်စက်ဘီး ပွတ်မိပြီးနောက် မကြာမီအချိန်အတွင်း ရဲဝန်ထမ်းတစ်ဦး ရောက်လာသည်။ မင်ဒဲလားနှင့် ဒဏ်ရာရသွားသော

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ကို လှမ်းကြည့်လိုက်သည်။ 'ဟေ့ ကဖား၊ ဒီနေ့တော့ မင်း သောက်ကျိုးနည်းပြီလို့ မှတ်ပေတော့' ဟုလည်း ပြောလိုက်သည်။ မင်ဒဲလားက 'ငါ့ကို သောက်ကျိုးနည်းတော့မယ်လို့ပြောတဲ့ ဘယ်ရဲကိုမှလည်း ဂရုမစိုက်ဘူး'ဟု ပြန်ပြောလိုက်သည်။ ထိုသို့ပြောပြရာမှ မင်ဒဲလား အနည်းငယ် နားနေလိုက်သည်။ ပြီးမှ ကျုပ်က ခပ်ကြမ်းကြမ်းကလေး ပြန်တွယ်လိုက်မယ်လို့ စိတ်ကူးလိုက်သေးတယ်။ ဒါပေမယ့် ကြောက်နေတယ်ဗျ၊ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကျုပ်က မကြောက်ချင်ဟန်တော့ ဆောင်တတ်ပါတယ်။ တစ်လောကလုံး ကျုပ်ကြောက်ရမယ့်သူ မပေါ်သေးဘူးဆိုတဲ့ သဘောမျိုးဆောင်တတ်ပါတယ်'ဟု ဆက်ပြောသည်။

**မကြောက်ချင်ဟန်တော့ ဆောင်တတ်ပါတယ်။** မှန်ပါသည်။ သူ ထိုပုံစံအတိုင်း လုပ်ဆောင်ခဲ့ပါသည်။ သို့နှင့် သတ္တိရှိခြင်းဟူသည်မှာ မကြောက်ချင်ဟန်ဆောင်လိုက်ခြင်းဖြစ်သည်ဟူ၍ သူက အဓိပ္ပာယ်ဖွင့်ပြလိုက်ခြင်း ဖြစ်သည်။ မင်ဒဲလား၏ သဘောအရ ကြောက်စိတ်ကင်းခြင်း (Fearlessness) သည် ဆင်ခြင်ဉာဏ် မရှိမှု (Stupidity) ပင် ဖြစ်သည်။ ရဲဝန်ထမ်းက သူ့ကို စော်ကားလာသောအခါ 'ဟေ့လူ သတိထားနော်၊ ကျုပ်ဟာ ရှေ့နေတစ်ယောက်ပဲ၊ ရဲတစ်ယောက်ကို အလုပ်ပြုတ်သွားအောင် လုပ်နိုင်တယ်' ဟု ပြောလိုက်သည်။ မင်ဒဲလားသည် ရော့ဘန်းကျွန်း ဒိုင်ယာရီ (Robben Island diary) ရေးချိန်တွင် 'ရဲဝန်ထမ်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပုံကို မြင်လိုက်သောအခါ ကျွန်ုပ် ကိုယ်တိုင်ထက် ပိုမို အံ့အားသင့်သွားမိသူ မရှိတော့ချေ' ဟု ထည့်သွင်းဖော်ပြထားသည်။ အခြေအနေ ဟန်သွားသည်။ ရဲက မင်ဒဲလားကို ဘာမျှမလုပ်တော့။ ပြန်လွှတ်ပေးလိုက်သည်။ သို့နှင့် လိုရာခရီး ဆက်နိုင်ခဲ့သည်။

၁၉၆၃ ခုနှစ် မေလထဲတွင် မင်ဒဲလားသည် ရော့ဘန်ကျွန်းသို့ ပထမဆုံး ရောက်ခဲ့သည်။ ထိုအခေါက်ကလည်း အလားတူအဖြစ်မျိုး ကြုံရသည်။ ခွင့်ပြုချက်မရဘဲ နိုင်ငံပြင်ပသို့ ထွက်ခွာမှုအတွက် ထောင်ဒဏ်ငါးနှစ် ကျခံနေရစဉ်ကာလ ဖြစ်သည်။ ညကြီးသန်းခေါင်တွင် မင်ဒဲလားနှင့် အကျဉ်းသား တစ်စုထံသို့ ပြက်ချော်ချော် ထောင်ဝါဒီတစ်ဦးက လာပြောသည်။ အာဖရိကန်အသံဖြင့် Die Eiland လုပတဲ့ အခြားတစ်နေရာသို့ ပို့ပစ်မည်ဟု ဆိုသည်။ မင်ဒဲလားနှင့်အတူ အသက်ခပ်ကြီးကြီး အကျဉ်းသားတစ်ဦး ပါရှိသည်။ စတိ(ဗ်)တီဖူး (Steve Tefu

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ စိတ်အလွန်တိုသည်။ ကွန်မြူနစ်ပါတီဝင်တစ်ဦး ဖြစ်သည်။ မင်ဒဲလားက သူတို့ ရှောဘန်းကျွန်းဆိုသောနေရာသို့ ရောက်သွားသောအခါ ကျွဲလို နွားလို စုဝေးခိုင်းသည်ဟု ပြောပြသည်။ မင်ဒဲလားနှင့် တီဖူးတို့က အင်တင်တင် လုပ်နေကြသည်။ အစောင့်တစ်ယောက်က 'ဟေ့ ဒီမှာကြည့်စမ်း၊ မင်းတို့ကို ဒီမှာ သတ်ပစ်လိုက်ရင် ရတယ်၊ မင်းတို့ရဲ့ မိဘတွေနဲ့ ဒိပြင်လူတွေ ဘယ်သူမှ မင်းတို့ ဘာဖြစ်သွားတယ်ဆိုတာ သိမှာမဟုတ်ဘူး၊ ဒါ နောက်ဆုံးဝမ်နင်ပဲ' ဟု ပြောလိုက်သည်။ သူတို့ ပင်မအကျဉ်းစခန်းထဲ ရောက်သွားသည်။ အစောင့်များက အာဖရိကန် ဘာသာဖြင့် 'အဝတ်တွေ ချွတ်၊ အဝတ်တွေ ချွတ်' ဟု အော်ကြသည်။

အကျဉ်းသားအားလုံး ကိုယ်လုံးတီးများ ဖြစ်သွားသည်။ အစောင့်များက အကျဉ်းသားတစ်ဦးစီကို စတင် စော်ကားတော့သည်။ အကျဉ်းသားတစ်ဦးကို ကြည့်ပြီး 'မင့်ဆံပင် ဘာဖြစ်လို့ ရှည်နေတာလဲ'ဟု အစောင့်အကြီးအကဲက လှမ်းမေးသည်။ သူက ဘယ်သူနှင့်မျှ ရန်မဖြစ်တတ်သော၊ သိမ်မွေ့မှုရှိသော၊ ယင်ကောင် တစ်ကောင်ကိုပင် နာကျင်အောင် မလုပ်တတ်သော၊ မေးလျှင် မဖြေတတ်မည့် လူတစ်ဦးဦးကို ရွေးလိုက်ခြင်း ဖြစ်သည်။ ထို့နောက် အစောင့်အကြီးအကဲက 'ငါ မင်းကိုပြောနေတာကွ၊ မင်း စည်းကမ်းနားမလည်ဘူးလား၊ မင်းရဲ့ဆံပင်ကို တိုသွားအောင် ညှပ်ပစ်ရမယ်' ဟု ဟောက်လိုက်သည်။ ထို့နောက် မင်ဒဲလားကို တိုက်ရိုက် လက်ညှိုးထိုးလျက် 'မင်း ဘာဖြစ်လို့ ဒီကောင်ကလေးလို ဆံပင်အရှည် မထားရတာလဲ'ဟု မေးလိုက်သည်။ ထိုအခါ မင်ဒဲလားက 'ဟေ့လူ ဒီမှာကြည့်လိုက်စမ်း' ဟု တစ်စုံတစ်ခုကို ကြည့်ခိုင်းလိုက်သည်။ တော်လောက်ပါပြီ၊ ဝါကျကို ဘယ်လိုမျှ ဆက်မပြနိုင်တော့ပါ။ 'ကျုပ်ကို ဘယ်တော့မှ ဒီလိုမပြောပါနဲ့'ဟုလည်း ဟောက်ပစ်လိုက်သည်။

ဤအကြောင်းကို မင်ဒဲလားပြောရင်း နားနေလိုက်သည်။ ကုလားထိုင်ပေါ်တွင် ရှေ့သို့ယိမ်းလျက် ဆက်ပြောသည်။ မျက်လုံးများက ငေးငိုင်တွေးတောနေပုံပေါ်သည်။ 'ဒီတော့ အဲဒီ အကြီးအကဲက ကျုပ်ရှေ့ကို တိုးလာတယ်၊ ကျုပ်ကို ဆော်တော့မှာ သေချာနေပြီ၊ မှန်တာပြောရရင် အဲဒီအချိန်မှာ ကျုပ် သိပ်ကြောက်သွားပြီဗျ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မှာ မဟုတ်တော့ဘူး၊ ဘယ်လိုမှလည်း တုံ့ပြန် နိုင်မှာ မဟုတ်ဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မင်ဒဲလားက တုံ့ပြန်ဖြစ်အောင် တုံ့ပြန်နိုင်ခဲ့သည်။ ဒါပေမယ့် အဲဒီလူလည်း ကပ်လာရော ကျုပ်က ပြောပစ်လိုက်တယ်၊ ကျုပ်ကို ထိရဲရင် ထိစမ်း၊ ဒီနိုင်ငံမှာရှိတဲ့ အမြင့်ဆုံး တရားရုံးပေါ် တင်ပြီး တရားစွဲပစ်လိုက်မယ်။ တရားကိစ္စလည်း ပြီးသွားရော ခင်ဗျားဟာ အနုပ်စုတ် ကုပ်စုတ်ဘဝ ရောက်သွားရလိမ့်မယ်။ ထိုလူ ခြေလှမ်းများ တုံ့သွားသည်။ မင်ဒဲလားက ယင်းကိစ္စကို ပြောပြရာတွင် 'ကျုပ် တကယ့်ကို ကြောက်နေတယ်ဗျ၊ ကျုပ် သတ္တိ ကောင်းလွန်းလို့ မဟုတ်ဘူး၊ ဒါပေမယ့် လူဆိုတာ ဟန်ကိုယ့်ဖို့တော့ လုပ်တတ်ရတယ်'ဟု ပြောလိုက်သည်။

**ဟန်ကိုယ့်ဖို့တော့ လုပ်တတ်ရတယ်။** ဤစကားအတိုင်း တစ်ခါတစ်ရံ ဟန် ကိုယ့်ဖို့လုပ်မှသာ သတ္တိသွေး အစစ်အမှန်ကို ရှာတွေ့တတ်သည်။ တစ်ခါတစ်ရံ တွင် 'ဟန်'သည် မိမိ၏ 'ရဲသတ္တိ' ဖြစ်နေတတ်သည်။

အကျဉ်းစခန်းထဲတွင် မိမိ၏ သတ္တိရှိမှုကို တစ်နေ့တစ်မျိုးတော့ ပြရတတ်သည်။ အစောင့်တစ်ယောက်ရှေ့တွင် လူမြင်သူမြင် မတ်တတ်ရပ်ရသည့်အခါမျိုးတွင် ရင်ကော့နေပြဖို့ လိုသည်။ မိမိဂုဏ်သိက္ခာ ကျမသွားအောင် နေတတ်ဖို့ လိုသည်။ မိမိ၏ အကောင်းမြင်ယုံကြည်စိတ်နှင့် မျှော်လင့်စိတ်တို့ ပျောက်မသွားအောင် နေတတ်ဖို့လိုသည်။ ၁၉၆၉ ခုနှစ် နေ့တစ်နေ့တွင် ဝါဒါတစ်ယောက်က မင်ဒဲလား အခန်းသို့ ဝမ်းနည်းစရာ သတင်းတစ်ခု လာပြောသည်။ မင်ဒဲလား၏ သားအကြီးဆုံး သမ်ဘီ ကားတိုက်မှုကြောင့် သေဆုံးသွားပြီဟု ဆိုသည်။ ထိုနှစ်အတွင်း အချိန်အနည်းငယ်ကြာသည်အထိ နေ့ဘက်တွင် မင်ဒဲလား အခန်းထဲမှ မထွက်ဘဲ နေခဲ့သည်။ သူ့မိတ်ဆွေကြီး ဝေါ်လ်တာ ဆီစူလူ (Walter Sisulu) တစ်ယောက်သာ ထိုကာလအတွင်း မင်ဒဲလား အခန်းသို့ နေ့စဉ်မှန်မှန် လာရောက်အားပေးတတ်သည်။ နှစ်ယောက်သား လက်ချင်းကိုင်လျက် စကားတစ်ခွန်းမျှ မပြောဘဲ အချိန်ကုန်စေခဲ့ကြသည်။

သတင်းကြားပြီးနောက်တစ်နေ့တွင် မင်ဒဲလားသည် ထုံးကျောက်တူးဖော်ရေးစခန်းသို့ အလုပ်ဆင်းသည်။ အခြားအကျဉ်းသားများနှင့်အတူ အလုပ်လုပ်သည်။ ကျွန်ုပ်က သူ့သား ကွယ်လွန်ခဲ့ရပုံကို မေးကြည့်သည်။ ဖြေဆည်၍မရနိုင်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်ပင် ဖြစ်သည်။ သို့ရာတွင် မင်ဒဲလားသည် အစောင့်များနှင့် ဘဝတူ အကျဉ်းသားများအား မိမိခံနိုင်ရည်ရှိကြောင်း ကြိုးစားပြသခဲ့သည်။ ဤတစ်ကြိမ်တွင်လည်း ဘာမျှမဖြစ်သလို ဟန်ကိုယ့်ဖို့နည်းကို သုံးလိုက်ခြင်းပင်။

မင်ဒဲလားနှင့် တွေ့ဆုံစကားပြောရန် ရှဲ့တွန့်တွန့် ဖြစ်နေတတ်သူများကို သတိရမိသည်။ မင်ဒဲလား ကိုယ်တိုင်ကလည်း သူတစ်ပါးနှင့် တွေ့ဆုံစကားပြောရန် တွန့်ဆုတ်မိတတ်သည်။ အထူးသဖြင့် တောင်အာဖရိကပြည်နယ် သမ္မတ ဘိုသာ (P,W. Botha) နှင့် ပထမဆုံး တွေ့ဆုံရချိန်တွင် ဖြစ်သည်။ ထိုစဉ်က ဘိုသာမှာ မိကျောင်းကြီး (Die Broot Krokodil) အဖြစ် လူသိများလျက် ရှိသည်။ သူ၏ ရက်စက်ကြမ်းတမ်းသော အမူအကျင့်နှင့် ထင်ရာစိုင်း အုပ်ချုပ်နေမှုကြောင့် နာမည်ဆိုးနေခြင်း ဖြစ်သည်။ ထိုအခါမျိုးတွင် ထောင်နန်းစံ အာဖရိက အမျိုးသားကွန်ဂရက် (ANC) အဖွဲ့ဝင်တစ်ဦးအနေဖြင့် တောင်အာဖရိက သမ္မတဆိုးကြီး တစ်ယောက်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံရခြင်း ဖြစ်သည်။ မင်ဒဲလား၏ စိတ်ထဲတွင် ဘိုသာနှင့်တွေ့လျှင် မည်သို့မည်ပုံ ပြောရမည်၊ မည်သို့မည်ပုံ လုပ်ကိုင်ရမည်ကို အစမ်းလေ့ကျင့် နေခဲ့မိသည်။ အခွင့်အရေးသာပေါ်ခဲ့လျှင် သူကသာ လက်ဦးမှု ရချင်သည်။ ထို့ကြောင့်လည်း ဘိုသာနှင့် တွေ့ဆုံရချိန်တွင် အခန်းကြီးထဲသို့ တမင်သက်သက် ခြေလှမ်းကျဲကျဲဖြင့် ဝင်သွားသည်။ ဘိုသာနှင့် အားပါးတရ လက်ဆွဲနှုတ်ဆက်တတ်သည်။ ပါးစပ်ကြီးပြဲနေအောင် မျက်နှာကြီးကို ပြုံးထားသည်။ မင်ဒဲလားက သူ စီစဉ်ထားသည့်အတိုင်း မိမိ၏ တရင်းတနှီး လွတ်လွတ်လပ်လပ် အမူအရာ စိတ်ဓာတ်မျိုးဖြင့် တောင်အာဖရိက သမ္မတအပေါ် အနိုင်ယူခဲ့သည်။ ဟန်ကိုယ့်ဖို့ လုပ်ပြပြန်ခြင်းပင် ဖြစ်သည်။

၁၉၈၀ ပြည့်နှစ် စောစောပိုင်း မင်ဒဲလားအား ရော့ဘန်းကျွန်းစခန်းမှ ရွှေ့ပြောင်း မပစ်မီ အချိန်တွင် ဖြစ်သည်။ အကျဉ်းသားတစ်ဦးက ရှိတ်စပီးယား စာညွှန့်ပေါင်း တစ်အုပ်ကိုယူလာပြီး အခန်း (စီ) ထဲရှိ အကျဉ်းသားအားလုံးကို ဖတ်စေသည်။ စာအုပ်ထဲမှ အကြိုက်ဆုံး အပိုဒ်ကိုလည်း မှတ်သားခိုင်းသည်။ မင်ဒဲလားက လက်သွက်သည်။ ဂျူးလိယက်ဆီဇာ ပြဇာတ် အခန်း ၂၊ ပြကွက် ၂ ပါ အောက်ပါ စာပိုဒ်ကို (ဝ) ကွင်း၍ ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူရဲဘောကြောင်သူများသည် မိမိတို့ မသေမီမှာပင် အကြိမ်ပေါင်းများစွာ သေဆုံးရတတ်၏။

ရဲစွမ်းသတ္တိရှိသူတို့ကား မရဏ အတွေ့အကြုံကို မည်သည့်အခါမျှ မခံစားရတတ်ချေ။ ခံစားရသည့်တိုင် တစ်ကြိမ်တစ်ခါမျှသာ ဖြစ်၏။

မြင်ခဲ့ဖူးသမျှ ရင်သပ်ရှုမောစရာ များစွာအနက် အဆန်းပြားဆုံး အချက်တစ်ရပ်ဟု ထင်မြင်မိပါ၏။ လူသားတို့အတွက် မလွှဲမရှောင်သာ ဘဝနိဂုံး တစ်ရပ်ဖြစ်သော သေခြင်းတရားသည် လာချိန်တန်၍ ရောက်လာခဲ့လျှင် လူသားတိုင်း ကြောက်ရွံ့မိတတ်ကြခြင်းပင် ဖြစ်ပေသည်။

သူရဲဘောကြောင်သူတို့က မိမိတို့ ရဲစွမ်းသတ္တိရှိကြောင်း အထင်ကြီးစေရန် အဆိုပါစာပိုဒ်ကို ရွေးချယ်ကောင်း ရွေးချယ်ကြလိမ့်မည်။ မင်ဒဲလားအတွက်မူ ယင်းစာပိုဒ်သည် သကြန်အမြောက်ပစ်လိုက်ခြင်း မဟုတ်ပေ။ အစစ်အမှန်တရား ဆိုင်ရာ ရိုးစင်းလှသော အဆိုတစ်ရပ်သာ ဖြစ်သည်။ သတ္တိရှိချင်ဟန် ဆောင်လိုက်လျှင် မိမိတို့ ရဲစိတ် ပေါ်လာစေရုံမျှသာမဟုတ်။ ရဲရင့်လာတတ်သည်။

မင်ဒဲလားအနေဖြင့် သူရသတ္တိရှိခြင်း (Bravery) သည် လူအနည်းအကျဉ်းမျှ လောက်အတွက်သာ သက်ဆိုင်မှု မဟုတ်ဟု ယူဆထားသည်။ အချို့မှာ သတ္တိရှိ မရှိ ဆိုးဆိုးဝါးဝါး စမ်းသပ်ခံကြရ၏။ တကယ်ဆိုရလျှင် လူတိုင်းပင် တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် စမ်းသပ်ခံရတတ်သည်။ မိမိက ပို၍ ထောင်သက်ရှည်သော်လည်း မင်ဒဲလားက ဇနီး ဝင်နီ (Winnie) သည် မိမိထက်ပို၍ပင် သတ္တိရှိကြောင်း အမြဲလိုလို ပြောပြတတ်သည်။ မင်ဒဲလားသည် ဘဝ၏ နေ့စဉ်ပြဿနာပေါင်းစုံမှ အဆက်ဖြတ်ထားခံရချိန်အတွင်း ဇနီးဖြစ်သူဝင်နီသည် တောင်အာဖရိက အစိုးရ၏ လူမျိုးရေးခွဲခြားမှုစနစ် (apartheid) အောက်တွင် ဘဝ၏ နေ့စဉ် အခက်အခဲများကို ရုန်းကန်လှုပ်ရှား နေခဲ့ရရှာသည်။ သမီးငယ်နှစ်ဦးကိုလည်း ပြုစုပျိုးထောင်ပေးလာရသည်။

သတ္တိရှိသည်ဟု ယူဆလျှင် တစ်ဦးဦးအား အမြင့်မားဆုံး ချီးမွမ်းစကားမှာ 'သိပ်တော်တာပဲ' (He did very well) ဟူ၍ ဖြစ်သည်။ ဤစကားမှာ ထိုသူသည် ထူးထူးကဲကဲ သူရဲကောင်းတစ်ဦးဖြစ်သည်ဟု မဆိုလိုပေ။ ဘဝတွင် စွမ်းစွမ်းတမံ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကြီးများကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သူဟု မဆိုလိုပေ။ နေ့စဉ်နှင့် အမျှ စိတ်ဆင်းရဲစရာ အခြေအနေမျိုးအောက်တွင် တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်ခဲ့သူဟု ဆိုလိုရင်းဖြစ်သည်။ သူကိုယ်တိုင်လည်း ကြောက်ရွံ့စိတ်နှင့် စိုးရိမ်စိတ်တို့ကို အနိုင်မခံ အရှုံးမပေး တွန်းလှန်ဖယ်ရှားပစ်ခဲ့သည်။ မိမိတို့အားလုံးလည်း ထိုသို့ သတ္တိရှိမှုမျိုးကို ရယူမွေးမြူနိုင်ကြပါ၏။ ကံကောင်းသည့်အချက်မှာ ထိုသတ္တိမျိုးကို မိမိတို့အများစု ဖော်ထုတ်ပြသရန် ဆင့်ခေါ်ခံရခြင်းပင် ဖြစ်ပေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

၂

## အလိုက်သင့် နေတတ်ပါစေ

တစ်ခါက ကျွန်ုပ်သည် ကျည်ကာ ဘီအမ်ဒဗလျူကား နောက်ခန်းတွင် မင်ဒဲလားနှင့် ယှဉ်လျက် စီးနင်းလိုက်ပါလာခဲ့သည်။ ကားမောင်းသူမှာ မကြာမကြာ လမ်းမှားလျက် ရှိသည်။ မဆန်းလှပါ။ မင်ဒဲလား၏ မော်တော်ကားတန်းကြီးမှာ ဤသို့ဖြစ်နေကျပင်။ ယခုလည်း ကားမောင်းသူသည် လမ်းမှား၍ ကုန်ဆုံးသွားသော အချိန်များကိုကာမိစေရန် ကားကို အရှိန်မြှင့်လျက် မောင်းလိုက်၊ မှားလျှင် အသံမြည်လောက်အောင်ကွေ့လိုက် လုပ်နေသည်။ မင်ဒဲလားက ကိုယ်ကို ရှေ့သို့ကိုင်းလျက် 'ကိုယ့်လူရေ၊ စိတ်ငြိမ်ငြိမ်ထား'ဟု ပြောလိုက်သည်။

**စိတ်ငြိမ်ငြိမ်ထားပါ** (Be calm)။ ရှုပ်ရှုပ်ထွေးထွေး အခြေအနေများကြားတွင် မင်ဒဲလားသည် မိမိစိတ်ကို မိမိ ငြိမ်အောင်ထားတတ်သည်။ အခြားသူများလည်း သူ့နည်းတူ စိတ်ငြိမ်ငြိမ် ထား မထား ကြည့်တတ်သည်။ အမှန်ဆိုရလျှင် တည်ငြိမ်မှုသည် သူ့ထံမှ ဖြာထွက်လာတတ်ခြင်းသာ ဖြစ်သည်။ မိမိစိတ်ကိုမိမိ မထိန်းချုပ်နိုင်လျှင် အခြေအနေ ဆိုးဝါးသွားလိမ့်မည်။ အာမက်ကာသရားဒါး (Ahmed Kathrada) သည် မင်ဒဲလားနှင့်အတူ နှစ်ပေါင်း သုံးဆယ်နီးပါး အကျဉ်းချခံနေခဲ့ရသည်။ ထိုကာလအတွင်း မင်ဒဲလား စိတ်ဆိုးမှုကို နှစ်ကြိမ်နှစ်ခါသာ တွေ့ဖူးသည်ဟု ပြောပြသည်။ ထိုအကြိမ်နှစ်ခုစလုံးမှာလည်း ထောင်ဝါဒါများက ဝင်နီကို မထီလေးစား ဆက်ဆံကြ၍ ဒေါသထွက်မိခြင်း ဖြစ်သည်။ လူတိုင်းတွင် ဒေါသပေါက်ကွဲထွက်မှု သို့မဟုတ် ပြင်းပြင်းထန်ထန် တုံ့ပြန်မှုတစ်ခုခု ဖြစ်စေမည့် အခါမျိုး ရှိတတ်သည်။ မင်ဒဲလားအတွက် ထိုသို့ ဖြစ်ခဲလှသည်။ ယင်းကဲ့သို့ မဖြစ်ပေါ်မီ ချင့်ချိန်မြော်မြင်တတ်ရမည်။ ကောက်ကာငင်ကာ တုံ့ပြန်မှုမပြုသင့်ဟု မင်ဒဲလားက ပြောတတ်သည်။ စိတ်ချုပ်တည်းနိုင်ခြင်း (control) သည်

www.burmeseclassic.com


www.burmeseclassic.com



အိုဗယ်ရုံးတွင် အမေရိကန်သမ္မတဟောင်း ဘုရှ်နှင့် မင်ဒဲလား (၂၀၀၅)

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ကုလသမဂ္ဂညီလာခံတွင်

www.burmeseclassic.com

www.burmeseclassic.com



လူသားအားလုံး၏ ခေါင်းဆောင်တစ်ဦး ဟုတ် မဟုတ် အကဲဖြတ် ခန့်မှန်းချက် ဖြစ်သည်။ မင်ဒဲလားက နိုင်ငံရေးအရဖြစ်စေ၊ ပုဂ္ဂိုလ်ရေးအရဖြစ်စေ၊ အခြေအနေ တင်းမာနေချိန်မျိုးတွင် လူတိုင်းသည် စိတ်ငြိမ်သက်စေမှု (calm) ကို ရှာတတ်ကြ သည်ဟု ဆိုသည်။ မိမိတို့ကိုယ်ကို မိမိတို့ စိတ်ကတောက်ကဆတ် မဖြစ်စေလို ကြပေ။ အကြောင်းအချက် အားလုံးကို လေ့လာချိန်ဆ ကြည့်စေလိုကြသည်။ မိမိ၏ တုံ့ပြန်ချက်ကိုလည်း မယုတ်မလွန်သာ ဖြစ်သွားစေချင်ကြသည်။

၁၉၉၃ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံသည် တစ်ချက်ကလေးမျှ အတိမ်း အစောင်း မခံနိုင်အောင် ရှုပ်ထွေးပွေလီလျက် ရှိသည်။ မင်ဒဲလားမှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ရေးဆွဲရေး၊ ဒီမိုကရေစီရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ရေးအတွက် တောင်အာဖရိကအစိုးရနှင့် မပြတ် ဆွေးနွေးနေရသည်။ ထိုအချိန်မှာပင် နိုင်ငံအတွင်း အခြေအနေသစ် ဖြစ်ပေါ်လာမှုများကို ဖျက်လိုဖျက်ဆီး လုပ်လိုသူများ ပေါ်ထွက်လာသည်။ နိုင်ငံအတွင်း မိမိတို့၏ အင်အားသုံးလျက် အကြမ်းဖက်မှုများ လုပ်ဆောင် ဒုက္ခပေးနေသော အစွန်းရောက် လက်ဝဲဂိုဏ်းဝင် လက်နက်ကိုင်အုပ်စုများ အပါအဝင် ဖြစ်သည်။ အာဖရိကန်အမျိုးသားကွန်ဂရက် (အေအင်န်စီ) အတွင်းမှာပင် မင်ဒဲလား ဩဇာအာဏာ ဘယ်လောက်ရှိသလဲဟု မေးခွန်းထုတ်လာကြသည်။ မင်ဒဲလားသည် ရှေးရိုးဆန်လွန်းသည်။ တောင်အာဖရိက အစိုးရအပေါ် အယုံအကြည် များလွန်းသည်ဟု ဝေဖန်ကြသည်။ အေအင်န်စီ၏ စစ်ရေးအဖွဲ့ခေါင်းဆောင် ခရစ်ဟာနီ (Chris Hani) လို လူငယ်မျိုးကို ရှေ့တန်း ထုတ်သင့်ပြီဟုပင် အကြံပေးနေကြသည်။

ထိုအချိန်တွင် ဟာနီသည် တောင်အာဖရိကတွင် မင်ဒဲလားပြီးလျှင် ဒုတိယ လူသိအများဆုံး ခေါင်းဆောင်ဖြစ်သည်။ တိုက်ပွဲဝင် စစ်ယူနီဖောင်းကို အမြဲဝတ် ထားတတ်သည်။ ရွတ်တီးရွတ်နောက်ပုံစံ ခပ်စောင်းစောင်း ဘယ်ရီကက်ဦးထုပ် ဆောင်းထားတတ်သည်။ ဟာနီ၏ ပုံသဏ္ဌာန်မှာ သိသာပေါ်လွင်လျက် ရှိသည်။ မင်ဒဲလားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသလို ဖြစ်နေသည်။ မင်ဒဲလားက ခွင့်လွှတ်ရန်၊ မေ့ပစ်ရန် အမြဲပြောသည်။ ဟာနီက အမြဲသတိရနေကြ၊ လက်တုံ့ ပြန်ကြဟုသာ ပြောသည်။ မင်ဒဲလားက အသံအုပ်အုပ်ကလေးဖြင့် ပြောတတ် ဆိုတတ်သည်။ ဟာနီက အော်တတ် ဟစ်တတ်သည်။ မင်ဒဲလားက လူဖြူများ၏

www.burmeseclassic.com

www.burmeseclassic.com



ရှေးရိုးစဉ်လာ စီးပွားရေးကို ဆက်လက်ထားရှိ ကျင့်သုံးစေချင်သည်။ ကွန်မြူနစ်တစ်ဦးဖြစ်သူ ဟာနီက လူဖြူများ၏ စည်းစိမ်ဥစ္စာမှန်သမျှကို ရယူပြီး ပြည်သူများသို့ ပြန်လည်ဖြန့်ဝေ ပေးစေလိုသည်။ အေအင်န်စီထဲတွင် ထိုစဉ်က နုပျိုဆဲ အသက်ငါးဆယ့်တစ်နှစ်အရွယ် ဟာနီကို မင်ဒဲလားထက် ပါတီနှင့် တောင်အာဖရိက နိုင်ငံ၏ အနာဂတ်ဟု ယူဆထားကြသည်။ ဟာနီ၏ ခေတ်ကာလဟု ဆိုနိုင်သည်။ တောင်အာဖရိကတွင် လူဖြူလူမည်းတို့ အသေအကျေတိုက်ကြမည့် ပြည်တွင်းစစ်ကြီး ဖြစ်လာရန် အခြေအနေ ဆိုးရွားလာသည်။ လူဖြူလက်ယာသမားများက တိုက်ပွဲအတွက် လက်နက်အသင့်ပြင်ထားသည်။ ဟာနီကဲ့သို့သော လက်ဝဲသမားများက ပြည်သူတို့စစ်တိုက်ရန် အသင့်ပြင်ထားကြဟု တိုက်တွန်းနေသည်။ တစ်နိုင်ငံလုံး လူမျိုးရေးစစ်ပွဲကြီး ဟူသော အိပ်မက်ဆိုးကြီးသည် အမှန်တကယ် ဖြစ်တော့မည် တကဲကဲ ဖြစ်လျက်ရှိသည်။

ထိုနှစ် ဧပြီလတွင် မင်ဒဲလား၏ တောင်အာဖရိကနိုင်ငံအတွင်း ဇာတိရပ်ရွာ ထရန်စကီ (Transkei) ရွာသို့ ကျွန်ုပ် လိုက်ပါသွားခဲ့သည်။ ထရန်စကီရွာရှိ မင်ဒဲလား နေအိမ်မှ သူမွေးဖွားရာ တောင်ကြားကို မြင်နေရသည်။ မင်ဒဲလားက တစ်ခါတွင် လူတိုင်းမှာ မိမိမွေးဇာတိနှင့် အနီးဆုံးနေရာ၌ အိမ်တစ်လုံးရှိသင့်သည်ဟု ပြောဖူးသည်။ မင်ဒဲလား၏ နေအိမ်မှာ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားကြီး မဟုတ်ပေ။ အင်္ဂလိပ်အက္ခရာ (တီ) ပုံသဏ္ဌာန် တစ်ထပ်အိမ်ကလေးသာ ဖြစ်သည်။ အိမ်မှာ တောင်အာဖရိက ဝေါဟာရအရ ဗဲ့လ် (veldt) မြက်ခင်းပြင်ကြီးနှင့် ကျောက်ထူထူ တောင်ကုန်းနိမ့်များပေါ်တွင် ဆောက်ထားသည်။ မင်ဒဲလား ကလေးဘဝက ဗဲ့လ်မြက်ခင်းပြင်ကြီးထဲတွင် ပြေးဆော့ကစားခဲ့ဖူးသည်။ အိမ်ပုံစံနှင့် ပတ်သက်၍ မြင်သူတိုင်းက တအံ့တဩဖြစ်မိသည့်အချက်မှာ Victor Verster အကျဉ်းထောင်ရှိ အဆောက်အအုံတစ်ခုအတိုင်း ပုံစံတူဆောက်ထားခြင်း ဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ် သူ လွတ်မြောက်လာချိန်အထိ နောက်ဆုံးနေထိုင်ခဲ့ရာ လိပ်စာဖြစ်သည်။ တစ်ကြိမ်တွင် ကျွန်ုပ်က ထိုကိစ္စနှင့်ပတ်သက်၍ မေးကြည့်ဖူးသည်။ ပြုံး၍သာ နေသည်။ သူသည် ထိုအိမ်ပုံစံကို အထူးကြိုက်ခဲ့သည်။ ထရန်စကီရွာတွင် မိမိအတွက် အိမ်တစ်လုံး ဆောက်ရတော့မည်ဟု သိလာရသောအခါ အကျဉ်းဦးစီးဌာနသို့ အိမ်ပုံစံ တောင်းယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလား၏ အိမ်သည် လမ်းမကြီးနှင့် မနီးကပ်ချေ။ သူ့အိမ်မှ အခြားအိမ်များကိုလည်း မမြင်ရပေ။ ဂိတ်တံခါးကို သင့်ရုံဆောက်ထားသည်။ ကားမောင်းဝင်ထွက်လမ်းကိုလည်း ကွေ့ပတ်တည်ဆောက်ထားသည်။ အိမ်အနေအထားမှာ အခြားအိမ်များနှင့်စာလျှင် ဝေးခေါင်လှ၏။ လူသိများသော သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတစ်ဦး၏ နေအိမ်လည်းဖြစ်၏။ သို့ရာတွင် အနီးဝန်းကျင်ရွာများမှ စောင်များပတ်ထားသော အမျိုးသမီးကြီးများနှင့် တုတ်ကောက်ကိုင် အဘိုးအိုကြီးများ မင်ဒဲလား နေအိမ်ရှေ့တွင် လှည့်လည်သွားလာနေကြသည်။ အိမ်ရှေ့ဝင်းထဲတွင် လာထိုင်နေတတ်သည်။ လာရပ်နေကြသည်။ မင်ဒဲလားကို ဂါရဝပြုရန် ဖြစ်ချင်ဖြစ်မည်။ မင်ဒဲလားထံမှ တစ်စုံတစ်ခု တောင်းစားရန် ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် နှစ်မျိုးစလုံးအတွက် လာရောက် စောင့်ဆိုင်းနေကြခြင်း ဖြစ်မည်။ ယင်း အစဉ်အလာမှာ ဒေသဓလေ့ထုံးစံ ဖြစ်သည်။ သက်တမ်းအားဖြင့် နှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့သည်။ မည်သူကမျှ မင်ဒဲလားနှင့်တွေ့ဆုံရန် တင်ကြိုခွင့်ပန်ထားမှု၊ ချိန်းဆိုထားမှု မပြုကြပေ။ လာချင်သည့်အချိန် ယခုလို လာနေတတ်ကြစမြဲပင်။

ထရန်စကီရွာတွင် မင်ဒဲလား နေလို့ထိုင်လို့ ကောင်းပုံရသည်။ စိတ်အေးလက်အေး နေနိုင်ပြီ ပို၍လည်း အနားရပုံပေါ်သည်။ သူ့ကိုယ်သူ တောသားကလေးတစ်ယောက် (a country boy) ဟု အမြဲ ရည်ညွှန်းပြောဆိုတတ်သည်။ လူအချို့အတွက် ယင်းသို့ဝန်ခံပြောကြားရန် အခက်အခဲရှိနိုင်သည်။ မင်ဒဲလားမှာ တောရွာဘက်ရောက်သွားလျှင် တောဂိုက်ဖမ်းနေတတ်သည်။ သူသည် ဒေသခံရွာသားများနှင့် စကားလက်ဆုံပြောမကုန် ဖြစ်နေတတ်သည်။ ရွာသားများမှာ မိမိတို့နေအိမ်များမှ ဆယ်မိုင်ကျော်ကျော်လောက်အထိပင် အရောက်အပေါက်နည်းလွန်းသူများ ဖြစ်သည်။ ရွာတွင် မင်ဒဲလား ပို၍ ရယ်မောသည်။ တိုင်းရင်းသား ဒိုဆာစကားဖြင့် ရယ်စရာများပြောသည်။ ကလေးငယ်များကို သူ့ဒူးပေါ်တင်လျက် မြှောက်ကာ မြှောက်ကာ မြှူတတ်သည်။ ရွာသားအများစုမှာ မင်ဒဲလား နေပုံထိုင်ပုံအတိုင်း နေထိုင်လာခဲ့ကြသည်။ နှစ်ပေါင်း ငါးဆယ်ပင် ကျော်ခဲ့ပြီ။

ထရန်စကီရွာသို့ရောက်ခိုက် သူ သဘောကျတတ်သည့်အရာတစ်ခု ရှိနေ၏။ ရွာအတွင်း စောစောစီးစီး လမ်းလျှောက်ထွက်ခြင်း ဖြစ်သည်။ မင်ဒဲလားသည် နံနက် လေးနာရီခွဲလောက်တွင် ပုံမှန် အိပ်ရာမှ နိုးလာသည်။ ငါးနာရီနှင့် ငါးနာရီခွဲ

www.burmeseclassic.com

www.burmeseclassic.com



အကြားတွင် လမ်းလျှောက်ရန် ထွက်လာတတ်၏။ လမ်းလျှောက်ထွက်လျှင် သုံးနာရီမှ လေးနာရီအထိ ကြာမြင့်တတ်သည်။ ကိုးနာရီနှင့် ဆယ်နာရီကြားတွင် အိမ်ပြန်ရောက်တတ်သည်။ ကျွန်ုပ်သည် ဒီဇင်ဘာလအတွင်းက သူနှင့် ထရန်စကီသို့ လိုက်ပါသွားခဲ့၏။ သူ နံနက်စောစောစီးစီး လမ်းလျှောက်ထွက်တိုင်း တတ်နိုင်သမျှ အဖော်ပြု လိုက်ပါသွားခဲ့သည်။

ဧပြီလ ၁၀ ရက်နေ့၊ နွေဦးပေါက် နံနက်ခင်း တစ်ခုတွင် မင်ဒဲလား၏ နေအိမ်သို့ ငါးနာရီထိုးရန် ငါးမိနစ်အလို၌ ရောက်သွားခဲ့သည်။ မှောင်နေဆဲပင်။ သက်တော်စောင့်နှစ်ဦးမှာ ကားထဲတွင်ထိုင်ရင်း သီချင်း နားထောင်နေကြသည်။ ရာသီဥတုမှာ မကြံုစဖူးအောင် အေးမြလှ၏။ သူတို့၏လက်များ နွေးထွေးအောင် လုပ်နေကြကြောင်း မှုန်ဝါးဝါး ကားပြတင်းမှတစ်ဆင့် မြင်ရသည်။ မင်ဒဲလားသည် ငါးနာရီထိုးပြီး အချိန်လောက်တွင် အိမ်ထဲမှ ထွက်လာ၏။ သူ့အကြိုက် အနက်ရောင်နှင့် ရွှေရောင်အားကစားဝတ်စုံကို ဝတ်ဆင်ထားသည်။ တောင်ဘက်သို့ စတင် လမ်းလျှောက်ထွက်ခဲ့ကြသည်။

နံနက်တိုင်း လမ်းလျှောက်သည့်လမ်းကြောင်း မတူအောင် ရွေးချယ်တတ်သည်။ ကလေးဘဝပုံရိပ်များ ပြန်လည်မြင်နိုင်မည်ဟု မျှော်လင့်ထားသည်။ သို့မဟုတ် သူ တစ်ခါမျှမရောက်ဖူးသော ရွာတစ်ရွာရွာသို့ ရောက်သွားလိမ့်မည်ဟု မျှော်လင့်ထားသည်။ မင်ဒဲလားသည် လမ်းလျှောက်ရင်း ထူးခြားသော အဓိကရ အဆောက်အအုံများကို လက်ညှိုးထိုးရင်း သမိုင်းကြောင်း ရှင်းပြတတ်သည်။ ထိုနေ့ နံနက်ပိုင်းကလည်း ထုံးစံအတိုင်း ကိုယ်ရံတော်များ ပါရှိလာသည်။ ထုံးစံအတိုင်း သက်တော်စောင့်နှစ်ဦးက မင်ဒဲလား ရှေ့ဘက် ကျန်နှစ်ဦးက နောက်ဘက်မှ လိုက်ပါလာကြသည်။ ကျွန်ုပ်က တစ်ပေခန့် ခွာလျက် လိုက်ခဲ့သည်။ သူ စကားပြောလိုလျှင် ကြားနိုင်လောက်သည်။ သူတစ်ကိုယ်တည်း လွတ်လွတ်လပ်လပ် လမ်းလျှောက်နေသလို ခံစားနိုင်စေမည့် အကွာအဝေး ဖြစ်သည်။ မင်ဒဲလား အတွက် လမ်းလျှောက်ခြင်းသည် တရားထိုင်သလိုမျိုး ဖြစ်သည်။ ထို့ကြောင့် အများအားဖြင့် တိတ်တိတ်ဆိတ်ဆိတ်သာ လိုက်လျှောက်တတ်သည်။

တစ်နာရီကျော်သွား၏။ တောင်ကုန်းနံဘေးရှိ တဲဝိုင်း (rondavels) စု အနည်းငယ်သို့ ရောက်ရှိသွားကြသည်။ အဆိုပါ တဲဝိုင်း ခနီမိုး ထိပ်ချွန်ချွန်အစုခု

www.burmeseclassic.com

www.burmeseclassic.com



အတွင်း မင်ဒဲလား မွေးဖွားကြီးပြင်းလာခဲ့သည်။ ဒေသခံ လူအတော်များများ ဆက်လက်နေထိုင်လျက်ရှိသည်။ တဲထရံကို နွားချေးဖြင့် ချောမွတ်နေအောင် လိမ်းကျံထားသည်။ ကြမ်းပြင်များတွင် ရွှံ့ခြောက်ခင်းထားသည်။ မင်ဒဲလားနှင့် အသက်ရွယ်တူလောက် အမျိုးသမီးကြီးတစ်ဦး တဲတစ်လုံးထဲမှ ထွက်လာသည်။ ကျွန်ုပ်တို့အားလုံး မယုံသင်္ကာ လှမ်းကြည့်လိုက်သည်။ (မကြာ မကြာ ဆိုသလို မင်ဒဲလားကို မမှတ်မိတတ်ကြပေ။ လာရောက်စစ်ဆေးသူ အစိုးရဌာန အကြီးအကဲ တစ်ဦးအဖြစ် ထင်မှတ်မိတတ်သည်) အမျိုးသမီးကြီးက တင်ပေါ်လက်တင်လျက် မင်ဒဲလားအား ဇိုဆာ ဘာသာဖြင့် မေးလိုက်သည်။ ခြေကျင်လာကြတာလားဟု မေးလိုက်သည်။ မင်ဒဲလားက ခေါင်းညိတ်ပြသည်။ အမျိုးသမီးကြီးက မင်ဒဲလား၏ ခြေဖဝါးများကို ငုံ့ကြည့်ပြီး 'ဘာဖြစ်လို့ ရှင့်ဖိနပ်တွေ နှင်းမစိုတာလဲ'ဟု မေးသည်။ မင်ဒဲလားက မိမိ၏ ရှူးဖိနပ်များကို ငုံ့ကြည့်သည်။ ခြောက်သွေ့လျက်ရှိသည်။ သူက တဟားဟား ရယ်နေသည်။ ယင်းသို့ဖြစ်တတ်မှုကို မင်ဒဲလားက ကျေးရွာသား များ၏ အကင်းပါးမှုဟု သဘောထားသည်။

နံနက် ရှစ်နာရီခန့်တွင် နေရှိန်ပြင်းလာသည်။ ပူစပြုလာသည်။ မင်ဒဲလား မှာ လမ်းလျှောက်ရင်း ခွန်အားများ ပိုတိုးလာသလို ထင်ရသည်။ လမ်းလျှောက်ခါစ တွင် နွေးနွေးနှင့် မှန်မှန်သာပင်။ ထို့နောက်ပိုင်းမှစ၍ ခြေလှမ်းများ ပိုကျဲလာ သည်။ ပိုမို ခိုင်မြဲလာတတ်သည်။ ကျွန်ုပ်တို့နှင့် ပြောင်းပြန်ဖြစ်နေသည်။ ကျွန်ုပ် တို့အားလုံးမှာ သူ့ထက် အသက် ဆယ်နှစ်ကျော်ခန့် ငယ်ရွယ်ကြသည်။ ကျွန်ုပ် တို့မှာ လမ်းရှည်ရှည်ကြီးတစ်ခုတွင် ပျင်းတိပျင်းတွဲ လှည့်ပတ်လျှောက်လှမ်းနေ ကြသည်။ လေးနာရီမျှအကြာတွင် မင်ဒဲလား၏ အိမ်နှင့် နီးလာသည်။ ထိုစဉ် သူ့ဘိုးဘွားဘီဘင်တို့ နေထိုင်ခဲ့ရာ Qunu ရွာကလေးကို အပေါ်မှ စီးကြည့်နေ သော တောင်ကုန်းတစ်ခု ထိပ်ဖျားသို့ လက်ညှိုးထိုးပြသည်။ ထိုတောင်ကုန်းမြင့် ပေါ်တွင် ပျက်စီးပြိုကျနေသော အုတ်တိုက်ဖြူဖြူကလေးတစ်လုံးကို မြင်ကြရ သည်။

'အဲဒါ ကျုပ် ပထမဆုံး နေခဲ့ရတဲ့ စာသင်ကျောင်းပဲ' ဟု ပြောသည်။

သူ့အဆိုအရ ထိုစာသင်ကျောင်းတွင် အခန်း တစ်ခန်းသာရှိသည်။ ဘေး တစ်ဖက်တစ်ချက်တွင် ပြတင်းပေါက်တစ်ပေါက်စီ တပ်ဆင်ထားသည်။ ရွှံ့ကြမ်းပြင်

www.burmeseclassic.com

www.burmeseclassic.com



မှာ ချောမွတ်နေသည်။ သွပ်မိုးထား၍ မိုးရွာလျှင် တဝောက်တောက်မြည်နေတတ်သည်။ ထိုကျောင်းမှာပင် လက်ဦးဆရာမ Miss Mdingane က သူ့အား နယ်လ်ဆင် ဟူသော အမည်ကို ပေးခဲ့သည်။ ထိုခေတ်က ကျောင်းသားတိုင်း ဘိုနာမည် မှည့်ရသည်။

မင်းဒဲလားက ကျောင်းနောက်ဘက် တောင်ကုန်းရှိရာသို့ ခေါ်သွားသည်။ ဧရာမ ကျောက်တုံးဝိုင်းဝိုင်းကြီးတစ်ခုကို ပြသည်။ အချင်း ၇၅ ပေခန့်ရှိသည်။ မင်းဒဲလားတို့ ငယ်စဉ်က လက်ဖက်ရည်သောက်ပန်းကန်ပြားအရွယ် ကျောက်တုံးပြားပြားချောချော တစ်လုံးကို ရှာသည်။ တွေ့လျှင် ထိုကျောက်တုံးပြားပေါ်တွင် တက်ထိုင်ပြီး ဧရာမ ကျောက်ဝိုင်းကြီးပေါ်မှ လျှောဆင်းကြသည်။ 'ဒီနည်းနဲ့ ကျုပ် ဘောင်းဘီဖင်တွေ ရစရာမရှိအောင် ပြဲကုန်တယ်၊ အမေ မသိအောင် မနည်း ဝှက်ခဲ့ရတယ်' ဟု မင်းဒဲလားက ပြောပြသည်။

ကျွန်ုပ်တို့ လမ်းလျှောက်ခဲ့သည်မှာ လေးနာရီကျော်ကျော် ကြာခဲ့သည်။ ထို့နောက် အိမ်ရှိရာသို့ မလှမ်းချင့် လှမ်းချင် ပြန်လျှောက်ခဲ့ကြသည်။ အိမ်ရှေ့တွင် လူခြောက်ယောက်ခန့် စုပြုံရောက်ရှိနေသည်။ ဧည့်ခန်းထဲသို့ ဝင်သွားသောအခါ လူရှစ်ယောက် ဆယ်ယောက်ခန့် ထိုင်စောင့်နေကြသည်။ အမြဲလိုလို ဖော်ရွေတတ်သော အိမ်ရှင်ကြီးပီပီ မင်းဒဲလားက လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လိုက်သည်။ ကျွန်ုပ်က စာကြည့်ခန်းထဲသို့ ဝင်ခဲ့သည်။ မိနစ်အနည်းငယ်အကြာတွင် သူ ပြန်ဝင်လာသည်။ ဘယ်သူတွေလဲဟု မေးကြည့်သည်။ အိမ်ဖော် မီရီယံက သူတို့ရောက်လာကြကြောင်း၊ ထမင်းလည်း အလွန်ဆာလောင်နေကြကြောင်း ပြော၍ ထိုသူတို့အား တကယ့် ဧည့်ကောင်းစောင်ကောင်းများပမာ ကောင်းမွန်စွာ ကျွေးမွေး ဧည့်ခံလွှတ်လိုက်ရကြောင်း မင်းဒဲလားက ပြန်ဖြေသည်။

မီရီယံက ကျွန်ုပ်တို့အတွက် နံနက်စာ ပြင်နေသည်။ ထိုအချိန်မှာပင် မင်းဒဲလားက ကျုပ်တို့ စာအုပ်ရေးဖို့ကိစ္စ စလိုက်ကြဦးစို့ဟု ပြောလိုက်သည်။ မိနစ်နှစ်ဆယ်မျှ အကြာအထိ နံနက်စာ အသင့်မဖြစ်သေးချေ။ ထိုစဉ် သက်တော်စောင့် တစ်ဦး ဘွားခနဲ ဝင်လာသည်။ 'ဘာကိစ္စလဲ' ဟု မင်းဒဲလားက လှမ်းမေးသည်။ အရှေ့ လန်ဒန် ရပ်ဂ်ဘီ ဘောလုံးအသင်း အိမ်ရှေ့ ခြံဝင်းထဲ ရောက်နေပြီဖြစ်ကြောင်း ဇိုဆာ ဘာသာဖြင့် ပြန်ဖြေသည်။ မင်းဒဲလားက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က ဧည့်သည်အဖွဲ့ ထိုရပ်ဂ်ဘီအသင်းကို နှုတ်ဆက်ပါမည်ဟု အပေါင်းအသင်း တစ်ဦးသို့ ကတိပေးထားသည်။ မင်ဒဲလားက 'ငါ သတိရသွားပြီ'ဟု ဆိုကာ မိုက်ကရိုဖုန်းကို စိတ်မပါ့တပါ ဖြုတ်လိုက်သည်။ သဘောကျပုံတော့ မပေါ်ချေ။

မင်ဒဲလားနှင့် ပတ်သက်၍ ကျွန်ုပ် တွေ့ရှိခဲ့သည့်အချက်မှာ သူ အချိန်တိတိကျကျ လုပ်ဆောင်တတ်ခြင်းပင်။ သို့ရာတွင် သူ သတ်မှတ်လုပ်ဆောင်နေမှုကို ရုတ်တရက် လာရောက်တွေ့ဆုံ နှုတ်ဆက်မှုများနှင့် အစည်းအဝေးများက ကြားဝင်နှောင့်ယှက်တတ်သည်။ ယင်းသို့ နှောင့်ယှက်ခံရမှုအတွက် သိပ်ကြိုက်ပုံမပေါ်ပေ။ သူက ဖြစ်လာပေါ်လာသမျှအတွက် လုပ်ဆောင်ပေးရင်း အချိန်ချွေတာရမည်ဟု သဘောပေါက်ထားသည်။ သူက ဤကိစ္စမျိုးနှင့်ပတ်သက်၍ 'အာဖရိကစံတော်ချိန်' ဟု နောက်ပြောင် ပြောတတ်သည်။ သူ့ပတ်ဝန်းကျင်မှ အခြားသူများက သူကဲ့သို့ အချိန်တိတိကျကျ မလုပ်တတ်မှုကို သရော်လိုက်ခြင်း ဖြစ်သည်။

မင်ဒဲလား ခြံဝင်းထဲတွင် တုတ်တုတ်ခိုင်ခိုင် လူမည်း နှစ်ဆယ့်ငါးဦး ရပ်စောင့်နေကြသည်။ အစိမ်းနှင့် အဝါရောင် ရပ်ဂ်ဘီ ဂျာစီများ ဝတ်ထားသည်။ မင်ဒဲလားက တစ်ဦးချင်း နှုတ်ဆက်သည်။ လက်ဆွဲနှုတ်ဆက်ရင်း မေးခွန်းအနည်းငယ် ရေးကြီးသုတ်ပျာ မေးသည်။ ဆယ်မိနစ်ခန့် အချိန်ကုန်သွားသည်။ အတွင်းလူ လက်ထောက်တစ်ဦးထံက ဖုန်းလာနေကြောင်း ပြောသည်။ မီးဖိုထဲတွင် ပန်းကန်များ တောင်ပုံရာပုံ ရှုပ်ပွနေသည်။ ဒယ်အိုးများနှင့် ပန်းကန် တော်တော်များများ မဆေးကြောရသေးပေ။ ထိုရှုပ်ရှုပ်ပွေပွေထဲမှာပင် မင်ဒဲလားသည် ကျောက်ရုပ်တစ်ရုပ်လို မတ်တတ်ရပ်ရင်း ဖုန်းပြောသည်။ စိတ်ရှုပ်သွားသောအခါ နဖူးကြောများ တင်းသွားသည်။ နောက်ဆုံးတွင် ကျေးဇူးပဲဟုပြောပြီး ဖုန်းပြန်ချသည်။

'Chris Hani သေနတ်ပစ်ခံရလို့ သေရှာပြီတဲ့ဗျ'ဟု သတင်းပေးသည်။ ဘယ်သူက ပစ်တာလဲဟု မေးကြည့်သည်။ သူက မသိကြောင်း ပြန်၍ ပြောသည်။ အေးစက်စက်အမူအရာမျိုးဖြင့် မီးဖိုချောင်ထဲမှ ထွက်သွားသည်။ အရှေ့လန်ဒန် ရပ်ဂ်ဘီ အသင်းသားများနှင့် ဆက်လက်တွေ့ဆုံ စကားပြောနေသည်။

တောင်အာဖရိကမှာ တစ်ချက်ကလေးမျှ အတိမ်းအစောင်းမခံနိုင်သော အခြေအနေသို့ ဆိုက်နေသည်။ ခရစ်ဟာနီ လုပ်ကြံခံရမှုကြောင့် ပြည်တွင်းစစ်သို့

www.burmeseclassic.com

www.burmeseclassic.com



တွန်းပို့လိုက်နိုင်သည်။ ဟာနီဘက်တော်သား သန်းပေါင်းများစွာက ကလဲ့စား ချေဖို့ အလွယ်တကူ ဆင့်ခေါ်လိုက်နိုင်သည်။ လူဖြူနှင့် လူမည်းတို့ စစ်ခင်းကြ တော့မည်။ မင်ဒဲလားက ဤအဖြစ်မျိုး မဖြစ်စေရန် အစွမ်းကုန် လုပ်ပေးချင် သည်။ သို့ရာတွင် ထိုအချိန် အခိုက်အတန့်ကလေး သူ့အတွက် လုပ်စရာတစ်ခု ရှိနေသည်။ အရှေ့လန်ဒန် ရပ်ဂ်ဘီ အသင်းဝင်များနှင့် တွေ့ဆုံနေမှုတစ်ခု အပြတ် ဖြတ်လိုက်ရန် ဆုံးဖြတ်လိုက်သည်။

မင်ဒဲလားသည် ပြုံးလိုက်၊ ရယ်စရာပြောလိုက်နှင့် ရပ်ဂ်ဘီအသင်း တွေ့ဆုံ နေမှုကို အဆုံးသတ်နေသည်။ ကျွန်ုပ်က ပြတင်းပေါက်မှ စောင့်ကြည့်နေမိသည်။ ဘာတွေ ဖြစ်ပျက်ခဲ့သည်ကိုမူ သူ တစ်လုံးတစ်ပါဒမျှ မပြောခဲ့ချေ။ ထို့နောက် များမကြာမီကာလအတွင်း မျက်နှာထားတည်တည် မင်ဒဲလားကို စာဖတ်ခန်းထဲ ပြန်မြင်ရသည်။ ထိုင်ချလိုက်ပြီး 'ယာဂုသောက်လို့ ရပလား'ဟု ပထမဆုံး ပြောလိုက်သည်။ ကျွန်ုပ် မီးဖိုချောင်ထဲ ဝင်ပြောသည်။ နံနက်စာ ရောက်လာ သည်။ တိတ်တိတ်ဆိတ်ဆိတ် စားသောက်ကြသည်။ သူ အတွေးနယ်ချဲ့လျက် ရှိသည်။

သီးနှံများ စားသောက်အပြီးတွင် နေ့စဉ်မှတ်တမ်း ယူခိုင်းသည်။ အရှင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်များထံသို့ တယ်လီဖုန်း ခပ်မြန်မြန် ဆက်နေသည်။ ဂျိုဟန် နက်စ်ဘတ်မြို့သို့ သူ အမြန်ဆုံးပြန်လာမည့်အကြောင်း ပြောသည်။ ရဲအဖွဲ့ စုံစမ်းတွေ့ရှိချက်ကို မေးသည်။ လုပ်ကြံမှုနှင့်ပတ်သက်၍ ထိုနေ့ညနေတွင် ရုပ်သံမှလွှင့်သင့်ကြောင်း သူ အကြံပေး တိုက်တွန်းသည်။ လေသံပြတ်ပြတ်၊ လေသံ ငြိမ်ငြိမ်ဖြင့် ပြောသည်။ မေးစရာရှိသမျှ ခပ်မြန်မြန် ခပ်သွက်သွက် မေးသည်။ ဖြေသည်။ အမေးအဖြေလုပ်ပြီးနောက် သူ မတ်တတ်ရပ်လိုက်သည်။ ကျွန်ုပ်နှင့် သူ လုပ်ဆောင်နေဆဲအလုပ်ကို ထိုနေ့အဖို့ရပ်ကြရန် ယဉ်ကျေးစွာ တောင်းပန် သည်။ အခန်းထဲမှ ထွက်သွားသည်။

လုပ်ကြံမှုနောက်ပိုင်း ကာလတစ်လျှောက်တွင် အေအင်န်စီအတွင်းမှာပင် သတင်းအမျိုးမျိုး ထွက်လာသည်။ ဟာနီ လုပ်ကြံခံလိုက်ရ၍ မင်ဒဲလားတစ်ယောက် 'တုန်လှုပ်'နေကြောင်း၊ 'ချောက်ချား'နေကြောင်း သတင်းအမျိုးမျိုး ကြားရသည်။ အမှန်စင်စစ် မင်ဒဲလားသည် အေးဆေးတည်ငြိမ်လျက် ရှိသည်။ တွေးဆနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မဝေးတော့သော အနာဂတ်ကာလနှင့် လုပ်ကြံမှုနောက်ဆက်တွဲပြဿနာများကို စိတ်ကူးထုတ်လျက် ရှိသည်။ မင်ဒဲလားအတွက် ပြဿနာတစ်ခုခု ဖြစ်လာချိန်မျိုးတွင် ကျွန်ုပ်သူနှင့်အတူ ရှိခဲ့ဖူးသည်။ ထိုအခါမျိုးတွင် မင်ဒဲလားသည် အတော်ကလေး စိတ်ငြိမ်သက်မှု ရှိသည်။ ဇင် ဗုဒ္ဓဘာသာတရား ကျင့်စဉ်ပုံစံမျိုး ဖြစ်နေတတ်သည်။ ထိုအခါတွင် သူ့ပတ်ဝန်းကျင်တွင် ချာလည်ဝိုင်းနေသော ဖြစ်ရပ်များ အရှိန် နှေးသွားသလို ထင်မှတ်ရသည်။

ထိုနေ့ညနေတွင် ပြည်နယ်သမ္မတ F.W. de Klerk မဟုတ်ဘဲ မင်ဒဲလားက ရုပ်သံမှ စကားပြောသည်။ လုပ်ကြံမှုကိစ္စ ဆွေးနွေးသည်။ သမ္မတက ဘာမျှမပြော။ မင်ဒဲလားက မိမိ၏ ပါတီ သို့မဟုတ် မဲဆန္ဒနယ်အတွက်သာမဟုတ် တောင်အာဖရိက၏ မျှော်လင့်ချက်များနှင့် စိုးရိမ်စိတ်များအကြောင်း ဆွေးနွေးတင်ပြသည်။ ဒီကလပ်က သတင်းစာတိုက်များသို့ သတင်းထုတ်ပြန်သည်။ လုပ်ကြံမှုဖြစ်ပွားပြီး နာရီအနည်းငယ်အကြာတွင် လူသတ်သမားမှာ တောင်အာဖရိကတွင် လာရောက်လုပ်ကိုင်နေသူ လူဖြူ ပိုလန်နိုင်ငံသားတစ်ဦးဖြစ်ကြောင်း ရဲအဖွဲ့က ကြေညာသည်။ အာဖရိကန် လူဖြူ အမျိုးသမီးတစ်ဦးက လူသတ်သမား၏ ကားနံပါတ်ကို မြင်တွေ့မှတ်မိ သတင်းပေး၍ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။ ထိုညတွင် မင်ဒဲလားသည် တည်ငြိမ်စွာဖြင့် အောက်ပါအတိုင်း မိန့်ခွန်းပြောကြားသည်။

> ယနေ့ညတွင် ကျွန်ုပ်သည် စိတ်ရင်းမှန်ထားလျက် လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ တောင်အာဖရိကနိုင်ငံသား အားလုံးထံသို့ အမှာစကား ပါးလိုက်ပါသည်။ မျက်စိမှိတ်ဘက်လိုက်မှု၊ မုန်းတီးမှုတို့ ပြည့်ဖုံးနေသော လူဖြူတစ်ဦးသည် ကျွန်ုပ်တို့နိုင်ငံသို့ ဝင်ရောက်လာပြီး ဆိုးဝါးယုတ်မာလှသော ဖြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့ပါသည်။ သို့အတွက် ကျွန်ုပ်တို့နိုင်ငံမှာ ပျက်စီးမှု ချောက်ကမ်းပါးစွန်းတွင် မတည်မငြိမ် လျှောက်လှမ်းနေကြရပါသည်။ အာဖရိကန်မျိုးနွယ်ဝင် လူဖြူအမျိုးသမီးတစ်ဦးက မိမိ၏အသက်ကို မငဲ့ကွက်ဘဲ သတင်းပေးခဲ့မှုကြောင့် လူသတ်သမားကို တရားဥပဒေရှေ့မှောက်သို့ အရောက်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ခရစ်ဟာနီကို သွေးအေးအေး လုပ်ကြံသူကြောင့် နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝန်းလုံးနှင့် ကမ္ဘာတစ်လွှားသို့ တုန်လှုပ်ဝမ်းနည်းမှုများ ရိုက်ခတ်ခံစားသွားခဲ့ရပါသည်။ မိမိတို့၏ ဝမ်းနည်းကြေကွဲမှုနှင့် ဒေါသအမျက်တို့ကြောင့် တစ်ကိုယ်လုံး ရစရာမရှိအောင် ထိခိုက်ပျက်စီးသွားခဲ့ရပါသည်။ ယခု ဖြစ်ပျက်သွားမှုသည် တစ်နိုင်ငံလုံး၏ ကြေကွဲဖွယ် ဖြစ်ရပ်သာ ဖြစ်ပါသည်။ ယင်းဖြစ်ရပ်ကြောင့် နိုင်ငံရေးနှင့် အသားအရောင်ခွဲခြားခံနေရသော ပြည်သူသန်းပေါင်းများစွာအတွက် ထိခိုက်စေခဲ့ပါသည်' ဟု ပြောခဲ့သည်။

မင်ဒဲလားက မိန့်ခွန်းကိုလည်း အောက်ပါအတိုင်း နိဂုံးချုပ်ခဲ့သည်။

ဤကာလသည် မိမိတို့အားလုံးအတွက် အရေးကြီးသော အပြောင်းအလဲ ကာလကြီး ဖြစ်ပါသည်။ မိမိတို့၏ ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်မှုများက မိမိတို့သည် မိမိတို့၏ နာကျင်မှု၊ ကြေကွဲမှုနှင့် အမျက်ဒေါသတို့ကိုအသုံးပြုလျက် မိမိတို့နိုင်ငံအတွက် ရေရှည်ခိုင်မာသော တစ်ခုတည်းသော အဖြေတစ်ရပ်ရှိရာသို့ အရောက်သွားနိုင်မှု ရှိ မရှိ ဆန်းစစ် သိရှိနိုင်ပါလိမ့်မည်။ ယင်းအဖြေမှာ ပြည်သူတို့က ပြည်သူတို့အတွက် ပြည်သူတို့၏အစိုးရ ရွေးချယ်တင်မြှောက်ရေးပင် ဖြစ်ပါသည်။

မင်ဒဲလားသည် ယင်းသို့ မိန့်ခွန်းတိုကလေး ပြောကြားရာတွင် စည်းကမ်းသေဝပ်မှု (discipline) ဟူသော ဝေါဟာရကို လေးကြိမ်တိတိ ထည့်ပြောခဲ့သည်။ ဤနည်းဖြင့် မင်ဒဲလားက ခရစ်ဟာနီသည် စစ်သားတစ်ဦး 'သံမဏိစည်းမျဉ်းမြဲခိုင်သူ' ဟူ၍ ရည်ညွှန်းသည်။ ဟာနီကို သတိရအောက်မေ့မှုအဖြစ် တောင်အာဖရိက နိုင်ငံသားများလည်း စည်းကမ်းရှိရှိနေထိုင်ကျင့်သုံးသွားကြရန် တိုက်တွန်းလိုက်သည်။ 'စည်းကမ်းသေဝပ်မှု' (discipline) ဝေါဟာရသည် မင်ဒဲလား၏ ဆောင်ပုဒ် ဖြစ်ခဲ့သည်။ ဟာနီ ပြဿနာကာလ တစ်လျှောက်လုံးတွင် မင်ဒဲလားသည် မိမိလုပ်ဆောင်သမျှ၊ တွေးတောစဉ်းစားမိသမျှတွင် တင်းကျပ်သော စည်းကမ်းချမှတ်လုပ်ဆောင်ခဲ့သည်။ တောင်အာဖရိကသမိုင်းတွင် ပထမဆုံးအကြိမ် ဒီမိုကရေစီ ရွေးကောက်ပွဲ မကျင်းပမီ ကာလတစ်လျှောက် မင်ဒဲလားသည် တောင်အာဖရိက နိုင်ငံသား လူဖြူ လူမည်းတို့၏ ရွေးကောက်မခံရသေးသော ခေါင်းဆောင် ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်အာဖရိကနိုင်ငံ သမ္မတအဖြစ် အရွေးခံရပြီး နောင်နှစ်ပေါင်းများစွာ အကြာတွင် မင်ဒဲလားက ဟာနီလုပ်ကြံခံရသည့် အစောပိုင်းကာလ စောစောပိုင်း ရက်အနည်းငယ်တွင် လွတ်လပ်၍ ဒီမိုကရေစီစနစ် ကျင့်သုံးနေသော တောင် အာဖရိကအတွက် အန္တရာယ်အကြီးမားဆုံးဖြစ်နေကြောင်း၊ မိမိ ချစ်မြတ်နိုးလှ သော နိုင်ငံတော်သည် လူဖြူနှင့် လူမည်းတို့ တစ်ခါမျှမကြုံဖူးခဲ့သော အတိုင်း အတာဖြင့် လူမျိုးရေးစစ်ပွဲကြီး ဖြစ်ပျက်ရန် နီးကပ်နေကြောင်း ကျွန်ုပ်အား ရင်းရင်းနှီးနှီး ဝန်ခံခဲ့သည်။ အဆိုပါ အခက်အခဲ အကျပ်အတည်းကြီးတွင် သူ ပါဝင် ဖြေရှင်းပေးခဲ့ရသည့် အတိုင်းအတာ၏ အရင်းခံအကြောင်းအချက်မှာ တောင် အာဖရိကတွင် ပြည်တွင်းစစ်ကြီး ဖြစ်ပေါ်မလာရေးအတွက် ဖြစ်သည်ဟု ဆိုခဲ့သည်။

× × ×

တစ်ခါတစ်ရံတွင် အေးဆေးတည်ငြိမ်နေတတ်မှုသည် ထိုင်းမှိုင်းလေးကန်မှုဘက်သို့ ပိုမို နီးကပ်သွားလောက်အောင် အန္တရာယ်ကြီးလွန်းလှသည်။ မင်ဒဲလားအတွက်မူ ထိုသို့ ဖြစ်လာတတ်မှုကို အရေးမထားတတ်ပေ။ သူ့အတွက် စိတ်လှုပ်ရှားရသော၊ စိတ်လှုပ်ရှားစေရသော အခြေအနေမျိုးထက် အေးဆေးထိုင်းမှိုင်းသော အခြေအနေ မျိုးကို မှားချင်းမှားလျှင်ဖြစ်စေ ပိုမိုလက်ခံလိုလားသည်။ မင်ဒဲလားက စာတစ်စောင် အကြောင်း ပြောပြချင်နေတတ်၏။ သူ ထောင်က လွတ်လာပြီး မြို့တော်ခန်းမ အပြင်ဘက် ထင်ရှားခဲ့သည့် အစည်းအဝေးပွဲကြီးသို့ တက်ရောက်ခဲ့သူ ကိပ်တောင်း မြို့မှ အမျိုးသမီးကြီးတစ်ဦးထံမှ စာဖြစ်သည်။ စာထဲတွင် မင်ဒဲလား ထောင်မှ လွတ်လာ၍ ဝမ်းသာကြောင်း၊ တောင်အာဖရိက စည်းလုံးညီညွတ်ရေး လုပ်ဆောင် ချက်များ အောင်မြင်စေလိုကြောင်း၊ သို့ရာတွင် မင်ဒဲလားဟောပြောမှုမှာ 'အလွန် ပျင်းစရာကောင်းလှကြောင်း' ဝေဖန်လိုက်သည်။ ဤဇာတ်လမ်းကိုပြောပြတိုင်း မင်ဒဲလား သဘောအလွန်ကျသွားတတ်သည်။ မှန်ပါသည်။ ထောင်မှထွက်လာပြီး နောက်ပိုင်း မင်ဒဲလားသည် အဟောအပြော မစွံလှပေ။ သူသည် မျက်မှန်ကြီး တပ်ပြီး မိန့်ခွန်းရှည်ကြီးတစ်စောင်ကို အသံလေးလေးမှန်မှန်ကြီးဖြင့် ဖတ်တတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်နေ့တွင် ကျွန်ုပ်က စကားပြောပုံ ပျင်းစရာကောင်းကြောင်း ပရိသတ်၏ ဝေဖန်မှုအပေါ် မင်ဒဲလား၏ သဘောထားကို မေးကြည့်သည်။

'ခင်ဗျား သိတဲ့အတိုင်းပဲဗျ၊ ကျုပ်က ပွဲဆူအောင် မလုပ်တတ်ပါဘူး၊ ပရိသတ်က အခြေအနေတွေကို ဘယ်လို ကိုင်တွယ် ဖြေရှင်းမလဲဆိုတာ သိချင်နေကြတယ်၊ သူတို့ကို ရှင်းရှင်းလင်းလင်း တိတိကျကျနဲ့ အကျိုးသင့်အကြောင်းသင့် ပြောပြစေချင်တယ်၊ ကျုပ်က ရင့်ကျက်နေပါပြီ၊ ငယ်ရွယ်တုန်းကတော့ ဟောဟောဒိုင်းဒိုင်း ပေါ့ဗျာ၊ ပြောစရာရှိတာ ထိုးနှက် တိုက်ခိုက်ပစ်လိုက်တာပဲ၊ စကားလုံးတွေက ကြီးကျယ်ပြောင်မြောက်ခဲ့ပါရဲ့'ဟု ဖြေကြားသည်။

မှန်သည်။ မင်ဒဲလား ငယ်စဉ်က လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် လုပ်တတ်သည်။ ယခုအခါ စိတ်ကူးပြောင်းခဲ့ပြီ။ မရှင်းမလင်း အပြောမျိုးဖြင့် ဒေါသူပုန်ထအောင် မပြောချင်တော့ပေ။ ပရိသတ် ပျင်းချင် ပျင်းပါစေ၊ မိမိလုပ်ဆောင်ပေးနေမှုအပေါ်တွင်သာ အားကိုး ယုံစားစေချင်သည်။ သူ့လေသံမှာ စူးရှထက်မြက်မှု မရှိတော့ချေ။ သူက ပရိသတ်ကို ရှင်းရှင်းလင်းလင်း ပြောပြချင်သည်။ ပရိသတ်က သူ့ထံမှ ယုံကြည်အားထားရမှု (reliability) နှင့် အခြေအမြစ် ယုတ္တိအနှစ်သာရ (substance) ကို ရယူလိုကြသည်။ သို့အတွက် အတုံ့အလှယ်အဖြစ် သူ့စကားပြောလေးလေးကန်ကန်ကြီးကို သည်းခံ နားထောင်လိုစိတ် ရှိမည်ဟု ယုံကြည်ထားသည်။

တစ်ခါ တစ်ခါတွင် မင်ဒဲလား၏ အေးအေးမှန်မှန် ဟန်ပန်သည် နည်းဗျူဟာတစ်မျိုး ဖြစ်လာတတ်သည်။ ဂျူဂျစ်စု ကစားနည်းတစ်မျိုးနှင့် တူနေတတ်သည်။ Ahmed Kathrada က မင်ဒဲလားသည် ထောင်ထဲတွင် ကျားထိုးဝါသနာပါကြောင်း၊ ရှေ့ဘန်းကျွန်းတွင် ကျားဗိုလ်ဖြစ်ကြောင်း ပြောပြဖူးသည်။ ကာသရာဒါ အဆိုအရ မင်ဒဲလား၏ မဟာဗျူဟာ အစိတ်အပိုင်းမှာ ကျားထိုးယှဉ်ပြိုင်ဘက်၏ စိတ်ဓာတ်ကို ကစားနည်းဟန်ပန်ဖြင့် ထိခိုက်စေခြင်း ဖြစ်သည်။ မင်ဒဲလားသည် တစ်ကွက်တစ်ကွက်ရွှေ့ရန် အချိန်ကြာတတ်သည်။ ဖြစ်နိုင်သမျှကို အကြာကြီး စဉ်းစားနေတတ်သည်။ တစ်ခါတစ်ခါ ပြိုင်ဘက်အား အနှောင့်အယှက်ဖြစ်စေမည်၊ ခေါင်းရှုပ်သွားစေနိုင်သည်ဟု ထင်လျှင် အချိန် ပိုယူတတ်သည်။

မင်ဒဲလားနှင့် ကျားထိုးပြိုင်နေကျ အကျဉ်းသားမှာ Don Davis ဆိုသူဖြစ်သည်။ ဒေးဗစ်က မင်ဒဲလားကို မကြာမကြာ စိန်ခေါ်တတ်သည်။ ထိုစဉ်း

www.burmeseclassic.com

www.burmeseclassic.com



တွင် မင်ဒဲလား မဟုတ်ဘဲ သူသာ ကျားဗိုလ်ဖြစ်လာရန် သန္နိဋ္ဌာန် ချထားသည်။ တစ်ခါတွင် ဒေးဗစ်အကြောင်း မေးကြည့်သည်။ မင်ဒဲလားက ဒေးဗစ်သည် 'ဘက်စုံတော်သူ' ဖြစ်ကြောင်း အာဏာပိုင်များကို ရဲရဲဝံ့ဝံ့ အန်တုတတ်သူဖြစ်ကြောင်း ပြောပြသည်။ သို့ရာတွင် ဒေးဗစ် အာဏာပိုင်များကို အန်တုမှုတွင်သာတော်ကြောင်း၊ ကျားထိုးရာတွင်မူ ဆရာတစ်ဆူဖြစ်မလာခဲ့ကြောင်း ပြောပြသည်။

'သူ့မှာ အားကစားသမားတစ်ယောက် စိတ်ဓာတ်မျိုး မရှိဘူးဗျ၊ ပြိုင်ပွဲနဲ့ ပတ်သက်လာရင် သူ့စိတ်ဓာတ်တစ်ခုလုံး ပြောင်းလဲသွားတတ်တယ်၊ သူဟာ လိုတာထက်ပိုပြီး စိတ်ဆတ်တယ်၊ ခင်ဗျား မြင်ဖူးသားပဲ၊ ကျုပ်က အေးအေးမှန်မှန် ကစားတာ၊ ဒီလို အေးဆေးလို့ပဲ ကျုပ်ရဲ့ ပြိုင်ဘက်တွေ ရှုံးကုန်တာပဲ၊ ကျုပ်ရဲ့ နည်းဗျူဟာဒဏ်ကို ဒေးဗစ် အများဆုံး ခံလိုက်ရတယ်'ဟု မင်ဒဲလားက ပြုံးလျက် ပြောပြသည်။

ပင်ကိုစရိုက် (temperament) ဟူသည် ကျွန်ုပ်တို့၏ မွေးရာပါ အစွမ်းအစ ဖြစ်သည်။ မင်ဒဲလားအတွက်မူ ပင်ကိုစရိုက်ကို သူကိုယ်တိုင် ဖန်တီးရယူခဲ့သည်။ ငယ်စဉ်က ဇွတ်တရွတ်နိုင်သည်၊ ထစ်ခနဲရှိလျှင် စိတ်တိုတတ်သည်။ သူ ထောင်မှ ထွက်လာသောအခါ ပြောင်းပြန် ဖြစ်သွားသည်။ ကျွဲမြီး မတိုတတ်တော့ချေ။ ဆုံးဖြတ်ချက်တစ်ခုမချမီ အချိန်ယူတတ်သည်။ ပြဿနာတစ်ရပ်ကို အဘက်ဘက်မှ စဉ်းစားကြည့်သည်။ ဆုံးဖြတ်ချက် မချမီ အခြေအနေတိုင်းနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ သိနားလည်ထားဖို့ မလွယ်ပေ။ မသိသေးဘဲ လုပ်မိလိုက်လျှင် အခက် များစွာ ကြုံသွားနိုင်သည်။ သို့ရာတွင် မင်ဒဲလားက တစ်စုံတစ်ခု အကောင်အထည် မဖော်မီ အခြေအနေစုံ အရပ်ရပ်ကို ဖြစ်နိုင်လျှင် ပြည့်ပြည့်စုံစုံ သိထားရမည်ဟု ဥပမာ ပြခဲ့သည်။ သူ့ဘဝတွင် အများဆုံးလုပ်ခဲ့မိသမျှ အမှားတို့မှာ နှေးနှေးမှန်မှန် လုပ်ရမည့်အစား ရေးကြီးသုတ်ပျာ လုပ်ခဲ့မိခြင်းကြောင့် ပေါ်လာရခြင်း ဖြစ်သည်။ အလျင်စလို မလုပ်ပါနှင့်။ စဉ်းစားထားပါ။ ခွဲခြမ်းစိတ်ဖြာ ကြည့်ထားပါ။ အဲဒီလို လုပ်ပြီးမှ လုပ်စရာရှိတာ ဆက်လုပ်ပေတော့ဟု မင်ဒဲလားက ပြောလိမ့်မည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## ၃

## ရှေ့ဘက်မှ ဦးတည် ခေါင်းဆောင်ပါ

သူ့ဘဝတစ်လျှောက်လုံးတွင် မင်ဒဲလားသည် ခေါင်းဆောင်မှုပြုရန် အရဲစွန့်ခဲ့ရသည်။ စစ်သားတစ်ဦးသာဖြစ်လျှင် တစ်ယောက်ပစ်ကျင်းထဲမှ ခုန်ထွက်ပြီး စစ်မြေပြင်၌ တစ်ဟုန်ထိုး ထွက်တိုက်ပေလိမ့်မည်။ သူ့အမြင်အရ ခေါင်းဆောင်များသည် ခေါင်းဆောင်တတ်ရန်သာမဟုတ် ယင်းသို့ ခေါင်းဆောင်နေကြောင်း မြင်အောင်လည်း ပြတတ်ရမည်။ ဤသည်ပင် ဦးဆောင်မှုဆိုင်ရာ အရှုပ်ဖော် ချက်ပင်။ တစ်ဦးဦးက စွန့်စားလိုစိတ်မရှိသူဟု အပြောခံရမှာ၊ အမြင်ခံရမှာကို စိုးရိမ်တတ်သောသဘော ရှိနေသည်။ တစ်ဦးနှင့်တစ်ဦး ပုဂ္ဂိုလ်ရေးဆက်ဆံမှုမှာပင် မိမိက ဦးဆောင်သင့်သည်ဟု ယုံကြည်ထားသည်။ တစ်စုံတစ်ခုကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေမိလျှင် မိမိအပေါ် မတော်မတရားပြုမှုသည်ဟု ခံစားနေရလျှင် မိမိ သဘောထားကို တစ်ခါတည်း ပြောချလိုက်ရမည်။ ဤသည်ပင် ခေါင်းဆောင်မှုပြုခြင်းပင် ဖြစ်သည်။

ရှေ့ဘက်မှ ဦးတည်ခေါင်းဆောင်ခြင်း (Leading from the front) တွင် ဆိုလိုချက်များစွာ ပါဝင်သည်။ တစ်ခါတစ်ရံတွင် မင်ဒဲလားသည် ယင်းဝေါဟာရအတိုင်း တိုက်ရိုက်လုပ်ဆောင်တတ်သည်။ ရော့ဘန်းကျွန်း အကျဉ်းထောင်သို့ ပထမဆုံးအကြိမ် ရောက်သွားရချိန်တွင် ထိုအတိုင်း လက်တွေ့လုပ်ခဲ့သည်။ အကျဉ်းသားများသည် အစောင့်များ၏ စူးစိုက်ကြည့်မှု၊ မထီလေးစားနေမှု၊ နောက်ပြောင်မှုများကိုခံလျက် အကျဉ်းစခန်းတွင်းသို့ ဝင်ရောက်ရသည်။ ထိုအချိန်မျိုးတွင် မင်ဒဲလားက မည်သို့တုံ့ပြန်ရမည်ကို အများသိစေရန် အကျဉ်းသားလူတန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



၏ ရှေ့ဆုံးမှ ဝင်ရောက်နေရာယူခဲ့သည်။ ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းဟူသော စကားအတိုင်းပင် အကျဉ်းသားသည် အစောင့်များ၏ အကြမ်းပတမ်းပြုမူမှုနှင့် ရင်ဆိုင်ခံရမည်ဟု ဘဝတူအကျဉ်းသားများအား ပြောထားသည်။ ထိုသို့ ရင်ဆိုင်ရသည့်အခါ မင်ဒဲလားသည် ရှေ့ဆုံးမှ စံနမူနာပြခဲ့သည်။

ရှေ့ဘက်မှ ဦးတည်ခေါ်ဆောင်ခြင်းဟူသည်မှာ အခြား အဓိပ္ပာယ်တစ်မျိုး ရှိပြန်သည်။ လူအများ မြင်လည်းမြင်၏။ အဓိပ္ပာယ်ရှိသော အလုပ်မျိုးကို လုပ်ပြခြင်း ဖြစ်သည်။ မျက်နှာသာရအောင် ထူးထူးခြားခြား လုပ်ပြခြင်း မဟုတ်ပေ။ ဥပမာအားဖြင့် ဝါဒါများ၏ ဆီးအိုးများကို ဆေးကြောပေးခြင်း၊ သို့မဟုတ် ဘဝတူအကျဉ်းသားများ၏ ဆီးအိုးများကို သုတ်သင်ပေးခြင်းမျိုး မဟုတ်ပေ။ ခေါင်းဆောင်သူ တစ်ဦးအတွက် နိမ့်ကျမှုဟူ၍ မရှိတတ်ချေ။ ၁၉၆၀ ပြည့်နှစ် စောစောပိုင်းတွင် Eddie Daniels သည် ရော့ဘန်းအကျဉ်းစခန်းသို့ ပထမဆုံး ရောက်သွား၏။ မင်ဒဲလားနှင့် စတင် တွေ့ရသည်။ မင်ဒဲလားက ဝင်းထဲတွင် ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာပြီး ဒင်နီယယ်ကို သူ့ကိုယ်သူ မိတ်ဆက်ပေးသည်။ ဒင်နီယယ်သည် မင်ဒဲလားအပေါ် အံ့သြလေးစားသွားခဲ့၏။ မင်ဒဲလားကို ကြည့်ရုံမြင်ရုံဖြင့် စိတ်အားတက်ကြွစေနိုင်ကြောင်း ပြောပြသည်။

'ဒါဟာ မင်ဒဲလားရဲ့ အလုပ်တရားပါပဲ၊ သူ လမ်းလျှောက်ပုံကိုပဲကြည့်၊ နေပုံထိုင်ပုံကိုပဲကြည့်၊ ဒီပြင်အကျဉ်းသားတွေကို ရှင်လန်းအားတက်စေခဲ့တယ်၊ ကျုပ်ကိုလည်း စိတ်ဓာတ်မြှင့်တင်ပေးခဲ့တယ်။ ယုံကြည်စိတ်ချမှုအပြည့်နဲ့ သူ လမ်းလျှောက်သွားတာကိုပဲ ကြည့်စမ်းပါဗျာ'ဟု ဒင်နီယယ်က ပြောသည်။ မှန်သည်။ မင်ဒဲလား လမ်းလျှောက်ဟန်ကပင် အားလုံးရှေ့မှ ဦးဆောင်ပြရာ ရောက်ခဲ့သည်။

ဒင်နီ (ဒင်နီယယ်) သည် တစ်ခါက အတော်ပင် မကျန်းမမာဖြစ်သွားသည်။ သူ့ဆီးအိုးကိုပင် ဆေးကြောသုတ်သင်နိုင်စွမ်းပင် မရှိတော့ပေ။ မင်ဒဲလားသည် ဒင်နီယယ်ထံ ရောက်သွား၏။ 'ခါးကြီးကုန်းပြီး ကျုပ်ရဲ့ ဆီးအိုးကို ကောက်ယူသွားပြီး သန့်စင်ခန်းထဲမှာ ဆေးကြောပေးခဲ့တယ်'ဟု ဒင်နီယယ်က ပြန်ပြောပြသည်။ 'ဘယ်သူကမှ အခြားသူတစ်ယောက်ရဲ့ အညစ်အကြေးကို သန့်စင်ပေးချင်မှာ မဟုတ်ပါဘူး၊ နောက်တစ်နေ့မနက်လည်း ရောက်လာပြန်တယ်၊ သူဟာ ဒီထောင်ထဲက အကြီးမားဆုံး အဖွဲ့အစည်းကြီးရဲ့ ခေါင်းဆောင်နော်၊ ကျုပ်ကိုစွင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က လုပ်ပေးလိုက်စမ်းကွာလို့ အမိန့်ပေးစေခိုင်းနိုင်သူပါ၊ အဲဒီနေ့ မနက်ကလည်း ရောက်လာပြန်တယ်၊ သူ့ဆီးအိုးကို ပွေ့ပိုက်ထားတယ်၊ နေကောင်းရဲ့လား ဒင်နီလို့ပြောပြီး ကျုပ် ဆီးအိုးကို ယူသွားပြန်တယ်ဗျ'

အမှန်ဆိုရလျှင် ရှေ့ဘက်မှ ဦးတည်ခေါ်ဆောင်ခြင်းသည် လက်ဦးမှုရအောင် ယူခြင်းဟုလည်း ဆိုနိုင်သည်။ သူ့ဘဝတစ်လျှောက် အရေးကြီးလှသောအဆင့်တွင် မင်ဒဲလားသည် လက်ဦးမှုရအောင် ယူခဲ့သည်။ သူသည် ဒေအအင်န်စီ လူငယ်အဖွဲ့ချုပ်ကို ဦးဆောင်ခဲ့သည်။ ၁၉၅၂ ခုနှစ် အန်တုရေး တိုက်ပွဲဝင်ကာလတွင် သဘောဆန္ဒအလျောက် ခေါင်းဆောင်အဖြစ် ထမ်းရွက်ခဲ့သည်။ လက်နက်ကိုင်တိုက်ပွဲအသွင်သို့ ပြောင်းလဲရန် ဦးဆောင် ဆုံးဖြတ်ခဲ့သည်။ တောင်အာဖရိက အစိုးရအား စိန်ခေါ်မှုကြောင့် ၁၉၆၃-၆၄ Rivonia Trial တွင် သေဒဏ်အမိန့် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ချမှတ် အကျဉ်းချရာတွင် မင်ဒဲလားက အပြစ်မရှိပါဟု လျှောက်လဲခဲ့သည်။ သို့ရာတွင် သူ့အခွင့်အရေးနှင့် လွတ်လပ်ရေးရရှိရန် တိုက်ပွဲဝင်ခဲ့မှုအတွက် အပြစ်ရှိကြောင်း၊ တရားမမျှတသော ဥပဒေများ ဖျက်သိမ်းပစ်ရန် တိုက်ပွဲဝင်ခဲ့မှုအတွက် အပြစ်ရှိကြောင်း၊ မိမိ၏အဖိနှိပ်ခံ ပြည်သူတို့လွတ်မြောက်ရန် တိုက်ပွဲဝင်ခဲ့မှုအတွက် အပြစ်ရှိကြောင်း တင်ပြခဲ့သည်။ အစိုးရဖြုတ်ချရန် ကြိုးပမ်းကြံစည်ခဲ့ကြောင်း ဝန်ခံခဲ့သည်။ သေဒဏ်ကျခံရမည်ကို သိလျက် စွန့်စားခဲ့သည်။ အန္တရာယ်ကို ရှောင်ရှားမသွားခဲ့ပေ။ ထိုအမှုကာလအတွင်း နောက်ဆုံးအကြိမ် အစစ်ခံရာတွင် မင်ဒဲလားသည် လေးနာရီကြာမျှ လျှောက်လဲခဲ့သည်။ အောက်ပါအတိုင်း လျှောက်လဲချက် အဆုံးသတ်ခဲ့သည်။ လူထုပရိသတ်ရှေ့တွင် နောက်ဆုံးပြောကြားခဲ့မှု ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ထောင်မှ အပြီးအပိုင် လွတ်မြောက်ချိန်တွင်မှ လူထုရှေ့မှောက် စကားပြောခွင့်ရခဲ့သည်။

နောက်ဆုံးအကြိမ် လျှောက်လဲရာတွင် မင်ဒဲလားက

> ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် အာဖရိကန် ပြည်သူတို့ဘဝလွတ်မြောက်ရေးတိုက်ပွဲအတွက် မိမိအသက်ကို စွန့်လွှတ်ဆောင်ရွက်ပေးရန် သန္နိဋ္ဌာန် ချခဲ့ပါသည်။ ကျွန်ုပ်သည် လူဖြူတို့၏ ကြီးစိုးမှုကို တိုက်ပွဲဝင်ခဲ့ပါသည်။ လူမည်းတို့ကြီးစိုးမှုကိုလည်း တိုက်ပွဲဝင်ခဲ့ပါသည်။ ဒီမိုကရေစီစနစ် ကျင့်သုံးပြီး လွတ်လပ်သော လူ့ဘောင်

www.burmeseclassic.com

www.burmeseclassic.com




တောင်အာဖရိက သမ္မတ ဒီကလပ်ခ် (၁၉၈၉–၁၉၉၄) နှင့် မင်ဒဲလား





နယ်လ်ဆင်မင်ဒဲလား အကျဉ်းထောင်မှ လွတ်မြောက်ရန် တောင်းဆိုနေပုံ

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားနှင့် ကုလသမဂ္ဂအကြီးအကဲ ကိုဖီအာနမ် (၂၀၀၆)



ဘီလ်ကလင်တန်နှင့် မင်ဒဲလား

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ် တည်ဆောက်အံ့ဟူသော စံနမူနာပြ အတွေးအယူအဆကို အလေးအမြတ် ကျင့်သုံးလာခဲ့ပါသည်။ ယင်းသို့သော လူ့ဘောင် အသိုင်းအဝိုင်းတွင် လူအားလုံးသည် စိတ်သဘောထားချင်းညီညွတ်မှု ခွင့်တူညီမျှမှုတို့ဖြင့် နေထိုင်နိုင်ပါလိမ့်မည်။ ယင်းသို့ လူ့ဘောင်မျိုး တွင် နေခွင့်ရပြီး ဖော်ဆောင်နေထိုင်ခွင့် ရရှိကြစေရန် ရည်မှန်းထား ပါသည်။ အကယ်၍ လိုအပ်မည်ဆိုလျှင်လည်း ယင်းရည်မှန်းချက် အတွက် တိုက်ပွဲဝင်ရင်း မိမိအသက်ကို စွန့်လွှတ်ရန် အသင့်ပြင် ထားပါသည်။

ဟူ၍ ထောင်သို့မပို့မီ လူထုသို့ နောက်ဆုံးပြောကြားခဲ့သည်။

အထက်ပါအတိုင်း နောက်ဆုံးလျှောက်လဲချက် အဆုံးတွင် တရားရုံးခန်း ကြီး တစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်သွားခဲ့သည်။ ဤ စကားများသည် မိမိနောက်ဆုံး ပြောခွင့်ရသောစကား ဖြစ်ကောင်းဖြစ်လိမ့် မည်ဟု သိနေသော လူတစ်ယောက်၏ စကားများပင် ဖြစ်သည်။

အမှန်တကယ် စွန့်စားရဆုံးနှင့် အန္တရာယ်အများဆုံး လုပ်ဆောင်ချက်မှာ ၁၉၈၅ ခုနှစ် မင်းဒဲလား ထောင်ကျနေစဉ်မှာပင် လူဖြူအစိုးရနှင့် လျှို့ဝှက်တွေ့ဆုံ နိုင်ရန် စတင်ခဲ့မှု ဖြစ်သည်။ ယင်းသို့ ရန်သူနှင့် စေ့စပ်ဆွေးနွေးရန် လုပ်ဆောင် မှုသည် ဆယ်စုနှစ်ပေါင်းများစွာ သူ့နိုင်ငံရေးလှုပ်ရှားမှု၏ အခြေခံသဘောတရား များနှင့် သူကိုယ်တိုင် လူရှေ့သူရှေ့ ထုတ်ဖော်ပြောကြားခဲ့မှုများ အားလုံးကို ချိုးဖောက်လိုက်ရာရောက်သည်။ သူ့ကို သစ္စာဖောက်တစ်ဦးဟု အမည်တပ်လိုက် နိုင်သည်။ သူ့ လှုပ်ရှားလုပ်ဆောင်နေမှုမှ ဖယ်ရှားပစ်နိုင်လောက်သည်။ တစ်နိုင်ငံလုံး ကိုလည်း ပြည်တွင်းစစ်မီးကြီးထဲသို့ တွန်းပို့လိုက်နိုင်သည်။ သို့ရာတွင် လုပ်ကိုလုပ်မှ ဖြစ်မည်ဟု သူ သိထားသည်။ မလွှဲမရှောင်သာသော အခြေအနေမျိုးသို့ ရောက်လာ လျှင် ဘာကြောင့် စောင့်ဆိုင်းနေတော့မှာလဲ။ ဤသည်ပင် မင်းဒဲလား၏ သဘောထား ဖြစ်သည်။ အဆိုပါ အလွန် အရေးပါသော အပြောင်းအလဲကြီးသည် ပြင်ပမှ ရုတ်တရက် ပေါ်လာခြင်း ဖြစ်သည်ဟု ထင်မှတ်စရာပင်။ သို့ရာတွင် မင်းဒဲလား၏ အခြား အခြားသော ဆုံးဖြတ်ချက်များအတိုင်း ဤပြောင်းလဲမှုတွင် ရှည်လျား ကွေ့ဝိုက်သော သမိုင်းနောက်ခံတစ်ရပ် ရှိနေပေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၂ ခုနှစ်တွင် မင်ဒဲလား ထောင်ကျနေသည်။ ရော့ဘန်းကျွန်း အကျဉ်းစခန်းတွင် တစ်ဆယ့်ရှစ်နှစ် ကျခံခဲ့ရပြီးနောက် Pollsmoore အကျဉ်းထောင်ထဲ ရောက်သွားသည်။ ပိုးလ်စ်မိုး ထောင်သည် တင့်တယ်လှပသော Cape Town မြို့ ဆင်ခြေဖုံး အစွန်းပိုင်းတွင် တည်ရှိသည်။ Steenburg တောင်တန်းကြီး၏ အောက်တွင် ရှိသည်။ တောင်တန်းကြီးသည် ထုံးဖြူသုတ်ထားသော ထောင်နံရံများ မြောက်ဘက်မှ စတင်သည်။ ထောင်သို့သွားလိုလျှင် ထိုမြို့ရှိ တစ်လမ်းမောင်းကားလမ်းများအတိုင်း သွားရသည်။ ရိုးရိုးစင်းစင်း အိမ်ကလေးများကို ကျော်ဖြတ်သွားရသည်။ အိမ်ရှေ့မြက်ခင်းများပေါ်တွင် စက်ဘီးများ ရပ်ထားသည်။ ထို့နောက် အမှတ်အသားမဲ့ လူနေလမ်းတစ်လမ်းအဆုံးတွင် လက်ယာဘက်သို့ ကွေ့သွားရသည်။ ထိုနေရာတွင် အသေးစိတ် စီစဉ်ပြင်ဆင်ထားသော ဂိတ်တံခါးကြီးတစ်ခုကို မြင်ရလိမ့်မည်။ Pollsmore Maximun Security Prison ကြီးပင် ဖြစ်သည်။

အကျဉ်းထောင်ဟူသည်မှာ ပျော်ရွှင်ချမ်းမြေ့စရာ ကောင်းတတ်သည် မဟုတ်ပေ။ သို့ရာတွင် ပိုးလ်စ်မိုး အကျဉ်းထောင်ကြီးအတွင်း ခြံတွင်း လမ်းရှည်ကြီး ဖောက်ထားသည်။ ဥယျာဉ်များ ပန်းခင်းများဖြင့် အလှဆင်ထားသည်။ ထိုနေရာမှတစ်ဆင့် ခပ်နိမ့်နိမ့် မီးခိုးရောင်ဖျော့ဖျော့ ကွန်ကရိ အဆောက်အအုံသို့ ရောက်သွားနိုင်သည်။ ပိုးလ်စ်မိုးထောင်တွင် ရော့ဘန်းကျွန်းမှ သဘာဝအလှမျိုးကို မင်ဒဲလား ကြည့်ရှုခံစားခွင့် မရတော့ပေ။ အပြင်ထွက်ပြီး ပြည်ထောင်စုလှုပ်ရှားမှုနှင့် အသားအရောင်ခွဲခြားမှု တိုက်ဖျက်ရေးအဖွဲ့အစည်း ရာပေါင်းများစွာ ပေါင်းစည်းထားရာ United Democratic Front ကလည်း တောင်အာဖရိက လူဖြူ အစိုးရအပေါ် အဆက်မပြတ် ဖိအားပေးလျက် ရှိသည်။ မင်ဒဲလားဟူသော အမည်သည် ကမ္ဘာတစ်လွှား အသားရောင်ခွဲခြားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုကြီး၏ အမှတ်သင်္ကေတကြီး ဖြစ်လာခဲ့သည်။

ထိုနှစ်မှာပင် မင်ဒဲလားတွင် ဆီးကျိတ်ရောဂါ ခံစားလာရသည်။ ဆရာဝန်များက ခွဲစိတ်ကုသရမည်ဟု ဆိုကြသည်။ ခွဲစိတ်ခံရန် အစောင့်အကြပ် ထူထူထပ်ထပ်ဖြင့် ကိပ်တောင်းရှိ Volks Hospital သို့ သွားရသည်။ ယင်းသို့ ရောဂါသက်သာစေရန် ရော့ဘန်းကျွန်း အကျဉ်းစခန်းတွင် နေစဉ်ကပင် ပြည်မကြီးသို့ သွားရောက်ရန် လိုအပ်လာတိုင်း ဆေးစစ်ခံတတ်သည်။ ထိုစဉ်က ဆေးစစ်ခံ

www.burmeseclassic.com

www.burmeseclassic.com



ရာတွင် အခြားလူမည်းအကျဉ်းသားများနှင့် ဘာမျှမခြားခဲ့ပေ။ တောင်အာဖရိကန် လူဖြူများ ရော့ဘန်းကျွန်းသို့သွားလျှင် စီးကြသည့် လှေ (သင်္ဘော) တစ်စင်း၏ ဝမ်းထဲတွင် မင်ဒဲလားကို ထားရှိသည်။ အပေါ်ထပ်မှ လူများက မကြာမကြာ တံတွေးထွေးချတတ်သည်ဟု ဆိုသည်။ ရော့ဘန်းကျွန်း အကျဉ်းစံဘဝတွင် ကြုံခဲ့ ရသမျှ ဒုက္ခသည် အခြား ဘာနှင့်မျှ နှိုင်းယှဉ်ပြနိုင်ဖွယ် မရှိချေ။

သို့ရာတွင် ယခုတစ်ကြိမ် ကိပ်တောင်းဆေးရုံကြီး၌ ဆေးကုသမှုခံယူရာ၌ ခြားနားလှသည်။ မင်ဒဲလား၏ အနေအထားမှာ နေပူစာလှုံခွင့်လည်း မရှိတော့ ချေ။ ဖြေသိမ့်စရာတော့ ရှိသည်။ သူ့မိသားစု အလွယ်တကူ လာတွေ့နိုင်သည်။ အစားအသောက် ကောင်းကောင်းကျွေးသည်။ နောက်ဆုံးတွင် တောင်အာဖရိက နိုင်ငံ၏ ပင်မ ဒေသကြီးအပေါ် ပြန်ရောက်နေရသည်။ ကမ္ဘာလောကကြီးနှင့် ပိုမို ထိတွေ့ခွင့်ရပြီဟု ဆိုနိုင်သည်။ မင်ဒဲလားနှင့်အတူ ရော့ဘန်းကျွန်းမှပါလာသူ ရဲဘော်လေးဦး ရှိသည်။ Walter Sisulu, Ahmed Kathrada, Raymond Mhlaba နှင့် Andrew Mlangeni တို့ ဖြစ်သည်။ သူတို့လေးဦး အခန်းကျယ်ကြီး တစ်ခုထဲတွင် နေရာသတ်မှတ် နေထိုင်ကြသည်။ အခန်းမှာ အထက်တန်းကျောင်း ဘတ်စကက်ဘောကွင်း တစ်ကွင်းစာမျှ ကျယ်ဝန်းသည်။ တတိယထပ်တွင် နေကြ ရသည်။ သူတို့ အခန်းပြင်ဘက်တွင် နေရာလွတ်ကျယ်ကျယ်တစ်ခု ရှိသည်။ ထိုနေရာတွင် မင်ဒဲလား ဥယျာဉ်တစ်ခု လုပ်ခွင့် ပေးထားသည်။

၁၉၈၅ ခုနှစ်လောက်တွင် မင်ဒဲလား ထောင်ထဲရောက်နေသည်မှာ နှစ်ဆယ့် နှစ်နှစ်ပင် ကြာခဲ့ပြီ။ တောင်အာဖရိကတွင် အသားအရောင်ခွဲခြားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုကြီး အရှိန်ကောင်းလာသည်။ ပိုမိုဆူပွက်လာသည်။ တောင်အာဖရိက နိုင်ငံကို 'ထိန်းမနိုင် သိမ်းမရ' အခြေအနေသို့ ရောက်ရှိသွားရန် အေအင်န်စီတို့ လှုပ်ရှားနေမှုကြောင့် မြို့နယ်များမှာ စစ်ရေးဇုန်ကြီးတစ်ခု ဖြစ်လာရတော့သည်။ လှုပ်ရှားဆူပူနေသမျှ ညနေခင်း သတင်းပေါင်းစုံကို တစ်ကမ္ဘာလုံး ကြားနေရသည်။ ပြောင်းလဲသွားခဲ့၏။ ဆေးရုံသီးသန့်ဆောင်ထဲတွင် နေရသည်။ နေသာသော အခန်းတွင် ပန်းပေါင်းစုံ အလှဆင်ပေးထားသည်။ သူနာပြုအားလုံးက တိတ်တိတ် ဆိတ်ဆိတ် တလေးတစား ဆက်ဆံကြသည်။ အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့သည်။ ရက်ပေါင်းများစွာ အနားယူခွင့်ရသည်။ ထိုနောက်မှ ပိုးလ်စ်မိုးထောင်သို့ ပြန်ပို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဆေးရုံထွက်ပေါက်တွင် အကျဉ်းဦးစီးမှူးတစ်ဦးက မင်ဒဲလားကို ဆီဒင်ကားဖြင့် လာခေါ်သည်။ အလွန့် အလွန် ထူးခြားလှ၏။ ယခင်ကဆိုလျှင် သာမန် ထောင်ကြပ်များက အခြား အကျဉ်းသားများနှင့်အတူ ဗင်ကားထဲ ထည့်ခေါ်သွားတတ်သည်။ ပိုးလ်စ်မိုးထောင်သို့ ပြန်လာရာတွင် အကျဉ်းဦးစီးမှူးက မင်ဒဲလားသည် အခြားသူများနှင့် ရောနှောနေထိုင်ရတော့မည် မဟုတ်ကြောင်း၊ သီးသန့်အခန်းခွဲ၍ နေထိုင်ရတော့မည်ဖြစ်ကြောင်း ပြောကြားသည်။ မင်ဒဲလားက အကြောင်းရင်းကို မေးကြည့်သည်။ အရာရှိကြီးက ပခုံးသာ တွန့်ပြသည်၊ တစ်လုံးမျှ ပြန်မပြောချေ။ ပြီးမှ 'ပရီတိုးရီးယား အမိန့်ကြောင့်' ဟု ဖြေသည်။

မင်ဒဲလားသည် အကျဉ်းထောင်၏ မြေညီခန်းရှိ အခန်းသစ်တွင် နေထိုင်ရသည်။ မှောင်မိုက်စိမ်းစိုသော အခန်းသုံးခန်း ပါရှိသည်။ ရေချိုးခန်းကျွန်း အခြေအနေထက် များစွာသာလွန်သည်။ သို့ရာတွင် မင်ဒဲလားသည် ပြောင်းလဲသွားမှုအတွက် အနေခက်လျက်ရှိသည်။ မိမိ၏အနေအထားသစ်ကို ထောင့်စုံမှ စဉ်းစားကြည့်သည်။ ဘာကြောင့် မိမိ၏ရဲဘော်များနှင့် ခွဲထုတ်လိုက်တာလဲ။ အကျဉ်းဦးစီးက ဘာကြောင့် ဆေးရုံမှာ ကားနဲ့လာကြိုနေရတာလဲ။ အစိုးရရဲ့ မဟာဗျူဟာကဘာလဲ။ ပုံမှန်အားဖြင့်ဆိုလျှင် မင်ဒဲလားသည် ကန့်ကွက် ဆန္ဒပြလိမ့်မည်။ သို့မဟုတ် တရားဝင် စုံစမ်းစစ်ဆေးမှုပြုလိမ့်မည်။ သို့ရာတွင် ဒီကိစ္စအတွက် နောက်ထပ် စဉ်းစားကြည့်ဖို့လိုမည်ဟု တစ်စုံတစ်ခုက မင်ဒဲလားကို ပြောခဲ့သည်။

မင်ဒဲလားသည် မိမိ၏အခြေအနေကို စဉ်းစားကြည့်သည်။ ပတ်ဝန်းကျင် အခြေအနေသစ်ကို မစဉ်းစားတော့ဘဲ ပေါ်ပေါက်လာသော အခွင့်အလမ်းများကို ထည့်သွင်းစဉ်းစားမိလာသည်။ တစ်ကိုယ်တည်း နေထိုင်ခွင့်ရသည်က ကောင်းသည်။ သူ နှစ်ပေါင်းများစွာ စဉ်းစားလာခဲ့သော တစ်ခုခုလုပ်နိုင်မည့် အခွင့်အရေးကို ရရှိလာစေနိုင်သည်။ ယင်းမှာ မိမိ မြေစမ်းခရမ်းပျိုးစုံစမ်းလာခဲ့ရသော အခွင့်အရေး၊ အေအင်န်စီ အမြင်သဘောထားနှင့် ကိုက်ညီစေနိုင်မည့် အခွင့်အရေးပင် ဖြစ်သည်။ သူသည် အစိုးရနှင့် စတင်ဆွေးနွေးခွင့် ရနိုင်သည်။ နှစ်ပေါင်းများစွာပင် အသားရောင် ခွဲခြားမှုဝါဒ ရုပ်သိမ်းပြီး နိုင်ငံရေးအကျဉ်းသားအားလုံးကို မလွှတ်မချင်း အေအင်န်စီက အစိုးရနှင့် စေ့စပ်ဆွေးနွေးရန် ငြင်းပယ်ခဲ့သည်။ ယခု ကမ္ဘာကြီး အခြေအနေ ပြောင်းသွားပြီ။ မိမိလည်း လိုက်၍ ပြောင်းမှဖြစ်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားက အေအင်န်စီသည် အစိုးရကို လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မည်သည့်အခါမျှ ဖြုတ်မချရန် ဆုံးဖြတ်လာခဲ့သည်။ စေ့စပ်ဆွေးနွေးခြင်းသည်သာ အကျိုးဖြစ်နိုင်သည်။ ယခု ထိုယုံကြည်ချက်အတိုင်း လက်တွေ့ လုပ်ဆောင်နိုင်ပေတော့မည်။

မိမိ ရဲဘော်များနှင့် အခန်းကလေးထဲ အတူရှိနေရစဉ်က မင်ဒဲလားသည် ဘာတစ်ခုကိုမျှ မိမိဘာသာ သီးသန့်တွေးတောလုပ်ဆောင်နိုင်ခွင့် မရခဲ့ချေ။ အစိုးရနှင့် ဆွေးနွေးမှုမပြုခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း စသည့် အရေးကိစ္စတစ်ခုခုနှင့် ပတ်သက်၍ သူတို့နှင့် ညှိနှိုင်းတိုင်ပင်ရန် လိုအပ်ခဲ့သည်။ ယခုအခါ သူ တစ်ကိုယ်တည်းသာ လုပ်နိုင်ပြီး အစိုးရဘက်ကလည်း သူတို့အတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်မည်ဟု သူ့အခြေအနေသစ်ကိုကြည့်ပြီး သဘောပေါက်နေကြောင်း ထင်ရှားသည်။

မင်ဒဲလား၏ ဆုံးဖြတ်ချက်သည် အထူးအရေးကြီးသည်။ သူ့ဘဝတစ်လျှောက်လုံး လူဖြူလူနည်းစု အုပ်စိုးမှုကို တွန်းလှန်လာခဲ့သည်။ အေအင်န်စီသည် ယင်းကိစ္စအတွက် နှစ်ပေါင်း ခုနစ်ဆယ့်သုံးနှစ်တိုင်တိုင် အရေးဆိုလာခဲ့သည်။ လက်နက်စွဲကိုင်လျက် နှစ်ပေါင်းနှစ်ဆယ် တိုက်ပွဲဝင်ခဲ့သည်။ ထိုကာလ တစ်လျှောက်လုံး သူတို့၏ မူဝါဒမှာ လူဖြူအစိုးရနှင့် မစေ့စပ်စတမ်း ဖြစ်သည်။ စေ့စပ်ခွင့်ရလျှင်လည်း အခွင့်အရေး တန်းတူရည်တူ ရှိရမည်ဟူ၍ ဖြစ်သည်။ ဤသမိုင်းကြောင်းကို မင်ဒဲလား တစ်ကိုယ်တည်း မည်သူနှင့်မျှ မတိုင်ပင်တော့ဘဲ ပြောင်းလဲပစ်ရတော့မည်။ ထိုအခါ အေအင်န်စီ၏ အတိအလင်း ချမှတ်ထားပြီး မဟာဗျူဟာမှ ဖဲကြဉ်ရတော့မည်။ အေအင်န်စီမှာ မိမိချစ်မြတ်နိုးလှသော အဖွဲ့အစည်း ဖြစ်သည်။ အေအင်န်စီကြောင့် မိမိဘဝ တိုးတက်လာခဲ့ရသည်။ အေအင်န်စီအပေါ် အကြီးမားဆုံး သစ္စာစောင့်သိရန် စိတ်တုံးတုံးချခဲ့သည်။

မင်ဒဲလား အထူး သတိထားသည်။ သတိထား၍လုပ်မှလည်း ဖြစ်တော့မည်။ စေ့စပ်ဆွေးနွေးရန် စိတ်ကူးပေါ်လာသည်မှာ ယခု ပထမဆုံးအကြိမ် မဟုတ်ပေ။ ထိုနှစ်စောစောပိုင်း ဇန်နဝါရီလတွင် တောင်အာဖရိကနိုင်ငံ သမ္မတ P.W.Botha က အကြမ်းဖက်မှုကို နိုင်ငံရေးအသုံးချကိရိယာအဖြစ် အသုံးမပြုတော့ပါဟု စွန့်လွှတ်လိုက်လျှင် မင်ဒဲလားကို ထောင်မှလွှတ်ပေးမည်ဟု လူသိရှင်ကြား ကြေညာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ မင်ဒဲလားက လက်မခံခဲ့ချေ။ 'လွတ်လပ်သောသူအချင်းချင်းသာ စေ့စပ်ဆွေးနွေးနိုင်ပါသည်၊ အကျဉ်းသားများဖြစ်နေပါက ယင်းသို့လုပ်ဆောင်နိုင်မည်မဟုတ်ပါ၊ ကျွန်ုပ်နှင့် သင်၊ ပြည်သူတို့အားလုံး လွတ်လပ်မှုမရှိသောအချိန်မျိုးတွင် ကျွန်ုပ်အနေဖြင့် ယင်းကိစ္စ လုပ်နိုင်မည်မဟုတ်သကဲ့သို့ ယင်းသို့လုပ်ရန်လည်း တာဝန် မယူနိုင်ပါ၊ သင်၏လွတ်လပ်ခွင့်နှင့် ကျွန်ုပ်၏လွတ်လပ်ခွင့်ကို သီးသန့်ခွဲခြား၍ မရနိုင်ပါ' ဟုပင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မင်ဒဲလား၏ တုံ့ပြန်ချက်သည် တုံးတိတိနိုင်လွန်း၏။ လေသံကလည်း မာလွန်းသည်။ တောင်အာဖရိက လူဖြူအစိုးရနှင့် သမ္မတ ဘိုသာတို့ အရှက်တကွဲ ဖြစ်သွားသည်။

ယခုတစ်ကြိမ်တွင်မူ တစ်မျိုးထူးသွားသည်။ အစိုးရနှင့် စိတ်ချယုံကြည်စွာ စတင်ဆွေးနွေးမည်။ မိမိတစ်ဦးတည်း ဦးဆောင်ကျင်းပမည်။ အသားရောင်ခွဲခြားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုကြီးသည် အရှိန်တက်လာသည်။ အစိုးရဘက်က ယင်းအချက်ကို ထင်ရှားသော နိမိတ်ဆိုးအဖြစ် မြင်စပြုလာသည်။ ဘိုသာက 'ဖြစ်လာသမျှ အခြေအနေအတိုင်း လိုက်လျောညီထွေ နေမလား၊ အသက်သေခံမလား'ဟု ပြည်သူတို့အား ပြောထားခဲ့ပြီ။ တစ်ချိန်တည်းမှာပင် မင်ဒဲလားကလည်း ယနေ့ဖြစ်ပေါ်နေသော အခြေအနေများသည် နှောင်နှစ်ပေါင်းများစွာကြာသည်အထိ ဘာမျှပြောင်းလဲမသွားနိုင်ကြောင်း သိထားသည်။ သူ့အသက်လည်း ငယ်ငယ်ရွယ်ရွယ် မဟုတ်တော့ပြီ။ သူ့ ရဲဘော်များ၊ သူ့ပါတီနှင့် ကမ္ဘာလောကကြီးက စေ့စပ်ပွဲကို သူက စတင်တာပါ မြင်ကြလိမ့်မည်မဟုတ်ဟုလည်း မင်ဒဲလား သဘောပေါက်မိသည်။ သူက တောင်အာဖရိက အစိုးရအဖွဲ့ဝင် တရားရေးဝန်ကြီး Kobie Coetsee ထံသို့ 'လျှို့ဝှက်' စာတစ်စောင် ရေးပို့ခဲ့ခြင်းသာ ဖြစ်သည်။ အစိုးရနှင့် ဆွေးနွေးရန် လိုလားမှုရှိပါသည်ဟု ရေးလိုက်သည်။

တိုးတက်ဖြစ်ပေါ်မှုသည် အေးတိအေးစက်နိုင်လှသည်။ သူ စာရေးလိုက်ချိန်မှ တောင်အာဖရိကအစိုးရ ပထမအကြိမ် အစည်းအဝေးကျင်းပချိန်အထိ နှစ်နှစ်တိတိပင် ကြာမြင့်ခဲ့သည်။ အစိုးရက မိမိ၏ ကမ်းလှမ်းချက်ကို စဉ်းစားမှုရှိမရှိ မသိခဲ့ရပေ။ မင်ဒဲလားက စာများ ဆက်လက်ရေးပို့ခဲ့သည်။ ၁၉၈၆ ခုနှစ် ဇူလိုင်လတွင် အရာရာသည် ရုတ်တရက် သွက်လက်လျင်မြန်လာခဲ့သည်။

'ကျုပ် ကောင်းကောင်းမှတ်မိနေသေးတယ်ဗျာ၊ ကျုပ် သူတို့ဆီ စာတစ်စောင်ရေးလိုက်တာ ဗုဒ္ဓဟူးနေ့ကြီးပဲ။ စာထဲမှာ အမျိုးသားရေးအတွက် အထူးအရေးကြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ ဆွေးနွေးချင်လို့ ကော်မရှင်နာမင်းကြီးနဲ့ တွေ့ချင်ပါတယ်လို့ပဲ ရေးလိုက်တာပါ' ဟု မင်ဒဲလားက ပြောခဲ့သည်။ တနင်္ဂနွေနေ့တွင် မင်ဒဲလားအား ကော်မရှင်နာနေအိမ်သို့ ဆင့်ခေါ်လိုက်သည်။ အကျဉ်းထောင်ဝင်းထဲမှာပင် ကော်မရှင်နာနေထိုင်သည်။ မင်ဒဲလားတို့ မျက်နှာချင်းဆိုင်မိကြသည်။ မင်ဒဲလားက တရားရေးဌာန ဝန်ကြီးနှင့် တွေ့ဆုံလိုကြောင်း တောင်းဆိုသည်။ ကော်မရှင်နာက ဘာကြောင့်တွေ့ချင်ရတာလဲဟု စုံစမ်းသည်။

မင်ဒဲလားက 'အေအင်န်စီနဲ့ အစိုးရ တွေ့ဆုံဆွေးနွေးဖို့ အစီအစဉ်တွေလုပ်ချင်လို့ပါ'ဟု ပြန်ဖြေသည်။ ကော်မရှင်နာက ကိပ်တောင်းရှိ တရားရေးဝန်ကြီးကိုအက်ဆီးထံသို့ ချက်ချင်း ဖုန်းဆက်သည်။ ကိုအက်ဆီးက မင်ဒဲလားကို အခုချက်ချင်း ခေါ်ဆောင်လာခဲ့ရန် အမိန့်ပေးလိုက်သည်။ မင်ဒဲလားသည် ထောင်ထဲသို့ ပြန်ခွင့်မရတော့ဘဲ ကိပ်တောင်းရှိ တရားရေးဌာနဝန်ကြီး နေအိမ်သို့ လိုက်ပါသွားသည်။ ဖုန်များပေနေသော ထောင်ဝတ်စုံနှင့်ပင် လိုက်သွားရသည်။ တရားရေးဌာန ဝန်ကြီးအိမ်တွင် သုံးနာရီကြာမျှ ရောက်နေခဲ့ရသည်။

တန်းတူရည်တူ ဆက်ဆံပြောဆိုခွင့်သာ မရခဲ့လျှင် မင်ဒဲလားသည် မည်သူနှင့်မျှ တွေ့ဆုံလိုခြင်း မရှိတတ်ပေ။ ယခုလည်း ထောင်ဝတ်စုံကြီးဖြင့် တွေ့ဆုံနေရသည်။ သို့ရာတွင် ကိစ္စမရှိပေ။

'ကျုပ်က သမ္မတကြီး ပီ၊ ဒဗလျူ ဘိုသာနဲ့ တွေ့ချင်ပါတယ်လို့ တရားရေးဝန်ကြီးကို ပြောလိုက်တယ်'ဟု မင်ဒဲလားက ဇာတ်ကြောင်းပြန်သည်။ မင်ဒဲလားသည် သမ္မတဘိုသာနှင့် တွေ့ဆုံလိုကြောင်းပြောရန်သာ တရားရေးဝန်ကြီးနှင့်တွေ့ဆုံခဲ့သည်။ မင်ဒဲလားက အဆင့် တဖြည်းဖြည်းမြှင့်ရန် လူတစ်ဦးချင်းစီကိုအသုံးချနိုင်ခဲ့သည်။ ကိုအက်ဆီးသို့ သူ တောင်းဆိုခဲ့မှုသည် အဆင့်မြင့် စေ့စပ်ဆွေးနွေးမှုအဆင့်အထိ လည်ပတ်ရောက်ရှိသွားခဲ့သည်။ ကမ္ဘာ့အထင်ရှားဆုံးနိုင်ငံရေးအကျဉ်းသားကြီးနှင့် ယင်းအကျဉ်းသားကြီးကို သံတိုင်များနောက်တွင်ရာသက်ပန် ဖမ်းဆီးချုပ်နှောင်ထားခဲ့သူနှစ်ဦး လျှို့ဝှက်တွေ့ဆုံမှုကြီး ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲသည် မည်မျှသမိုင်းဝင် အရေးပါလှကြောင်း ကိုအက်ဆီး ချက်ချင်းသဘောပေါက်သွားခဲ့သည်။ ထိုနေ့တွင် ဖြစ်ရပ်များ တသီတတန်းကြီး ပေါ်ထွန်းလာခဲ့သည်။ မင်ဒဲလားကို ထောင်မှ လွှတ်ပေးသည်။ တောင်အာဖရိကသမိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး လွတ်လပ်မှုရှိ၍ ဒီမိုကရေစီနည်းကျသော ငွေကောက်ပွဲကျင်းပပေးရန် ဆွေးနွေး သဘောတူခဲ့ရသည်။

× × ×

မိမိကရှေ့ဘက်မှ ဦးတည်ခေါ်ဆောင်သွားချိန်တွင် မိမိ၏ လုပ်ဖော်ကိုင်ဖက်များနှင့် များစွာ အဆက်မပြတ်သွားဖို့ အရေးကြီးသည်။ ဆွေးနွေးပွဲများ စတင်နိုင်ခဲ့ပြီးနောက် မင်ဒဲလားသည် သူ့ရဲဘော်များနှင့် တွေ့ဆုံခွင့်တောင်းသည်။ သူ လုပ်ခဲ့သမျှ ပြောပြချင်သည်။ ယင်းသို့ လုပ်ဆောင်ရာတွင် သူတို့သဘောကျဖြစ်စေချင်သည်။ သူ့ရဲဘော်များနှင့် အထပ်သုံးထပ်သာ ဝေးသည်။ သူတို့နှင့် တွေ့ဆုံခွင့်တောင်းမှုအတွက် အကျဉ်းစခန်းအာဏာပိုင်များထံသို့ တင်ပြရသည်။ ထိုနောက် ကိပ်တောင်းရှိ အစိုးရဌာနများသို့ ရောက်သွားသည်။ နောက်ဆုံးတွင် ပရီတိုးရီးယားမြို့ရှိ တောင်အာဖရိကအစိုးရထံသို့ ရောက်ရှိသွားသည်။ ဤအကြိမ်တွင် အာဏာပိုင်များက မင်ဒဲလားအား ရဲဘော်တစ်ဦးချင်းစီနှင့်သာ တွေ့ခွင့်ပေးသည်။ မင်ဒဲလားက မည်သို့မျှ မတုံ့ပြန်။ ခွင့်ပြုသည့်အတိုင်း တစ်ယောက်ချင်း တွေ့ဆုံသည်။ မင်ဒဲလားသည် မိမိ၏အထက် အကြီးဆုံးမိတ်ဆွေနှင့် လုပ်ဖော်ကိုင်ဖက်ကြီး ဝေါလ်တာနှင့် ပွဲဦးထွက် တွေ့ဆုံသည်။ ဝေါလ်တာသည် ထရန်စကီရွာမှ လူထုခေါင်းဆောင် မင်ဒဲလားဖြစ်လာမည့် ကြမ်းကြမ်းတမ်းတမ်း ခပ်မိုက်မိုက် လူငယ်ကလေးကို ပထမဆုံးတွေ့ခဲ့သူ လက်ဦးဆရာလည်း ဖြစ်သည်။ မင်ဒဲလားက လျှို့ဝှက်ဆွေးနွေးပွဲအကြောင်း ဝေါလ်တာအား ပြောပြသည်။

ဝေါလ်တာ၏ တုံ့ပြန်ချက်သည် အပြုသဘော မဆောင်လှပေ။ ဝေါလ်တာက 'စေ့စပ်ဆွေးနွေးတာမျိုးကိုတော့ ကျုပ်အနေနဲ့ မူအားဖြင့် မဆန့်ကျင်လိုပါဘူး၊ ဒါပေမယ့် ဒီကိစ္စကို သူတို့ဘက်ကပဲ စတင်စေချင်တယ်။ ကျုပ်တို့ဘက်က မစစေချင်ဘူး'ဟု အဖြေပေးခဲ့သည်။ မင်ဒဲလားက 'မူအားဖြင့် မဆန့်ကျင်လိုပါဘူးဆိုတော့ ဘယ်သူ့ဘက်ကစစ အရေးမကြီးပါဘူး၊ **ဒီကိစ္စမှာ ကျွန်တော်က စလိုက်တာ**' ဟု ပြောလိုက်သည်။

မင်ဒဲလားသည် မာလာဘာ၊ ကာသရာဒါ၊ မလန်ဂျီနီတို့နှင့်လည်း တစ်လှည့်စီ တွေ့ဆုံခဲ့သည်။ ကာသရာဒါက ဆီဆူလူနှင့် သဘောချင်းကိုက်ညီသည်။ ဆွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



မှုကို ဆန့်ကျင်သည်။ မာလာဘာနှင့် မလန်ဂျီနီတို့ကလည်း ထိုသဘောအတိုင်း ဖြစ်သည်။ မင်ဒဲလား ဘယ်လိုဖြစ်လာဖို့ စောင့်ဆိုင်းနေခဲ့တာလဲ။

ဇမ်ဘီယာနိုင်ငံ လူဆာကာမြို့အခြေစိုက် အေအင်န်စီ ခေါင်းဆောင်ပိုင်း တုံ့ပြန်ချက်က တစ်မျိုးဖြစ်သည်။ မင်ဒဲလား၏ မိတ်ဆွေရင်း အေအင်န်စီခေါင်းဆောင် Oliver Tambo သည် အစိုးရနှင့် ဆွေးနွေးတော့မည့် ကောလာဟလသတင်း ကြားရချိန်တွင် အလွန် ထိုးရိမ်သွားသည်။ မင်ဒဲလား ဦးခိုးခံလိုက်ရပြီလား၊ သို့မဟုတ် လူဖြူအစိုးရ ခါးပိုက်ဆောင်ထဲ ရောက်သွားရပြီလား ဤသို့ တွေးစရာနှစ်မျိုး ဖြစ်လာသည်။ တမ်ဘိုက မင်ဒဲလားထံ ရှင်းလင်းချက်တောင်းသည်။

ထိုအခါ မင်ဒဲလားက 'ရဲဘော်ကြီး အိုအာရ်၊ ကျွန်ုပ် အစိုးရနှင့်ဆွေးနွေး သည်မှာ အချက်တစ်ချက်သာ ဖြစ်သည်၊ အေအင်န်စီနှင့် အစိုးရ ဆွေးနွေးပွဲ ဖြစ်ဖို့ပဲ'ဟု ပြန်ကြားလိုက်သည်ဟု ဆိုသည်။

စေ့စပ်ပွဲစတင်ရန် ဆုံးဖြတ်ရာတွင် မိမိ၏ ခေါင်းဆောင်မှုဘဝ ထိခိုက်စေ နိုင်ကြောင်း မင်ဒဲလား ကောင်းစွာ နားလည်သည်။ တမ်ဘိုအပြင် အေအင်န်စီ ထဲရှိ အဆင့်မြင့် ခေါင်းဆောင်များက တော်လှန်ရေးကြီးကို မင်ဒဲလား သစ္စာဖောက် သွားပြီဟု ယူဆလိုက်ကြသည်။ အချို့က သစ္စာဖောက်ကြီးဟုပင် ခေါ်ကြသည်။ ယင်းကိစ္စကြောင့် အများကတင်မြှောက်ထားသော အေအင်န်စီ၏ အမြင့်ဆုံးခေါင်းဆောင် ကြီးနှင့် အသားရောင်ခွဲခြားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုခေါင်းဆောင်ဘဝကို ထိခိုက်နစ်နာစေနိုင်ကြောင်း ထင်ရှားသည်။ အေအင်န်စီအတွင်း၌ မူလကပင် မင်ဒဲလားကို မလိုသူများ ရှိနေခဲ့သည်။ ယခု သူတို့အတွက်ပစ်ခတ်စရာ လက်နက် ကောင်းရသွားခဲ့လေပြီ။

အေအင်န်စီသည် အများ ပါဝင်စုစည်းထားသော အဖွဲ့အစည်းတစ်ခုသာ လျှင် ဖြစ်ကြောင်း၊ မည်သူမျှ အဆုံးအဖြတ်ပေးခွင့်ရှိသူ မဟုတ်ကြောင်း မင်ဒဲလား က အကြိမ်ကြိမ် ပြောခဲ့ဖူးသည်။ သို့အတွက် သူကိုယ်တိုင် ထိထိရောက်ရောက် ချမှတ်လိုက်သော အသွင်ပြောင်းလဲရေး ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မေးမြန်း ကြည့်သည်။

မင်ဒဲလား အဖြေက တိုက်ရိုက်ကျလွန်းသည်။ 'တစ်ခါ တစ်ခါကျတော့ လည်း ခေါင်းဆောင်လုပ်သူဟာ ဘယ်သူနဲ့မှ မတိုင်ပင်ဘဲ သီးသန့်ဆောင်ရွက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ပါတယ်။ မိမိ ဘာတွေလုပ်ခဲ့သလဲ ဆိုတာကို အဖွဲ့အစည်းကို တင်ပြဖို့ လိုအပ်ပါတယ်။ ကျုပ်က ကိစ္စတစ်ခုကို ဆုံးဖြတ်လုပ်ဆောင်လို့ အများဆန့်ကျင်မှုနဲ့ ရင်ဆိုင်ရတဲ့အခါ ကျုပ်လုပ်ဆောင်ခဲ့မှုဟာ လှုပ်ရှားမှုကြီးအတွက် အထောက်အကူ ဖြစ်သလား၊ မဖြစ်ဘူးလား စဉ်းစားဖို့ပဲ ရှိပါတယ်။ တကယ်လို့ ကျုပ်ဟာ ဆွေးနွေး မယ့်ကိစ္စကို ကျုပ်ရဲဘော်တွေနဲ့ ဆွေးနွေးရင် ဘယ်သူကမှ လက်သင့်ခံမှာ မဟုတ် ဘူးဗျ၊ ဒီတော့ အခုလို ဆွေးနွေးနိုင်တော့မှာ မဟုတ်ဘူး'ဟု ပြောခဲ့သည်။

မင်ဒဲလားအတွက် ရှေ့ဘက်မှ ဦးတည်ခေါ်ဆောင်ခြင်းဟူသည်မှာလည်း လုပ်သမျှအတွက် တာဝန်ယူတတ်ခြင်းလည်း ဖြစ်သည်။ မင်ဒဲလား အနေဖြင့် မိမိဘာသာ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လုပ်ဆောင်လိုက်၍ ဖြစ်ပေါ်လာသော အကျိုးဆက်များကို ခံယူရမည်ဟူသော အယူအဆမျိုး ခံယူထားသည်။ မှားလျှင် လည်း မည်သူ့အပေါ် အပြစ်ပုံချခံရမည်ကို သိထားကြသည်။ ယနေ့အထိပင် ဘိုသာနှင့် တွေ့ဆုံဆွေးနွေးရန် မိမိဆုံးဖြတ်လိုက်မိမှုကို မိမိလုပ်ဆောင်ခဲ့ဖူးသမျှ အနက် တော်လှန်ပြောင်းလဲမှု အကျဆုံးဟု သဘောထားနေဆဲပင်။ စစ်ရေးအရ အောင်ပွဲခံနိုင်မှု မရှိတော့ဘဲ ဆွေးနွေးမှုဖြင့်သာ အောင်ပွဲရနိုင်သည်ဟူ၍ ဆုံးဖြတ် လိုက်မိချိန်မှစ၍ လမ်းကြောင်းပြောင်းရန် နှောင့်နှေးတွေဝေနေမှု မရှိတော့ချေ။

× × ×

သူ့ဘဝတွင် အခြေအနေများ (circumstances) ပြောင်းလဲသွားတိုင်း မင်ဒဲလား သည် မကြာ မကြာ စိတ်ပြောင်းမိတတ်သည်။ သူ့အတွက် ယင်းအချက်မှာ သာမန် ဘဝပေးအသိပင် ဖြစ်သည်။ မလွှဲမရှောင်သာ လုပ်ရတော့မည်ဟု သိဖြစ်လာသော အခါ မင်ဒဲလားသည် မိမိ၏ သဘောထားရှုထောင့်ကို ပြောင်းပစ်လိမ့်မည်။ သို့ရာတွင် မြောက်ပန်းလှန်ကြည့်လိမ့်မည် မဟုတ်ပေ။ မိမိကိုယ်ကိုမိမိ အနေအထား ပြောင်းပြန် လှန်လိုက်၍ ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို စစ်ဆေးကြည့်တတ်သည်။ ထို့နောက် လုပ်သင့်သမျှ စလုပ်သည်။ အပြင်ပန်းမှကြည့်လျှင် မင်ဒဲလား၏ လုပ်ကိုင်ပုံများသည် တစ်ခါတစ်ရံ ရုတ်တရက် သိသိသာသာကြီး ဇောက်ထိုးမိုးမျှော် ဖြစ်သွားသည်ဟု ထင်ရတတ်သည်။ အတွင်း၌မူ ထိုသို့ဖြစ်လာနိုင်မှု ရှိ မှို သူ

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် စဉ်းစားထားပြီး ဖြစ်သည်။ မလွဲမရှောင်သာလောက်အောင် ဖြစ်ပေါ် လာခဲ့လျှင် ရွှေ့ဆိုင်းမနေပါနှင့်။ မိမိ မူလအလိုရှိနေသည့်အတိုင်း အဖြေမှန် မဟုတ်နိုင်သည့်တိုင် မရှောင်သာလျှင် လုပ်သာလုပ်ပစ်ဟု ပြောတတ်သည်။

ကျွန်ုပ်နှင့် မင်ဒဲလားတို့ အလုပ်အတူလုပ်ကိုင်နေစဉ် ဝါရှင်တန်ဒီစီသို့ သူနှင့် အလည်လိုက်သွားရသည်။ ဝါရှင်တန်မြို့တော် သတင်းစာရှင်းလင်းပွဲတစ်ခု တွင် အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာကြီးသည် တောင်အာဖရိကနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု လုပ်နေခြင်းကို ရပ်ရန် အချိန်တန်နေပြီဖြစ်ကြောင်း ပြော လိုက်သည်။ ယင်းသို့ ပေါ်လစီ ပြောင်းလဲပြောဆိုမှုကြောင့် အေအင်န်စီအတွင်း နှင့် အပြင်ရှိ မင်ဒဲလား၏ ရဲဘော်များ အံ့သြသွားကြသည်။ ထိုကိစ္စအတွက် သူတို့ လပေါင်းများစွာ ဆွေးနွေးလာခဲ့ကြသည်။ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေ အနေတွင်သာ ရှိနေခဲ့သည်။ တစ်ခါတစ်ရံတွင် မိမိက စတင်၍ အောတိုက် ပြုခဲ့လျက်ရှိသော အလုပ်ကြွေးများကို ဖြိုခွဲပေးလိုက်ရသည်ဟု ဆိုတတ်သည်။ မင်ဒဲလားသည် အများဆန္ဒရရှိစေရန် အားထုတ်ခဲ့၏။ မရခဲ့ချေ။ အများဆန္ဒအရ လုပ်ကိုင်လိုစိတ်ရှိသည်။ သို့ရာတွင် မဖြစ်နိုင်တော့ဟု တွေ့သွားလျှင် မိမိဘာသာ ဦးဆောင်လုပ်ပစ်တတ်သည်။ တောင်အာဖရိကနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ ထားမှု ဖယ်ရှားပေးရေးကိစ္စတွင် မင်ဒဲလားတွင် ပြောရန်စိတ်ကူးရှိထားပြီး ဖြစ်သည်။ ပြောရန်ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ဤနည်းဖြင့် သွေးတိုးစမ်းကြည့်ခဲ့သည်။

၁၉၉၉ ခုနှစ်တွင် မင်ဒဲလား သမ္မတရာထူးမှ အနားယူလိုက်သည်။ အေးအေး ဆေးဆေး အနားယူတော့မည်ဟု အခိုင်အမာ ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် မှန်းသလို ဖြစ်မလာခဲ့ပေ။ HIV/AIDS တို့ တောင်အာဖရိကတွင် ဒုက္ခ အကြီး အကျယ် ပေးလာချိန်၌ မင်ဒဲလား ငြိမ်မနေနိုင်တော့ပြီ။ ထောင်ကထွက်လာစ အချိန်က ထိုရောဂါအကြောင်း ကောင်းကောင်း နားမလည်ခဲ့ချေ။ သူ့နွယ်ဆက် ခေတ်လူသားတစ်ယောက်နှင့်အညီ ဖြစ်ပေါ်လာသော AIDS နှင့် လိင်တူဆက်ဆံမှု ကိစ္စတို့နှင့်ပတ်သက်သော အမြင်အတိုင်း ရှိနေခဲ့သည်။ သို့ရာတွင် သူ့ရာထူး ဆက်ခံသူ သမ္မတ Thabo Mbeki လက်ထက် တောင်အာဖရိက AIDS ပြဿနာ ကိုင်တွယ်ဖြေရှင်းပေးမှု မှားယွင်းနေသောအခါ မင်ဒဲလားသည် ရင်ထဲရှိသမျှ ထုတ်ဖော်လိုက်သည်။ အမ်ဘီကီက အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်နှင့် AIDS ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်မှုမရှိဟု အချိန်ကြာမြင့်စွာ လက်မခံခဲ့ပေ။ တောင်အာဖရိက အေ့စ် ဝေဒနာသည်များအတွက် ကမ္ဘာ့အရပ်ရပ်မှ ပေးပို့လိုက်သော HIV ဗိုင်းရပ်စ်ပိုး တိုက်ဖျက်ရေး ဆေးဝါးများကိုလည်း ဖြန့်ဝေသုံးစွဲခွင့် မပေးခဲ့ချေ။

နောက်ဆုံး ၂၀၀၂ ခုနှစ်တွင် မင်ဒဲလားသည် ဂျိုဟန်နက်စ်ဘတ်မြို့ Sunday Times သတင်းစာသို့-

'စစ်ဖြစ်နေခြင်း ဖြစ်ပါသည်၊ ယခင့် ယခင်က ဖြစ်ပွားခဲ့သောစစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များအတွင်း သေဆုံးခဲ့ရသူဦးရေထက် ပိုမိုများပြားလျက် ရှိပါသည်၊ မိမိတို့ စကားအချေအတင် ပြောနေဖို့အချိန်မဟုတ်၊ အငြင်းပွားနေဖို့ အချိန် မဟုတ်တော့ပါ၊ လူများ သေဆုံးနေကြရပါပြီ'ဟု ပြောကြားလိုက်သည်။

သမ္မတအမ်ဘီကီမှာ မင်ဒဲလား ပြောကြားချက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။ သို့ရာတွင် သူပြောခဲ့သည့်အတိုင်းလည်း မှန်နေပြီ၊ လုပ်သင့်သမျှ လုပ်ရပေတော့မည်။ တစ်ခါတစ်ရံတွင် ရှေ့ဘက်မှ ဦးတည်ခေါ်ဆောင်ခြင်း (leading from the front) တွင် မိမိ မှားနေကြောင်း ဝန်ခံရာရောက်သွားတတ်သည်။ မည်သူမျှ မိမိမှားနေပြီဟု စွပ်စွဲမှုမပြုသည့်တိုင် မိမိ မှားသွားတတ်သည်။ မင်ဒဲလားအနေဖြင့် အမြင်မှန်ရရန် နှေးကွေးခဲ့မှုကို သဘောပေါက်ခဲ့သည်။ ဘာမျှ မတတ်နိုင်တော့။ အမှားကို ပြန်ပြင်ပေးလိုက်ရုံသာ ရှိတော့သည်။

မင်ဒဲလားသည် ဘေးထွက်ထိုင်နေရသည့်အချိန်မှာပင် ရှေ့ဘက်မှ ဦးတည် ခေါ်ဆောင်လျက် ရှိပေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

၄

## နောက်ဘက်မှ ဦးတည် တွန်းပို့ပါ

မင်ဒဲလားသည် ရေပန်းစားမှုကို သဘောကျတတ်သည်။ သူ ရေပန်းစားရှုကို သူတစ်ပါးကိုလည်း ခွဲဝေပေးရန် သိနားလည်သည်။ ခေါင်းဆောင်မှုဟူသော အစိတ်အပိုင်းကြီးတစ်ရပ်မှာ သင်္ကေတအမှတ်အသား (Symbolic) သဘောကို ဆောင်နေကြောင်း၊ သူသည် ကြီးကျယ်ထင်ရှားသော သင်္ကေတကြီးဖြစ်နေကြောင်း သဘောပေါက်ထားသည်။ မည်သို့ပင်ဖြစ်စေ သူသည် အမြဲတစေ ရှေ့တန်းတွင် ရှိမနေနိုင်ကြောင်း၊ ခေါင်းဆောင်မှုပြုနိုင်ရန် မိမိက သူတစ်ပါးအပေါ် လုပ်ပိုင်ခွင့် အာဏာ မရှိခဲ့လျှင် မိမိ၏ ရောမ ရည်မှန်းချက်ကြီး ပျောက်ဆုံးသွားနိုင်ကြောင်း လည်း သိထားသည်။ ဘတ်စကက်ဘောစကားနှင့်ပြောရလျှင် ဘောလုံးကို ရယူချင်သည်၊ သို့ရာတွင် သူတစ်ပါးဘက်သို့ လွှဲပေးရဦးမည်၊ သို့မှသာ သူတစ်ပါးက မိမိထံ ပြန်ပို့နိုင်မည် ဖြစ်သည်။ မင်ဒဲလားသည် အသင်းအဖွဲ့၏ ကောင်းမြတ်မှု တရားကို အမှန်တကယ်ပင် သိမြင်သည်။ မိမိ၏ ပြည်သူလူထုအတွက် အကောင်းဆုံး ဖြစ်စေလိုလျှင်ကောင်းမြတ်မှု ဂုဏ်ကျက်သရေကို ပါဝင်ဆင်နွှဲခွင့်ပြုရန်ဟုလည်း ခံယူထားသည်။ အရေးအကြီးဆုံးအချက်မှာ သူ၏ ဆုံးဖြတ်ချက်များအပေါ် ပြည်သူတို့ သြဇာသက်ရောက်မှု ရှိနေသည်ဟု ထင်မှတ်သွားစေရေး ဖြစ်သည်။

တစ်နံနက်တွင် မင်ဒဲလားနှင့် ကျွန်ုပ်သည် ထရန်စကီရွာ နေအိမ် နောက်ဘက် တောင်ကုန်းများအပေါ် တစ်နာရီခွဲခန့်ကြာမျှ လမ်းလျှောက်ထွက်ခဲ့သည်။ နံနက်မြူနှင်းတို့ ကင်းစင်သွားကြပြီ၊ ကျွန်ုပ်တို့သည် ကျောက်ဆောင်ကျောက်တုံး

www.burmeseclassic.com

www.burmeseclassic.com



များ ပြန့်ကြဲနေပြီး မြက်ခြောက်တိုများနှင့် သစ်ပင်အနည်းငယ် ပေါက်ရောက်နေသည့် နေရာတစ်ခုသို့ ရောက်လာသည်။ မင်ဒဲလား ရပ်လိုက်သည်။ ဦးခေါင်းကို မော့လိုက်သည်။ ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်သည်။ ဤနေရာသည် တစ်ချိန်က ပြောင်းခင်းတစ်ခင်းဖြစ်ခဲ့ကြောင်း ပြောပြသည်။

'သိပ်ပျော်စရာကောင်းတဲ့ နေရာပဲဗျ၊ ကျုပ်တို့ နွားလာကျောင်းတဲ့နေရာလို့ ဆိုပါတော့ဗျာ၊ တစ်ခါ တစ်ခါ ဒီကပြောင်းဖူးတွေ ခိုးပြီး ဖုတ်စားကြတယ်၊ ကျုပ်တို့က ပုရွက်ဆိတ်တွေစွန့်သွားတဲ့ ပုရွက်ဆိတ် တောင်ပို့ကြီးတွေကို ရှာကြတယ်၊ တောင်ပို့တွင်းကြီးတွေမှာ မြက်ခြောက်အစအနတွေ ရှိနေတတ်တယ်။ ခြကောင်တွေ နည်းနည်းပါးပါး ကျန်နေတတ်တယ်။ ဒီတော့ ကျုပ်တို့က ပြောင်းဖူးကို ပုရွက်ဆိတ်တွင်းဝ ဟောင်းထဲ ထိုးထည့်တယ်၊ အောက်ကနေပြီး မြက်ခြောက်တွေနဲ့ မီးမြှိုက်တယ်။ မီးမြှိုက်လိုက်တဲ့အခါ ခြကောင်လေးတွေရဲ့ ဆီတစ်မျိုးနဲ့ ရောစပ်သွားလို့ ပြောင်းဖူး ဖုတ်စားရတာ တကယ့်အရသာပဲဗျို့'ဟု ပြောပြသည်။ ထိုသို့ပြောလိုက်ရ၍ မင်ဒဲလားသည် ကလေးဘဝ ပြန်ရောက်သွားရသလို ခံစားမိပေလိမ့်မည်။ စကားပြောရင်း ပြောင်းဖူးဖုတ် အရသာကလေးကို စားမြုံ့ပြန်မိပေလိမ့်မည်။

မင်ဒဲလားသည် ကျွန်ုပ်ဘက်သို့ လှည့်ကြည့်ပြီး 'ခင်ဗျားကတော့ တစ်ခါမှ နွားကျောင်းဖူးမှာ မဟုတ်ဘူးထင်တယ်၊ ဟုတ်လား ရစ်ချတ်'ဟု မေးသည်။ ကျွန်ုပ်က နွား မကျောင်းခဲ့ဖူးကြောင်း ပြန်ပြောလိုက်သည်။ သူက ခေါင်းညိတ်လိုက်၏။ အသက် ရှစ်နှစ် ကိုးနှစ်သားအရွယ် လူငယ်ကလေးဘဝတွင် မင်ဒဲလားသည် တစ်နေကုန် နွားကျောင်းခဲ့ရသည်။ သူ့မိခင်သည် နွားအနည်းငယ်ပိုင်သည်။ သို့ရာတွင် ရွာသားများပိုင် ကျွဲနွားအစုအပေါင်းက အများဆုံး ဖြစ်သည်။ မင်ဒဲလားနှင့် ရွာထဲက အခြားကလေးငယ်များက ကျောင်းပေးခဲ့ရသည်။ မင်ဒဲလားက ကျွဲကျောင်း နွားကျောင်း နည်းစနစ်ကို ပြောပြခဲ့သည်။

'တကယ်လို့ ခင်ဗျားက နွားတွေကို တစ်ဖက်တည်းကို စုဝေးသွားစေချင်ရင် သူတို့နောက်ဘက်က တုတ်တစ်ချောင်းနဲ့ နေရတယ်၊ လိမ္မာတဲ့နွားတွေကို ရှေ့ဆုံး ပို့ပြီး သွားစေချင်တဲ့ တစ်နေရာတည်းဘက်ကို လွှတ်ပေးလိုက်ရတယ်၊ ကျန်တဲ့ နွားအုပ်က ပိုပြီး တက်ကြွမှုရှိတဲ့ နွားတွေနောက်က လိုက်သွားပါလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နွားအုပ်ကြီးကို ခင်ဗျားဟာ နောက်ဆုံးက လမ်းပြ ခေါ်ဆောင်သွားနေတာပါပဲ'

မင်းဒဲလားက တစ်အောင့်နားလိုက်ပြီး 'ခေါင်းဆောင်ဆိုတာလည်း ဒီလိုပဲ လုပ်ရတယ်ဗျ'ဟု ပြောသည်။

ဤဇာတ်လမ်းမှာ ပုံဆောင်ပြမှုတစ်ရပ်သာပင်။ သို့ရာတွင် ယင်း၏ အယူအဆမှာ ခေါင်းဆောင်မှုနှင့် ပတ်သက်၍ အခြေခံအကျဆုံး ဖြစ်သည်။ လူများကို တစ်နေရာတည်းသို့ စုဝေးရောက်ရှိသွားစေလိုပါက သူတို့၏ တွေးခေါ်ဆင်ခြင်မှုနှင့် လုပ်ရပ်များကို ဦးတည်ရာပြောင်းပေးရန် လိုအပ်သည်။ ထို့ပြင် ယင်းသို့ လုပ်ဆောင်ရာတွင် ရှေ့ဆုံးမှထွက်ပြီး 'လိုက်ခဲ့ကြ'ဟု ဆိုလိုက်၍ မရပေ။ မိမိ၏ ရှေ့ဘက်သို့ သွားခွင့်ပြုရမည်။ တွန်းပို့ပေးတတ်ရမည်။ ရှေ့မှ သွားခွင့်ပြုလိုက်ခြင်းဖြင့် မိမိတို့၏ ရှိရင်းခေါင်းဆောင်မှု သို့မဟုတ် စိတ်ကူး အတွေးအခေါ်များကို အကောင်အထည်ဖော်ရန် အခြေအနေတစ်ရပ် ဖန်တီးပေးရာ ရောက်သွားတတ်သည်။ ဤအချက်သည် ဘဝနယ်ပယ်တိုင်းအတွက် တန်ဖိုးကြီးမားသည်။ မန်နေဂျာတစ်ဦးက လုပ်ငန်းနှင့်ပတ်သက်၍ မဟာဗျူဟာသစ်များ အကောင်အထည်ဖော်ရန် ဝန်ထမ်းများအား တိုက်တွန်း အားပေးမှုသည် ယင်း သဘောပင် ဖြစ်သည်။ သာမန်အားဖြင့် သတ်မှတ်ထားသည်ထက် အိမ်တွင် မိဘများက သားသမီးများအား သင့်တင့်လျောက်ပတ်သော စည်းမျဉ်းစည်းကမ်းနှင့် အမူအကျင့်များနှင့် ပတ်သက်၍ လမ်းညွှန်ပြသခြင်းသည်လည်း ယင်းသဘောနှင့် တူသည်။

မင်းဒဲလား၏ မိတ်ဟောင်းဆွေဟောင်းကြီးတစ်ဦးက ပြောဖူး၏။ မင်းဒဲလားသည် ထက်မြက်ပြီး ဩဇာတိက္ကမ ကြီးမားလှသည်။ ထို့ကြောင့် သူ ဉာဏ်ပညာကြီးမှုအတွက် အလေးမထားတတ်ကြချေ။ လူများသည် မင်းဒဲလား၏ ဉာဏ်ပညာကြီးမားမှုကို အလေးမထားတတ်ဘဲ သူကိုယ်တိုင် ရောက်ရှိရပ်တည်နေမှုအပေါ် မကြာ မကြာ ရည်ညွှန်းပြောဆိုတတ်သည်။ သို့ရာတွင် မင်းဒဲလားသည် သူ၏ ဉာဏ်ပညာအတိုင်းအတာကို လျှော့တွက်၍ မထားချေ။ သူသည် လေ့လာမှု၌ လျင်မြန်ခြင်း မရှိမှုကိုမူ သိခဲ့သည်။ ကြိုးစား၍ လေ့လာခဲ့ရသည်။

မင်းဒဲလားသည် အဘက်ဘက်မှနေ၍ အရာဝတ္ထုများအကြောင်း နားလည်ပြီး ပြဿနာများကို ဖြေရှင်းနိုင်ရန် နာရီပေါင်းများစွာ အချိန်ယူလေ့လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် အမှန်တကယ် မပိုင်ဆိုင်သော အသိဉာဏ်မျိုးရှိလေသယောင် ဟန်မဆောင်တတ်ပေ။ ထို့ကြောင့် မင်ဒဲလားသည် မိမိထက် ဉာဏ်ပညာထက်မြက်၍ စွမ်းအားပိုမိုလျင်မြန်သည်ဟု ယူဆရသူများနှင့် အပေါင်းအသင်း ဖြစ်သွားတတ်သည်။ အမှန်တကယ် တတ်မြောက်ကျွမ်းကျင်သူဟု သူ ထင်မှတ်ထားသူထံမှ လေ့လာသင်ယူလိုသည်။ တစ်ခုခုကို တောင်းပန်ရန်လည်း ဝန်မလေးတတ်ပေ။ သူတစ်ပါးထံမှ အကူအညီ (သို့မဟုတ်) အကြံဉာဏ်တောင်းခံမှုကြောင့် ထိုသူတို့ထံမှ သင်ယူရရှိရုံသာမက သူတို့အပေါ် လုပ်ပိုင်ခွင့်အာဏာ ပေးလိုက်ပြီး မိတ်ဆွေဖြစ်လာခွင့်ဖြစ်ပေါ် လာစေသည်။ သူတစ်ပါးထံမှ အကူအညီ တောင်းရသည့်အတွက် အောက်ကျသည်ဟု မထင်တတ်ပေ။ မိမိက သူတစ်ပါးထံ အောက်ကျို့လိုက်၍ မိမိအပေါ် တွင် သစ္စာစောင့်သိ ရင်းနှီးမှုပင် ပိုမိုတိုးပွားလာစေနိုင်သည်ဟု သိနားလည်ထားသည်။

× × ×


နောက်ဆုံးမှနေ၍ ဦးဆောင်တွန်းပို့မှု နည်းလမ်းကို မင်ဒဲလားသည် ဖခင်ထံမှ မဟုတ်ဘဲ Great Place တွင် သူ့အား ပြုစု ပျိုးထောင်ပေးခဲ့သူ ဘုရင်ကြီး Jongintava ထံမှ ရရှိခဲ့သည်။ မင်ဒဲလား၏ဖခင် ကွယ်လွန်သွားပြီးနောက် မိခင်ကြီးသည် မင်ဒဲလား၏ ပစ္စည်းအားလုံးကို အိတ်တစ်လုံးတွင်ထည့်ပြီး ထရန်စကီရွာမှနေ၍ Thembuland (Great Place) ဒေသ၏ မြို့တော် Mqhekezweni မြို့သို့ ခြေကျင်လျှောက်သွားခဲ့သည်။ မင်ဒဲလား၏ ဖခင်သည် ဘုရင်ကြီး၏ အတိုင်ပင်ခံတစ်ဦး ဖြစ်ခဲ့သည်။ ထို့ကြောင့် ဘုရင်ကြီးက မင်ဒဲလားကလေးကို ဘုရင့်သားတော် ဂျက်စကစ်၏ အတိုင်ပင်ခံအဖြစ် လေ့ကျင့်မွေးမြူပေးလိုသည်။ ဂျက်စကစ်သည် မင်ဒဲလားနှင့် ခေတ်ပြိုင်ဖြစ်သည်။ သူ၏နေအိမ်ရှိရာ ကူနူးရွာကလေးမှ သူ့ အမေနှင့်အတူ မြို့တော်သို့ တိတ်တိတ်ဆိတ်ဆိတ် ခရီးရှည်ကြီး လျှောက်ခဲ့ရသည်ကို ပြန်လည်သတိရကြောင်း ပြောပြတတ်သည်။ မိမိ သိကျွမ်းခဲ့သော တစ်ခုတည်းသော ကမ္ဘာလောကကို စွန့်ခွာခဲ့ရ၍ ဝမ်းနည်းကြေကွဲမိရှာသည်။ သို့ရာတွင် Great Place သို့ ရောက်သွားသောအခါ ကြီးကျယ်ခမ်းနားမှုကြောင့် တအံ့တသြဖြစ်သွားမိသည်။ မင်ဒဲလားသည် မိမိ၏ အကျဉ်းထောင် ဒိုင်ယာရီထဲ၌ 'ဤအရာဆက်

www.burmeseclassic.com

www.burmeseclassic.com



ဒက်စမွန် တူးတူးနှင့် အတူတကွ




မင်ဒဲလားနှင့် ဇနီး

www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်ဘက်ခမ်းနှင့် ခွေးထွေးစွာ တွေ့ဆုံစဉ်



မင်းသမီး ဒိုင်ယာနာနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



သာလွန်သောအရာ ရှိနိုင်ပါဦးမည်လောဟုပင် ထင်မှတ်ခဲ့မိပါသည်'ဟူ၍ မှတ်တမ်းတင်ထားသည်။ အမှန်အားဖြင့် Great Place သည် တဲဝိုင်းကြီး ၁၂ လုံး ကျော်ကျော်နှင့် ဧရာမဥယျာဉ်ကြီးတစ်ခုသာရှိသော နေရာတစ်ခုဖြစ်သည်။ အာဖရိက ထီးနန်းအစဉ်အလာစံဖြင့် တိုင်းတာကြည့်လျှင် အလွန်ပင် ရိုးကုပ်လှသည်။ သို့ရာတွင် မင်ဒဲလားသည် ကမ္ဘာလောကကြီး၏ အလယ်ဗဟိုချက်သို့ သူ ခြေချမိခဲ့ပြီဟု ထင်မှတ်မိခဲ့ရှာသည်။

သူတို့သားအမိ နေ့လယ်အချိန်တွင် ရောက်ရှိသွားခဲ့ကြောင်း အမှတ်ရနေသည်။ ရွာ၏ အနောက်ဘက်ဂိတ်တွင် မော်တော်ကားရှည်ကြီးတစ်စင်း လျှောခနဲ ထွက်သွားသည်ကို တွေ့လိုက်ရသည်။ အရိပ်ထဲတွင်ထိုင်နေကြသော ရွာသူရွာသားအားလုံးက ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး ဇိုဆာဘာသာဖြင့် 'ဂျွန်ဂင်တာဘာ ဘုရင်ကြီး သက်တော်ရာကျော် ရှည်ပါစေ'ဟူ၍ အော်ဟစ် ကြိုဆိုကြသည်။ ဘုရင်ကြီးနှင့်ပတ်သက်၍ မင်ဒဲလားက မိမိ၏ နေ့စဉ်မှတ်တမ်းတွင် 'အရပ်ပုပု၊ တုတ်ခိုင်ခိုင်၊ အသားမည်းမည်းနှင့် လူကြီးတစ်ဦးဖြစ်သည်၊ ဝတ်စုံ သပ်သပ်ရပ်ရပ် ဝတ်ထားသည်၊ ကားထဲမှထွက်လိုက်ပြီး သစ်ပင်အောက်ရှိလူများကို နှုတ်ဆက်ပြီး စိတ်ဓာတ်ခိုင်မာပုံရသည်၊ ဉာဏ်ပညာရှိပုံပေါ်သည်၊ ဘုရင်ကြီး၏ ယုံကြည် စိတ်ချ တတ်မှုနှင့် ဟန်ကြီးပန်ကြီးမလုပ်သော အမူအရာတို့က ချီးမြှောက်သင့်လျှင် ချီးမြှောက်၍ အရေးယူသင့်လျှင် ယူတတ်သူတစ်ဦးဖြစ်ကြောင်း ထင်ရှားပေါ်လွင်သည်'ဟု ရေးမှတ်ထားသည်။

ထိုနေ့သည် သူ့ဘဝကျန်ရှိသော ကာလတစ်လျှောက် မမေ့နိုင်စရာ ဖြစ်ခဲ့သည်။ မင်ဒဲလား၏ နေ့စဉ်မှတ်တမ်းတွင်ပါရှိသည့် အချက်အရ Great Place သို့ မရောက်မီ အထိ သူ၏ ဝါသနာမှာ တုတ်သိုင်းဝိဇ္ဇာ (သို့မဟုတ်) နာမည်ကျော်မုဆိုးကြီး တစ်ဦး ဖြစ်လိုသည်။ 'သို့ရာတွင် ထိုသို့ရောက်ရှိသွားသော ပထမနေ့မှာပင် ကျွန်ုပ်သည် မြေပြင်မှ အမြစ်နှင့် အကိုင်း အခက် အနုတ်ခံလိုက်ရပြီး ရေစီးသန် ချောင်း အလယ်သို့ ပစ်ချခံလိုက်ရသလို ခံစားရသည်'ဟု ရေးခဲ့သည်။ ထိုရေစီးကြောင်းမှာ ခေါင်းဆောင်မှုလမ်းစပင် ဖြစ်သည်။ သို့ရာတွင် ထိုလမ်းစက သူ့အား ပိုမိုကြီးမားသော ကမ္ဘာလောကကြီးထဲသို့ မည်သို့မည်ပုံ လမ်းပြခေါ်ဆောင်သွားမည်နည်းဟု ထိုစဉ်က လုံးဝ မတွေးမိခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားသည် ဘုရင်ကြီး၏ ဟန်ပန်နှင့်အမူအရာကို အနီးကပ် လေ့လာခဲ့သည်။ မျိုးနွယ်စု အကြီးအကဲရာထူးသည် ထိုဒေသနေ လူအများနှင့် မင်ဒဲလား၏ ဘဝအပေါ် မဏ္ဍိုင်ပြုလျက် ရှိသည်။ ဘုရင်ကြီးသည် ပညာမတတ်ရှာပေ။ (အရေးရော အဖတ်ပါ မတတ်ချေ) သို့ရာတွင် သံဘူဒေသသမိုင်းနှင့် ထုံးတမ်းစဉ်လာကို ထိန်းသိမ်းစောင့်ရှောက်နေရသည်။ ဘုရင်ကြီးသည် ခေါင်းဆောင်ဖြစ်လာရန် မွေးဖွားလာခဲ့ပုံပေါ်သည်။ သို့ရာတွင် ပြည်သူတို့၏ အစေခံသဘောသို့လည်း သက်ရောက်လျက်ရှိသည်။ မျိုးနွယ်စု အကြီးအကဲ ရာထူးသည် လုပ်ပိုင်ခွင့်အရ မဟုတ်ဘဲ ရပိုင်ခွင့်အရ လက်ခံထားခြင်း ဖြစ်သည်။ ခေါင်းဆောင်တစ်ဦး၏ အဓိကကျလှသောပုံစံသည် လူအများ၏ရှေ့သို့ တစ်ရှိန်ထိုး တွန်းပို့ရန်မဟုတ်ဘဲ လူအများ၏ သဘောဆန္ဒကို လုပ်ဆောင်ပေးရန်လည်း ဖြစ်သည်။

ဘုရင့်နန်းတွင်း အစည်းအဝေးများသည် မြို့တော်ခန်းမ အစည်းအဝေးများနှင့် တူညီသည်။ ခေါင်းဆောင်မှုဘဝ ကိန်းအောင်းရာဖြစ်သည်။ အစည်းအဝေးသို့ ရွာပေါင်းစုံမှ လူပေါင်းစုံလာကြသည်။ စကားပြောချင်သူ ထ၍ ပြောနိုင်သည်။ ဘုရင်ကြီးသည် မိမိ၏ ကိုယ်ပိုင်သဘောထားကို မပြောကြားမီ မိမိ၏ အတိုင်ပင်ခံများနှင့် ပြည်သူထု၏ သဘောထားအမြင်များကို နားထောင်ရသော ထုံးစံရှိသည်။ ဘုရင်ကြီးသည် အမြဲပင် ခါးကို မတ်မတ်ထား၍ ရပ်နေတတ်သည်။ ဝံ့ဝံ့ကြွားကြွား ရှိသည်။ အစည်းအဝေး အပြီး မိမိ၏အမြင်ကို ပြောကြားရာတွင် အများထံမှ မိမိကြားသိလိုက်ရသမျှ အချက်အလက်များကို ပေါင်းရုံး ဆွေးနွေးတတ်သည်။ ဘုရင်ကြီးသည် စိတ်ဓာတ်ခိုင်မာသည်။ သို့ရာတွင် အများပြည်သူတို့၏ သဘောထားကို ကျော်လွန်၍ လုပ်ဆောင်ရန် မလိုလားတတ်ပေ။

မင်ဒဲလား ဆိုလိုသည့် အနောက်ဘက်မှ ဦးဆောင်တွန်းပို့ခြင်းဟူသည်မှာ ဤသဘောပင် ဖြစ်သည်။ အကြီးအကဲကောင်းတစ်ဦးသည် မိမိ၏သဘောထားကို ခံ့ခံ့ညားညား ပြောကြားပြီး သူခိုင်းသလိုလုပ်ကြရန် အမိန့်ပေးရိုး ထုံးစံမရှိချေ။ သူသည် နားထောင်သည်။ အချက်အလက်ပေါင်းစုံကို စုစည်းသည်။ မိမိသဘောထားကို ဖော်ဆောင်ရန် ကြိုးစားသည်။ ထို့နောက် ပြည်သူတို့အား လက်တွေ့လုပ်ဆောင်ကြရန် လမ်းကြောင်း ထိန်းပေးသည်။ နွားကျောင်းသားကလေး နောက်ဘက်မှနေ၍ နွားများကို ထိန်းကျောင်းခြင်းနှင့် ဘာမျှမခြားပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ခေါင်းဆောင်မှုဆိုင်ရာ အာဖရိက ထုံးတမ်းစဉ်လာများအနက် အကောင်းဆုံးအဖြစ် မင်းဒဲလားက သဘောထားသည်။ သူသည် အနောက်နိုင်ငံအား ပုဂ္ဂိုလ်ရေး အကျိုးစီးပွားရှာတတ်မှုကို တားဆီးကာကွယ်ပေးနေသည့် နေရာဟု မြင်မိသည်။ အနောက်နိုင်ငံတွင် လူအများသည် ရှေ့သို့တိုးထွက်ရန် အလုအယက် ကြိုးပမ်းနေကြသည်။ သူတစ်ပါး နောက်ချန် ကျန်ရစ်အောင် အားထုတ်နေတတ်ကြသည်။ ကိုယ်ပိုင်မှု (Individualism) ဝါဒသည် ဥရောပနှင့် အမေရိကန်နိုင်ငံများသို့သာ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့၏။ အာဖရိကသို့မူ မဝင်ရောက်နိုင်ခဲ့ချေ။ ခေါင်းဆောင်မှုဆိုင်ရာ အာဖရိက ပုံစံမှာ ubuntu အယူအဆတွင် အထင်အရှား ဖော်ပြထားသည်။ ယင်းအယူအဆအရ လူအများသည် တစ်ဦးကိုတစ်ဦး လုပ်ပိုင်ခွင့်အာဏာပေးထားသည်။ တစ်ဦးနှင့် တစ်ဦး တစ်ကိုယ်ကောင်း မဆန်သော အချင်းချင်း ဆက်နွှယ်လုပ်ဆောင်မှုများဖြင့် အကောင်းဆုံးဘဝ ဖန်တီး ဖြစ်ပေါ်စေနိုင်သည်။

စနေ တနင်္ဂနွေ တစ်နေ့ နံနက်ပိုင်းတွင် Houghton ရှိ မင်းဒဲလား၏ အိမ်သို့ ကျွန်ုပ် ရောက်ရှိသွားသည်။ ခြံရှေ့ဝင်းပေါက်အလွန် ခြံတွင်း လမ်းပေါ်တွင် မင်းဒဲလားနှင့် အကြံပေးအုပ်စုတစ်စုသည် အရိပ်ထဲ၌ ခေါက်ကုလားထိုင်များအပေါ် ထိုင်လျက် ဆွေးနွေးနေကြသည်။ ကျွန်ုပ်သည် သူတို့ဝိုင်း၏ အပြင်ဘက်တွင် ကုလားထိုင်တစ်လုံးဆွဲလျက် ဝင်ထိုင်လိုက်သည်။ ကျွန်ုပ် အံ့ဩသွားမိသည့် အချက်တစ်ရပ်မှာ ထိုလူစုသည် အာပေါင်အာရင်းသန်သန် အော်ဟစ် ပြောဆိုနေကြသည်။ အချို့က မင်းဒဲလားကို ဝေဖန်နေသည်။ တစ်စုံတစ်ခုလုပ်ရာတွင် မင်းဒဲလား မှားသွားသည်ဟု တိုက်ရိုက်စွပ်စွဲပြောကြားသည်။ အချို့မှလွဲ၍ ထိုလူအားလုံးမှာ လေးစားထိုက်သူများ ဖြစ်သည်။ အချို့က အလွန်ဒေါသကြီးလွန်းသည်။ ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။ မင်းဒဲလားသည် မလှုပ်မယှက်ဘဲ တည့်တည့်မတ်မတ် ထိုင်နေသည်။ ဘာမျှမဖြစ်သလို မျက်နှာထားမျိုးဖြင့် ပြောသမျှစကားများကို ဂရုတစိုက် နားထောင်နေသည်။ မျက်နှာထိ မျက်နှာထား ပိရိလှသည်။ အစည်းအဝေးအပြီး အကြံပေးပုဂ္ဂိုလ်များ ပြန်ခါနီးအချိန်တွင် မင်းဒဲလား စကားပြောသည်။ သူတို့အားလုံး၏ သဘောထား အားလုံးကို ပေါင်းရုံးတင်ပြသည်။ မည်သူ၏ သဘောထားကို မိမိလက်ခံကြောင်း လုံးဝမပြောခဲ့ချေ။ အကြံပေးပုဂ္ဂိုလ်များသည်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်လိုက်ရ၍ ယခုမှ ရင်ထဲပေါ့သွားပုံရသည်။ မိမိတို့ပြောလိုက်၍ မင်ဒဲလား လုပ်မည် မလုပ်မည်ကို အလေးမထားတော့ချေ။ မင်ဒဲလားက အငြင်းပွားမှု တစ်ရပ်ကို အပြီးသတ်သွားစေရန် အကောင်းဆုံးနည်းမှာ ဆန့်ကျင်ပြောသမျှ အချက်အလက်အားလုံးကို သည်းခံနားထောင်တတ်ဖို့ အရေးကြီးသည်ဟု မင်ဒဲလား နားလည်သည်။

နောင်တွင် ကျွန်ုပ်တို့ ဆွေးနွေးပွဲအကြောင်း၊ သူ ခေါင်းဆောင်မှု အနေအထား အကြောင်း မေးကြည့်သည်။ 'ကျုပ်တို့အဖွဲ့က ဒီမိုကရေစီကျကျ ကျင့်သုံးတဲ့အဖွဲ့ပါ။ ကျုပ်က တစ်ခါ တစ်ခါ အမျိုးသားအုပ်ချုပ်ရေးကော်မတီ အစည်းအဝေးတစ်ခု မှာ ကျုပ်အယူအဆကို တင်ပြတဲ့အခါ ဆူပူကန့်ကွက်တတ်ကြတယ်။ ပယ်ချတတ် ကြတယ်။ အဲဒီအခါမျိုးကျရင် သူတို့ ဘက်က မှားနေတောင်မှ သူတို့စကားကို နားထောင်လိုက်တယ်။ အဲဒါ ဒီမိုကရေစီ ကျင့်စဉ်ပဲဗျ'ဟု ပြောပြီး တဟားဟား ရယ်မောလိုက်သည်။ အဖြစ်အပျက် တော်တော်များများတွင် ပုဂ္ဂိုလ်ရေး ပြဿနာ များနှင့် ပတ်သက်သော မိမိ၏ သဘောထားအမြင်များသည် ဒီမိုကရေစီ စနစ် ပီသစွာ လုပ်ဆောင်နိုင်ရေးထက် အရေးမကြီးတတ်ပေ။ ပုဂ္ဂိုလ်ရေးကိစ္စ အရှုံးပေး လျက် ဒီမိုကရေစီသဘောတရားကို အနိုင်ပေးလိုက်ခြင်း ဖြစ်သည်။

မင်ဒဲလား သမ္မတ ဖြစ်လာသောအခါ အစိုးရအဖွဲ့ အစည်းအဝေးများကို ထိုနည်းအတိုင်း ဦးစီးကျင်းပတတ်သည်။ ဆန့်ကျင်ဘက် အယူအဆများကို နားလည် သဘောပေါက်စေရန် အထူးကြိုးစားတတ်သည်။ သူသည် နောက်ဆုံးမှ စကားပြော တတ်၏။ ပြောပြန်လျှင်လည်း သူတစ်ပါးပြောသည်ထက် ပိုမို၍ တိုတောင်းလှ သည်။

မင်ဒဲလားသည် အေဗရာ ဟမ်လင်ကွန်းကို ခေါင်းဆောင်မှု စံနမူနာအဖြစ် အခွင့်ကြုံတိုင်း ပြောတတ်သည်။ ကျောင်းသားဘဝကပင် လင်ကွန်းအကြောင်း သိမှတ်ခဲ့ရသည်။ အမှန်ဆိုရလျှင် ကျောင်းနေစဉ်ဘဝက ကျောင်းကပွဲတွင် လင်ကွန်း၏နေရာ၌ သူ သရုပ်ဆောင်ပါဝင်လိုခဲ့သည်။ အခြားကျောင်းသားတစ်ဦး က သူ့ထက် အရပ်ပိုရှည်၍ လင်ကွန်း နေရာမှ အမြဲပါဝင်ရသည်။ (မိမိကသူ လင်ကွန်းကို လုပ်ကြံသူ John Wilkes boc:h နေရာနှင့် ကျေနပ်ခဲ့ရကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မချိတင်ကဲ ပြောပြခဲ့သည်) လင်ကွန်းသည် မိမိ၏ အပြင်းထန်ဆုံး ပြိုင်ဘက်များအား မိမိအစိုးရအဖွဲ့အတွင်း နေရာပေးခဲ့ကြောင်း မင်ဒဲလား သတိပြုခဲ့မိသည်။ ထိုနည်းအတူပင် မင်ဒဲလားသည် မိမိ၏ ဆန့်ကျင်ဘက် ပြိုင်ဘက်များကို မိမိ၏ ပထမဆုံး အစိုးရအဖွဲ့အတွင်း ထည့်သွင်း ခန့်ထားခဲ့သည်။ အစိုးရအဖွဲ့ ထိန်းချုပ်မှုတွင် လင်ကွန်းသည် အာဏာစွမ်းပကားထက် စည်းရုံးသိမ်းသွင်းမှု နည်းလမ်း အသုံးပြုခဲ့ပုံကို မင်ဒဲလား အထူး သဘောကျခဲ့သည်။ လင်ကွန်းက မိမိအစိုးရအဖွဲ့ဝင်တစ်ဦးနှင့် ပတ်သက်၍ 'လူတွေကို စည်းရုံးသိမ်းသွင်း လုပ်ဆောင်စေပြီး အခုလိုလုပ်တာ သူ့စိတ်ကူးနဲ့ သူလုပ်တာလို့ ထင်မှတ်စေတာ လိမ္မာပါးနပ်မှုပဲ' ဟု ပြောခဲ့ကြောင်း မင်ဒဲလားက ကျွန်ုပ်အား ပြောပြခဲ့ဖူးသည်။

မင်ဒဲလားအတွက် နောက်ဘက်မှ ဦးတည်တွန်းပို့ခြင်း၊ (Leading from the Back) သည် တစ်နည်းတစ်လမ်းအားဖြင့် ရှေ့ဘက်မှ ဦးတည်ခေါ်ဆောင်ခြင်း၊ (Leading from the Front) ကို ပုံဖျက်ထားခြင်းဟု ဆိုနိုင်သည်။ သို့အတွက် မင်ဒဲလားသည် မိမိအပါအဝင် တစ်ဦးတစ်ယောက်၏ ခေါင်းဆောင်ရမှုဘဝ ကန့်သတ်ချက်များရှိနေကြောင်းကိုလည်း နားလည်သည်။ ထောင်မှထွက်လာချိန်တွင် အာဖရိကန်လူမျိုး Rip Van Winkle တစ်ယောက်ပမာ ဖြစ်နေခဲ့သည်။ (အမေရိကန်ဝတ္ထုထဲမှ ရစ်ဗင်ဝင်းကဲသည် တောင်ပေါ်တွင် နှစ်ပေါင်းနှစ်ဆယ် အိပ်ပျော်သွားခဲ့၍ ခေတ်ကြီး ပြောင်းသွားသည်ကို မသိခဲ့ရှာပေ) မင်ဒဲလား ဘာမျှမသိ၍ မိတ်ဆွေများနှင့် ရဲဘော်လေးများက သူ အထဲရောက်နေခိုက် ဖြစ်ပျက်သမျှအကုန် ပြောပြရသည်။ ကွတ္တိယ အခွင့်အရေးတောင်းဆိုမှု တိုက်ပွဲများ၊ ခေတ်သစ် မီဒီယာအကြောင်း၊ အေ့ဒ်စ်နှင့် အိပ်ချ်အိုင်ဗွီအကြောင်းနှင့် အခြား အကြောင်းအရာ အတော်များများကို ပြောပြပေးခဲ့ရသည်။ ဤသည်ပင် လိုအပ်သည့်အတိုင်း နောက်ကျကျန်သော စာသင်သားများကို လက်တွဲခေါ်ယူ ဖေးကူမှုမျိုးလည်း ဖြစ်သည်။ အာဖရိကပုံစံ စုပေါင်းခေါင်းဆောင်မှု အယူအဆ ဆိုင်ရာ ထုတ်ဖော်ပြသလိုက်မှုလည်း ဖြစ်သည်။ ကလေးဘဝမှစ၍ မင်ဒဲလား သည် စုပေါင်းဦးဆောင်မှု အကျိုးကျေးဇူးနှစ်ရပ်ကို နားလည်လာခဲ့သည်။ အုပ်စု လိုက် အသိဉာဏ် စုစည်းလုပ်ဆောင်မှုဖြစ်၍ တစ်ဦးတည်း၏ အသိဉာဏ်ဖြင့် လုပ်ဆောင်ရမှုထက် တစ်ပန်းသာသည်။ အုပ်စုလိုက် စုပေါင်းအားစိုက် လုပ်ကိုင်၍

www.burmeseclassic.com

www.burmeseclassic.com



ရရှိခံစားလာနိုင်မှု အတိုင်းအတာက တစ်ဦးတည်း အားစိုက်လုပ်ကိုင်၍ ရရှိခံစားလာနိုင်မှု အတိုင်းအတာထက် ပိုမိုကြီးမားသည်။ နှမထပ်ကွမ်း မြတ်စွန်းမှုပင်ဖြစ်သည်။

နောက်ဘက်မှ ဦးတည် တွန်းပို့ခြင်းကြောင့်လည်း အကျိုးဖြစ်ထွန်းလာနိုင်ပါသည်။ မိမိလိုချင်သော ရည်မှန်းချက်ကို အတွဲအဖက်ညီညီ လုပ်ဆောင်ရရှိနိုင်ပါသည်။ သူတစ်ပါးအတွက်လည်း ကောင်းပါသည်။ မိမိအတွက်လည်း ကောင်းပါသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

၅

## ဖြစ်ချင်သည့်အတိုင်း မြင်ကြပါစေ

ကျွန်ုပ်တို့သည် လူတို့၏ စရိုက်ပါဝင်မှု ပမာဏကိုကြည့်ပြီး လူတစ်ယောက် အဆိုးအကောင်း ဆုံးဖြတ်နိုင်ရန် ကြိုးစားတတ်ကြသည်။ သို့ရာတွင် မင်ဒဲလား ခံယူထားချက်အရ လူတစ်ဦး၏စရိုက်ကို ကြည့်နိုင်စေမည့် အကောင်းဆုံးနည်းလမ်းမှာ အပြင်ပန်းအားဖြင့် တန်ဖိုးထား ကြည့်တတ်ခြင်း ဖြစ်သည်။ သူ့ဘဝတစ်လျှောက် လုံးတွင် အရာရာ၏ ပြင်ပ အသွင် (appearance) ကို အလေးထားခဲ့သည်။ သူ ဝတ်ထားသည့် ရှပ်အင်္ကျီအရောင်မှသည် မိမိ၏ရိုးဖြောင့်မှုကို လူထုသိမြင် စေနိုင်သော ပေါ်လစီအထိ ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးက စာအုပ်အဖုံးကို ကြည့်ပြီး ထိုစာအုပ် အဆိုးအကောင်း ပြောတတ်ကြသည်။ ထို့ကြောင့် မင်ဒဲလားက စာအုပ်အဖုံးကြည့်ပြီး စာအုပ်တစ်အုပ်ကို အကဲမဖြတ်ပါနှင့်ဟု ဘယ်သောအခါမျှ ပြောလိမ့်မည် မဟုတ်ပေ။ သူသည် ချမ်းသာသူတစ်ဦးဖြစ်သော်လည်း ပြင်ပ အရှိအတိုင်း အကဲမဖြတ်လျှင် အဓိပ္ပာယ်မရှိဟု ပြောတတ်သည်။ ပြင်ပ အရှိအတိုင်း သည် အရေးကြီးသည်။ ပထမဦးဆုံး အမြင်လှနေဖို့ဟူသော အခွင့်အလမ်းတစ်ခု တည်းသာ ဖြစ်သည်။

မင်ဒဲလားသည် အဝတ်အစား သဘောကျတတ်သည်။ ရှိလည်းရှိသည်။ ဝတ်လည်း ဝတ်သည်။ အဝတ်အစားကြောင့် လူတင့်တယ်နေခြင်းဟု မပြော တတ်ပေ။ သို့ရာတွင် အဝတ်အစားကြောင့် တစ်ခဏချင်း လူအထင်ကြီးသွား စေရန်တော့ လုပ်နိုင်သည်။ မင်ဒဲလား၏ အယူအဆအရ ပကတိပုံပန်း ပီသစေလို

www.burmeseclassic.com

www.burmeseclassic.com



လျှင် မှန်ကန်သော အဝတ်အစားကို ဝတ်ဆင်ခြင်းပင် ဖြစ်သည်။ ဤအချက်ကို လူငယ်ကလေးဘဝကပင် သင်ယူတတ်မြောက်လာခဲ့သည်။ မင်ဒဲလား ကျောင်းစတက်ရသည့်နေ့တွင် ဝတ်ဆင်နိုင်ရန် ဖခင်ဖြစ်သူသည် မိမိ၏ မြင်းစီးဘောင်းဘီကြီးကို ဖြတ် ညှပ် ကပ်ပြီး ကျောင်းဝတ်စုံလုပ်ပေးခဲ့သည်။ ဖခင်က မင်ဒဲလားကလေးကို စောင်ကြမ်းတစ်ထည်ပတ်ထားသော အရိုင်းအစိုင်း 'ဇာတိသား' ကလေးအဖြစ် မမြင်စေရဟု ဆုံးဖြတ်ခဲ့သည်။ နောက်ပိုင်း လူငယ်ကလေးဖြစ်လာချိန်တွင် Thembuland ဘုရင်ကြီး၏ အုပ်ထိန်းခံကလေး ဖြစ်လာသည်။ ထိုအချိန်တွင် ဘုရင့်ဝတ်လဲတော်များကို မီးပူထိုးပေးရသည့် တာဝန်မျိုးလည်း ယူခဲ့ရသည်။ ဘုရင်သည် ဘုရင်နှင့် တူနေဖို့ အရေးကြီးသည်။ ထို့ကြောင့် မင်ဒဲလားသည် ဘုရင်ကြီးနှင့်တူနေအောင် အထူးအလေးထား လုပ်ဆောင်ပေးခဲ့သည်။ တစ်ခါက ကျွန်ုပ်အား မင်ဒဲလားက ဟိုတယ်ခန်းထဲတွင် မီးပူတစ်လုံးရှာခိုင်းဖူးသည်။ သူ့အပေါ်အင်္ကျီတွန့်ကြေနေ၍ ဖြစ်သည်။ သူ့အဝတ်အစားနှင့် အခြားသူများဝတ်ဆင်ထားသော အဝတ်အစား အရည်အသွေးချင်း နှိုင်းယှဉ်သိရှိထားသည်။ Fort Hare တက္ကသိုလ်သို့မတက်ရမီ ဘုရင်ကြီးက သူ့အတွက် သပ်ရပ်ခေတ်မီသော ရင်ဖုံးနှစ်ထပ် ဝတ်စုံချုပ်လုပ် ဝတ်ဆင်စေခဲ့ကြောင်း အသေးစိတ် ပြောပြဖူးသည်။

သို့ရာတွင် မင်ဒဲလားသည် သူဝတ်ချင်သလို ဝတ်ဆင်နိုင်ရန် အမြဲတတ်နိုင်ခဲ့သည် မဟုတ်ချေ။ ဂျိုဟန်နက်စ်ဘတ်မြို့တွင် နေရစဉ် စောစောပိုင်းက ငါးနှစ်လုံးလုံး အဝတ်တစ်ထည်ကိုယ်တစ်ခုဘဝသာ ဖြစ်နေခဲ့သည်။ ငါးနှစ်အကြာတွင် ထိုအဝတ်မှာလည်း မူလအတိုင်း မဟုတ်တော့။ အပေါက်အပြဲတစ်ရာ အစပ်အဖာဗရပွ ဖြစ်လျက်ရှိလေပြီ။ ထိုစဉ်က ဖာတစ်ရာအင်္ကျီဝတ်ခဲ့ရ၍ အရှက်ကြီးရှက်ခဲ့ရပုံကို အောက်မေ့နေဆဲပင်။ နှစ်အနည်းငယ်အကြာတွင် ရှေ့နေပေါက်စကလေးအဖြစ် အောင်မြင်သွားသည်။ ထိုအခါ ပထမဆုံး လုပ်လိုက်သည့် အလုပ်မှာ လက်စွဲတော် အပ်ချုပ်သမားတစ်ဦး ထားရှိလိုက်ခြင်းပင် ဖြစ်သည်။ နောင်တွင် ရှေ့နေဖြစ်လာမည့် George Bizos က မင်ဒဲလားနှင့် အပ်ချုပ်ဆိုင်တွင် ပထမဆုံးတွေ့ခဲ့ဖူးကြောင်း၊ လူမည်းတစ်ယောက် ဝတ်စုံအကျအန တိုင်းတာ ချုပ်လုပ်ဝတ်ဆင်မှုကို ပထမဦးဆုံး မြင်ရဖူးခြင်းဖြစ်ကြောင်း ပြန်ပြောပြသည်။ မင်ဒဲလားတွင် စတိုင်နှင့်ပတ်သက်၍ သဘာဝစိတ်ထား ပါရှိသည်။ ထိုစဉ်က စတိုင်ကျခြင်းသည် ဂိုက်ဆိုက်ကျမှုအဖြစ် သဘောထားခဲ့ကြသည်။ သဘောကျနှစ်ခြိုက်၍ အသုံး

www.burmeseclassic.com

www.burmeseclassic.com



ကောင်း အစားကောင်း ဝတ်ဆင်ခဲ့ခြင်းမျှသာ မဟုတ်ပေ။ ထိုစဉ်က လူဖြူများသည် လူမည်းများ ဝတ်ဆင်ပုံကိုကြည့်၍ ဆက်ဆံတတ်မှုကြောင့်လည်း ဖြစ်သည်။ မင်ဒဲလားက သူ့ကို လူဖြူများက သာမန် အလုပ်ကြမ်းသမား လူမည်းတစ်ဦးအဖြစ် မမြင်စေချင်ပေ။ ကျွမ်းကျင် အတတ်ပညာရှင်တစ်ဦးအဖြစ်သာ အမြင်ခံလိုခဲ့သည်။

သရုပ်ဆောင်သူများသည် ပြဇာတ်တွင် မိမိတို့ ပါဝင် သရုပ်ဆောင်ခွင့်ရမည်ဟု မျှော်လင့်ထားသော ဇာတ်ကောင် အဝတ်အစားမျိုးဝတ်လျက် လူရွေးပွဲသွားသင့်သည်ဟု နားလည်ထားသည်။ ရဲဝံ့သူ ဖြစ်ဟန်ဆောင်ခဲ့လျှင် တကယ့်သတ္တိခဲ ဖြစ်လာနိုင်သည်။ မိမိတို့ဖြစ်စေ၊ ဖြစ်စေချင်သည့် ပုံပန်းသဏ္ဌာန်အတိုင်း ဝတ်စားဆင်ပြင်တတ်လျှင် ဖြစ်စေချင်သည့် ပုံသဏ္ဌာန်အတိုင်း ဝတ်လာနိုင်ကြောင်း သိကြသည်။ ဘဝတစ်လျှောက်လုံးတွင် မင်ဒဲလားသည် သူ ဖြစ်စေချင်သည့် လူတွေက သူ့ကို မြင်စေလိုသည့်အတိုင်း ဝတ်ဆင်လုပ်ကိုင်ပြခဲ့သည်။ ကျောင်းသားဘဝတွင် တိကျ မှန်ကန်မှုနှင့် စနစ်ဇယားရှိမှုကို ဖြစ်စေလိုခဲ့သည်။ လူငယ်ရှေ့နေကလေး ဘဝတွင် တရားသူကြီးများနှင့် အမှုသည်များ အထင်ကြီးစေရန် အော်ဒါချုပ်ဝတ်စုံများ ဝတ်ဆင်ခဲ့သည်။ မြေအောက်တော်လှန်ရေးသမား ဖြစ်လာသောအခါတွင်လည်း တိုက်ပွဲဝင်ဝတ်စုံ ဝတ်ခဲ့သည်။ မုတ်ဆိတ်ကြီးထားခဲ့သည်။ ပထမဆုံး သမ္မတဘဝတွင်လည်း ရှေးရိုးစဉ်လာ ဝတ်စုံရင့်ရင့်များ ဝတ်ဆင်ခဲ့သည်။ နောက်ပိုင်း တောင်အာဖရိက အနည်ထိုင်စပြုလာချိန်တွင် ဥရောပ ဝတ်စုံများ စွန့်ပယ်လိုက်သည်။ ဂုဏ်ယူစရာ အာဖရိကန်အဆင်အသွေး အော်ဒါချုပ် ပိုးရှပ်အင်္ကျီများ ဝတ်ဆင်လာသည်။ အဆိုပါ ရှပ်အင်္ကျီမျိုးများသည် အဝတ်အစားဆိုင်ရာ ပင်ကို အမှတ်တံဆိပ် ဖြစ်လာသည်။ 'မင်ဒဲလား ရှပ်များ' အဖြစ် ခေါ်ဝေါ်လာကြသည်။ မင်ဒဲလား ကိုယ်တိုင်ကလည်း ထိုအင်္ကျီမျိုးကို သဘောကျသည်။ ဗီရိုထဲတွင် အပြည့် ထည့်ထားသည်။ အရောင်တောက်၍လည်း သဘောကျစရာကောင်းသည်။ သြဇာစွမ်းအားသစ်တစ်ရပ်ကိုလည်း ပေါ်ထွန်းလာစေသည်။ အမေရိကန်ဆန်သည်။ တိုင်းရင်းဖြစ် ထင်ရှားသည်။ မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချမှု ဖြစ်ပေါ်လာစေသည်။ မင်ဒဲလား ရှပ်များက ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်ရာ ရောက်သွားသည်။ အာဖရိကန် ခေါင်းဆောင်တစ်ဦး ပီသစေရန် အနောက်တိုင်းဝတ်စုံ ဆင်မြန်းရန် မလိုအပ်တော့ဟူ၍ပင် ဖြစ်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



အပြင်ပန်း ရုပ်ဟန်၏ ဝိသေသအရေးပါမှု လက္ခဏာနှင့်ပတ်သက်၍ ယုံကြည်ထားသည့်အတိုင်းပင် ရော့ဘန်းကျွန်း အကျဉ်းစခန်း၌ မင်ဒဲလား ပွဲဦးထွက် ဆင်နွှဲခဲ့ရသော တိုက်ပွဲမှာ အဝတ်အစားနှင့်ပင် ပတ်သက်သည်။ ထောင်စည်းကမ်းအရ အာဖရိကန်အကျဉ်းသားများသည် ဘောင်းဘီတိုဝတ်ရမည်။ အိန္ဒိယလူမျိုးများနှင့် သွေးနှောအကျဉ်းသားများဟု သတ်မှတ်ထားသူများ ဘောင်းဘီရှည်ဝတ်နိုင်သည်။ မင်ဒဲလားက ဥယျာဉ်စောင့်ကလေးတစ်ဦးပမာ ဘောင်းဘီတိုဝတ်ရခြင်းမှာ အလွန်ပင် စော်ကားခံလိုက်ရခြင်း ဖြစ်သည်ဟု ယူဆသည်။ သို့နှင့် ထိုအကျဉ်းစခန်းအတွင်း တိုက်ပွဲများအနက် အပြင်းထန်ဆုံးတိုက်ပွဲတစ်ရပ် ဆင်နွှဲခဲ့သည်။ နှစ်အနည်းငယ်အကြာ P.W.Botha နှင့် ပထမဆုံးအကြိမ် တွေ့ဆုံရန် ပြင်ဆင်နေရချိန်တွင် မင်ဒဲလားက တောင်အာဖရိကသမ္မတကို အကျဉ်းသား ဘောင်းဘီတိုကလေးဖြင့် မတွေ့ဆုံသင့်ဟု သဘောပိုက်မိ၏။ ဤပုံစံဖြင့်တွေ့လိုက်လျှင် မိမိအပေါ် အထင်သေးသွားစေလိမ့်မည်ဟု ယူဆသည်။ သို့အတွက် ထောင်အာဏာပိုင်များက မင်ဒဲလားအတွက် အထူးဝတ်စုံတစ်ထည် ချုပ်ပေးခဲ့ရသည်။ ထိုဝတ်စုံကိုလည်း သူ ဂုဏ်ယူမိသည်။ သမ္မတဘိုသာနှင့် တန်းတူရည်တူ ဆက်ဆံပြောဆိုခွင့်ရစေခဲ့သော ဝတ်စုံအဖြစ် သဘောထားခဲ့သည်။

ကျွန်ုပ်တို့ ခရီးအတူထွက်ကြသောအခါ နောက်တစ်နေ့အတွက် မင်ဒဲလားသည် မည်သည့်ဝတ်စုံဝတ်မလဲဟု သိချင်နေမိသည်။ သို့မှသာ ကျွန်ုပ်လည်း ဟန်ကျပန်ကျ ဝတ်သွားနိုင်လိမ့်မည်။ ဤကိစ္စအတွက် သူလည်း ခေါင်းအလွန်စားတတ်သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ် သူ့အခန်းထဲ သွားရောက် စုံစမ်းကြည့်ရာ မင်ဒဲလားက 'ရစ်ချတ်ရေ၊ ခင်ဗျား ဘာဝတ်လာမှာတုံး' ဟု မေးတတ်သည်နှင့် ကြုံရသည်။ နောက်ပြောင်လိုက်ခြင်း မဟုတ်ပေ။ သူသည် ကျွန်ုပ် ဝတ်ဆင်ထားသော ဝတ်စုံအကြောင်း၊ လည်စီးအကြောင်း မကြာမကြာ ဝေဖန်တတ်သည်။ ပွဲလမ်းသဘင် တစ်ခုခုတက်ရန် ကျွန်ုပ် ဝတ်ဆင်ထားပုံ စနစ်မကျလျှင်ဖြစ်စေ၊ ပိုကဲလွန်းလျှင် ဖြစ်စေ သူ မကြာမကြာ စိတ်မချမ်းမသာ ဖြစ်သွားတတ်သည်။

ဟန်ကျလှပါသည်။ မင်ဒဲလားသည် အရပ်မြင့်သည်။ သေးသွယ်သည်။ ကျန်းမာ သွက်လက်သည်။ သူ့ကိုယ်နေဟန်ထား ကြည့်ကောင်းသည်။ သူ ကုန်းကုန်းကိုင်းကိုင်းကြီး ရှိမနေတတ်။ ဦးခေါင်းကို တောင့်တောင့်ကြီးထားပြီး ရှေ့ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တတ်ခြင်းလည်း မရှိချေ။ ရော့ဘန်းကျွန်း အကျဉ်းစခန်းတွင် သူလမ်းလျှောက်ပုံနှင့် ကိုယ်နေဟန်ထားကို အမြဲ သတိထားတတ်သည်။ လျို့ဝှက် ညှိနှိုင်းမှုပြုနေစဉ်ပင်ဖြစ်ဖြစ် ထောင်အာဏာပိုင်များရှေ့ရောက်လျှင် တကယ်ပင်ဖြင့်စေ၊ တင်စား၍ဖြစ်စေ သူ မတ်တတ်ရပ်နေသည်ကို မြင်စေလိုသည်။ လူများက သူ့အရိပ်အကဲကို စောင့်ကြည့်နေကြကြောင်း သူသိသည်။ အကယ်၍ သူသာ မိမိကိုယ်ကို မိမိ ယုံကြည်အားထားစိတ်ရှိပြီး မည်သူ့ကိုမျှ ဦးမညွတ်လျှင် သူတို့လည်း ထိုအတိုင်း ဖြစ်သွားကြမည်ဟု နားလည်ခဲ့သည်။

ဖွဖွပြေးနည်း ခေတ်မစားသေးမီက မင်ဒဲလားသည် ကိုယ်လက်ကြံ့ခိုင်ရေးအတွက် မှန်မှန်လေ့ကျင့်သည်။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ဂျိုဟန်နက်စ်ဘတ်မြို့တွင် နံနက်အစောကြီး အပြေးလေ့ကျင့်တတ်သည်။ ယင်းသို့ လုပ်ဆောင်ဖြစ်ပေါ်လာမှုအတွက် ဝင့်ဝါမိတတ်သည်။ သူ့ကိုယ်လုံး ဝဖြိုးမလာမှုအတွက် ဂုဏ်ယူမိတတ်သည်။ စားသမျှကို ဂရုစိုက်သည်။ သူ့ခေတ်ကာလလူများ ဗိုက်ရွှဲကြီးများ ဖြစ်နေလျှင် စကားနာထိုးတတ်သည်။ ကျွန်ုပ်တို့စုဝေးမိကြလျှင် အရွယ်တင်သူများ၊ ငယ်ငယ်ရွယ်ရွယ် အိုစာနေသူများကို ခွဲခြားမြင်တတ်သည်။ တစ်ခါက ထရန်စကီ ရွာကလေးအတွင်း လမ်းလျှောက်ထွက်ကြသည်။ လမ်းတွင် အနီးရှိ ရွာတစ်ရွာမှ သူနှင့်ရွယ်တူနီးပါး အမျိုးသမီးကြီးနှစ်ဦးကို တွေ့ရသည်။ မင်ဒဲလားကို အရွယ်တင်လိုက်တာဟု ချီးကျူးကြသည်။ သူ ပြုံးပြီး သဘောကျသွားသည်။ သူတို့ခမျာ အရွယ်ရင့်ထော် နေကြပြီ။

'တောရွာ ကျေးလက်ပိုင်းမှာ နေထိုင်ရတာ သိပ်ခက်ခဲပင်ပန်းလှတယ်၊ ဆင်းရဲမှုကြောင့် လူတွေ ကြီးရင့်အိုစာနေကြရတယ်၊ ထောင်ထဲမှာ နည်းနည်းကျွေးပြီး ကိုယ်လက် မြန်မြန်လှုပ်ရှားခိုင်းတဲ့ အစီအစဉ်ကြောင့် အသက်ရှည်ပြီး နုပျိုစေတယ်လို့ ပြောရင် ရယ်စရာများ ဖြစ်သွားမလား' ဟု မင်ဒဲလားက ပြောခဲ့သည်။ ထောင်ထဲတွင် လှုပ်ရှားမှု၊ စားသုံးမှုအတွက် စည်းစနစ်ထားပြီး မပြတ်ကျင့်သုံးခိုင်းထားသည်။ နေ့စဉ် ပင်ပင်ပန်းပန်း လှုပ်လှုပ်ရှားရှား လုပ်ကိုင်ရသည်။ နှံစားပင်များ၊ ဟင်းသီးဟင်းရွက်များ၊ ခြိုးခြိုးခြံခြံ စားသောက်ရသည်။ စောစော အိပ်ရသည်။ စောစောနိုးရသည်။ ရေပူစမ်းတစ်ခုမှ အိုမင်းလာမှုကို တားဆီးရန် အိုခြင်းနှင့် အိုမှုဖြစ်စဉ် လေ့လာရေး ပညာရှင်တစ်ဦး၏ လုပ်ဆောင်ပေးမှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



တူညီလျက်ရှိသည်။ Walter Sisulu က ထောင်ထဲမှာထက် ထောင်ပြင်တွင် စိတ်ဖိစီးမှုပိုများကြောင်း၊ အပြင်ပြန်ရောက်မှ အိပ်ရေးမဝတော့ကြောင်း ရယ်စရာ ပြောခဲ့သည်။ မင်ဒဲလားကလည်း ထောင်ထဲတွင် နံနက်ပိုင်း လေ့ကျင့်ခန်း အစီအစဉ်ကို မကြာမကြာ ပြောပြခဲ့သည်။ ပထမဆုံး တစ်နေရာတည်းတွင် ရပ်လျက် ရွရွပြေးသည်။ ၄၅ မိနစ် ကြာမြင့်သည်။ ထို့နောက် အထိုင်အထ အကြိမ် ၂၀၀ လုပ်သည်။ လက်ထောက်မှောက် အကြိမ် ၁၀၀ လုပ်သည်။ တစ်နေ့တွင် မင်ဒဲလားသည် ကြမ်းပြင်ပေါ်သို့ မှောက်ချလိုက်ပြီး ကျွန်ုပ်ရှေ့မှာပင် လက်ထောက် မှောက်ထ လေ့ကျင့်ခန်း နှစ်ကြိမ်မျှ ခပ်မြန်မြန်လုပ်ပြသည်။ ထို့နောက် လက်မှ ဖုန်များကို သုတ်ပစ်လိုက်ပြီး ကျေနပ်ပြုံးပျော်လျက်ရှိသည်။

× × ×

မင်ဒဲလားသည် သူ မည်သည့်ဝတ်စုံကို ဝတ်ဆင်ထားသလဲဟူသော အချက်ထက် ပြင်ပအသွင် (appearance) မှန်ကန်ကောင်းမွန်ရေးကိစ္စ ပိုမို အလေးထားသည်။ ရုပ်သွင်ပုံစံ (image) ၏ စွမ်းအားကို နားလည်သည်။ အင်တာနက်နှင့် ၂၄ နာရီ ကေဘယ်လ်သတင်းဌာန ပေါ်မလာမီကပင် မင်ဒဲလားသည် မိမိ၏လုပ်ဆောင် ချက်များကို မဲဆန္ဒရှင်များနှင့် မီဒီယာများ သိရှိနားလည်စေရန် မည်သို့လုပ်ဆောင် သင့်ကြောင်း အလေးအနက် စဉ်းစားမိခဲ့သည်။ မိမိ၏ ပါတီမူဝါဒများ ကမ္ဘာသို့ မည်သို့ဖြန့်ဝေရမလဲဟုလည်း တွေးထားသည်။ ပြင်ပအသွင်များတွင် လက်တွေ့ သဘာဝ ပေါင်းစပ်နေတယ်'ဟု မင်ဒဲလားက ပြောဖူးသည်။ သူသည် သင်္ကေတ အမှတ်လက္ခဏာ (Symbols) စွမ်းအားကို နားလည်သည်။ အမှတ်လက္ခဏာ များသည် မကြာ မကြာ ငွေကြေးဥစ္စာထက်ပင် ပိုမို အရေးပါနေတတ်သည်။ အချုပ် ဆိုရလျှင် မင်ဒဲလားသည် သင်္ကေတ အမှတ်လက္ခဏာနှင့် ငွေကြေးဥစ္စာတို့ကို ပေါင်းစပ်ပေးနိုင်ခဲ့၍ သူ့နိုင်ငံ၏ ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့ရသည်။ သူသည် မဟာဆန်သော တော်လှန်ရေးသမားတစ်ဦး ဖြစ်ခဲ့သည်။ နာကြည်းမုန်းတီးမှု ကင်းမဲ့နေသော အကျဉ်းသားတစ်ဦး ဖြစ်ခဲ့သည်။ အစပိုင်းကပင် ကြည့်ကောင်းပြီး သြဇာတိက္ကမနှင့်ပြည့်စုံသော မူဝါဒနှင့် အစိုးရအကြောင်း နားလည်သဘောပေါက် ထားသော ပြယုဂ်ဖြစ်နေခဲ့သည်။ Walter Sisulu က ၁၉၄၁ ခုနှစ်တွင် မင်ဒဲလား

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပထမဆုံးအကြိမ် ဆုံခဲ့ရပုံကို ပြောပြခဲ့သည်။ 'ကျုပ်တို့က လူထုလှုပ်ရှားမှုကြီး တစ်ရပ် ဆင်နွှဲချင်ခဲ့ကြမယ်၊ တစ်နေ့ကျတော့ သူဟာ လူထုခေါင်းဆောင်တစ်ဦး အဖြစ် ကျုပ်ရဲ့ ရုံးခန်းထဲ ဝင်ရောက်လာခဲ့တယ်'ဟု ဆိုသည်။

မင်းဒဲလားနှင့်ပတ်သက်၍ လူမှုဗေဒပညာရှင်များက 'ထင်မြင်ချက် အယူအဆ စီမံခန့်ခွဲမှု၌ ထူးချွန်သူတစ်ဦး' ဟု သတ်မှတ်ခဲ့သည်။ မှန်သည်။ အာဖရိကန် အမျိုးသားကွန်ဂရက် (အေအင်န်စီ) သည် ရည်မှန်းချက်အောင်မြင်ရေးအတွက် လက်နက်ကိုင် တိုက်ပွဲဆင်နွှဲရန် လိုအပ်သည်ဟု ယုံကြည်ခဲ့သည်။ သို့ရာတွင် သင်္ကေတ အမှတ်လက္ခဏာ တစ်ဟုန်ထိုး တိုးပွားမှုများ (Symbolic Explosions) အချို့က လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးကို စုစည်းညီညွတ် စေလိမ့်မည်ဟုလည်း ယုံကြည်ထားသည်။ မင်းဒဲလားသည် ရီဗိုနီယာ အမှုစစ်ဆေး စီရင်မှု (Rivonia Trial) တွင် မိမိ၌ အပြစ်မရှိပါဟု လျှောက်လဲ အသနားခံခဲ့ သည်။ သို့ရာတွင် မိမိသည် အကျင့်ပျက် လူဖြူအစိုးရကို ဖြုတ်ချရန် ကြံစည်မှု တွင် ပါဝင်အပြစ်ရှိပါသည်ဟု တရားရုံးနှင့် ကမ္ဘာ့အလယ်တွင် သက်သေထွက်ဆို ခဲ့သည်။ မဟုတ်သေးပေ။ သူ့ကို ထောင်သွင်းအကျဉ်းချခဲ့သူ လူဖြူထောင်အရာရှိ များသည် သူ့အပေါ် ကြင်ကြင်နာနာ ပြုမူခဲ့ကြသည်။ တကယ်စင်စစ် မထင်မှတ် ခဲ့ချေ။ သို့ရာတွင် သူသည် သူ့အပေါ်မကောင်းခဲ့သော လူဖြူအရာရှိများအပေါ် စိတ်မဆိုးပါ။ စိတ်နာကြည်းမှုမရှိပါဟု လူဖြူတို့အား ပြသလိုခဲ့သည်။

မင်းဒဲလားသည် ပေါ်လစီတစ်ခု သို့မဟုတ် လုပ်ဆောင်ချက်တစ်ရပ် ဖြစ်ထွန်း လာစေရန် အများကြီး စီမံကိန်း ရေးဆွဲချမှတ်တတ်သည်။ အောင်မြင်ဖြစ်ပေါ် လာစေရန် အစီအစဉ်ရေးဆွဲရာတွင် သာမန်ကာလျှံကာမျှ အသေးစိတ် မတွေး တတ်သောသူသည် မဲဆွယ်ပိုစတာများအတွက် အလေးအနက် စိစစ်တတ်သည်။ မည်သူနှင့် လက်ဆွဲနှုတ်ဆက်သင့်ကြောင်း စဉ်းစားထားတတ်သည်။ အခမ်းအနား တစ်ခုသို့ အချိန်ကိုက်ရောက်ရှိသွားစေရန် စောင့်ဆိုင်းနေစဉ် သူ့ကားအတွင်း နောက်ဘက်ခန်းထဲတွင် အကြိမ်ကြိမ် အတူရှိနေခဲ့ဖူးသည်။ စီးလာသောလေယာဉ် ထဲမှ ထွက်ချိန်တွင်ဖြစ်စေ၊ အခန်းထဲသို့ ဝင်သွားရာတွင်ဖြစ်စေ အများဂရုပြုမိ လောက်အောင် ထင်ရှားစေသည်။ ထူးထူးခြားခြား ခန့်ညားသည်။ အချိန် တိကျမှု လည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဦးမှု ရယူနိုင်မှုသဘောကြောင့် မကြာ မကြာ အခွင့်အာဏာ ပိုမိုရနိုင်ကြောင်း မင်ဒဲလား သဘောပေါက်ခဲ့သည်။ နိုင်ငံရေး အခမ်းအနား လူမှုရေး အခမ်းအနားတိုင်းတွင် သူကပင် ပထမဆုံး မတ်တတ်ရပ်လျက် လက်ခုပ်တီးသည်။ ဖြေဖျော်ကပြသူများကို သူကပင် ပထမဆုံး လက်ဆွဲနှုတ်ဆက်သည်။ အောင်နိုင်သူကိုလည်း သူကပင် ပထမဆုံး လက်ဆွဲ ဂုဏ်ပြုတတ်သည်။ သူက လူထုကို ဆီးကြို နှုတ်ဆက်တတ်သည်။ လူထုက သူ့ကို ဆီးကြိုမှု မခံယူတတ်ပေ။ အခမ်းအနားတိုင်းတွင် သူ စကားမပြောဘဲ နေခဲ့သည်မရှိ။ စကားမှာလည်း အရေးကြီးချင်မှ ကြီးလိမ့်မည်။ သူ မတ်တတ်ထရပ်ပြီး ဝေဖန်ဆွေးနွေးမှုမပြုအောင် မည်သူမျှလည်း မတားဆီးနိုင်ပေ။ သူသည်ပင် အမြဲတမ်း အိမ်ရှင်ဖြစ်နေသည်။ ဧည့်သည် မဟုတ်ချေ။ ပထမဆုံးအကြိမ် လန်ဒန်သို့သွားရောက်၍ လန်ဒန်ဘုရင်မကြီးနှင့် တွေ့ဆုံရချိန်တွင် သူကပင် နန်းဆန်ဆန် ဧည့်ဝတ်ပိုပြုရာ ရောက်သွားခဲ့သည်။

မင်ဒဲလားနှင့် ပတ်သက်၍ သိသာထင်ရှားချက်တစ်ရပ်မှာ သူ့အနေဖြင့် အနှစ်သက်ဆုံး၊ အကြိုက်ဆုံး (favourite) မထားတတ်ခြင်း ဖြစ်သည်။ သူသည် ဘက်လိုက်စွဲလမ်းမှု မရှိတတ်ပေ။ စနေ တနင်္ဂနွေနေ့များတွင် ထောင်အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများအား ထောင်ဘောလုံးကွင်းသို့သွားပြီး အကျဉ်းသားအချင်းချင်း ကစားနေကြပုံကို ကြည့်ခွင့်ပေးတတ်သည်။ ဘောလုံးကွင်းသို့လျှောက်သွားရာတွင် မင်ဒဲလားသည် လူမျိုးစွဲထားပြီး အုပ်စုမဖွဲ့တတ်ကြောင်း ပြချင်သည်။ ထို့ကြောင့် အိန္ဒိယလူမျိုးတစ်ဦး သို့မဟုတ် သွေးရောကပြားတစ်ဦးဦးနှင့် တွဲသွားတတ်သည်။ သူ သမ္မတဖြစ်မလာမီ ထိုခေတ် ထိုကာလများပင် ဘယ်အသင်းကို အကြိုက်ဆုံးလဲဟု သွားမမေးလေနှင့်။ မင်ဒဲလား ဖြေလိမ့်မည် မဟုတ်ပေ။

'ဘယ်သူကိုကြိုက်တယ်၊ ဘယ်အသင်းကိုကြိုက်တယ်လို့ ကျုပ် ရွေးမထားတတ်ဘူး၊ ဒါဟာ ခေါင်းဆောင်တစ်ဦးအတွက် ပါးနပ်မှု တစ်ရပ်ပါပဲ၊ ကျုပ် ဘယ်သူ့ကိုမှ သူတစ်ပါးအထက် မြှောက်တင်မပေးတတ်ဘူး၊ အခြားသူတွေရဲ့ ထောက်ခံအားပေးမှုကို တစ်ခါတည်း လက်လွှတ်ခိုင်းလိုက်သလို ဖြစ်သွားမှာစိုးလို့ပါပဲ၊ ထောင်ထဲမှာ အားလုံးကို ကျုပ်ထောက်ခံတယ်၊ အကောင်းဆုံး လုပ်ဆောင်နိုင်သူကို ကျုပ်ထောက်ခံပါတယ်လို့ပဲ ပြောခဲ့တယ်'ဟု မင်ဒဲလားက ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူပင် သူ့ကိုယ်သူ အများ၏လူအဖြစ် ထားရှိလိုသည်။ အခမ်းအနား များ၊ ညစာစားပွဲများတွင် မီးဖိုခန်းထဲ လျှောက်ဝင်သွားပြီး ချက်ပြုတ်ရေးဝန်ထမ်း များအား နှုတ်ဆက်တတ်သည်။ လေဆိပ်တစ်ခုတွင် မြေပြင် လေယာဉ်ဝန်ထမ်း များကို ရှာဖွေ လက်ဆွဲနှုတ်ဆက်တတ်သည်။ ထင်ရှားသူများ၊ ကျော်ကြားသူ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရခြင်းကို နှစ်သက် သဘောကျတတ်သော်လည်း သူ့အား အထက်တန်းစား လေသံဟန်ပန်ရှိသူတစ်ဦးအဖြစ် သဘောမထားစေလိုပေ။ မိမိသည် ခေါင်းဆောင်မှု ဝန်ထုပ်ဝန်ပိုးကြီးကို တာဝန်ပိုင်းနှင့်အတူ လက်ခံထား ရသူ ဖြစ်ပါသည်။ မိမိ၏ တာဝန်ထမ်းဆောင်ပေးနေမှုသည် အားလုံးနှင့် သက်ဆိုင်မှု ရှိပါသည်ဟူ၍ လူများသိစေလိုခဲ့သည်။

မင်ဒဲလားသည် မယုံကြည်နိုင်လောက်အောင် စည်းစနစ်ကြီးသူ ဖြစ်သည်။ သို့ရာတွင် မိမိသည် စည်းစနစ်ကြီးသူတစ်ဦးဖြစ်သည်ဟူသော ခံယူချက် စိတ်ဓာတ် မျိုး ပျိုးထောင်ရန်လည်း လိုလားသည်။ ကျွန်ုပ်တို့နှစ်ဦး စာအုပ် စတင်ပြုစုကြ ချိန်တွင် စနေနေ့ နံနက်စောစော တွေ့ဆုံကြရန် ချိန်းထားသည်။ နံနက် သုံးနာရီ မထိုးမီ သူ့ရုံးခန်းသို့ ရောက်သွားသည်။ မင်ဒဲလားသည် သူ့စားပွဲခုံနောက်တွင် အသင့်ထိုင်နေသည်။ တယ်လီဖုန်းပြောနေသည်။ ကြိုးတစ်ဖက်စွန်းက ပုဂ္ဂိုလ်ကို အိပ်ရာမှနိုးပြီး ပြောနေပုံရသည်။ တစ်ဖက်လူက 'ခင်ဗျား အိပ်ကော အိပ်ရဲ့လား' ဟု မေးနေသည် ထင်ရ၏။ မင်ဒဲလားက 'ကျုပ်က အသက်ကြီးနေပြီလေ၊ တစ်ညကို နှစ်နာရီလောက်ပဲ အိပ်ပျော်တော့တယ်'ဟု ပြန်ဖြေသည်၊ တယ်လီဖုန်း ချလိုက်ပြီးနောက် 'တစ်ညမှ နှစ်နာရီပဲ အိပ်ပျော်တယ်ဆိုတာ အမှန်ပဲလားဟု မေးကြည့်သည်။ မင်ဒဲလားက 'မဟုတ်ပါဘူးဗျ၊ ကျုပ်ဟာ ရှစ်နာရီ အိပ်ပါတယ်'ဟု ရယ်ရယ်မောမော ပြန်ပြောခဲ့သည်။

× × ×

လင်ကွန်းနည်းတူပင် မင်ဒဲလားသည် ဓာတ်ပုံရိုက်ခံရမှုကို လိုလိုလားလား ရှိတတ် သည်။ ပုံရိပ်များတွင် မိမိတို့ ရည်မှန်းတွေးဆထားသမျှများ အကောင်အထည် ဖော်ပေးနိုင်မည့် ဧရာမစွမ်းပကားပါ ရှိနေကြောင်း သဘောပေါက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း လူငယ်ဘဝကပင် ဓာတ်ပုံ အရိုက်ခံခဲ့သည်။ Sharpeville အုံကြွမှုအပြီး မှတ်ပုံတင်ကတ် မီးရှို့နေပုံကို ရိုက်သည်။ လက်ဝှေ့ကြိုးဝိုင်း အတွင်းနှင့် အပြင်ဘက်တွင် အပေါ်ပိုင်းအင်္ကျီဗလာဖြင့် ဓာတ်ပုံအရိုက်ခံခဲ့သည်။ သစ္စာဖောက်မှုဖြင့် ရုံးတင်မခံရမီ အာဖရိကန် အဆောင်အယောင် အဆင်တန်ဆာ အပြည့်အစုံ ဝတ်လျက် ဓာတ်ပုံရိုက်ထားသည်။ ရော့ဘန်းကျွန်း အကျဉ်းစခန်း၌လည်း ဓာတ်ပုံအမျိုးမျိုး ရိုက်ခဲ့သည်။ Blogs များ Social Networking sites များ မပေါ်မီကပင် ပုံရိပ်များသည် တာရှည်ခံသည်။ မိမိအတွက်အကျိုးဖြစ်စေတတ်မှု၊ ထိခိုက်နစ်နာစေတတ်မှု စွမ်းအားကို မပျက်ပြယ်စေတတ်ကြောင်း မင်ဒဲလားနားလည်ခဲ့သည်။ ဘဝတစ်လျှောက်လုံးတွင် မင်ဒဲလားသည် သူ့ပုံရိပ်များကို ပျိုးထောင်ပေးလာခဲ့သည်။ အထောက်အကူများ ဖြစ်လာစေခဲ့သည်။ သူ့ကိုကြည့်ပြီး စံပြုနမူနာ ဖြစ်လာစေလိုသူများကို အားပေးခဲ့သည်။ သူ မလိုချင်သောအမြင်မျိုး ဖန်တီးပေးမည့်သူမျိုးကို ရှောင်ရှားခဲ့သည်။

မင်ဒဲလား၏ ဓာတ်ပုံဟောင်းများကိုကြည့်လျှင် သူ့နွယ်ဆက် အာဖရိကန် လူမျိုးများကြားတွင် ထူးကဲမှုတစ်ရပ်ကို တွေ့ရမည်။ ရှားလည်းရှားသည်။ ပြုံးရိပ်သမ်းနေခြင်း ဖြစ်သည်။ မင်ဒဲလား၏ ပြုံးဟန်သည် အာဖရိကန်သမိုင်းတွင် ထင်ရှားလှသည်။ သူ့အပြုံးတွင် လိုက်လျောပျော့ငှာမှုနှင့် ဉာဏ်ပညာရှိမှု သယ်ဆောင်ထားသည်။ တန်ခိုးစွမ်းအားနှင့် စေတနာရက်ရောမှု ပါရှိနေသည်။ နားလည်တတ်မှုနှင့် ခွင့်လွှတ်တတ်မှုတို့ ဆောင်ကြဉ်းထားသည်။

ဝေါ်လ်တာဆီဆူလူးအနေဖြင့် ထရန်စကီရွာကလေးမှ လူငယ်ကလေးကို ပထမဆုံး သတိပြုမိခဲ့သည်မှာလည်း ထိုအပြုံးပင် ဖြစ်သည်။ ထိုအချိန်ကာလမှာ အာဖရိကန်တို့ဘဝ နိမ့်ကျနေသည်။ ကျိုးနွံနေရသည်။ ထိုအချိန်မျိုးတွင် ပြည်သူအများနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦး၏ အပြုံးတွင် ဘာကိုမျှ အလေးမထားပုံ ပေါ်နေသည်။ အပြုံးများသည် ခေတ်စားခဲ့သည်။ မင်ဒဲလား၏ အပြုံးမှာ မိမိကိုယ်ကိုမိမိ စိတ်ချနိုင်မှု (confidence) သဘောကို ဆောင်သည်။ မိမိသည် တက်ကြွပျော်ရွှင်နေသော စစ်သည်တော်ကြီးတစ်ဦးဖြစ်ကြောင်း ပြသနေသည်။ အငြိုးကြီးသူတစ်ယောက် မဟုတ်ကြောင်း ပြသလျက်ရှိသည်။

www.burmeseclassic.com


www.burmeseclassic.com



အဲလိဇဘက် ဘုရင်မကြီးနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



မင်းဒဲလားနှင့် ဟီလာရီကလင်တန်



ပုပ်ရဟန်းမင်းကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ အပြုံးသည် မိမိ၏ အာဏာစွမ်းအား အစိတ်အပိုင်းဖြစ်ကြောင်း စောစောပိုင်းကပင် နားလည်သဘောပေါက်ခဲ့သည်။ နှစ်ပေါင်းများစွာ မင်ဒဲလား နှင့်အတူ အခမ်းအနား ရာပေါင်းများစွာသို့ လိုက်ပါခဲ့ရသည်။ ဓာတ်ပုံအရိုက်ခံခဲ့ ရသည်။ သူ၏အပြုံးသည် ပုံသေဖြစ်နေပြီး အပြစ်အနာအဆာ ကင်းနေကြောင်း သတိပြုမိသည်။ သရုပ်ဆောင်ကြီးတစ်ဦးပမာပင် မင်ဒဲလားသည် အပြုံးနှင့် ပတ်သက်၍ ပိုင်နိုင်မှုရှိသည်။ သူ ပြုံးနေပုံများကို တစ်ပုံချင်း တိုက်ကြည့်ပါ။ တစ်ခုနှင့်တစ်ခု ထပ်တူဖြစ်နေကြောင်း တွေ့ရလိမ့်မည်။ သူ့အပြုံးသည် သူ့ မျက်နှာဖုံးပင်။

၁၉၉၄ ခုနှစ် ရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း မင်ဒဲလား၏ အပြုံးသည် မဲဆွယ်မှုသင်္ကေတ ဖြစ်ခဲ့သည်။ သင်္ကေတ ပြုံးပြနေပုံ ရွေးကောက်ပွဲ မဲဆွယ် ပိုစတာများကို မြေစိုက်ဆိုင်းဘုတ်ကြီးများ၊ လမ်းမကြီးများ၊ လမ်းဘေး ဓာတ်တိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် သစ်သီးဆိုင်များတွင် နေရာအနှံ့တွေ့ရ သည်။ သူ့အပြုံးက လူမည်းများနှင့် လူဖြူများအား မိမိသည် သူတို့၏အကျိုးကို ဆောင်ပေးမည့်သူ၊ ကာကွယ်စောင့်ရှောက်မည့်သူဖြစ်ကြောင်း ပြောပြခဲ့သည်။ 'tout comprendre, c'est tout pardenner' 'အားလုံးကို သိနားလည်ခြင်းသည် အားလုံးအပေါ် ခွင့်လွှတ်ခြင်း ဖြစ်သည်' ဟူသော စကားပုံထဲက အပြုံးမျိုးပင် ဖြစ်သည်။ တုန်လှုပ်ချောက်ချားနေသော မဲဆန္ဒရှင် လူထုအတွက် နိုင်ငံရေး စိတ်ငြိမ်ဆေးတစ်လက်ပင် ဖြစ်သည်။

နောက်ဆုံးတွင် မင်ဒဲလား ထောင်မှလွတ်လာပြီးနောက် လူထုထံပေးပို့ချင် သည့် တစ်ခုတည်းသော အရေးအကြီးဆုံးအမှာစကား ဖြစ်သွားခဲ့သည်။ မိမိသည် အငြိုးကြီးသူ မဟုတ်ပါဟူသော သတင်းစကားပင် ဖြစ်သည်။ တောင်အာဖရိက နိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီစနစ်အရ ရွေးကောက်ခံ သမ္မတအဖြစ် မင်ဒဲလား အတွက် မဟာတာဝန်ကြီးတစ်ရပ်မှာ တောင်အာဖရိကနိုင်ငံ၏ ဖခင်ကြီး ဖြစ်လာ ရေးပင်။ သောင်းပြောင်းထွေလာ သွေးရောနှောနေသော စစ်ဘေးသင့်ဒေသကြီး ကို နိုင်ငံတစ်ခုတည်းအဖြစ် စုစည်းပေးနိုင်ရေးအတွက် ဖြစ်သည်။ ထောင်မှ လွတ်မြောက်ပြီး သမ္မတအဖြစ် တာဝန်ထမ်းဆောင်လာခဲ့စဉ်အတွင်း ပြည်သူတို့အား တစ်စုံတစ်ခု ပြောပြရန်သာ စိတ်ထက်သန်ခဲ့သည်။ မိမိတွင် မည်သို့မျှ အငြိုးဖွဲ့စိတ်

www.burmeseclassic.com

www.burmeseclassic.com



မွေးမြူထားခြင်းမရှိပါဟု ပြောပြချင်ခဲ့သည်။ ထောင်မှထွက်ပြီး ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲတွင် မင်ဒဲလားသည် ထောင်မှူးများ၏ စေတနာကောင်းပုံများကို ပြောပြခဲ့သည်။ 'အတိတ်အကြောင်း မေ့လိုက်ကြပါ' ဟု အကြိမ်တစ်ရာမက ပြောခဲ့သည်။ ယင်းအတွက် ပေါ်လွင်နေသည့် သူ့ပုံရိပ်မှာ ခွင့်လွှတ်ပြီး မေ့ပျောက်လိုက်ချင်သည့် အိမ်ဦးနတ် (paterfamilias) နှင့် တူနေသည်။ မင်ဒဲလားသည် James Gregory အပါအဝင် လူဖြူထောင်မှူးအချို့နှင့် အတူတွဲပြခဲ့သည်။ ဂရီဂိုရီသည် မင်ဒဲလား၏ မိတ်ဆွေတစ်ဦးအဖြစ် အတန်ကြာမျှ နာမည်ကြီးခဲ့သည်။ မင်ဒဲလားသည် ဝန်ကြီးချုပ်ဟောင်း Hendrik Verwoerd ၏ မုဆိုးမထံသွားရောက် အားပေးစကားပြောခဲ့သည်။ ဗားဝုဒ်သည် လူဖြူလူမည်း ခွဲခြားမှုကို ချမှတ်ဦးဆောင်ခဲ့သူ ဖြစ်သည်။ လက်ယာဝါဒီ ဗိုလ်ချုပ်ဟောင်း Constand Viljoen နှင့်လည်း ဖက်ရမ်း နှုတ်ဆက်ခဲ့သည်။ Viljoen သည် မင်ဒဲလားကို အာဏာသိမ်း ဖြုတ်ချရန် ကြံရွယ်ခဲ့သူ ဖြစ်သည်။ မင်ဒဲလား လုပ်ဆောင်ခဲ့မှုတို့ကို စာရင်းချုပ်လိုက်လျှင် အတိတ်၏ဖြစ်ရပ်များကို မြှုပ်နှံပစ်လိုက်ပြီဖြစ်ကြောင်း၊ ရောင်စုံနိုင်ငံတစ်နိုင်ငံ၏ ဖခင်ကြီးဖြစ်ကြောင်း၊ မိမိသည် နောက်ပြန်မကြည့်ဘဲ ရှေ့သို့သာ မျှော်မှန်းကြည့်တတ်ကြောင်း သဘောသက်ရောက်သည်။ မိမိ၏ အမျက်ဒေါသကို ထုတ်ဖော်ပြသလိုက်လျှင် မိမိ၏တန်ခိုးအာဏာ သေးသိမ်သွားမည်ဖြစ်ကြောင်း၊ ဒေါသကို ဖုံးကွယ်ထားခြင်းဖြင့် တန်ခိုးအာဏာ ပိုမိုကြီးမားလာနိုင်ကြောင်း နားလည်ခဲ့သည်။

သို့ရာတွင် ယင်းအချက်အများစုမှာ ပြရုပ်သက်သက်မျှသာပင်။ သာမန်လူတစ်ဦးအနေဖြင့် မင်ဒဲလားသည် အတိတ်ဖြစ်ရပ်အပေါင်းတို့ကြောင့် ပြင်းပြင်းထန်ထန် စိတ်ခံစားနေရသည်။ သူ့အတွက် အကောင်းဆုံးအချိန်က လများကို သံတိုင်များနောက်တွင် ကုန်ဆုံးစေခဲ့ရသည်။ သူ့အပေါ်တွင် ထောင်မှူးများနှင့် အစိုးရခေါင်းဆောင်များက အမြင် မကောင်းခဲ့ဘဲ ခက်ထန်ယုတ်ညံ့ခဲ့ကြောင်း သိသည်။ လူဖြူထောင်မှူး ဂျိမ်းစ်ဂရီဂိုရီကိုလည်း အလေးမထားလိုပေ။ ဂရီဂိုရီသည် သူ့အတွက် သည်းမခံနိုင်လောက်သည့် အခြေအနေမျိုးများ ဖန်တီးခဲ့သည်။ မိမိတို့၏ ဆက်သွယ်နေမှုများအပေါ် ကိုယ်ကျိုးရှာခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ သူ့ဇနီး ဝင်နီအပေါ် စော်ကားပြုမူခဲ့မှုများအတွက်လည်း ဒေါသထွက်မျက်

www.burmeseclassic.com

www.burmeseclassic.com



ခြောင်းခြောင်းထွက်ခဲ့သည်။ တစ်ခါတစ်ရံတွင် မိမိ၏ နိုင်ငံရေးပြိုင်ဘက်များက သူ့အပေါ် ဖျက်လိုဖျက်ဆီးလုပ်ရန် ကြံစည်ခဲ့မှုများကြောင့်လည်း ဒေါသအရှိန် မပြေနိုင်သေးပေ။ မိမိသည် မိမိ၏ လက်ထပ်ထားမှုနှင့် မိသားစုဘဝကို ဖိနှိပ်ချုပ်ချယ်မှု၊ အမှန်ကိုမစူးစမ်းဘဲ အဂတိတရားဖြင့် မလိုမုန်းထား ကျင့်သုံးနေမှုတို့ကို တွန်းလှန်ဖယ်ရှားရာတွင် ခွင့်လွှတ်အနစ်နာခံခဲ့ရသည်ဟုလည်း ယုံကြည်ခဲ့သည်။ သို့ရာတွင် သူ့ကန့်လန့်ကာနောက်ကွယ်မှ အဖြစ်သနစ်ကို သူတစ်ပါး မြင်တွေ့သွား၍ မဖြစ်ကြောင်း သိထားသည်။ မိမိ၏ ခံစားချက်အမှန်ကို ထုတ်ဖော်ပြသရန် မဖြစ်နိုင်ကြောင်းလည်း သိခဲ့သည်။ ကျွန်ုပ်တို့သည် မင်းဒဲလားတို့ခေတ်ထက် ရင်ထဲရှိသမျှ ပိုမိုပွင့်လင်းစွာ ထုတ်ဖော်ပြောကြားနိုင်သော ခေတ်ကာလကြီးတွင် နေထိုင်ရသည်။ သို့ရာတွင် မင်းဒဲလားက မိမိ၏ စိတ်လှုပ်ရှားမှုတိုင်းကို အကုန်အစင် ပြောပြနိုင်လိမ့်မည် မဟုတ်ဟု ပြောပေလိမ့်မည်။ မှန်ပါသည်။ စိတ်လှုပ်ရှားမှုများသည် အတုအယောင်မဟုတ်။ တကယ့်အစစ်အမှန် ဖြစ်သည်။ အစစ်အမှန်ဖြစ်မှု (authenticity) သည် ခေတ်ပေါ်အားသာချက်ဖြစ်သည်။ သို့ရာတွင် မိမိရင်ထဲရှိသမျှ ထုတ်ဖော်ပြသမှုမပြုဘဲ စစ်မှန်နိုင်ပေသည်။ ထို့ကြောင့်ပင် မင်းဒဲလား၏ အများနှင့်မတူသော စည်းကမ်းသေဝပ်မှု ပေါ်လာရသည်။ ထို့ကြောင့်လည်း သူ့အပြုံးသည် သူ့မျက်နှာဖုံး ဖြစ်လာရသည်။ ယင်း မျက်နှာဖုံးနောက်ကွယ်၌ နာကျင်ခဲ့ရမှုများ သို့မဟုတ် ဝမ်းနည်းခဲ့ရမှုများကို ဖုံးအုပ်ထားသည်။ မပေါ်နိုင်သမျှ မပေါ်အောင် ဟန်လုပ်ထားသည်။

နောက်ဆုံးတွင် မင်းဒဲလား၏ အပြုံးသည် သူ့ကိုယ်သူ မည်သို့မည်ပုံ သွန်းလုပ်ထားကြောင်း အမှတ်လက္ခဏာ ဖြစ်နေခဲ့သည်။ သူ့ဘဝအဆင့်ဆင့်တွင် သူ ဘာဖြစ်ချင်သလဲ ဟူ၍ ဆုံးဖြတ်ခဲ့သည်။ ဆုံးဖြတ်ချက်အတိုင်းလည်း အသွင်သဏ္ဌာန် ဖော်ခဲ့သည်။ ထို့နောက် ထိုအသွင်သဏ္ဌာန်၏ တကယ့်အမှန်တရား (လူ) ကို ဖော်ထုတ်ပေးလိုက်သည်။ မင်းဒဲလားသည် သူ ဘာဖြစ်ချင်သလဲဆုံးဖြတ်ခဲ့၏။ ဆုံးဖြတ်ချက်အတိုင်းလည်း ဖြစ်ချင်သည့် ဘဝပိုင်ရှင် ဖြစ်လာခဲ့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## ၆

## အဓိက အခြေခံ သဘောတရားတစ်ရပ် ရှိပါစေ အခြားအရာတိုင်းသည် နည်းဗျူဟာမျှသာပင်

နယ်လ်ဆင်မင်ဒဲလားသည် အခြေခံသဘောတရား (Principle) ထားရှိတတ်သူ တစ်ဦးပင်။ ထိုအခြေခံသဘောတရားမှာလည်း အတိအကျ တစ်ခုဆိုတစ်ခုတည်း ဖြစ်သည်။ လူမျိုး၊ လူတန်းစား၊ ကျား-မ မရွေး လူတိုင်းအတွက် လုပ်ပိုင်ခွင့်များ အညီအမျှ ရှိရမည်ဟူ၍ ဖြစ်သည်။ အခြား အရာရာတိုင်းသည် နည်းဗျူဟာ (tactic) တစ်ရပ်ဟု ဆိုရာ ရောက်စေသည်။

တစ်စိတ်ကို တစ်အိတ်လုပ်သည် ထင်ကြမည်လား မပြောတတ်။ မင်ဒဲလားသည် တကယ့်လက်တွေ့ အကျိုးမျှော်မှုဝါဒီတစ်ဦးဖြစ်သည်ကို အတော်ကလေး သံသယစိတ် ဝင်မိကြသည်။ လက်တွေ့အကျိုးမျှော် ဝါဒီတစ်ဦးပီပီ မင်ဒဲလားသည် မိမိ ရည်မှန်းရာ လိုရာရောက်နိုင်မည်ဆိုလျှင် မိမိ၏ နည်းဗျူဟာနှင့် ပတ်သက်၍ အပေးအယူနည်းဖြင့် ညှိနှိုင်းချင်သည်။ ပြောင်းလဲချင်သည်။ လိုက်လျော ညီထွေရှိအောင် ပြင်ဆင်ချင်သည်။ မွမ်းမံချင်သည်။ မည်သည့်နည်းအရပင် ဖြစ်စေ မြင့်မြတ်သော ရည်မှန်းချက်သို့ ရောက်ရှိစေနိုင်သည်။ ၁၉၈၀ ပြည့်လွန် နှစ်နှင့် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း တောင်အာဖရိကတွင် ယင်းအချက်က ဆိုလိုရင်းတစ်ခုသာ ရှိခဲ့သည်။ အသားအရောင်ခွဲခြားရေးစနစ်ကို ပယ်ဖျက်ပြီး လူတစ်ယောက် မဲတစ်မဲ လူမျိုးရေးခွဲခြားမှုမရှိသော ဒီမိုကရေစီစနစ် ကျင့်သုံးရေး ဖြစ်သည်။ ဒါပဲဖြစ်သည်။

မင်ဒဲလားအား ဘုရားသခင်၏ တမန်တော်၊ သူတော်စင်၊ သူရဲကောင်း စသည်ဖြင့် အမျိုးမျိုးအမည်ပေးခဲ့ကြသည်။ ထုံထုံအအ အတွေးအမြင် မှားနဝါဒီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတော့ မဟုတ်ပေ။ သူသည် အတွေးအမြင်ပဓာနဝါဒဆန်သော လက်တွေ့အကျိုးမျှော်ဝါဒီတစ်ဦး ဖြစ်သည်။ သဘောထားပင် မြင့်မြတ်သည်။ သို့ရာတွင် အားလုံး ခြုံငုံပြီး စဉ်းစားလိုက်သော် ရည်မှန်းရာ ရောက်စေသည်ချည့်ပင်။

ကျွန်ုပ်နှင့် မင်ဒဲလားတို့ တစ်ချိန်ပြီးတစ်ချိန် အတူပူးပေါင်းလုပ်ကိုင်လာခဲ့ကြသည်။ မင်ဒဲလားသည် အခြေခံသဘောတရားများ (principles) နှင့် နည်းဗျူဟာများ (tactics) ကြားတွင် စည်းရိုးသတ်မှတ်ထားခဲ့သည်။ (သို့မဟုတ် အခြေခံသဘောတရားနှင့် မဟာဗျူဟာ (Strategy) ကို ဆိုလိုသည်။ သူက tactics နှင့် strategy ကို အပြန်အလှန် သုံးတတ်သည်) ဤသဘော အယူအဆမှာ ထောင်ကျနေစဉ်ကာလအတွင်း အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ ထောင်ထဲဝင်သွားစဉ်နှင့် ပြန်ထွက်လာပြီးနောက် မဟာဗျူဟာချင်း နည်းဗျူဟာချင်း မတူညီတော့ပေ။ ငယ်ရွယ်စဉ်က စိတ်ကူးယဉ်ဆန်ဆန် အခြေခံသဘောတရားများနောက်သို့ ရုံဖန်ရံခါ လိုက်ပါခဲ့သည်။ နောင်တရ၍မဆုံးသော ဆုံးဖြတ်ချက်များကို ချမှတ်မိခဲ့သည်။ သို့ရာတွင် အခြေခံသဘောတရား အနည်းအကျဉ်းလောက်သာ ခံယူကျင့်သုံးခဲ့သော ရန်ဘက်များကို ဆန့်ကျင်တိုက်ခိုက်ရင်း လွတ်မြောက်ရေး တိုက်ပွဲဝင်သူဖြစ်လာချိန်နှင့် ထောင်ထဲတွင် ဆယ်စုနှစ်ပေါင်းများစွာ နေခဲ့ရပြီးနောက် မင်ဒဲလားသည် အကြွင်းမဲ့ မဟာဗျူဟာသမားနှင့် နည်းဗျူဟာကျွမ်းသူတစ်ဦး ဖြစ်လာသည်။

မင်ဒဲလား ပရိသတ်ရှေ့ စကားပြောလျှင် ထိုအချက်ကို မည်သူမျှ သဘောပေါက်လိမ့်မည် မဟုတ်ပေ။ သူသည် လွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေး အခြေခံသဘောတရားများကို ပြောဆိုတတ်သည်။ ပြောဟောသည့်အခါတွင်လည်း သူ့အာဝဇ္ဇန်းသည် သူလိုကိုယ်လိုပင် ဘာမျှ ထူးထူးခြားခြား မရှိတတ်ချေ။ ပြုပြင်ပြောင်းလဲလိုသော ခေါင်းဆောင်တစ်ဦးသည် မဲရေတွက်မှု၊ သို့မဟုတ် မဲဆန္ဒပေးမှု သို့မဟုတ် နည်းဗျူဟာများအကြောင်း မပြောတတ်ဘဲ အခြေခံသဘောတရားများနှင့် အတွေးအခေါ် အယူအဆများအကြောင်းကို ပြောတတ်ကြောင်း မင်ဒဲလား သိထားသည်။ သို့ရာတွင် မင်ဒဲလားက နိုင်ငံရေးအကြောင်း သီးသန့်ပြောသည့်အခါ ဘွဲ့ယူသင်တန်းအဆင့်လောက် ကြားရတတ်သည်။ သမ္မတလောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်းက အကြံပေးအဖြစ် ခန့်ထားချင်သော ပုဂ္ဂိုလ်တစ်ဦး သင်ကြားပို့ချသည့် သင်တန်းအဆင့်လောက် ရှိတတ်သည်။

နည်းဗျူဟာများနှင့် ပတ်သက်သော မင်ဒဲလား၏ ပညာအဆင့်အတန်းသည် တန်ဖိုးကြီးမားလှ၏။ သူသည် နည်းဗျူဟာများ သက်သက်ကိုလည်း လေ့လာသင်ယူတတ်မြောက်သည်။ ထိုမျှမကသေးချေ။ သင်ယူတတ်မြောက်ထားသော နည်းဗျူဟာများကို လျှို့ဝှက်ထားရှိနည်းပညာလည်း တတ်မြောက်သည်။

× × ×

မင်ဒဲလားသည် ယုံကြည်မှုအပြည့် စိတ်ဓာတ်ခိုင်ခိုင်မာမာဖြင့် ကြီးပြင်းလာခဲ့သည်။ နှစ်ဆယ်ရာစု စောစောပိုင်းကာလက တောင်အာဖရိကရှိ လူမည်းတိုင်းရင်းသားတိုင်း ယင်းသို့မဖြစ်ခဲ့ချေ။ ကိုလိုနီဝါဒ၊ ထို့နောက် အသားအရောင်ခွဲခြားရေးဝါဒကြောင့် တောင်အာဖရိကသား လူမည်းများ အရေးမပါ အရာမရောက်နိုင်ခဲ့ကြချေ။ မင်ဒဲလားဘဝ စောစောပိုင်းမှစ၍ မင်းမျိုးစိုးနွယ် ဆက်စပ်မှုရှိခဲ့သည်။ ယင်းဆက်စပ်နေမှုသည် သူ၏ ဇီဇလက္ခဏာဆောင် ဓာတုပစ္စည်း (ဒီအင်အေ) တွင် ပါရှိသည့် အများစုမှာ အာဖရိကန်နန်းတွင်း၌ ပြုစုပျိုးထောင်ခံလာခဲ့ရမှုမှ မြစ်ဖျားခံလာသည်။ ၁၉ ရာစုခေတ် အာဖရိက တိုင်းရင်းသားလူမျိုးစုလောကအတွင်း ကြီးပြင်းလာရ၍ သူ့ခေတ်နွယ်ဆက် တောင်အာဖရိကလူမည်းများကဲ့သို့ လူဖြူတို့၏ အသားအရောင် ခွဲခြားဆက်ဆံမှု မခံခဲ့ရချေ။ သူ့အတွက် လူဖြူများသည် ခပ်ဝေးဝေးတွင်သာ ရှိနေခဲ့သည်။ သို့အတွက် သူ့ နေ့စဉ်ဘဝအပေါ် ထိခိုက်နစ်နာစေမှု မဖြစ်ပေါ်ခဲ့ပေ။ လူဖြူတစ်ယောက်နှင့် လက်ဆွဲနှုတ်ဆက်ခဲ့ဖူးခြင်း မရှိ။ ဘော်ဒါဆောင်တွင်နေရမှ လူဖြူနှင့် လက်ဆွဲနှုတ်ဆက်ရသည်။ သူ့ကမ္ဘာလောကသည် သီးခြားဖြစ်နေပြီး တန်းတူညီမျှမှုလည်း မရှိချေ။ မည်သို့ပင်ဖြစ်စေ ထိုသို့တသီးတခြား ဖြစ်နေမှုကြောင့်ပင် လူမျိုးခွဲခြားရေးဝါဒ အဆိပ်အတောက်နှင့် မျှော်လင့်ချက် လျော့နည်းတတ်မှုမဖြစ်ဘဲ ကြီးပြင်းခွင့်ရလာခဲ့သည်။ သူ၏ ယုံကြည်စိတ်ချမှုသည် သူ့အောင်မြင်မှု၏ သော့ချက်တစ်ရပ် ဖြစ်သည်။ အေအင်န်စီက သူ့အား လူထုခေါင်းဆောင်တစ်ဦးအဖြစ် ဖော်ထုတ်ခဲ့ခြင်းမှာလည်း ထိုအကြောင်းတရား တစ်ရပ်ကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အရွယ်လေးအတော်ရောက်လာမှ ဘော်ဒါသို့ ရောက်ရသည်။ အဆောင်တွင် လူတန်းစားနှင့် လူမျိုးအနွယ်ခြားနားမှုကို တွေ့ရသည်။ အထူးသဖြင့် ဂျိုဟန်နက်စ်ဘတ်မြို့သို့ ရောက်သောအခါ သူ့အား လူမျိုးစုအနွယ် အကြီးအကဲ၏ သားတစ်ဦးအဖြစ် သဘောမထားဘဲ တောမှတက်လာသည့် ဆင်းရဲသား နုံနုံချာချာလေး တစ်ဦးအဖြစ်သာ ပြုမူဆက်ဆံခံခဲ့ရသည်။ ထိုအချိန်မှစ၍ လူဖြူနှင့် လူမည်းတို့ အကြားတွင် ချောက်ကမ်းပါးကြီးတစ်ခု ဆီးတားခံနေရကြောင်း သဘောပေါက်သွားသည်။ လူမျိုးရေးခွဲခြားမှုဝါဒနှင့် ဥပဒေကွာပြု ပစ်ပယ်ခံထားရမှုတို့နှင့် ရင်ဆိုင်ရသောအခါ သူ အလွန် စိတ်ဆိုးသွားသည်။ မိမိကိုယ်တိုင်ပင် ဤသို့ပြုမူခံရနိုင်သည်ကိုသိသွား၍ ဒေါသထွက်သွားသည်။ အခြားသူတစ်ဦးစီကိုလည်း ဤသို့ပင် ခွဲခြားပြုမူခံရသည်ကို သိရ၍ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။ ထိုကဲ့သို့သော လူမျိုးရေးခွဲခြားပြုမူမှုကို တိုက်ဖျက်ပစ်ရန် သူ၏ဘဝ၌ သက်သက်သာသာ ချမ်းချမ်းသာသာ နေထိုင်နိုင်မည့် ဖြစ်တန်ရာ အခြေအနေအားလုံးကို စွန့်လွှတ်ပစ်ရန်အထိပင် စိတ်အတွင်း ခံစားချက်ပြင်းထန်သွားခဲ့သည်။ မင်ဒဲလားအား ပြင်းပြင်းထန်ထန် စိတ်ဆိုးမိစေသောအချက်မှာ မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်လွန်ကဲခြင်းနှင့် မိမိကိုယ်ကို မိမိ တန်ဖိုးထားခြင်းတို့ ဖြစ်သည်။ မိမိကိုယ်မိမိ တန်ဖိုးထားတတ်မှု နည်းပါးသူများအား သာမန်မျှော်မှန်းချက်ဖြင့် ဆက်ဆံပြုမူခဲ့လျှင် သူတို့၏ အတ္တသဘောကို အတည်ပြုပေးလိုက်ရာ ရောက်သည်။ မိမိကိုယ်ကိုမိမိ တန်ဖိုးမြင့်မားစွာထားတတ်သူများအပေါ် အလားတူ ဆက်ဆံပြုမူခဲ့ပါက သူတို့အား စော်ကားရာရောက်သည်။ လူသားတစ်ဦးအနေဖြင့် မင်ဒဲလားသည် တစ်မုဟုတ်ချင်း စိတ်မဆိုးတတ်ပေ။ တကယ်တမ်း စိတ်ဆိုးလာသောအခါ အတော်ပင် ဖျောင်းဖျရခက်တတ်သည်။ သူ၏ ခေါင်းမာမှုသည် နှစ်ပေါင်း ငါးဆယ်မျှပင် ကြာခဲ့သည်။ နိုင်ငံရေး အားလုံးသည် ပုဂ္ဂိုလ်ရေးနှင့် သက်ဆိုင်သည်ဟူသော အယူအဆသဘောထားအပေါ် မင်ဒဲလား ပြင်းပြင်းထန်ထန် ဆန့်ကျင်ကောင်း ဆန့်ကျင်လိမ့်မည်။ သို့ရာတွင် မင်ဒဲလား၏ ကိုယ်ပိုင်နိုင်ငံရေးသည် တောင်အာဖရိကတွင် လူမည်းတစ်ဦးအနေဖြင့် သူတွေ့ကြုံခဲ့ရသော အဆုံးအစမဲ့ ပုဂ္ဂိုလ်ရေးရာ အောင့်သက်သက် ဖြစ်ခဲ့ရမှုအပေါ် အမြစ်စွဲခဲ့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဘုရင် ဂျွန်ဂင်တာဘာ၏ အထောက်အကူဖြင့် နယ်လ်ဆင် မင်ဒဲလားသည် တောင်အာဖရိကရှိ တစ်ခုတည်းသော လူမည်းများအတွက် တက္ကသိုလ် Fort Hare သို့ တက်ရောက်ခွင့် ရခဲ့သည်။ ထိုတက္ကသိုလ်မှာ သေးငယ်သည်။ ကျောင်းဝင်း ကျဉ်းသည်။ အစိမ်းရောင်ဝင်းကြီးအတွင်း ဗိတိုရိယခေတ်စတိုင် အဆောက်အအုံများ ပြွတ်သိပ်လျက်ရှိသည်။ မင်ဒဲလား ရောက်သွားချိန်တွင် တက္ကသိုလ်ကျောင်းသား တစ်ရာ့ငါးဆယ်ခန့်သာ ရှိသည်။ ရိုးရာလူမျိုးနွယ် ခေါင်းဆောင်များကိုသာမက မင်ဒဲလားကဲ့သို့ အနာဂတ် တော်လှန်ရေးသမားလောင်းများကိုပါ မွေးထုတ်ပေးရာ ဖြစ်သည်။ ကျောင်းသားများသည် နယ်လ်ဆင်မင်ဒဲလားကဲ့သို့ ငယ်ရွယ်ကြသည်။ လူလတ် တန်းစား၊ အထက်တန်းစား အာဖရိကန် မိသားစုဝင်များ၊ သာသနာပြု ကျောင်းများတွင် စာတော်သူ လူမည်းကျောင်းသားများအထိ လူပေါင်းစုံသည်။ ယဉ်ကျေး ကြသည်။ ဝတ်စုံဝတ်သည်။ ကျောင်းစည်းကမ်း တင်းကြပ်လွန်းသည်။ Alexander Kerr ဆိုသူ ဣန္ဒြေကြီးပြီး စာပေရေးရာနှံ့စပ်သော စကော့လူမျိုး တစ်ဦးက အုပ်ချုပ်သည်။ သူသည် လူငယ်များအပေါ် ပြင်းပြင်းထန်ထန် ပြုမူဆက်ဆံ တတ်သည်။ ကျောင်းက မွေးထုတ်ပေးနိုင်မှုများအတွက်မူ ဂုဏ်ယူတတ်သည်။ Thembu နန်းတွင်းမှရောက်လာသူ မင်ဒဲလား၏ တူတော်စပ်သူ K.D.Matanzima သည် အထက်တန်းစားကျသည်။ အရပ်မြင့်မြင့် ဝံ့ဝံ့ကြွားကြွား နေထိုင်တတ်သည်။ မင်ဒဲလားထက် အသက်ပိုကြီးသည် အကြီးအကဲရာထူး ဆက်ခံနိုင်မည့် စာရင်းတွင် ပါရှိသည်။ မင်ဒဲလားသည် မာတန်ဇီမာကို လေးစားသည်။

မင်ဒဲလားသည် Fort Hare တက္ကသိုလ်တွင် လူသိများသော ကျောင်းသား ဖြစ်ခဲ့သည်။ စာတော်သည်။ ဥပမိကောင်းသည်။ အားကစားထူးချွန်သည်။ မှုတစိတ် ရှိသည်။ ဒုတိယနှစ် ကျောင်းသားဘဝတွင် သပိတ်မှောက်ပွဲတစ်ခုနှင့် ကြုံရသည်။ အစားအသောက် ပြဿနာဖြစ်သည်။ အဆောင်တွင်ကျွေးသော အစားအသောက်များ ညံ့ဖျင်း၍ ကျောင်းသားများက ဆန္ဒပြကြသည်။ ကျောင်းသားရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ကြသည်။ သို့ရာတွင် ကျောင်းသားအတော်များများက ရွေးကောက်ပွဲတွင် မဲပေးကြသည်။ မင်ဒဲလားသည် ကျောင်းသားကောင်စီတွင် ရွေးကောက်ခံရသည်။ ဤသည်ပင် ဒုက္ခဖြစ်လာသည်။ သူ့ကို ကျောင်းသားအများစုက ရွေးကောက်ခဲ့ခြင်း မဟုတ်။ အနိုင်အရှုံးစာရင်းမှာလည်း တကယ်မဝင်

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ ယုံကြည်မိသည်။ ဒေါက်တာကားက ရွေးကောက်ခံရသူ ကျောင်းသား အားလုံး ကောင်စီတွင်ဝင်လုပ်ရမည်ဟု အတင်းအကျပ်တိုက်တွန်းသည်။ မင်ဒဲလား ကို ရာဇသံပေးသည်။ ကောင်စီတွင် ဝင်လုပ်ရင်လုပ်၊ မလုပ်ရင် ကျောင်းမှထွက်စေ။ ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်အား ပြန်လည် ပြောပြသည်။ 'ကျုပ်လည်း အတော်ကလေး ထိတ်လန့်သွားတယ်၊ ဒီတော့ ကျုပ်တူ ကေ၊ ဒီ၊ မာတန်ဇီမာဆီ ပြေးပြီး သတင်းပို့ရတယ်၊ အရေးမကြီးပါဘူးလို့ ပြောလိုက်တယ်၊ ဒါက အခြေခံ သဘောတရား ပြဿနာပါ၊ ကောင်စီမှာ ဝင်မလုပ်နိုင်ဘူးလို့ သွားပြောလိုက်လို့ ပြောတယ်၊ ဒီအတွက် 'ကား' ကို သွားတွေ့တယ်၊ ကျုပ်က 'ကား' ထက် မာတန်ဇီမာကို ပိုကြောက်ရတယ်ဗျ'ဟု ပြောပြသည်။ 'ကား'က မင်ဒဲလား ကြိုက်ရာ လမ်း ရွေးခိုင်းသည်။ မင်ဒဲလားက သူ့မူအတိုင်း ကျောင်းထွက်လိုက်သည်။

မင်ဒဲလား ပြိုးစစလုပ်လျက် ဇာတ်ကြောင်းပြန်ခဲ့သည်။ ယနေ့ မင်ဒဲလား ရွေးချယ်လိမ့်မည် မဟုတ်သလို ဘယ်သူကမျှလည်း လုပ်ခိုင်းမည် မဟုတ်သော အရာကို ထိုစဉ်က ခေါင်းမာလှသော မင်ဒဲလားကလေး ရွေးခဲ့သည်ကို သဘောကျ နေသည်။ ထိုလူငယ်ကလေးသည် ပညာသင်ယူနိုင်မှု အခွင့်အလမ်းကို လက်လွှတ်ခဲ့ သည်။ ထိုပညာ ပြည့်ပြည့်စုံစုံရခဲ့လျှင် လူမျိုးရေးခွဲခြားမှုတိုက်ပွဲတွင် ပိုမို၍ စွမ်းအား ကောင်းလာပေလိမ့်မည်။ အခြေခံမူအားလုံးကို ညီတူညီမျှ ဖန်တီးပေးထားသည် မဟုတ်ချေ။ သက်ဆိုင်နှီးနွှယ်သော အကျိုးအမြတ်ကို ချိန်ဆဖို့သာ လိုသည်။ ယခု ကိစ္စတွင် အခြေခံသဘောတရားလည်း စာမဖွဲ့လောက်သောကိစ္စ ဖြစ်သည်။ စွန့်လွှတ်လိုက်ရမှုသာ ကြီးမားအရေးပါလှသည်။ အကျိုးအမြတ်ထက် ပေးဆပ် လိုက်ရမှုက ပိုမို အလေးသာလျက်ရှိသည်။

တစ်နည်းဆိုရလျှင် ထိုဆုံးဖြတ်ချက်သည် မင်ဒဲလားအတွက် အာဏာပိုင် များကို စိန်ခေါ်စေတတ်မှု ဘဝလမ်းကြောင်းပေါ် တင်ပေးခဲ့သည်။ မင်ဒဲလား သည် Mqhekezweni သို့ ပြန်လာခဲ့သောအခါ ထိုကိစ္စနှင့်ပတ်သက်၍ ဘုရင် ကြီးအား မပြောဝံ့ခဲ့ချေ။ ပြောလိုက်သောအခါတွင်မူ ဘုရင်ကြီး စိတ်ရှုပ်သွား သည်။ ဒေါသထွက်သွားသည်။ ထိုသို့ဖြစ်ပျက်ပြီး မကြာလှသော အချိန်ကာလ တွင် မင်ဒဲလားနှင့် ညီဝမ်းကွဲ Justice တို့ ဂျိုဟာန်နက်စ်ဘတ်မြို့သို့ ထွက်ပြေးခဲ့ ရသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဂျိုဟန်နက်စ်ဘတ်မြို့တွင် နေထိုင်ခဲ့သော စောစောပိုင်းကာလများသည် မင်ဒဲလား အတွက် စရိုက်ကြမ်း၍ လိမ်ညာတတ်သော်လည်း ခင်မင်စရာကောင်းသူအကြောင်း ရေးဖွဲ့ထားသော နော်ဗယ်ဝတ္ထု ဆန်လှသည်။ သတ္တုတွင်းတစ်ခုတွင် ညစောင့်ဝင်လုပ် သည်။ အလုပ်ထုတ်ခံရသည်။ လျှပ်စစ်မီးမရှိသော မြို့စွန် တဲကုပ်အမျိုးမျိုးတွင် နေထိုင်ခဲ့ရသည်။ အိမ်ရှင်မိသားစုများက အောက်ကျနောက်ကျ လူပျင်းတစ်ဦး အဖြစ် အထင်သေးခံခဲ့ရသည်။ သူ၏ ရာသက်ပန်မိတ်ဆွေနှင့် ကောင်းရာညွှန်ပြ တတ်သူ ဖြစ်လာမည့် Walter Sisulu နှင့်တွေ့မှ မင်ဒဲလားဘဝ ဖြောင့်တန်းသွား သည်။ ဆီဆူလူး၏ ကျေးဇူးကြောင့် ဂျိုဟန်နက်စ်ဘတ်မြို့ရှိ ဂျူးလူမျိုးပိုင် ဥပဒေ အကျိုးဆောင်ကုမ္ပဏီကလေးတစ်ခုတွင် စာရေးအလုပ် ရသည်။ အာဖရိကန် အနွယ် တရားဥပဒေနှင့်မညီလှသူတစ်ဦးကို အလုပ်ပေးတတ်သည့် ရှားရှားပါးပါး ကုမ္ပဏီတစ်ခု ဖြစ်သည်။ မင်ဒဲလားအနေဖြင့် ဥပဒေအကျိုးဆောင်လုပ်ငန်းသည် အထင်ကြီးစရာ ထင်မိသည်။ ကမ္ဘာပေါ်တွင် အရည်အသွေးထက်မြက်သလောက် ချီးမြှောက်ခံရတတ်သည့် လုပ်ငန်းအဖြစ် မြင်မိသည်။ Witwatersrand တက္ကသိုလ် ဥပဒေသင်တန်းသို့ တက်ရောက်ခဲ့သည်။ ထို တက္ကသိုလ်မှ တရားဥပဒေဌာန ပါမောက္ခတစ်ဦး၏ မှတ်ချက်ကို သတိရ၍ ပြုံးမိသည်။ အသားအရောင်ရှိတဲ့ သူတွေ အကျိုးဆောင်ရှေ့နေ ဖြစ်လာလောက်အောင် မတော်ကြပါဘူးဟု ပြောခဲ့ သည်။

နောက်ဆုံးတွင် မင်ဒဲလားသည် သူငယ်ချင်း လုပ်ဖော်ကိုင်ဖက် Oliver Tambo နှင့်တွဲလျက် ဥပဒေ အကျိုးဆောင်ကုမ္ပဏီ ဖွင့်သည်။ ပထမဆုံး တောင် အာဖရိက လူမည်းပိုင် ဥပဒေ အကျိုးဆောင်ကုမ္ပဏီ ဖြစ်သည်။ လူမည်း အထက်တန်းစားများ ဥပဒေရေးရာ ဇာတိုင်အပင်လည်း ဖြစ်သည်။ မင်ဒဲလား သည် တရားရုံးပေါ်တွင် သွက်လက်တက်ကြွမှု ရှိသည်။ အင်တိုက်အားတိုက် လျှောက်လဲတတ်သည်။ သူ၏ အမှုသည်များဘက်မှနေ၍ အသားအရောင်ခွဲခြားမှု ဆိုင်ရာ ဥပဒေများကို ခုခံကာကွယ်ပေးသည်။ သူသည် ရှေ့နေတစ်ဦးအဖြစ် ကျွမ်းကျင်မှုရှိ၍ ဂုဏ်ယူမိသည်။ ပြဋ္ဌာန်းထားသော ဥပဒေများကို အချိုးညီညီ ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလား ဥပဒေပညာသင်ယူစဉ်က တရားမျှတမှု (Justice) သည် ဘက်လိုက်မှု မရှိရဟု သင်ယူခဲ့ရသည်။ အမှန်စင်စစ် သူ အလုပ်လုပ်ရာ ရုံးပြင်ပတွင် blind justice ရုပ်တု ထားရှိသည်။ သို့ရာတွင် ရုံးအပြင်တွင် ဘက်လိုက် တရားစီရင်မှုများရှိနေကြောင်း တွေ့ရသည်။ တရားသူကြီးများက သူ့အမှုသည်များကို ပခုံးလျှောသလား၊ ဆံပင်ထဲသို့ ခဲတံတင်ထားလျှင် ပြုတ်မကျဘူးလား ဆိုသည်ကို ကြည့်လျက် လူမျိုးရေးခွဲခြား စီရင်နေကြသည်။ အသားရောင်ဖြူ၍ အမှုမှလွတ်သွားသည့် တရားခံများ၊ အသားအရေမည်း၍ တရားခံအဖြစ်ရုံးတင်၍ တရားစီရင်ခံရသူများ ရှိသည်။ တောင်အာဖရိက အစိုးရက အေအင်န်စီနှင့် လွတ်လပ်စွာလှုပ်ရှားမှုကို ဖိနှိပ်ချုပ်ချယ်ရန် ဥပဒေအမျိုးမျိုး ချမှတ်ကျင့်သုံးနေကြသည်။ မင်ဒဲလား၏ ပုံမနှိပ်ရသေးသော နေ့စဉ်မှတ်တမ်းတွင် 'လက်တွေ့ပိုင်းတွင် တရားဥပဒေသည် အာဏာရလူတန်းစားက မိမိတို့ အကျိုးစီးပွားအတွက် လူမှုရေးဖွဲ့စည်းပုံစနစ် ပုံဖော်ရန် စုစည်းထားသောအင်အားစု တရားပင် ဖြစ်တော့သည်' ဟု ရေးမှတ်ထားသည်။ ဥပဒေသည် တူညီသော တရားမျှတမှုဆိုင်ရာ မပြောင်းလဲသော ကျင့်ဝတ်သဘော အခြေခံများ မဟုတ်ဟူ၍လည်း မကျေမနပ် နိဂုံးချုပ်ထားသည်။ သူက သူ ယုံကြည်မျှော်လင့်ထားသလို ဖြစ်မလာ၍ ဥပဒေဟူသည်မှာ တစ်ဦးတစ်ယောက်၏ နိုင်ငံရေးပန်းတိုင်သို့ လှမ်းမီနိုင်ရန် အသုံးပြုသော နည်းဗျူဟာ တစ်ရပ်ပင် ဖြစ်သည်။

အေအင်န်စီ လူငယ်အဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သော စောစောပိုင်း နှစ်ကာလများအတွင်း အခြေခံသဘောတရားကို (Principles) နှင့် နည်းဗျူဟာ (tactics) တို့ ဝိရောဓိ ဖြစ်နေခဲ့သည်။ ပထမပိုင်းတွင် အသားမည်း မဟုတ်သူများကို အခြေခံသဘောအရ အေအင်န်စီ ဝင်ခွင့်ပေးမှုကို တားဆီးကန့်ကွက်ခဲ့သည်။ နောက်မှ စိတ်ပြောင်းသွားသည်။ ထို့နောက် အေအင်န်စီအတွင်း ကွန်မြူနစ်ပါတီ ဝင်ရောက်မှု ကန့်ကွက်ခဲ့သည်။ ထို့နောက် စိတ်ပြောင်းသွားပြန်သည်။ ယင်းကိစ္စတွင် လက်တွေ့အကျိုးမျှော်ဝါဒ (pragmatism) က အခြေခံသဘောတရားပေါ်တွင် အနိုင်ရသွားသည်။ သူ့ဆုံးဖြတ်ချက်သည် အေအင်န်စီ ပိုမိုအားကောင်းလာစေမည့် လမ်းကြောင်းနှင့် သက်ဆိုင်ခဲ့သည်။ မဟာဗျူဟာအသာရ အခြေခံသဘောတရားဆိုင်ရာ အထင်ရှားဆုံး ဥပမာတစ်ရပ်မှာ မင်ဒဲလား

www.burmeseclassic.com

www.burmeseclassic.com



နှင့် အေအင်န်စီတို့က အကြမ်းဖက်မှုသည် လွတ်မြောက်ရေးလှုပ်ရှားမှု အစိတ်အပိုင်း တစ်ရပ်အဖြစ် လက်ခံလိုက်ခြင်း ဖြစ်သည်။ အေအင်န်စီကို စတင်တည်ထောင်ခဲ့သည့် ၁၉၁၂ ခုနှစ်မှ စ၍ အကြမ်းမဖက်ဘဲ ဆန္ဒပြမှုကို အေအင်န်စီ၏ ကျောရိုးမဏ္ဍိုင်အဖြစ် အသုံးပြုခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာအတွင်း အေအင်န်စီခေါင်းဆောင်ပိုင်းအပေါ် ဂန္ဒီကြီး၏လမ်းစဉ် ဩဇာသက်ရောက်ခဲ့သည်။ အကြမ်းမဖက်ရေးသည် အေအင်န်စီ၏ လှုပ်ခါခြင်းငှာ မစွမ်းသာသော သက်ဝင်ယုံကြည်မှုတစ်ရပ် ဖြစ်လာခဲ့သည်။

သို့ရာတွင် လူဖြူအစိုးရက လူမည်းဆန္ဒပြမှုများကို နှိမ်နင်းရာ၌ အကြမ်းဖက်မှုကို စဉ်ဆက်မပြတ် သုံးလာခဲ့သောကြောင့် မင်ဒဲလားသည် အကြမ်းမဖက်ရေးကို လက်မခံနိုင်တော့ချေ။ ရန်သူက သေနတ်ဖြင့် ပစ်ခတ်နေချိန်တွင် မိမိမိက လှံတစ်ချောင်း ဆွဲထွက်ရသလို ခံစားလာမိသည်။ ၁၉၆၁ ခုနှစ်တွင် မင်ဒဲလားသည် လူမျိုးစုအကြီးအကဲ Albert Luthuli နှင့် ပါတီ လမ်းစဉ်ပြောင်းရေး ဆွေးနွေးရန် Natal သို့ ခရီးထွက်သည်။ ထိုစဉ်က လူသူလီသည် အေအင်န်စီဥက္ကဋ္ဌဖြစ်နေသည်။ ၁၉၆၀ ပြည့်နှစ်တွင် လူဖြူလူမည်း ခွဲခြားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုတွင် အကြမ်းမဖက်ရန် ဦးဆောင်စည်းရုံးနိုင်မှုအတွက် နိုဘယ် ငြိမ်းချမ်းရေးဆုရထားသည်။ မင်ဒဲလားက ခေါင်းဆောင်ကြီး (The Chief) ကို အလွန်အမင်းကြည်ညိုလေးစားသည်။ လူသူလီက လမ်းစဉ်ပြောင်းရေးအတွက် မည်သို့ အဖြေပေးခဲ့ကြောင်း ကျွန်ုပ် မေးကြည့်သည်။

'သူက အကြမ်းမဖက်ရေးကို အခြေခံသဘောတရားအဖြစ် ကိုင်စွဲထားတော့ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို ကန့်ကွက်လွှတ်လိုက်တယ်ဗျ၊ ကျုပ်နဲ့ ဒိပြင်လူတွေက အကြမ်းဖက်မှုကို မဟာဗျူဟာ တစ်ခုအဖြစ် ယုံကြည်ထားတယ်၊ ဒီမဟာဗျူဟာက အခြေအနေကြည့်ပြီး ပြောင်းလဲလို့ရတယ်၊ ဒီတော့ သူနဲ့ ကျုပ်တို့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွားတာပေါ့ဗျ'ဟု ပြောပြသည်။

အေအင်န်စီတွင် အိန္ဒိယတိုင်းရင်းသားအဖွဲ့ဝင် များစွာရှိသည်။ အကြမ်းမဖက်မှုကို မစွန့်လွှတ်ရေးဘက်မှ အခိုင်အမာ ရပ်တည်ခဲ့သည်။ အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲဝင် ပုဂ္ဂိုလ်ကြီး J.N.Singh က မစွန့်လွှတ်ရေးအတွက် ကန့်ကွက်ခဲ့သည်။ 'ဂျေအင်က စကားပြောသိပ်ကောင်းတယ်၊ မစွန့်လွှတ်လိုက်ပါနဲ့၊ အကြမ်းဖက်

www.burmeseclassic.com

www.burmeseclassic.com



ရေးကြောင့် ကျုပ်တို့ မရှုံးနိုင်ဘူး၊ ကျုပ်တို့ကသာ အကြမ်းမဖက်ရေးကို အောင်မြင်အောင် မလုပ်နိုင်တာပါလို့ ပြောတတ်တယ်' ဟု မင်းဒဲလားက အမှတ်တရ ပြောခဲ့သည်။ 'အဲဒီ ကြွေးကြော်သံတွေဟာ ခင်ဗျား သိတဲ့အတိုင်း သိပ်ပြီး ဩဇာ သက်ရောက်ခဲ့တယ်'ဟုလည်း ပြောသည်။ မင်းဒဲလားအတွက်မူ ဆန္ဒကျင့်မှုသည်ပင် အခြေခံ သဘောတရားတစ်ရပ် မဟုတ်ဘဲ ကြွေးကြော်သံတစ်ရပ် ဖြစ်လာခဲ့သည်။ အကြမ်းဖက်သော ပြောက်ကျား လှုပ်ရှားမှုကြောင့်သာ လူဖြူလူမည်း ခွဲခြားရေး အစိုးရကို ဖြုတ်ချနိုင်မည့် အခွင့်အရေးရှိသည်ဟု ထုံးစံအတိုင်း ခေါင်းမာစွာ နိဂုံးချုပ်ခဲ့သည်။

'အဓိက အဆုံးအဖြတ်ပေးနိုင်တာက ဖြစ်ပေါ်နေတဲ့ အခြေအနေပဲဗျ၊ အဲဒီ အခြေအနေအရ ငြိမ်းချမ်းတဲ့နည်းကို သုံးရမလား၊ အကြမ်းဖက်နည်းကို သုံးရမလား၊ စဉ်းစားရတယ်၊ ဒါကြောင့် အခြေအနေတွေကပဲ နည်းလမ်းကို အဆုံးအဖြတ် ပြုနိုင်တယ်'ဟု ဆိုခဲ့သည်။

အခြေအနေများ (Conditions) နှင့် အခြေခံသဘောတရား (principles) နှစ်ခုပေါင်းပြီး မဟာဗျူဟာ (Strategy) ကို အဆုံးအဖြတ်ပေးတတ်သည်။ မင်းဒဲလားသည် မဟတ္တမဂန္ဒီကြီး မဟုတ်ချေ။ တစ်ခါမျှလည်း မဖြစ်ခဲ့ပေ။ ဂန္ဒီသည် အဟိံသက (အကြမ်းမဖက်ရေး) ကို ဘဝအတွက် အခြေခံသဘောတရားအဖြစ် ကျင့်သုံးခဲ့သည်။ ချိုးဖောက်ခဲ့လျှင် အောင်မြင်မှုရကျိုးမနပ်နိုင်ဟူသော ဘဝ အခြေခံ သဘောတရား ဖြစ်သည်။ မင်းဒဲလား အနေဖြင့်မူ အကြမ်းမဖက်ရေးကို ပိုသဘောကျသည်။ အကြမ်းမဖက်ရေးနှင့်ပတ်သက်၍ ပုဂ္ဂလိက ရှုံရှာစက်ဆုပ်မှု ရှိသည်။ သို့ရာတွင် အကြမ်းမဖက်ရေး ပေါ်လစီသည် သူ မည်သို့မျှ မျက်ခြည်ပြတ် မခံနိုင်စေသော ဆက်စပ်လွှမ်းခြုံနေသည့် အခြေခံ သဘောတရားတစ်ရပ်ကို ပျက်ပြားစေလျက် ရှိသည်။

ရှေ့ဘန်းကွန်း အကျဉ်းစခန်းသို့ ရောက်နေရခိုက် နိုင်ငံရေးအကျဉ်းသားများ စာပေးစာယူကောလိပ် ဘွဲ့ဒီဂရီများအတွက် မင်းဒဲလား ဂုဏ်ယူသည်။ နောက်ပိုင်းနှစ်များတွင် နိုင်ငံရေးအကျဉ်းသားများက ရှေ့ဘန်းကွန်း အကျဉ်းစခန်းကို 'တက္ကသိုလ်ကြီး'ဟု ရည်ညွှန်းပြောဆိုတတ်သည်။ မင်းဒဲလားအတွက် ရှေ့ဘန်းသည် တက္ကသိုလ်ကြီးပင် ဖြစ်သည်။ သို့ရာတွင် ပညာရေးဆိုင်ရာ တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



မျိုး မဟုတ်ချေ။ ထိုအကျဉ်းစခန်းတွင် မင်ဒဲလားသည် ဖြစ်ပေါ်လာသော အခြေအနေပေါ် မူတည်လျက် အခြေခံသဘောတရားအားလုံးကို စစ်ဆေးကြည့်ရမည်ဟူသော စိတ်ကူးသက်သက်မဟုတ်ဘဲ လက်တွေ့ကျကျ သဘောအယူအဆကို လေ့လာတတ်မြောက်ခဲ့ရသည်။ ထောင်ထဲတွင် မင်ဒဲလားနှင့် ရဲဘော်ရဲဘက်များသည် သီဝရီဆိုင်ရာ ပြဿနာများအကြောင်းကို နာရီပေါင်း၊ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ ဆွေးနွေးခဲ့ကြသည်။ အရင်းရှင်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒအကြောင်း၊ တိုင်းရင်းသားလူမျိုးနွယ်ဝါဒနှင့် ခေတ်မီရေးဝါဒအကြောင်း ဆွေးနွေးတတ်သည်။ ကျားသည် အာဖရိကတိုက်ကြီး၏ မျိုးရင်း ဟုတ် မဟုတ် ငြင်းခုံခဲ့ကြသည်။ ယင်း စကားအချေအတင် ပြောပွဲများတွင် မင်ဒဲလား တက်ကြွစွာ ပါဝင်ခဲ့သည်။

သူ ထောင်မှ ထွက်လာချိန်တွင်မူ စိတ်ကူးယဉ်စကားအချေအတင် ပြောမှုမျိုးကို ဘေးဖယ်ပစ်လိုက်သည်။ ဆိုရှယ်လစ်ဝါဒသည် မိမိကြိုးပမ်းရှာဖွေနေသော ဒီမိုကရေစီနှင့် လူမျိုးရေး သဟဇာတဖြစ်ရေး (racial harmony) ကို နှောင့်ယှက်လိမ့်မည်ဟု အမြန်ဆုံးသဘောပေါက်သွားသည်။ သူ့အတွက် လူမျိုးနွယ်စုအလိုက် စုဖွဲ့မှု (Tribalism) သည် အသုံးကျလိမ့်မည်ဟု နားလည်သွားသည်။ သူသည် လူဖြူအရင်းရှင်ဝါဒ အကြီးအကဲများနှင့် မိတ်ဆွေဖွဲ့သည်။ လူမည်း လူမျိုးနွယ် အကြီးအကဲနှင့်လည်း သင့်မြတ်အောင် လုပ်ကိုင်သည်။ တောင်အာဖရိကသို့ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီ ဆောင်ကြဉ်းပေးနိုင်သည်နှင့် တစ်ပြိုင်နက် သူ၏ ကြောင်းကျိုးဆက်စပ်ဆင်ခြင်၍ရသောအချက် (corollary) ကို ကျင့်သုံးတော့သည်။ တောင်အာဖရိကတွင် လူမျိုးရေး သဟဇာတဖြစ်ရေးဟူသော အချက်ဖြစ်သည်။ အခြားအကြောင်းအရာများသည် အထက်ဖော်ပြပါ အဓိကရည်မှန်းချက်များလောက် အရေးမပါလှတော့ချေ။ အခြေအနေများ ပြောင်းလဲသွားခဲ့လျှင် မိမိ၏ မဟာဗျူဟာကို ပြောင်းလဲပစ်ရမည်။ စိတ်ကို ပြောင်းလဲပစ်ရမည်။ ယင်းအချက်သည် အဆုံးအဖြတ် မပေးနိုင်မှု၊ မပြတ်သားမှု (Indecisiveness) မဟုတ်ချေ။ လက်တွေ့အကျိုးမျှော်မှု (pragmatism) သာ ဖြစ်ပေသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# ၇

## သူတစ်ပါးကောင်းကွက် မြင်အောင်ကြည့်ပါ

ဤကိစ္စကို အချို့က မသိကျွမ်းသော အကြောင်းတစ်ရပ် (blind spot) ဟု ခေါ်တတ်သည်။ အခြားသူများက ရိုးစင်းမှု (naivete) ဟု မြင်သည်။ မင်ဒဲလားကမူ လူတိုင်းသည် တစ်နည်းနည်းဖြင့် မှတ်ကျောက်တင်ကြည့်ချိန်အထိ အဟုတ်ကြီး ထင်စရာကောင်းနေတတ်သည်ဟု သဘောထားသည်။ မိမိတို့ တစ်ဦးနှင့်တစ်ဦး သဘောရိုးဖြင့် ပေါင်းနေကြသည်ဟူ၍ ပထမဦးဆုံး ယူဆ လက်ခံထားလိုက်သည်။ သတ္တိရှိချင်ဟန် ဆောင်လိုက်ရုံသက်သက်ဖြင့် တကယ်ပင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်သွားစေနိုင်သည့်နည်းတူ တစ်ဦးဦး၏ ကောင်းကွက်ကို မြင်အောင်ကြည့်ခြင်းဖြင့် ထိုသူ၏ တကယ်ကောင်းမွန်သောအတ္တ ဖော်ထုတ်လာနိုင်လိမ့်မည်ဟု ယုံကြည်တတ်သည်။

တစ်သက်လုံး မတော်မတရားပြုမူခံခဲ့ရသူတစ်ဦးက သူတစ်ပါးအပေါ် ကောင်းကွက် ကြည့်မြင်တတ်မှုသည် အလွန် ထူးခြားလှ၏။ သူသည် တစ်ဦး တစ်ယောက်အကြောင်း မကောင်းမပြောတတ်၍ ထိုသူအကြောင်း အဆိုးအကောင်းကို မင်ဒဲလားနှင့်ပြောရန် မလွယ်တတ်ပေ။ သူ့ကို ကြိုးပေးသတ်ရန် ကြိုးပမ်းခဲ့သူ တစ်ဦးအကြောင်းကိုပင် အပြစ်တင်စကားတစ်ခွန်းမျှ မဟခဲ့ချေ။ လူဖြူလူမည်း ခွဲခြားရေးကို ဝက်အူတင်းခဲ့သော နာဇီဝါဒလိုလားသူ တောင်အာဖရိက သမ္မတ ဟောင်း John Vorster အကြောင်း မေးကြည့်ဖူးသည်။ မင်ဒဲလားနှင့် သူ့ အပေါင်း အဖော်များကို ကြိုးစင်တင်ခဲ့ရင် ကောင်းသားဟု နောင်တရမဆုံး ဖြစ်သွားကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဗော်စတာဟာ ရည်မွန်သူ တစ်ယောက်ပဲဗျ၊ အထင်ရှားဆုံးက ယဉ်ကျေးမှု ရှိတာပေါ့၊ ကျုပ်တို့အကြောင်း ထည့်ပြောတာတောင် ရည်ရည်မွန်မွန် စကား အသုံးအနှုန်းမျိုးနဲ့ ပြောတတ်တယ်'ဟု မင်ဒဲလားက ပကတိ ရိုးသားမှုဖြင့် ပြောပြ သည်။

တိရစ္ဆာန်များအပေါ် ကြင်နာတတ်၍ ဆက်ဒန်ဟူစိန်ကို ချီးကျူးသလို ဖြစ် သွားကောင်း ဖြစ်သွားနိုင်သည်။ သို့ရာတွင် ဂျွန်ဗော်စတာကဲ့သို့သော တစ်ဦး တစ်ယောက်၏ ဆိုးပြစ်ကို မင်ဒဲလား မမြင်ခဲ့ခြင်း မဟုတ်ပေ။ ဗော်စတာနှင့် ပတ်သက်၍ ထိုဆိုးကွက်ကလေးတစ်ခုတည်းကိုသာကွက်၍ မမြင်လိုခြင်း ဖြစ်သည်။ မည်သူမျှ အကောင်းချည်းသက်သက်၊ အဆိုးချည်းသက်သက် မရှိတတ်ကြောင်း မင်ဒဲလား သိသည်။ တစ်နေ့တွင် သူက ရော့ဘန်းကျွန်း အကျဉ်းစခန်းအတွင်း သူနှင့် ပြိုင်ဘက်တစ်ဦးအကြောင်း စကားစဖော်လိုက်သည်။ ထိုသူသည် မင်ဒဲလား အပေါ် မကျေနပ်ချက်၊ နာကြည်းချက်များစွာ ရှိခဲ့သည်။ ထိုသူ့အကြောင်း ဆက်မေး ကြည့်သည်။ မင်ဒဲလားက ထိုသူ၏ ရိုင်းစိုင်းလုပ်ဆောင်ခဲ့မှုများအကြောင်း ထည့် မပြောခဲ့ပေ။ 'သူ့ဆီက ကျုပ် သိလိုက်ရတာကတော့ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင်နိုင်တဲ့ သူ့ရဲ့ စွမ်းရည်ပဲ' ဟုသာ ပြောပြသည်။

**'သူ့ဆီက ကျုပ် သိလိုက်ရတာကတော့'** (What I took from him) ဤသို့လျှင် မင်ဒဲလားသည် အကောင်းဘက်မှ ကြည့်မြင်သည်။ အပြုသဘော ဆောင်တတ်သည်။ အဆိုးပိုင်းကို ကျော်လွှန်ကြည့်ရန် ရွေးချယ်ခဲ့သည်။ အကြောင်း နှစ်ရပ် ရှိနေသည်။ လူတွင် ကောင်းကွက်ရှိတတ်ကြောင်း အလိုလိုသိနေသော ကြောင့် ဖြစ်သည်။ နောက်တစ်ချက်မှာ သူတစ်ပါး၏ကောင်းကွက်ကို မြင်အောင် ကြည့်ခြင်းဖြင့် ထိုသူတို့ အခြေအနေ ပိုကောင်းသွားလိမ့်မည်ဟု ဉာဏ်အားဖြင့် သိနေသောကြောင့် ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်ဖြစ်စေ၊ မိသားစုဝင်ဖြစ်စေ၊ ထိုသူတို့ထံမှ အကျိုးတရား ပိုမိုဖြစ်ပေါ်လာမည်ဟု မျှော်လင့်ထားမိလျှင် သူတို့ထံမှ မျှော်လင့်သလို ပိုရလာနိုင်သည်။ သို့တည်းမဟုတ် မျှော်လင့်ထားသလို လုပ်မပေး နိုင်ခဲ့၍ အပြစ်ရှိစိတ် ခံစားသွားစေနိုင်သည်။


တစ်ဦးဦး၏ ညံ့ကွက်နှင့်ပတ်သက်၍ အဆိုးဆုံးပြောတတ်သည့်စကားမှာ သူဟာ ကိုယ်ကျိုးကြည့်ပြီး လုပ်နေတာဟူ၍လောက်သာပင်။ တစ်ခါက မင်ဒဲလား

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားဇနီး၊ မင်ဒဲလား၊ အင်္ဂလန်ဘုရင်မကြီး အဲလိဇဘက်



မင်ဒဲလား၏ခြံဝင်းတစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားနှင့် ပေါ့ပ်ဘုရင်အဆိုတော် မိုက်ကယ်ဂျက်ဆင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တောင်အာဖရိကတွင် အကြီးမားဆုံး လူမည်းသတင်းစာကြီးတစ်စောင်မှ အယ်ဒီတာတစ်ဦးနှင့် ဖုန်းပြောနေသည်။ စေ့စပ်ဆွေးနွေးနေမှု သတင်းနှင့်ပတ်သက်၍ သတင်းစာတွင် ထည့်ရေးရန် လက်ယားလျက်ရှိသည်။ ထိုကိစ္စမှာ အမှားမခံနိုင်သော ကိစ္စဖြစ်၍ ခေတ္တ စောင့်ဆိုင်းပါဦးဟု မင်ဒဲလားက တောင်းပန်သည်။ ထို့နောက် မင်ဒဲလားက ကျွန်ုပ်အား 'ကြည့်ဗျ၊ ဒီလူ ရေးဖြစ်အောင် ရေးလိုက်လိမ့်မယ်'ဟု ကြိုတင် ပြောခဲ့သည်။ နောက်တစ်နေ့ သတင်းစာမျက်နှာဖုံးတွင် ထိုသတင်းကြီး ပြူးခနဲ ပါရှိလာတော့သည်။ ကျွန်ုပ်က သတင်းစာကိုပြလိုက်သောအခါ သူက ပြုံးလိုက်သည်။ 'ဒီလူတွေက ဒီကိစ္စကို လျှို့ဝှက်ထားတဲ့စိတ်ဓာတ် မပါဘဲ လုပ်လိုက်တာပါ၊ သူတို့ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကြည့်ပြီး လုပ်လိုက်တာ၊ ဒီတော့ ကျုပ် စိတ်ထဲ ဘယ်လိုမှ မဖြစ်မိပါဘူး'ဟု ပြောခဲ့သည်။ သတင်းစာအယ်ဒီတာသည် မင်ဒဲလားအပေါ် အထင်အမြင်လွဲမှားအောင် မပြုခဲ့ပေ။ မိမိကိုယ်ကျိုးကိုကြည့်၍ လုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်သည်။ ယင်းကိစ္စအတွက် မင်ဒဲလားအနေဖြင့် ထိခိုက်နစ်နာစရာ မရှိခဲ့ချေ။ သို့အတွက် ဘာမျှလည်း မလုပ်ခဲ့ချေ။

× × ×

ထူးဆန်းနေသည်မှာ အကျဉ်းထောင်သည် မင်ဒဲလားအား လူ့သဘောသဘာဝအမြင်ကို ဖိနှိပ်မထားနိုင်ဘဲ ဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။ ထောင်ကြောင့် လူအတော်များများ စိတ်နာကြည်းမှု ခံစားရသည်။ မင်ဒဲလားအတွက်မူ ဘာမျှမဖြစ်ခဲ့။ အမြင်ပိုကျယ်အောင်သာ လုပ်ပေးရာရောက်ခဲ့သည်။ ရော့ဘန်းကျွန်း အကျဉ်းစခန်းသို့ ရောက်စ စောစောပိုင်းနှစ်များတွင် အကျဉ်းသားများမှာ ပုံမှန် အရိုက်အနှက်ခံရသည်။ စော်ကားနှိပ်စက်ခံရသည်။ အပြင်လောကနှင့်လည်း အဆက်အသွယ်ဖြတ်ထားခံရသည်။ သို့နှင့် ထောင်တွင်း ဝရဲခန်းများကို သက်ဆိုင်ရာတို့ မသိမကြားနိုင်တော့ပေ။ ထိုစဉ်က အကျဉ်းစခန်း အကြီးအကဲမှာ Colonel Piet Badenhorst ဖြစ်သည်။ သွေးအေးအေးဖြင့် ရက်စက်မှုအရာတွင် ကမ်းကုန်သည်။ ဘေဒန်ဟော့သည် အခြေအနေအဆိုးဝါးဆုံး အာဖရိကထောင်များတွင် မကောင်းသတင်း ဥပမာ ဖြစ်သည်။ အာဖရိကန် အကျဉ်းသားများသည် တိရစ္ဆာန်များနှင့် ဘာမျှမခြားဟု ယုံကြည်ထားသည်။ ထို့ကြောင့် တိရစ္ဆာန်များအပေါ် ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



သလိုပင် ပြုမူသင့်သည်ဟု ယူဆထားသည်။ ဘေဒန်ပောဒ်သည် နိုင်ငံရေး အကျဉ်းသားမှန်သမျှ အကြမ်းဖက်သမားများဖြစ်သည်ဟု သဘောထားခဲ့သည်။ မင်ဒဲလားကိုလည်း အကြမ်းဖက်သမား နံပါတ်တစ်အဖြစ် သတ်မှတ်ထားသည်။ မင်ဒဲလားနှင့် ဘေဒန်ပောဒ်တို့ အကြိမ်ကြိမ် ပွဲကြီးပွဲကောင်း နွှဲရသည်။ ဘေဒန်ပောဒ် ကိုင်ရိုက်ခံလိုက်ရသလို ဖြစ်သွားသည်ချည်းပင်။

၁၉၇၀ ပြည့်လွန်နှစ် စောစောပိုင်းတွင် တရားသူကြီးအုပ်စုတစ်စု ရော့ဘန်းကျွန်းသို့ လာရောက်စစ်ဆေးသည်။အကျဉ်းသားများက မိမိတို့၏ နစ်နာချက်များကို မင်ဒဲလားကတစ်ဆင့် တင်ပြစေသည်။ 'မကြာခင်ကမှ အခြားအခန်းတစ်ခုမှာ အကျဉ်းသားတွေကို ရိုက်နှက်မှုဖြစ်စ ပူပူနွေးနွေးအချိန်ဗျ'ဟု မင်ဒဲလားက ပြောပြသည်။ တရားသူကြီးများသည် အင်္ဂလိပ်စကား တတ်ကြသည်။ ထောင်အာဏာပိုင်များထက် ပိုမိုလွတ်လပ်စွာ စကားပြောနိုင်သည်။ တရားသူကြီးများက တွေ့ဆုံရာတွင် ဘေဒန်ပောဒ် မပါရှိ၍ မင်ဒဲလား လွတ်လပ်စွာပြောနိုင်ကြောင်း ခွင့်ပြုသည်။ မင်ဒဲလားက ယခုကဲ့သို့တွေ့ဆုံရာတွင် ဘေဒန်ပောဒ်လည်း ရှိနေသင့်ပါကြောင်း သူ့ကို ထိခိုက်စရာ မရှိနိုင်ပါကြောင်း တင်ပြသည်။ တွေ့ဆုံပွဲတွင် မင်ဒဲလားက ရိုက်နှက်မှု ပူပူနွေးနွေးအကြောင်း စတင် တင်ပြလိုက်သည်။ ဘေဒန်ပောဒ် ထခုန်လိုက်ပြီး 'ခင်ဗျားမျက်စိနဲ့ တပ်အပ်တွေ့ရလို့လား'ဟု မေးမြန်းသည်။ မင်ဒဲလားက ကိုယ်တိုင်မမြင်ခဲ့ကြောင်း ပြန်ဖြေသည်။ ထိုအခါ ဘေဒန်ပောဒ်က မင်ဒဲလားသို့ လက်ညှိုးငေါက်ငေါက်ထိုးလျက် 'ခင်ဗျား သတိထား၊ ကိုယ်တိုင်မမြင်လိုက်ရတာကို လျှောက်ပြောမနေနဲ့၊ ပြောထားလျက်နဲ့ ခင်ဗျား လျှောက်ပြောနေရင် ဒုက္ခကြီးကြီးရောက်ဖို့သာ ပြင်ပေတော့'ဟု ခြိမ်းခြောက်လိုက်သည်။ အားလုံး တိတ်ဆိတ်သွားသည်။ ထိုအချိန်မျိုးမှာပင် မင်ဒဲလားက တရားသူကြီးများဘက်သို့ လှည့်ကာ 'ဘယ်လို ထောင်အုပ်ချုပ်ရေးမျိုး၊ ဒီလိုမျိုး ရှိနေတယ်ဆိုတာ လူကြီးမင်းတို့ အမြင်ပါပဲ၊ လူကြီးမင်းတို့ မျက်မှောက်မှာတောင် ဒီလောက်ခြိမ်းခြောက်နေရင် လူကြီးမင်းတို့ ကွယ်ရာရောက်ရင် ဘာတွေလုပ်တော့မလဲဆိုတာ စဉ်းစားကြည့်ပါတော့' ဟု အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

မင်ဒဲလားက ဘေဒန်ပောဒ် မည်မျှဆိုးသွမ်းကြောင်း သရုပ်ပေါ်စေလို၍ ကျွန်ုပ်အား ပြောပြနေခြင်း ဖြစ်သည်။ ထို့နောက် ဘေဒန်ပောဒ် ရော့ဘန်းကျွန်းမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်တော်မူခန်းကို ခပ်မြန်မြန် စကားလမ်းလွှဲသွားသည်။ General J.C. Steyn သည် ထောင်အုပ်ချုပ်ရေးစနစ် ပြုပြင်ရေးအဖွဲ့ခေါင်းဆောင် ဖြစ်သည်။ ထောင်သို့ မကြာမကြာ ရောက်လာတတ်သည်။ တစ်နေ့တွင် မင်ဒဲလား တွေ့ရန် မှာကြားသည်။ စတင်းနှင့်အတူ ဘေဒန်ဟော့လည်း အတူရှိနေသည်။ ဗိုလ်ချုပ်ကြီး ဘာများတိုင်ကြားစရာ ရှိသေးသလဲဟု မင်ဒဲလားကို မေးသည်။ မင်ဒဲလားက ရှေ့နေတစ်ဦး၏ ဟန်ပန် တမင်လုပ်လျက် အကျဉ်းသားများ၏ နစ်နာချက် ပေါင်းစုံကို တင်ပြလိုက်သည်။ မင်ဒဲလားသည် မိမိနှင့် အကျဉ်းသားများ၏ နစ်နာချက်များကို အာဏာပိုင်များရှေ့သို့တင်ပြရာ၌ တွန့်ဆုတ်မှု မရှိတတ်ပေ။ မင်ဒဲလား တင်ပြပြီးချိန်တွင် ဗိုလ်ချုပ်ကြီး စတင်းက မင်ဒဲလားအတွက် သတင်း စကားတစ်ရပ် ပါလာကြောင်း ပြောလိုက်သည်။ ဗိုလ်မှူးကြီးဘေဒန်ဟော့အား ရော့ဘန်းကျွန်းအကျဉ်းထောင်မှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းပစ်လိုက်ပြီဟူသော သတင်းဖြစ်သည်။ မင်ဒဲလားက ထိုနေ့မှာပင် ဘေဒန်ဟော့က သူ့ဘက်လှည့်ပြီး တိုက်ခိုက်စကားပြောဆိုခဲ့ကြောင်း ပြန်ပြောင်း ပြောပြသည်။

'ဘေဒန်ဟော့က ခင်ဗျားတို့ ပြည်သူတွေ ကံကောင်းပါစေလို့ ဆုတောင်းပါတယ်ဆိုတဲ့ သဘောမျိုး ပြောသွားတယ်ဗျ၊ ဒီလိုပြောတဲ့အချိန်မှာ သူ့အသံဟာ အလယ်အလတ်စား ဖြစ်နေတယ်၊ သူဟာ လူသား (human being) ဆန်နေတဲ့ အတွက် ကျုပ်အတော်ကလေး အံ့သြသွားမိတယ်၊ ကျုပ်က ကျေးဇူးတင်ကြောင်း ပြောလိုက်ပါတယ်၊ ကျုပ်ဟာ ဒီကိစ္စကို နောင်ကျတော့ အကြာကြီး စဉ်းစားနေမိတယ်ဗျ၊ အခြေခံကျကျ ပြောနေတဲ့အချက်က ဒီလူတွေက လူသား မပီသတာ မဟုတ်ဘူး၊ လူစိတ်ကင်းမဲ့မှုက သူတို့အပေါ် ဖိစီးနေတာ။ သားရိုင်းတိရစ္ဆာန် ကြီးတွေလို ပြုမူမှ သူတို့ စားရသောက်ရမှာ။ ဒီလို ရိုင်းရိုင်းစိုင်းစိုင်း လုပ်ပြမှ ရာထူးတိုးချင်တိုးမယ်၊ အခွင့်အရေး ပိုရချင်ရမယ်လို့ ထင်ထားတတ်ကြတယ်၊ အဲဒီနေ့မှာပဲ သဘောပေါက်သွားမိတယ်၊ ဘေဒန်ဟော့ဟာ ကျုပ်ထင်ထားခဲ့တဲ့ လူစားမျိုး မဟုတ်ဘူး၊ အရင်ကပြုမူခဲ့တာတွေထက် အဲဒီလူက ပိုတော်တဲ့ လူပဲဗျ' ဟု မင်ဒဲလားက ပြောပြသည်။

ယင်းကဲ့သို့ ထူးထူးခြားခြား လာရောက်တွေ့ဆုံမှုရလဒ်ကြောင့် လူပီသအောင် ဘယ်လိုနေရမလဲဟူသော မင်ဒဲလား၏ ယုံကြည်ချက်ကို ပိုမို ခိုင်မြဲသွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



**သူက ဘာတွေပဲ လုပ်ခဲ့ လုပ်ခဲ့၊ တကယ်တော့ ဒီလူက လူတောင်းပဲဗျ။** သူ၏ စိတ်ရင်း စေ့ဆော်မှုများသည် သူလုပ်ဆောင်ခဲ့သော လုပ်ရပ်များလောက် ရက်စက်မှု မရှိပေ။ မည်သူမျှ မျက်စိမှိတ်ဘက်လိုက်တတ်သူ၊ သို့မဟုတ် လူမျိုးရေးဝါဒီတစ်ဦး အဖြစ် မွေးဖွားလာခြင်း မဟုတ်ပေ။ မည်သူမျှ ရင်ထဲနှလုံးထဲတွင် ယုတ်မာမှု မရှိတတ်ချေ။ ယုတ်မာမှုအခြေအနေများမှာ ပတ်ဝန်းကျင်နှင့် ပျိုးထောင်ပေးမှုအရ လူတို့၏ရင်ထဲတွင် ကိန်းအောင်းလာသောအရာ ဖြစ်သည်။ မွေးရာပါ မဟုတ်ချေ။ လူဖြူလူမည်း ခွဲခြားရေးဝါဒကြောင့် သူတို့ ယုတ်မာလာကြသည်။ ယုတ်မာမှုက လူဖြူလူမည်း ခွဲခြားရေးဝါဒကို ဖြစ်ပေါ်မလာစေခဲ့ပေ။

မင်ဒဲလား၏ လုပ်ဖော်ကိုင်ဖက် ထောင်ကျရဲဘော်များက ထောင်ကြပ်များ နှင့် ထောင်မှူးတို့အား ကြီးမားခိုင်ခံ့သော အဖွဲ့အစည်းကြီး၊ နှလုံးသားမဲ့ လူဖြူ လူမည်း ခွဲခြားရေးဝါဒစနစ် ပြယုဂ်ကြီးအဖြစ် မြင်မိကြသည်။ မင်ဒဲလားကမူ ထိုသူတို့တွင်ရှိသော သင့်တင့်လျောက်ပတ်မှု၊ ဂုဏ်သိက္ခာရှိမှုတို့ကို ရှာဖွေကြည့် တတ်သည်။ အဆုံးတွင် သူတို့သည် စနစ်၏သားကောင်များ၊ ထိုစနစ်၏ လက်သည် တရားခံများအဖြစ် သဘောပေါက်လာမိသည်။ မင်ဒဲလားက မကြာ မကြာ ပြောပြ တတ်၏။ ထောင်ကြပ်များနှင့် ထောင်မှူးများသည် ရိုးသားသူများ၊ ပညာမဲ့များ ဖြစ်ကြောင်း၊ ငယ်စဉ်ဘဝကပင် လူမျိုးခွဲခြားပြီး တရားမျှတမှုကင်းမဲ့သော လူမျိုးခွဲခြားရေးစနစ်ကြောင့် စွဲမှတ်အောင်သင်ကြားပေးမှုခံခဲ့ရသူများဖြစ်ကြောင်း ပြောပြသည်။ အကျဉ်းသားအများစုဘဝနှင့် ဘာမျှမခြားဘဲ သူတို့ကိုလည်း ဆင်းရဲ မွဲတေသော မိသားစုများမှ ဆင်းသက်ပေါက်ဖွားလာကြောင်း ပြောတတ်သည်။ မင်ဒဲလားသည် ပညာတတ်၊ စာတတ်ပေတတ် ရှေ့နေကြီးဘဝဖြင့် အာဖရိကတစ်ပတ် ခရီးထွက်ခဲ့ဖူးသည်။ ထို့ကြောင့် အကျဉ်းထောင်ကြပ်များ မြင်ဖူးမည်ထက် သူက ပို၍ တွေ့ဖူး မြင်ဖူးသည်။ သူတို့လည်း လူဖြူလူမည်း ခွဲခြားရေးစနစ်ဒဏ်ကို ခံစားခဲ့ရသည်။ မင်ဒဲလားနှင့် သူ့ရဲဘော်များ ခံစားရသည်နှင့်တော့ တူချင်မှ တူလိမ့်မည်။

ဘုန်းတော်ကြီး Reverend Andre Scheffler သည် တနင်္ဂနွေနေ့များတွင် အကျဉ်းသားများအား တရားလာဟောတတ်သည်။ မင်ဒဲလားသည် ဘုန်းတော်ကြီး ပေါ်တွင်လည်း အလားတူအမြင်မျိုး ထားရှိသည်။ ရှက်ဖလာသည် Dutch Re-

www.burmeseclassic.com

www.burmeseclassic.com



formed Church ဂိုဏ်းဝင် ဖြစ်သည်။ ငရဲပြ၍ တရားဟောတတ်သည်။ လူမျိုးရေး ခွဲခြားမှုသည် ဘုရားသခင် စီမံပေးထားသော အရာဟု ယုံကြည်ထားသည်။ 'ဒီဘုန်းကြီးဟာ သိပ်ပြီး အထင်သေးတတ်တယ်၊ စကားအပြောအဆို ကြမ်းတမ်းတယ်'ဟု မင်ဒဲလားက ပြောပြသည်။ ရှက်ဖလာက မင်ဒဲလားနှင့် သူ့ရဲဘော်များအား အနှိပ်အစက် ရာဇဝတ်ကောင်များအဖြစ် သဘောထားသည်။ လူဖြူလူမည်း ခွဲခြားရေး ဝါဒကဲ့သို့သော တရားမျှတပြီး ဘာသာရေးနှင့်အညီ သတ်မှတ်ထားသည့် စနစ်ကို ဖျက်လိုဖျက်ဆီးလုပ်နေရန် ကြံစည်နေသူများဖြစ်သည်ဟု ယုံကြည်ထားသည်။

ရှက်ဖလာက မင်ဒဲလားအား 'မင်းတို့ကိုယ်ကို မင်းတို့ လွတ်မြောက်ရေး တိုက်ပွဲဝင်နေသူတွေလို့ ထင်နေတယ်ပေါ့ ဟုတ်လား၊ မင်းတို့ကို ဖမ်းခဲ့တုန်းက မင်းတို့က အရက်တို့ ဆေးခြောက်တို့ မူးနေမှာပေါ့၊ မင်းတို့လူမျိုးတွေဟာ ပြဿနာ တစ်ခု ပေါ်လာရင် အဖြေပေးဖို့ အသင့်ဖြစ်နေကြတယ်၊ ဘာပဲဖြစ်ဖြစ် Ngabe-lungu (လူဖြူတွေကြောင့်) လို့ ပြောတတ်ကြတယ်'

အခြား အကျဉ်းသားများသည် ဘုန်းတော်ကြီး၏ဒဏ်ကို မခံနိုင်ကြပေ။ သူနှင့် မတွေ့ရအောင် ရှောင်နေတတ်သည်။ မင်ဒဲလားကမူ မိမိအတွက် စိန်ခေါ်ချက် တစ်ရပ်ဟု သဘောထားသည်။ မင်ဒဲလား၏ အမြင်အရ ဘာသာရေး ယုံကြည်ချက်များကို လူဖြူလူမည်း ခွဲခြားရေးဝါဒ ချမှတ်သွတ်သွင်းသည့်နည်း အတိုင်း ပြည်သူတို့အပေါ် သွတ်သွင်းပေးနေကြသည်။ ဘုန်းတော်ကြီး၏ နှစ်ခြိုက် သာယာနေမှုသည် သူ့အား ပြုစုပျိုးထောင်ပေးခဲ့မှု ပုံစံ၏ ထင်ဟပ်ချက်သာ ဖြစ်သည်။ မင်ဒဲလားသည် သကြန်အမြောက်သံနောက်ကွယ်မှ လူသားတစ်ဦးကို မြင်လိုက်သည်။ ဘုန်းတော်ကြီးက သူတို့၏ ယုံကြည်ချက် အယူအဆများကို အသွင်ပြောင်းပစ်ရန် ကြိုးစားနေစဉ် မင်ဒဲလားတို့ကလည်း ဘုန်းတော်ကြီး၏ ယုံကြည်ချက် အယူအဆများကို ပြောင်းလဲပစ်ရန် ကြိုးစားလာကြသည်။

'ဒီတော့ ကျုပ်တို့လုပ်ငန်းစတယ်၊ ကျုပ်တို့ကိုလာပြီး တရားဟောခိုင်းတယ်၊ ကျုပ်တို့က ပြည်သူတွေကို ကျုပ်တို့အယူအဆ ပြောင်းလဲလက်ခံလာဖို့ ကြိုးစားခဲ့တယ်၊ အချိန်ကြာလာတဲ့အခါ ကျုပ်တို့ဘယ်သူတွေ၊ ထောင်ထဲ ဘာကြောင့် ရောက်နေရတယ်၊ ကျုပ်တို့ ဘာကို ရည်မှန်းတယ်ဆိုတာတွေကို ရှင်းပြခွင့်ရလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်' မင်ဒဲလားရဲ့ အဆိုအရ ရှုက်ဖလာသည် ရင်းရင်းနှီးနှီး ဖြစ်လာသည်။ သူတို့ ဘာကြောင့် တိုက်ပွဲဝင်နေရကြောင်း သဘောပေါက်လာသည်။ မင်ဒဲလားက ဘုန်းတော်ကြီး ဟောတာ ပြောတာကို သက်ဝင်ယုံကြည်မှု ဖြစ်မလာခဲ့ပေ။ ဘုန်းတော်ကြီးကသာ မင်ဒဲလား၏ရန်သူ ဖြစ်မလာတော့ချေ။ မင်ဒဲလားတို့ နိုင်လိုက်ပြီ။

မင်ဒဲလား၏ ရဲဘော်ရဲဘက်များသည် တစ်ခါတစ်ရံတွင် ထောင်ကြပ်များ အပေါ်ထားရှိသော ပျော့ပျောင်းသည့် သဘောထားအမြင်နှင့် ပတ်သက်၍ လိုက်လျော လက်ခံကြသည်။ သို့ရာတွင် သူတို့အချင်းချင်း ဆွေးနွေးသည့်အခါ မင်ဒဲလားသည် အယုံလွယ်လွန်းသည်၊ ပြင်၍မရနိုင်ဟု မိမိတို့သတ်မှတ်ထားသူတို့ ထံမှ ကောင်းကွက်ရှာချင်လွန်းသည်ဟု သုံးသပ်ကြသည်။ ရန်သူ့အကြောင်း နားလည်အောင် ဘာကြောင့်ကြိုးစားနေမှာလဲဟု ဆိုတတ်ကြသည်။ ရန်သူကို အပြတ်တိုက်ခိုက်ဖို့သာရှိသည်။ အချို့က မင်ဒဲလားသည် နုံအသည်၊ စိတ်ထားပွင့်လင်းမှုက အသိပညာနုံနဲ့မှု အသွင်သဏ္ဌာန်ဟု ပြောတတ်သည်။ မင်ဒဲလားသည် ကြင်နာသနားလွယ်သည်။ ယဉ်ယဉ်ကျေးကျေးနှုတ်ဆက်သူ ထောင်ကြပ်များကို လိုက်လိုက်လှဲလှဲ နှုတ်ဆက်ချင်တတ်သည်ဟု ဝေဖန်သူလည်းရှိသည်။ ဒါဟာ အရိုးအသေခံချင်တဲ့ ရောဂါဟု ဆိုသူက ဆိုသည်။ ထို့ထက် ပိုဆိုးသူများစွာ ရှိသေးသည်။ 'ဒီလို လုပ်တာတွေဟာ ကိုယ်ရည်ကိုယ်သွေး ညံ့ဖျင်းမှုတစ်ခုတည်း မဟုတ်ဘူး၊ မင်ဒဲလားဟာ ရန်သူကို ချွေးသိပ်ပေးချင်နေတဲ့လူ' ဟုပင် အမနာပ ပြောခဲ့ကြသည်။

မင်ဒဲလားသည် ဘယ်သူတွေ ဘာပြောနေသလဲ ဆိုသည်ကို သိသည်။ ထုံးစံအတိုင်း စိတ်ထဲတွင် ဘာမျှမဖြစ်။ စေတနာဖြင့် ပြောကြဆိုကြသည်ဟုပင် တွေးသည်။ သူတို့နေရာမှာရှိလျှင် ငါလည်း ဒီလိုဖြစ်မိမှာပဲဟုပင် ခံစားမိသည်။ ဂုဏ်သရေရှိရှိ လုပ်ကိုင်လိုက်လျှင် ဂုဏ်ပြုရန်မထိုက်သူပင် ဂုဏ်သရေရှိရှိ အမူအကျင့် ပိုကောင်းလာလိမ့်မည်ဟု ယူဆသည်။ ဤအချက်များသည်ပင် တစ်ခါတစ်ရံတွင် အသုံးဝင်လှသော နည်းဗျူဟာ ဖြစ်လာသည်။ အထူးသဖြင့် ထောင်မှ လွတ်လာပြီးနောက် မင်ဒဲလား၏ ပွင့်လင်း၊ ယုံကြည်တတ်သောစိတ် သဘောထားကြောင့် စိတ်နာကြည်းစရာများကို စွန့်ပယ်နိုင်သူအဖြစ် ထင်ရှားလာ

www.burmeseclassic.com

www.burmeseclassic.com



စေခဲ့သည်။ တောင်အာဖရိကနိုင်ငံသားများအား 'အတိတ်အဖြစ်အပျက်များကို မေ့ပစ်လိုက်ကြပါ'ဟု တိုက်တွန်းလိုက်သောအခါ ပြည်သူတို့က မင်ဒဲလားလည်း ဒီစကားအတိုင်းမေ့ပစ်လိုက်ပြီဟု ယုံကြည်သွားကြသည်။ အကျိုးနှစ်ရပ် ပေါ်ထွက်လာသည်။ လူဖြူများက မင်ဒဲလားအပေါ် ပိုမိုယုံကြည်အားထားလာသည်။ သူတို့မကြာခင်က ချုပ်ချယ်နှိပ်စက်ခဲ့သော အာဖရိကန်ပြည်သူများအပေါ် စာနာစိတ်ကရုဏာစိတ်တို့ ပိုမို ပွားများလာစေခဲ့သည်။

× × ×

မင်ဒဲလားအနေဖြင့် ပြည်သူတို့အပေါ် ယုံကြည်၍ရသည်။ မိမိအပေါ် သစ္စာဖောက်ခဲ့သူများကိုပင် ယုံကြည်ခဲ့မိကြောင်း ဝန်ခံသည်။ တောင်အာဖရိက သမ္မတ F.W. de Klerk အပေါ် ယုံကြည်မှုပိုခဲ့မိ၍ စိတ်မကောင်းဖြစ်မိသည်။ ကလပ်သည် မင်ဒဲလားအား ထောင်မှ လွှတ်ပေးခဲ့သည်။ နောက်ဆုံး မင်ဒဲလားနှင့် တွဲဖက်နိုဗယ်ငြိမ်းချမ်းရေးဆု ရသွားသည်။ ပထမပိုင်းတွင် ကလပ်သည် မင်ဒဲလားအပေါ် လေးလေးစားစားဖြင့် ဆက်ဆံသည်။ အစပိုင်းတွင် မင်ဒဲလားက ကလပ်အား 'သစ္စာစောင့်သိ တည်ကြည်သူတစ်ဦး'ဟု ခေါ်ခဲ့သည်။ သူတို့နှစ်ဦး စေ့စပ်ဆွေးနွေးပွဲကျင်းပချိန်မှစ၍ မင်ဒဲလားသည် ယင်းသို့ ခေါ်ခဲ့မိခြင်းအတွက် နောင်တရ၍မဆုံး ဖြစ်သွားသည်။

ကလပ်က မင်ဒဲလားအား ထောင်မှ လွှတ်မပေးမီ သုံးကြိမ်သုံးခါ တွေ့ဆုံခဲ့သည်။ အေအင်န်စီအပေါ် ပိတ်ပင်တားဆီးထားမှုများကိုလည်း လျှော့ပေါ့ပေးလိုက်သည်။ မင်ဒဲလားက ကလပ်အား National Party ခေါင်းဆောင်တစ်မျိုးဟု ယူဆခဲ့သည်။ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို စတင်ခဲ့၍ မင်ဒဲလားက 'သတ္တိကောင်းသူ'ဟု ဖော်ပြခဲ့သည်။ မင်ဒဲလားသည် ဒီကလပ်နှင့် ပထမဆုံးအချိန်တွေ့ရချိန်တွင် ကိပ်တောင်းမြို့ Victor Verster ထောင်ထဲတွင် အပြစ်ကျခံနေဆဲဖြစ်သည်။ တွေ့ခွင့်ရချိန်တွင် ဒီကလပ် သမ္မတဖြစ်လာ၍ မင်ဒဲလားက ချီးကျူးသည်။ 'လူဖြူလူမည်း ခွဲခြားရေးမူဝါဒကို နောက်ဖေးပေါက်မှ ဆွဲသွင်းလာသလို'ဟု သူ ဖော်ပြခဲ့သော အုပ်စု ရပိုင်ခွင့် (group rights) နှင့် ပတ်သက်သော

www.burmeseclassic.com

www.burmeseclassic.com



မူဝါဒတစ်ရပ်ကို အဆိုပြုတင်သွင်းခဲ့မှုအတွက် ဒီကာလပ်ကို ဝေဖန်လိုက်သည်။ ဒီကာလပ်က မင်ဒဲလား မလိုလားလျှင် ယင်းမူဝါဒကို မကျင့်သုံးတော့ပါဟု ပြောသည်။ မင်ဒဲလား အတော်အံ့သြသွားသည်။ မင်ဒဲလားသည် ထောင်ကြပ်များ၊ ထို့နောက် ဒီကာလပ်ရှေ့ တာဝန်ယူခဲ့ကြသူများအပေါ် မဟာဗျူဟာအတိုင်း ဒီကာလပ်က မင်ဒဲလားအပေါ် ကျင့်သုံးလိုက်သောကြောင့် ဖြစ်သည်။ ဒီကာလပ်သည် မင်ဒဲလား နှင့် တွေ့ဆုံချိန်တွင် လေးလေးစားစား ဆက်ဆံသည်။ သဘောကျစရာကောင်း သည်။ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို နှစ်ဦးပမာ ပြုမူသည်။

ကျွန်ုပ်သည် သူတို့နှစ်ဦးနှင့် အကြိမ်ကြိမ် အတူရှိခဲ့ဖူးသည်။ ဒီကာလပ်သည် လှိုက်လှဲမှု ရှိသည်။ မင်ဒဲလားကို ဟန်ကြီးပန်ကြီး မလုပ်ပေ။ မစ္စတာမင်ဒဲလားဟု အသံသြကြီးဖြင့် ခေါ်ဝေါ်သည်။ ဒီကာလပ်သည် ဆေးလိပ် ဆက်တိုက်သောက် တတ်သည်။ မင်ဒဲလားသည် စီးကရက်သောက်ခြင်းကို မကြိုက်မှန်းသိ၍ မင်ဒဲလား ရှိနေခိုက် ဆေးလိပ်မသောက်ခဲ့ပေ။ ဒီကာလပ်၏ လုပ်ပုံကိုင်ပုံသည် မိမိဘက်မှ လက်နက်ချရန်လုပ်ဆောင်မည့် မဟာဗျူဟာ အစိတ်အပိုင်းအဖြစ် သဘောမထား ချေ။ သူကိုယ်တိုင်ကမူ ယင်းကဲ့သို့ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

သို့ရာတွင် မင်ဒဲလားကို ထောင်မှလွှတ်ပေးလိုက်ပြီးနောက် ရွေးကောက်ပွဲများ ကျင်းပရေးကိစ္စများ ဆွေးနွေးညှိနှိုင်းကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရန် စိုင်းပြင်းလာကြသည်။ ထိုအချိန်တွင် မင်ဒဲလား၏ ဒီကာလပ်အပေါ် မြင်လာခဲ့သမျှ အထင်အမြင် အယူအဆများ ပြောင်းလဲသွားခဲ့ပြီ။ ဒီကာလပ်အစိုးရသည် တတိယ အင်အားစု (The Third Force) ခေါ် လျှို့ဝှက်ပြည်သူ့စစ် အဖွဲ့အစည်းတစ်ရပ် ဘက်မှ ထောက်ခံအားပေးနေပြီဟု မင်ဒဲလား ယုံကြည်လာသည်။ ထိုအဖွဲ့အစည်း သည် အကြမ်းဖက်မှုများ ကျူးလွန်လျက် ပြည်တွင်းစစ်မီးမွှေးရန် ကြိုးပမ်းလျက်ရှိ သည်။ ဒီကာလပ်သည် ထိုအကြောင်းကိုသိလျက် လျစ်လျူရှုထားသည်ဟု မင်ဒဲလား ယုံကြည်မိသည်။ ဒီကာလပ်တို့ ဝင်ရှုပ်နေကြောင်း သက်သေ အထောက်အထား ရှာမရခဲ့ချေ။ မကြာ မကြာ အငြင်းအခုံ ဖြစ်ရသည်။ သူတို့နှစ်ဦး ပရိသတ်ရှေ့ တွင်လည်း စကားများသည်။ နှစ်ယောက်ချင်းတွေ့ရာတွင်လည်း စကားများကြ သည်။ မင်ဒဲလားက ဒီကာလပ်သည် မျက်နှာနှစ်ဖက် လျှာနှစ်ခွလိုလူကြီး၊ လူလိမ် ကြီးဟု မြင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွင် ဒီကလပ်သည် လူရှေ့သူရှေ့တွင် မင်းဒဲလား ရှုံးရှုံးရဲရဲဖြစ်သွားအောင် ဆွပေးခဲ့သည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် သူတို့နှစ်ဦး တောင်အာဖရိက၏ ပထမဆုံး ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် သမိုင်းဝင်ဆွေးနွေးပွဲ ကျင်းပတော့မည့်သဘောအဖြစ် စကားပြောကြရန် စီစဉ်ထားသည်။ ဤဆွေးနွေးညှိနှိုင်းပွဲသည် အထူး အရေးကြီးသည်။ နောက်ဆုံး ၁၉၉၄ ခုနှစ်တွင် တောင်အာဖရိက၌ ပထမဆုံး 'လူတစ်ကိုယ် မဲတစ်မဲ' ရွေးကောက်ပွဲကြီး ကျင်းပနိုင်ခဲ့သည်။ မင်းဒဲလားက သူတို့နှစ်ဦး ဆွေးနွေးပွဲကိစ္စအကြောင်း ပြန်ပြောင်းပြောပြရာတွင် ဒီကလပ်က သူ့ထံ သီးသန့်ရောက်လာပြီး မင်းဒဲလား ပြောပြီးမှ သူ့ကို စကားပြောခွင့်ပေးရန် ညှိနှိုင်းခဲ့သည်ဟု ဆိုသည်။ မင်းဒဲလား သဘောတူလိုက်သည်။ ပထမဆုံး စကားပြောသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အောင်မြင်စွာရေးဆွဲ နိုင်မည်ဟု မျှော်လင့်ထားကြောင်း ပြောလိုက်သည်။ ဒီကလပ်အလှည့်သို့ ရောက်သောအခါ ထိန်းမနိုင် သိမ်းမရအောင် ဖြစ်သွားသည်။ မင်းဒဲလားနှင့် အေအင်န်စီသည် နိုင်ငံအတွင်း အကြမ်းဖက်မှုများ ကျူးလွန်နေသော လျှို့ဝှက်စစ်တပ်ထောင်ထားကြောင်း စွပ်စွဲသည်။ မင်းဒဲလားကို လူလိမ်ကြီးဟု စွပ်စွဲသည်။ အမှန်စင်စစ် တတိယအင်အားစုနှင့်ပတ်သက်၍ မင်းဒဲလားသည် မိမိ၏ စိုးရိမ်နေမှုကို ဒီကလပ်နှင့် အလွတ်သဘော ဖွင့်ပြောခဲ့ပြီး ဖြစ်သည်။ မင်းဒဲလားက လူလိမ်ကြီးဟု မိမိအပေါ် စွပ်စွဲပြောဆိုလိုက်သမျှကို မှတ်ထားလိုက်သည်။ ဒီကလပ်စကားအဆုံး တွင် ဆွေးနွေးပွဲကြီး ပြီးဆုံးသွားသည့်သဘောမျိုး သက်ရောက်သွားသည်။ သို့ရာတွင် မင်းဒဲလားသည် ထိုင်နေရာမှ ထလိုက်၏။ တိုက်ရိုက်ထုတ်လွှင့်နေသော ရုပ်သံစက်ရှေ့ရှိ စကားပြောစင်သို့ ခြေလှမ်းကျဲကျဲ လျှောက်သွား၏။ မင်းဒဲလား၏ မျက်နှာသည် ဒေါသရောင် သမ်းနေသည်။ သူ စကားပြောနေစဉ် ဒီကလပ်ဘက်သို့ တစ်ချက်ကလေးမျှပင် လှည့်မကြည့်ပေ။

'ဒီကလပ်ကဲ့သို့ တရားဝင် တင်မြှောက်ထားခြင်း မဟုတ်သော သိက္ခာကင်းမဲ့သော လူနည်းစု အစိုးရခေါင်းဆောင်တစ်ဦးမှာပင် ဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာတစ်ရပ် စောင့်ထိန်းသင့်ပါသည်။ × × ဤသို့သော အကျင့်စရိုက်မျိုး ရှိသူတစ်ဦး အစည်းအဝေးသို့ တက်လာနိုင်ပြီး ဤသို့သော နိုင်ငံရေးပုံစံတစ်မျိုး လုပ်ဆောင်ခဲ့ပါလျှင် ထိုသို့သော

www.burmeseclassic.com

www.burmeseclassic.com



လူစားမျိုးနှင့် ဘယ်သူမှ နောက်နောင် ဆက်ဆံဆောင်ရွက်လိုစိတ် ရှိပါတော့မလား'ဟု ပြောခဲ့သည်။

ထိုအကြိမ်သည် မင်ဒဲလားဘဝတွင် စိတ်အဆိုးဆုံးအကြိမ်ပင် ဖြစ်သည်။ ထိုစဉ်က သူ့ကိုယ်သူ ထိန်းချုပ်ထားနိုင်ရန် မိမိတွင် ရှိရှိသမျှ ကိုယ့်စည်းကမ်းနှင့် ကိုယ်နေခြင်း (Self disciplane) ကို အစွမ်းကုန် အသုံးချခဲ့ရကြောင်း ထင်ရှားသည်။ မင်ဒဲလားနှင့် ဒီကလပ်သည် တရားဝင် မဟုတ်သော်လည်း နှစ်ဦးနှစ်ဖက် သမာဓိရှိမှုပေါ်တွင် မူတည်လျက် သဘောတူညီချက်တစ်ရပ် ရယူနိုင်ခဲ့သည်။ မင်ဒဲလားက အစည်းအဝေးပွဲကြီးကို ဒီကလပ် နိဂုံးချုပ်ခွင့် ပေးနိုင်ခဲ့မှုအတွက် ဂုဏ်ယူခဲ့သည်။ သို့ရာတွင် မင်ဒဲလားသည် မိမိ သစ္စာအဖောက်ခံခဲ့ရသည်ဟု ထင်မှတ်မိလိုက်သည်။ ယဉ်ကျေးသိမ်မွေ့မှုနှင့် အပြန်အလှန် ပြောဆိုဆက်ဆံမှုတို့ အပေါ် မင်ဒဲလားသည် တန်ဖိုးကြီးစွာ ထားရှိခဲ့မိသည်။

နှစ်ပေါင်းများစွာအကြာတွင် ဒီကလပ်အကြောင်းနှင့်ပတ်သက်၍ မင်ဒဲလားနှင့် စကားပြောမိ၏။ ဒီကလပ်အပေါ် သူ့ နာကြည်းစိတ်များ ကုသပျောက်ကင်းသွားပြီဖြစ်ကြောင်း တွေ့ရသည်။ ဒီကလပ်သည် မိမိနှင့် မိမိ၏နိုင်ငံရေးနောက်လိုက်များ အကျိုးစီးပွားအတွက် ထိုသို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဒီကလပ် ကျော်လွှားနိုင်စွမ်း မရှိမှုအတွက် စိတ်ပျက်ခဲ့မိကြောင်း မင်ဒဲလားက ပြောခဲ့သည်။ မိမိသည် ဒီကလပ်ကို လူကဲခတ်မှားခဲ့မိကြောင်း ဝန်ခံသည်။ သို့ရာတွင် ဒီကလပ် အပေါ် ယုံကြည်အားထားခဲ့မှုအတွက် မိမိ မမှားကြောင်း၊ ဒီကလပ်သည် လွတ်မြောက်ရေးလမ်းသို့ သွားရာလမ်းတွင် လိုအပ်သော လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်ခဲ့ကြောင်း ပြောကြားသည်။ တစ်ခုခုလုပ်ဆောင်ရာတွင် မိမိအတွက် ဒီကလပ်သည် လိုအပ်မှုရှိမည် မရှိမည်ကိုလည်း မပြောမိခဲ့ချေ။ ထို့ကြောင့် ဒီကလပ် မပါလည်း ဘာမျှ ဖြစ်လာစရာ မရှိပေ။

မင်ဒဲလားသည် သူတစ်ပါး၏ကောင်းကွက်ကို မြင်အောင်ကြည့်ခဲ့သည်။ သူ၏ စိတ်သဘော သဘာဝနှင့် သူ၏ အကျိုးစီးပွားကြောင့် ယင်းသို့ ကြည့်ခဲ့သည်။ တစ်ခါတစ်ရံတွင် ကောင်းကွက်ရှာကြည့်ခြင်းသည် ဆင်ကန်းတောတိုးရာ ရောက်တတ်သည်။ သို့ရာတွင် ယင်းသို့ရှာကြည့်ခြင်းကို စွန့်လုပ်ကြည့်ချင်သည်။ ထိုအလုပ်သည် တကယ်ပင် အရဲစွန့်မှု (risk) တစ်မျိုးပင် ဖြစ်သည်။ အရဲစွန့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်လျှင် တောင်မြင့်မြင့်ကြီးအပေါ် ကြိုးစားတက်ရောက်ခြင်း သို့မဟုတ် ငွေရင်းနှီးမြှုပ်နှံမှုကဲ့သို့ ရလဒ်မသေချာသော ကိစ္စတစ်ခုအတွက် ဆုံးဖြတ်လုပ်ကိုင်ခြင်းမျိုး စသည့် ရုပ်ပိုင်းဆိုင်ရာ အရဲစွန့်မှုမျိုးကို စဉ်းစားမိလိမ့်မည်။ မင်ဒဲလားအနေဖြင့်မူ စိတ်ပိုင်းဆိုင်ရာ အရဲစွန့်မှု (emotional risks) မျိုးတွင် ယုံကြည်လုပ်ကိုင်တတ်သည်။ သူတစ်ပါးအပေါ် ယုံကြည်အားထားရာတွင် တစ်ကိုယ်တည်းလုပ်ပြီး ဖြစ်လာလျှင်လည်း တစ်ယောက်တည်း ကြိတ်ခံရသည်။ တစ်ခါတစ်ရံတွင် မိမိတို့ ကောင်းကောင်း မသိသူများအပေါ် စိတ်ချယုံကြည်မိခြင်းဖြင့် အရဲစွန့်တတ်ကြသည်။ သို့ရာတွင် မိမိတို့နေ့စဉ် တွေ့ကြုံနေရသော လူများ၏ သိက္ခာရှိမှု၊ ရိုးသားဖြောင့်မတ်မှုနှင့် ကောင်းကွက်များ ရှာတွေ့ရန် ကြိုးစားမိခြင်းသည်လည်း အရဲစွန့်ခြင်းနှင့် အတူတူပင်။

မင်ဒဲလားက ပြောဖူးသည်။

ကျုပ်ဟာ လူတွေရဲ့ကောင်းကွက်ကိုပဲ သိပ်ပြီး ရှာတတ်တယ်လို့ လူတွေ ထင်မိကြမှာပဲဗျ။ ဝေဖန်ဖို့ ကောင်းတာတွေ အမှန်ပဲ၊ သူတို့ပြောတာ မှန်လား မမှန်လား ဆန်းစစ်ကြည့်ဖို့ ကြိုးစားမိတယ်၊ ဒါပေမယ့် ဒီလိုလူတွေရဲ့ ကောင်းကွက်ကိုပဲ ရှာကြည့်တဲ့အတွက် အကျိုးရှိတယ်လို့ ကျုပ် ထင်မိတယ်။ ခင်ဗျားနဲ့အတူ လုပ်ကိုင်ရတဲ့ လူတွေမှာ တည်ကြည်မှု (integrity) နဲ့ ဂုဏ်သိက္ခာ (honor) ရှိစေချင်မှာပဲ၊ ဒီတော့ အခြားသူတွေမှာ တည်ကြည်မှုနဲ့ ဂုဏ်သိက္ခာ ရှိမှာပဲ ယူဆထားတာဟာ အဲဒီ ယူဆချက်အရ အလုပ်လုပ်သွားကြတာဟာ ကောင်းတဲ့အချက်ပဲဗျ။ ကျုပ်တော့ အဲဒီလိုပဲ ယုံကြည်မိတယ်'

□□□

www.burmeseclassic.com

www.burmeseclassic.com

၈

## ရန်သူ့အကြောင်း သိထားပါ

၁၉၅၀ ပြည့်လွန်နှစ်များအတွင်း မင်ဒဲလားသည် နေ့ဘက်တွင် ရှေ့နေ၊ ညဘက်တွင် အပျော်တမ်းလက်ဝှေ့သမား ဖြစ်နေသည်။ လူမည်းများနေထိုင်ရာ Orlando ရှိ အားကစားရုံကလေးတစ်ခုတွင် ညနေတိုင်းလိုလို လေ့ကျင့်နေတတ်သည်။ အရပ်က ခြောက်ပေနှစ်လက်မ မြင့်သည်။ တုတ်ခိုင်သည်။ အနည်းငယ်လေးလံနှေးကွေးသည်။ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံတစ်ဦးဖြစ်လာရန် အလားအလာမရှိလှချေ။ သို့ရာတွင် အတော်ကလေး စည်းကမ်းသေဝပ်မှုရှိသည်။ လက်တွေ့ထိုးကြိတ်မှုထက် လေ့ကျင့်မှုကို သဘောကျသည်။ ကြိုးခုန်သည်။ တာဝေးပြေးသည်။ သဲအိတ်ထိုးသည်။ သူ့နည်းပြဆရာမှာ Skipper Molotsi ဖြစ်သည်။ ကြမ်းတမ်းရက်စက်သည်။ မိုလော့ဆီက အောင်မြင်သော လက်ဝှေ့သမားတစ်ဦးဖြစ်လိုလျှင် သွက်လက်ကျွမ်းကျင်ရမည်၊ တောင့်တင်းသန်မာရမည်။ ထို့ပြင်မကသေးမိမိ၏ ရန်ဘက်အကြောင်းလည်း သိနားလည်ထားရမည်ဟု သင်ကြားပေးခဲ့သည်။ ဆိုလိုသည်မှာ မိမိ၏ ပြိုင်ဘက်သည် ဘယ်ဝိုက်လက်သီးဖြင့် မည်သို့ ဆတ်ခနဲထိုးတတ်ပုံကို လေ့လာသိထားရမည်။ ထိုးပြီးသည်နှင့် ဘယ်ဘက်သို့ ရွေ့တတ်သလား၊ ညာဘက်သို့ ရွေ့တတ်သလား သိထားရမည်။

မင်ဒဲလားက လက်ဝှေ့နည်းပညာကို နိုင်ငံရေးနယ်ပယ်တွင်လည်း အသုံးပြုရန် လိုအပ်ကြောင်း သဘောပေါက်သည်။ တကယ့် ဆတ်ဆတ်ကြဲ နိုင်ငံရေးပြိုင်ဘက်ကို အလဲထိုးနိုင်ရန် ထိုသူ့အကြောင်း သိနားလည်ထားရမည်။ ထိုသူ၏ပျော့ကွက်ကို နားလည်ထားရမည်။ မင်ဒဲလားသည် အောက်လက်ကနေ တတ်ခွပ်

www.burmeseclassic.com

www.burmeseclassic.com



ရသောသူ ဖြစ်သည်။ သူ့ကို ထိုးလိုက်သည့် ပြိုင်ဘက်၏ ခွန်အားကိုလည်း အသုံးချတတ်ရန် လိုအပ်သည်။

၁၉၆၂ ခုနှစ်တွင် အသက် ၄၄ နှစ် ရှိပြီ။ မင်ဒဲလားသည် ANC ၏ စစ်ရေးဆိုင်ရာ MK ခေါ် Spear of the Nation ဂိုဏ်းကို ဦးဆောင်တည်ထောင်သည်။ အမ်ကေ၏ ပထမဦးစီးချုပ်ဖြစ်သည်။ အမ်ကေသည် စစ်ရေးပစ်မှတ်များကို ပထမဆုံး ဗုံးခွဲသည်။ ထို့နောက် မင်ဒဲလား မြေအောက်ရောက်သွားသည်။ ဝရမ်းပြေးဖြစ်သွားသည်။ တောင်အာဖရိကတွင် သက်ဆိုင်ရာမှ အလိုအရှိဆုံးလူ ဖြစ်လာသည်။ လူဖြူသတင်းစာများက မဟူရာမြတ်လေးဗိုလ် (Black Pimpernel) ဟု အမည်ကင်ပွန်းတပ်ခဲ့သည်။ ဖွာလန်ကြဲနေသော မုတ်ဆိတ်ကြီးထားသည်။ အပေခံ အပေါ် ရုံကုတ်အကျႌကြီးများ အမြဲဝတ်သည်။ ကားမောင်းသောအခါ ချောင်လွန်းသော ကက်ဦးထုပ်ကို ဆောင်းထားတတ်သည်။ ယာဉ်မောင်းလား၊ ဥယျာဉ်လုပ်သားလား ထင်မှတ်ရသည်။ သူသည် စစ်ပညာ လေ့လာသည်။ ဆွန်ဇု၏ The Art of War ကို ဖတ်သည်။ လက်လှမ်းမီသမျှ စစ်ရေးဆိုင်ရာ လက်စွဲကျမ်းများ လေ့လာသည်။

Afrikaans လက်စွဲ သဒ္ဒါကျမ်းမျိုးကိုလည်း လေ့လာမှတ်သားသည်။ (Afrikaans သည် ဒတ်ချ်နှင့် နွယ်သော တောင်အာဖရိက ဘာသာစကားဖြစ်သည်)

လုပ်ဖော်ကိုင်ဖက်များက မင်ဒဲလားတစ်ယောက် The Art of War လေ့လာမှုကို နားလည်သည်။ သို့ရာတွင် အာဖရိကန် ကဗျာရေးနည်းစာအုပ် လေ့လာနေမှုကို နားမလည်နိုင်အောင် ဖြစ်မိကြသည်။ ဖိနှိပ်ချုပ်ချယ်နေသူတို့၏ ဘာသာစကားကို လေ့လာနေသလားဟု ဝိုင်းဝန်း နောက်ပြောင်ကြသည်။ သို့ရာတွင် ရန်သူ့အကြောင်းမသိဘဲ ရန်သူအပေါ် အနိုင်မရနိုင်ကြောင်း မင်ဒဲလား သဘောပေါက်သည်။ ရန်သူ၏ ဘာသာစကားကိုမပြောလျှင်ရန်သူ့အကြောင်း သိနားလည်လိမ့်မည် မဟုတ်ဟု ယူဆသည်။ တကယ်လည်း ဟုတ်သည်။ အများကြီးလည်း ဆက်လက်ကြိုတင်၍ တွေးတောထားသည်။ မင်ဒဲလားသည် အမ်အေ လက်နက်ကိုင်တပ်၏ စစ်ဦးစီးချုပ်ဖြစ်နေရသည့်တိုင် ဒတ်ချ်နွယ်ဖွား လူဖြူ Afrikaners တို့အား ပင်လယ်ထဲသို့ မောင်းထုတ်ရန် မျှော်မှန်းထားခြင်း မရှိခဲ့ချေ။ နောက်ဆုံးတွင် စေ့စပ်ပြေလည်မှုနှင့် ညှိနှိုင်းဆွေးနွေးမှုတို့ ပြုရန် လိုအပ်လာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



Afrikaans ဘာသာစကားကို ဘာကြောင့် လေ့လာသင်ယူခဲ့သလဲဟု မေးကြည့်သည်။ မင်ဒဲလား၏ အဖြေက ရှင်းသည်။ 'ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ တောင်အာဖရိကနိုင်ငံရဲ့ အဓိက ဘာသာစကားနှစ်မျိုး တတ်ထားဖို့လိုပါတယ်၊ Afrikaans ဘာသာစကားက အရေးကြီးတဲ့ ဘာသာစကားပါ၊ ဒီနိုင်ငံထဲ လူဖြူအများစု ပြောနေတဲ့ဘာသာ၊ အသားအရောင်ရှိတဲ့လူတွေလည်း ပြောနေတဲ့ ဘာသာပါ၊ ဒီတော့ ဒါကို တတ်မထားရင် အခွင့်အရေး ဆုံးရှုံးချက်တစ်ရပ်ပဲပေါ့' မင်ဒဲလားက တစ်အောင့်မျှ နားလိုက်ပြီး 'အာဖရိကန်းစ်စကားကို ပြောရင် သူတို့ နှလုံးသားထဲ ဒုတ်ဒုတ်ထိ ရောက်သွားတာပေါ့' ဟု ဆက်ပြောသည်။

**သူတို့ နှလုံးသားထဲ ဒုတ်ဒုတ်ထိ ရောက်သွားလိမ့်မယ်။** ဤစကားမှာ သူ ပြောနေကျလူအများအား စည်းရုံးသိမ်းသွင်းနည်း ပညာရပ်ဆိုင်ရာ စကားတစ်ခွန်း၏ ပွဲတင်သံပင် ဖြစ်သည်။ 'သူတို့ရဲ့ ဦးနှောက်တွေကို ဦးတည်ချက်မထားနဲ့ သူတို့ရဲ့ နှလုံးသားကိုပဲ ဦးတည်ချက်ထားပါ' ဟူ၍ ပြောတတ်သည်။ ကျွန်ုပ်တို့ဘဝများ၏ နယ်ပယ်များစွာအတွက် မှန်ကန်မှုရှိသည်။ မိမိတို့ အပေါင်းအသင်းတစ်ဦးက မိမိတို့နှင့် သဘောချင်းတူညီဖို့ တစ်ဦးဦး၏ ထောက်ခံမဲရဖို့ သို့မဟုတ် ဖောက်သည်သစ်များကို ဆွဲဆောင်နိုင်ဖို့ စသည်တို့အတွက် အသုံးဝင်သည်။ ဈေးရောင်းကောင်းချင်လျှင် ဝယ်သူ သဘောကျအောင် လုပ်ဆောင်ပေးရမည်။ မင်ဒဲလားသည် မိမိ၏ ဘက်တော်သားများကိုသာမက Afrikaner တို့ကိုပါ ဤနည်းဖြင့် စည်းရုံးခဲ့သည်။ သို့ရာတွင် အာဖရိကန်နားတို့ကို စည်းရုံးရာတွင် အတော်ပင် ကြိုးစားရသည်။ မျက်စိမှိတ် ဘက်လိုက်မှုသည် ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း သိထားသည်။ ထို့ကြောင့် ယင်းသို့စည်းရုံးရာတွင် ကျိုးကြောင်းဆီလျော်မှုရှိသော နည်းတစ်ခုတည်းဖြင့် မဖြေရှင်းနိုင်ခဲ့ပေ။ လူဖြူများအနေဖြင့် ဒီမိုကရေစီနှင့် အမျိုးမျိုးကွဲပြားခြားနားသော နိုင်ငံတစ်နိုင်ငံအယူအဆကို အသိတရားအရသာမက စိတ်ထဲနှလုံးထဲကပါ လိုလားလက်ခံစေလိုသည်။ ထိုသို့ လက်ခံကြမှသာ သူ အမှန်တကယ် ကြိုးပမ်းနေသော ညှိနှိုင်းပြေလည်မှု (accommodation) ကို ရရှိနိုင်ပေလိမ့်မည်။ မင်ဒဲလားသည် ပြည်သူတို့၏စိတ်များ ယိမ်းယိုင်ထိခိုက်သွားအောင် ဆွဲဆောင်ခဲ့သည်။ သို့ရာတွင် ပြည်သူတို့၏ နှလုံးသားများကို အနိုင်ယူနိုင်မှသာ အန္တိမ အောင်ပွဲကြီး ခံနိုင်လိမ့်မည်ဟု သိသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ ခုနှစ်လောက်က မြေအောက်ရောက်သွားပြီး တစ်နှစ်ခွဲခန့်အကြာတွင် ဖြစ်သည်။ အာဖရိကန်းစ် ဘာသာစကား လေ့လာသင်ယူစပြုပြီး လ အနည်းငယ် အကြာတွင် ဖြစ်သည်။ မင်ဒဲလားသည် ဘော့စ်ဝါနာနိုင်ငံမှ တောင်အာဖရိက နိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ရာတွင် အဖမ်းခံရသည်။ ဖမ်းမိသွားပြီဆိုလျှင် ရုံးတင် တရားစွဲ ခံရတော့မည်။ သေဒဏ်ကျဖို့ သေချာနေသည်။ တစ်နှစ်နီးပါး မျှသာ ကြာမြင့်ခဲ့ပြီး ဆိုးဝါးလွန်းသော Rivonia Trial အမှုစစ်ဆေးပွဲသည် မင်ဒဲလားအား နောက်ဆုံးအကြိမ် ကြားရ မြင်ရတော့မည့်ပွဲကြီးဟု လူအများက ထင်မှတ်မိခဲ့ကြသည်။ ထိုစစ်ဆေးမှုကြီး စောစောပိုင်းတွင် မင်ဒဲလားက 'ရင်းနှီး ခင်မင်သော အာဖရိကန်းစ် ထောင်ကြပ်တစ်ဦး' အကြောင်း ပြောခဲ့သည်။

'သူက မင်ဒဲလားရေ၊ ဒီအမှုမှာ တရားသူကြီးက ခင်ဗျားကို ဘယ်လိုစီရင် မယ်လို့ ထင်မိသလဲ' လို့ မေးခဲ့တယ်ဗျ။ ကျုပ်ကလည်း ပြန်ဖြေလိုက်တယ်၊ 'ကြိုးပေး သတ်မှာပေါ့'လို့ ပြောလိုက်မိတယ်။ ကျုပ်က ဒီလိုဖြစ်လာမယ်လို့တော့ တွက်မထားပါဘူး။ ကျုပ်က ဒီထောင်ကြပ်ဆီက ထောက်ခံအားပေးမှုနဲ့ ကရုဏာပဲ လိုချင်တာပါ။ 'ကြိုးပေးလိမ့်မယ်လို့တော့ မထင်ဘူးဗျ'လို့ သူက ပြောလိမ့်မယ်လို့ ထင်ထားတာ။ ဒါပေမယ့် ဒီလူက ရပ်နေတယ်။ မျက်နှာတည်သွားတယ်။ ကျုပ် မျက်နှာကို မကြည့်တော့ဘူး။ ခေါင်းငုံ့ပြီး 'ခင်ဗျားပြောတာ မှန်နိုင်တယ်၊ ခင်ဗျားကို ကြိုးပေးသတ်မှာပဲ'လို့ ပြောလိုက်တယ်။

ဤသည်မှာ သူ့ရန်သူ၏ နှလုံးသား အတွင်းသဘောကို သိလိုက်ရခြင်း ဖြစ်သည်။ အာဖရိကန်နားတို့သည် အလွန်ပွင့်လင်းသည်။ ရိုးစင်းသည်။ စဉ်းလဲမှု မရှိ။ လှည့်ပတ်မပြောတတ်ကြပေ။ တစ်ဦးဦးအပေါ် စာနာစိတ် ရှိချင်လည်းရှိမည်။ သို့ရာတွင် သူ့စိတ်ထဲရှိသမျှ ပြောချပစ်လိမ့်မည်။

အမှုအပြီးတွင် မင်ဒဲလားနှင့် ရဲဘော်ရဲဘက်များအား ထောင်ထဲသို့ တစ်သက် တစ်ကျွန်း ပို့လိုက်သည်။ အမှုစီရင်ချက်ချမည့် ညတွင် မင်ဒဲလားနှင့် လုပ်ဖော် ကိုင်ဖက် လူမည်းတရားခံများအား ဗင်ကားတစ်စင်းထဲသို့ ပြွတ်သိပ်ထည့်သည်။ ကိပ်တောင်းမြို့သို့ လေယာဉ်ဖြင့်ပို့လိုက်သည်။ ရော့ဘန်းကျွန်းအကျဉ်းထောင်သို့ ရောက်သွားကြသည်။ ထောင်ထဲရောက်ပြီး ပထမနှစ် အနည်းငယ်အတွင်းမှာပင် မင်ဒဲလားသည် မိမိ၏တရားသူကြီးနှင့် ထောင်မှူးများ၏ ဘာသာစကားကို

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းထန်ထန် လေ့လာသင်ယူသည်။ Afrikaans ဘာသာစကား စာပေးစာယူသင်တန်းသို့ အမည်စာရင်းသွင်းသည်။ ခက်ခဲကြမ်းတမ်းလှသော ထိုပထမပိုင်းနှစ်ကာလများအတွင်း အာဖရိကန်းစ် သဒ္ဒါကျမ်းအချို့ တင်သွင်းဖတ်ရှုခွင့်ရခဲ့သည်။ (တောလ်စတွိုင်း၏ စစ်နှင့်ငြိမ်းချမ်းရေးကို ဖတ်ခွင့်တောင်းသည်။ အာဏာပိုင်များက စစ်ပွဲအကြောင်း စာအုပ်ထင်မှတ်၍ ပယ်ချခဲ့သည်) မင်ဒဲလားသည် ထောင်ကြပ်များနှင့် အာဖရိကန်းစ်ဘာသာဖြင့် စကားပြောနိုင်မည့် အခွင့်အလမ်းကို တတ်နိုင်သမျှ အရယူနိုင်ခဲ့သည်။

မင်ဒဲလား၏ လုပ်ပုံကိုင်ပုံကို လုပ်ဖော်ကိုင်ဖက်များက နားမလည်နိုင်ကြချေ။ မင်ဒဲလားသည် အာဏာပိုင်တို့ပြောဆိုနေသည့် ဘာသာစကားကို ပြောခြင်းဖြင့် မိမိအပေါ် ဖိနှိပ်ချုပ်ချယ်နေသူ၏ မျက်နှာသာပေးမှုကို တောင်းခံနေသည်ဟု ယူဆကြသည်။ သူ၏ အပေါင်းပါ အကျဉ်းသားများက သူ့ကြိုးပမ်းနေမှုကို တန်ဖိုးမထားသော်လည်း ထောင်ကြပ်များကမူ သဘောကျနေခဲ့ကြသည်။ ထောင်ကြပ်များသည် အင်္ဂလိပ်စကားကို သွက်သွက်လက်လက် မပြောတတ်ကြပေ။ အခြားအကျဉ်းသားများမှာလည်း အာဖရိကန်းစကား မတတ်။ တတ်သူများကလည်း မပြောချင်ကြပေ။ မင်ဒဲလားက အာဖရိကန်းစကားဖြင့် စကားပြောလိုစိတ်ရှိမှုမှ အကျိုးတရား ပေါ်လာသည်။ မကြာမီကာလအတွင်းမှာပင် ထောင်ကြပ်များသည် ညဘက်ရောက်လျှင် မင်ဒဲလား နေထိုင်ရာ အခန်းကလေး ပြတင်းအနီးသို့ ရောက်လာကြသည်။ အကြံဉာဏ်များ တောင်းခံကြသည်။

မင်ဒဲလားက ပြောပြ၏။ 'ကြွားပြောတာမဟုတ်ဘူး၊ သူတို့ဘာသာ ရောက်လာကြတာဗျ၊ အထူးသဖြင့် စနေ တနင်္ဂနွေနဲ့ ညနေပိုင်းတွေမှာ ကျုပ်နဲ့ စကားလာပြောကြတယ်၊ အချို့က တကယ့်လူကောင်းတွေပါ၊ ကျုပ်တို့ကို ထားရှိပြုမူထားကြပုံနဲ့ ပတ်သက်ပြီး သူတို့ရဲ့ အမြင် အယူအဆကို မမေးဘဲ ဖွင့်ပြောတတ်ကြတယ်'

သူတို့၏ နှလုံးသား ထိစေနိုင်မှု တစ်စိတ်တစ်ပိုင်းကြောင့် ရန်သူအချို့ကို မဟာမိတ်များအဖြစ် ပြောင်းလဲရရှိခဲ့သည်။ မင်ဒဲလားအနေဖြင့် ထောင်ကြပ်များသည် အာဖရိကန်း လူဦးရေတစ်ရပ်လုံး၏ အချိုးအစား အလွန်ချုံ့ထားသော ပုံစံငယ်ကလေးသာ ဖြစ်သည်။ ပညာ မပြည့်စုံရှာသူ၊ ရုံဖန်ရံခါ မျက်စိမှိတ် ဘက်လိုက်တတ်သူ တစ်စုအပေါ် အနိုင်ယူနိုင်ခဲ့လျှင် အာဖရိကန်း ပြည်သူတစ်ရပ်လုံးအပေါ် အောင်ပွဲခံနိုင်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com





မင်ဒဲလားကွယ်လွန်မှုအတွက် အမေရိကန်သမ္မတ အိုဘားမား လွမ်းဆွတ်တမ်းတ အမှတ်တရစကား ပြောကြားစဉ်

www.burmeseclassic.com

www.burmeseclassic.com




ဆွဲလ်တိုရှိ မင်ဒဲလား မိသားစုပြတိုက်



တောင်အာဖရိကနိုင်ငံရှိ နယ်လ်ဆင်မင်ဒဲလား အမည်ရှိ တံတား

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားက အာဖရိကန်း ဘာသာစကားကိုသာမက အာဖရိကန် ယဉ်ကျေးမှုကိုပါ လေ့လာသင့်သည်ဟု သဘောပေါက်ခဲ့သည်။ အာဖရိကန်း ကဗျာများကို ကျက်မှတ်သည်။ အာဖရိကန်း သမိုင်းကို စူးစူးစိုက်စိုက် ဖတ်ရှုလေ့လာသည်။ အာဖရိကန်ပြည်သူတို့သည် သူတို့ နယ်သစ်ရှာဖွေရေးခေတ် သမိုင်းကြောင်းအတွက်သာ ဂုဏ်ယူတတ်ကြသည် မဟုတ်ပေ။ စစ်ရေးအောင်ပွဲများအကြောင်းနှင့် ပတ်သက်၍လည်း ဂုဏ်ယူနေကြသည်။ အင်္ဂလိပ် ဘိုးဝါးစစ်ပွဲ (Anglo-Boer War) ဆင်နွှဲနေရချိန်တွင် ကမ္ဘာပေါ်တွင် အင်္ဂလိပ်တို့ စစ်အင်အားအကြီးဆုံး ဖြစ်နေခဲ့သည်။ အာဖရိကန်တို့သည် မိမိတို့၏ ဘိုးဝါးဗိုလ်ချုပ်ကြီးများက ဗြိတိသျှ အင်ပါယာ၏ တပ်များကို မောင်းထုတ်ခဲ့ကြပုံကို သတိရနေကြသည်။ (Boer တို့သည် တောင်အာဖရိကသို့ လာရောက်အခြေစိုက်ခဲ့သူ ဒတ်ချ်လူမျိုးအနွယ်များ ဖြစ်သည်) မင်ဒဲလားသည် ထိုစဉ်က နာမည်ကျော် ဘိုးဝါး ဗိုလ်ချုပ်ကြီးများ၏ အမည်ကို လေ့လာမှတ်သားသည်။ သူတို့၏ စွန့်စွန့်စားစား လုပ်ဆောင်ခဲ့မှုများကို ကျက်မှတ်သည်။ အာဖရိကန်း စစ်သမိုင်းကိုလေ့လာခြင်းဖြင့် သူတို့ ဘယ်ပုံဘယ်နည်း တိုက်ခိုက်ခဲ့ကြသည်ကို သင်ယူတတ်မြောက်သွားသည်။ ကြံ့ရည်ဖန်ရည် မည်မျှ ရှိခဲ့သည်၊ မည်မျှ ဉာဏ်များသည်၊ မည်မျှ သန္နိဋ္ဌာန် မြဲမြံသည်၊ မည်မျှ ရဲရင့်စိတ်ထားရှိခဲ့သည်ကို သိရသည်။ ဆယ်စုနှစ်ပေါင်းများစွာ အကြာတွင် အစိုးရ အဖွဲ့ခေါင်းဆောင်များနှင့် စေ့စပ် ဆွေးနွေးကြသည်။ မင်ဒဲလားက Afrikaner ဗိုလ်ချုပ်ကြီးများနှင့် သူတို့ဆင်နွှဲခဲ့သော စစ်ပွဲကြီးများကို ရည်ညွှန်းပြောပြဆွေးနွေးနိုင်သည်။ လူဖြူခေါင်းဆောင်များ အထင်ကြီး လေးစားသွားရသည်။

ရှေ့ဘန်းကျွန်း အကျဉ်းထောင်တွင် မင်ဒဲလားက လုပ်ဖော်ကိုင်ဖက်များအား Afrikaner များ သည်လည်း African များပင် ဖြစ်သည်ဟု ပြောတတ်သည်။ သူတို့သည် ဒတ်ချ်များ၊ ဂျာမန်များနှင့် အခြား ဥရောပအနွယ်များ ဖြစ်သည်။ အာဖရိကသို့ ရွှေ့ပြောင်းဝင်ရောက်လာကြသူများပင် ဖြစ်သည်။ ဥရောပတိုက်နှင့် အဆက်ဖြတ်ခဲ့ကြသည်။ Afrikaner များအတွက် အခြားတစ်နေရာတွင် နေရင်းဇာတိဟူ၍ မရှိတော့ချေ။ တစ်နေရာမှ ရွှေ့ပြောင်းစိုက်ပျိုးပြီး အာဖရိကတွင် အမြစ်စွဲလျက် ရှိလေပြီ။ အသားမာပြီး လှပသော Jacaranda tree နှင့် ဘဝချင်းတူသည်။ တောင်အာဖရိက ယဉ်ကျေးမှု အမှတ်လက္ခဏာတစ်ရပ် ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



African နှင့် Afrikaner တို့တွင် ထူးထူးခြားခြား ဆင်တူမှုများရှိနေကြကြောင်း မင်ဒဲလား သိသည်။ လူမျိုးနှစ်မျိုးစလုံးမှာ စိတ်တထင့်ထင့် နေထိုင်ကြရသည်။ ဗြိတိသျှတို့၏ ဖိနှိပ်ချုပ်ချယ် ခံထားရသည်။ Afrikaner တို့မှာ ဗြိတိသျှအရင်းရှင်ဝါဒီများကြောင့် ဂုဏ်ပျက်ခဲ့ရသည်။ African တို့ထက် တစ်ဆင့်မျှသာလွန်သည့် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ဒုတိယတန်းစား နိုင်ငံသားများအဖြစ် ပြုမူဆက်ဆံ ခံရသည်။ သူတို့ကိုယ်တိုင်ခမျှာလည်း အလှောင်ပြောင်ခံ တစ်နယ်တစ်ကျေးသားများအဖြစ် စိတ်ထဲ ထင်မိရှာသည်။ ပြည်သူတစ်ရပ်အနေဖြင့် သူတို့မှာ အနာပေါ်တုတ်ကျသကဲ့သို့ ဆတ်ဆတ်ထိ မခံနိုင်အောင် ဖြစ်နေရသည်။ လူဖြူလူမည်း ခွဲခြားရေးဝါဒလက်အောက် တောင်အာဖရိက လူမည်းများနှင့် ဘာမျှမခြားပေ။

မင်ဒဲလားသည် ရော့ဘန်းကျွန်း အကျဉ်းထောင်တွင် ထောင်ကြပ်များနှင့် ခင်ခင်မင်မင် မရှိခဲ့သော်လည်း နှစ်များစွာအကြာတွင် မင်ဒဲလားနှင့် အကျဉ်းသားများပေါ်တွင် လေးလေးစားစား ဆက်ဆံလာကြသည်။ နှစ်များစွာအကြာ မင်ဒဲလားအား Pollsmoor အကျဉ်းထောင်သို့ ရွှေ့ပြောင်းလိုက်ချိန်တွင် မင်ဒဲလား လွတ်လပ်ခွင့် ပိုရလာသည်။ သီးသန့်ခန်းတွင် နေခွင့်ရသည်။ သို့ရာတွင် ပိုမို၍ လုပ်ရကိုင်ရခက်သော ထောင်မှူးကြီးတစ်ဦးဒဏ်ကို ခံရသည်။ Major Fritz Van Sittert သည် နိုင်ငံရေးအကျဉ်းသားများနှင့် များစွာ ထိတွေ့မှု မရှိခဲ့ပေ။ ရိုးရိုးသာမန် ရာဇဝတ်ကောင်များနှင့်သာ ထိတွေ့ဆက်ဆံခဲ့ဖူးသည်။ ဗန်စစ်တတ်သည် တစ်ချက်ကလေးမျှ မလိုက်လျောတတ်ပေ။ မင်ဒဲလားအတွက် အထူးအခွင့်အရေး ပေးရန် မလိုလားလှပေ။

မည်သို့ပင်ဖြစ်စေ မင်ဒဲလားက မည်သူ့အပေါ်တွင်မဆို အနိုင်ယူနိုင်မည်ဟု ယုံကြည်ထားသည်။ သူသည် ဗန်စစ်တတ်အကြောင်း လေ့လာသည်။ ဗန်စစ်တတ်သည် ရပ်ဂ်ဘီကစားမှု အလွန်ဝါသနာကြီးကြောင်း သိရသည်။ ရပ်ဂ်ဘီသည် Afrikaner တို့၏ အမျိုးသားအားကစား ဖြစ်သည်။ အများပြည်သူနှင့်ဆိုင်သော ဘာသာရေးပမာ ဖြစ်နေသည်။ သူများထက် သာလွန်ထူးခြားသည်ဟု ယူဆမိသည့် ဂုဏ်သိက္ခာ အရင်းအမြစ်တစ်ရပ် ဖြစ်သည်။ သူတို့သည် အမျိုးသားရပ်ဂ်ဘီအသင်း Springboks ကို သဘောကျ လေးစားသည်။ စွမ်းအားသန်သန်

www.burmeseclassic.com

www.burmeseclassic.com



Afrikaner အများစုဖြင့် ဖွဲ့စည်းထားသည်။ အစိမ်းနှင့် အဝါရောင် တူညီဝတ်စုံကြောင့် ထူးခြားပေါ်လွင်သည်။ အဆိုပါ အားကစားနည်းသည် လူမျိုးနွယ်စုသဘောသဘာဝ ပုံရိပ်ပမာ ဖြစ်နေသည်။ ရိုင်းစိုင်းကြမ်းတမ်းသည်။ သွက်လက်သည်။ အကြိတ်အနယ်လုပ်တတ်သည်။ ညို့သကျည်း၊ ခြေဆစ်စသည်တွင် အခုအခံ မဝတ်ချေ။ ဦးထုပ်လည်း မဆောင်းပေ။

အဆိုပါ အကြောင်းများကြောင့် လူမည်း လွတ်မြောက်ရေး တော်လှန်ရေးသမားများက ထိုကစားနည်းကို အထင်အမြင်သေးသည်။ Afrikaner ရက်စက်ကြမ်းကြုတ်မှု သင်္ကေတအဖြစ် သဘောထားသည်။ တောင်အာဖရိက လူမည်းများက Springboks အသင်းနှင့် လာရောက်ယှဉ်ပြိုင်သူ ရပ်ဂ်ဘီအသင်းမှန်သမျှဘက်မှ အားပေးတတ်ကြသည်။ (ကျွန်ုပ်၏ ရန်သူ၏ ရန်သူသည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည်ဟူသော ဆိုရိုးအတိုင်း ဖြစ်သည်) စပရင်းဘော့ဂ် ရှုံးသွားတိုင်း လူဖြူလူမည်းခွဲခြားမှုဝါဒ ဆန့်ကျင်ရေးအတွက် အောင်ပွဲဟု သဘောထားကြသည်။

သို့ရာတွင် မင်ဒဲလားက ရပ်ဂ်ဘီသည် ဗန်စစ်တတ်နှင့် ဆက်ဆံရေး ပြေပြစ်စေမည့် နည်းလမ်းတစ်ရပ် မြင်မိသည်။ ဗန်စစ်တတ်သည် မင်ဒဲလားထံသို့ တစ်ပတ်တစ်ကြိမ် လာကြည့်သည်။ သူ ရောက်လာလျှင် အသင့်ဖြစ်ရန် မင်ဒဲလားသည် အားကစား စာမျက်နှာများကို ဖတ်သည်။ ရပ်ဂ်ဘီအသင်း အရှုံးအနိုင် အမှတ်စာရင်းများကို ဦးစားပေး မှတ်သည်။ အားကစားသမားများ၏ အမည်များ၊ သူတို့၏ စွမ်းရည်များအကြောင်း လေ့လာထားသည်။ အစပိုင်းတွင် ဗန်စစ်တတ်သည် မင်ဒဲလားနှင့် မချေမငံ ဆက်ဆံသည်။ မျက်နှာသာတစ်ချက်ကလေးမျှပင် မပေးချေ။ Pollsmore အကျဉ်းထောင်တွင် မင်ဒဲလားအား စောင့်ကြပ်ခဲ့ရသူ Christo Brand ၏ ပြောပြချက်အရ မင်ဒဲလားသည် ဗန်စစ်တတ်နှင့် Afrikaans ဘာသာဖြင့် အပြန်အလှန် စကားပြောခဲ့သည်။ ရပ်ဂ်ဘီအကြောင်းများ ထည့်ပြောသည်။ မကြာမီကာလအတွင်း ဗန်စစ်တတ်၏ ရိုင်းစိုင်းသော သီးသန့်နယ်ပယ်ကို ဖောက်ထွင်း ဝင်ရောက်နိုင်ခဲ့သည်။ ဗန်စစ်တတ်သည် သူ၏ အကျဉ်းသားနှင့် ရပ်ဂ်ဘီအကြောင်း သုံးသပ်ချက်များ တစ်လှည့်စီ ပြောလာတော့သည်။

၁၉၈၈ ခုနှစ် Victor Verster အကျဉ်းထောင်သို့ ရောက်သွားချိန်တွင် မင်ဒဲလား၏ အာဖရိကန်းစ် စကားပြော အတော်ပင် တိုးတက်နေလေပြီ။ သီးသန့်

www.burmeseclassic.com

www.burmeseclassic.com



နေခွင့်ပါ ရလာသည်။ ထမင်းချက်တစ်ဦးပင် ခေါ်ထားခွင့်ရလာသည်။ ထမင်းချက်မှာ အရာခံဗိုလ် Jack Swart ဖြစ်သည်။ Swart သည် အရပ်မြင့်သည်။ ခြေဆံ လက်ဆံ ရှည်သည်။ နှုတ်ခမ်းမွေး တုတ်တုတ်ကြီး ထားသည်။ သူသည် မင်းဒဲလား အတွက် တစ်နေ့သုံးကြိမ် ချက်ရပြုတ်ရသည်။ မင်းဒဲလား အလွန် သဘောကျသွားသည်။ မင်းဒဲလားက 'ဒီလူဟာ ကောင်းကောင်းချက်တတ်တယ်' ဟု ချီးကျူးသည်။ အသားအရောင်ရှိသူကို ခွဲခြားနှိမ့်ချ ဆက်ဆံတတ်မှုမရှိသော 'တိုးတက်သော လူတစ်ယောက်' လည်း ဖြစ်သည်ဟု မင်းဒဲလားက ဆိုခဲ့သည်။ သူတို့နှစ်ဦးသည် ဟင်းချက်ပုံ အငြင်းပွားတတ်သည်။ Swart က ချက်တာပြုတ်တာ သူ့တာဝန်ပါဟု ပြောတတ်သည်။ မင်းဒဲလားကိုယ်တိုင်ပင် ချက်ပစ်လိုက်ရသည်။

မင်းဒဲလား ထောင်မှ လွတ်သွားချိန်တွင် Swart သည် ထောင်တစ်ထောင်လုံး၏ ထမင်းချက်ကြီး ဖြစ်လာသည်။ ကျွန်ုပ် သွားရောက်တွေ့ဆုံသည်။ သူသည် သုန်မှုန်နေသူတစ်ဦး ဖြစ်သည်။ သို့ရာတွင် သူသည် မင်းဒဲလားအပေါ် ကြီးမားစွာ ခင်မင်လေးစားမှုရှိခဲ့ကြောင်း ထင်ရှားသည်။ သူတို့နှစ်ဦးစလုံးသည် အတော်ပင် အသွင်တူကြသည်။ စဉ်းစားချင့်ချိန် ပြောဆိုလုပ်ကိုင်တတ်သည်။ စေ့စပ်သေချာသည်။ အသောက်အစား ကင်းသည်။ သူတို့နှစ်ဦး မည်သည့်ဘာသာစကားဖြင့် ပြောဆိုခဲ့ကြပါသလဲဟု မေးကြည့်သည်။ Swart က 'ကျုပ်က အင်္ဂလိပ်လိုပြောတယ်၊ သူက အာဖရိကန်းစ်လို ပြောတယ်' ဟု ဆိုသည်။ ဘာကြောင့် ဤသို့ပြောရသလဲဟု မေးသောအခါ 'ကျုပ်က အင်္ဂလိပ်စကား ပိုပြီး တိုးတက်အောင်၊ သူက အာဖရိကန်းစ်စကား ပိုတတ်အောင်ပေါ့ဗျ' ဟု အဖြေပေးသည်။ မင်းဒဲလား အာဖရိကန်းစ်စကား ဘယ်လိုအခြေအနေရှိသလဲဟု မေးကြည့်သည်။ Swart က 'တော်တယ်ဗျ၊ သူ ဖြည်းဖြည်းပဲ ပြောတယ်' ဟု ဖြေသည်။ မင်းဒဲလား၏ အာဖရိကန်းစ် ဘာသာစကားသည် တိကျမှုရှိသည်။ စာသံပေသံ ဆန်သည်။ မင်းဒဲလား စကားအပြောအဆို တိကျမှန်ကန်မှုက လေးစားရိုသေမှု သဘောကို ဆောင်လျက်ရှိသည်။

× × ×

ဤစာအုပ် အခန်း ၃ တွင် တောင်အာဖရိကသမ္မတ P.W.Botha နှင့် တွေ့ဆုံရန် မင်းဒဲလားအား ထောင်ထဲမှ ခေါ်သွားခဲ့ပုံ ရေးခဲ့သည်။ ဘိုသာနှင့် တွေ့ရမည့်ဟု

www.burmeseclassic.com

www.burmeseclassic.com



မကြားမသိရမီကပင် မင်ဒဲလားသည် အသင့်ပြင်ထားနှင့်သည်။ ဘိုသာအကြောင်း တတ်နိုင်သမျှ လေ့လာသည်။ တွေ့ရလျှင် ဘာပြောရမလဲဟု စိမ်ကိန်းဆွဲသည်။ ပြောမည့် စကားများကိုလည်း ရက်သတ္တပတ်ပေါင်းများစွာ လေ့ကျင့်သည်။ သရုပ်ဆောင်ကြီးတစ်ဦးပမာ အစမ်းလေ့ကျင့်သည်။ သရုပ်ဆောင်ကြည့်သည်။

ကြိုတင်ပြင်ဆင်ထားခဲ့သော်လည်း မင်ဒဲလားမှာ အတော်ကလေး စိတ်ပူနေခဲ့သည်။ ဘိုသာသည် စိတ်မြန်လက်မြန်သမားကြီးဟု သတိပေးထားသည်။ မင်ဒဲလားက တုံ့ပြန်နိုင်ရန် အသင့်ပြင်ထားရသည်။ လောင်းကြေးက သိပ်ကြီးမြင့်လိမ့်မည် မဟုတ်ပေ။ အေအင်န်စီ ဖွဲ့စည်းထားသည်မှာ ခုနစ်နှစ်ရှိပြီ။ တောင်အာဖရိက သမ္မတနှင့် အေအင်န်စီ ခေါင်းဆောင်တစ်ဦး ပထမဆုံးအကြိမ် တွေ့ဆုံပွဲဖြစ်လိမ့်မည်။ ဤတွေ့ဆုံပွဲ တစ်ကြိမ်တစ်ခါတည်းကပင် အခြေအနေ နှစ်ရပ်ကို အဆုံးအဖြတ်ပေးနိုင်သည်။ လူမျိုးခွဲခြားမှုမရှိသော ဒီမိုကရေစီ ငြိမ်းချမ်းရေးလမ်းစကို ပေါ်လာစေမည်လား၊ သို့မဟုတ် သွေးထွက်သံယို ပြည်တွင်းစစ်ပွဲကြီးသို့ ရှေ့ရှုလေမလား။ အခြေအနေမဟာန်ခဲ့လျှင် မင်ဒဲလား၏ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များက သူ့အား အပယ်ခံတစ်ဦးအဖြစ် ပြုမူဆက်ဆံလိုက်ကြဖွယ် ရှိသည်။

တွေ့ဆုံရသောနေ့တွင် မင်ဒဲလား အိပ်ရာမှ အစောကြီး နိုးသည်။ မသွားမီ လုပ်စရာရှိသမျှ အသင့်ပြင်သည်။ သူ့အား ကိပ်တောင်းမြို့ Tuynhuys ရှိ သမ္မတကြီးရုံးခန်းသို့ ကားဖြင့်ခေါ်သွားသည်။ ထောင်လှမ်းရေးဌာန အကြီးအကဲနှင့် တရားရေးဌာန ဝန်ကြီး Kobic Coetsse က ထမင်းစားခန်းကြီးထဲသို့ ပို့ပေးလိုက်သည်။ ကိုအက်ဆီက မင်ဒဲလား၏ လည်စည်းကို တည့်သွားအောင် ပြင်ပေးသည်။ ဒူးထောက်လျက် မင်ဒဲလား၏ ဖိနပ်ကြိုးများကို ဆွဲဆန့်ပေးသည်။ (မင်ဒဲလားသည် ထောင်ထဲတွင် အလေ့အကျင့် ပျက်သွားခဲ့ရသည်)

'ကျုပ်လည်း စိတ်မသက်မသာနဲ့ ဝင်သွားတဲ့အခါ သူကလည်း သူ့အခန်းထဲက ထွက်လာတယ်၊ နှစ်ယောက်စလုံး ပြိုင်တူရောက်သွားတာပေါ့၊ သူက ကျုပ်ကို အချိန်ကိုက် မကိုက် စမ်းသပ်လိုက်တာနဲ့ တူပါတယ်' ဟု မင်ဒဲလားက ပြောပြသည်။ 'ဘိုသာက ပြုံးပြီး လက်ကို ဆန့်တန်းပေးတယ်' ဟူ၍လည်း ပြောသည်။ မင်ဒဲလားသည် စိတ်ချမှုအပြည့် ရှေ့တိုးသွားပြီး ဘိုသာအား အာဖရိကန်းဘာသာဖြင့် နှုတ်ဆက်လိုက်သည်။ ဘိုသာက ပြန်နှုတ်ဆက်သည်။ လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



သောက်ပါလားဟု ဖိတ်ခေါ်သည်။ ဘိုသာက လောင်းထည့်ပေးသည်။ လက်ဖက်ရည် တစိမ့်စိမ့်သောက်ရင်း မင်ဒဲလားက မိမိသည် Afrikaner သမိုင်းကို ယေဘုယျသဘော နှံ့စပ်ပါကြောင်း၊ အင်္ဂလိပ် ဘိုးဝါးစစ်ပွဲအကြောင်းကိုမူ အတော်ကလေးသိနားလည်ပါကြောင်း ဖွင့်ပြောလိုက်သည်။ ထင်ရှားသော ဘိုးဝါးဗိုလ်ချုပ်ကြီးများအမည်ကိုလည်း ရွတ်ပြလိုက်သည်။ ထင်ရှားသော တိုက်ပွဲများအကြောင်းလည်း အစဖော်ပေးသည်။ ဘိုသာ အတော်ပင် သဘောခွေ့သွားသည်။

ဘိုသာ စိတ်ပျော့သွားစေရန် နှုးနှပ်ပေးလိုက်ပြီးနောက် မင်ဒဲလားက Afrikaner သမိုင်းမှ အရေးကြီးသော အပိုင်းကို စတင်သည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း တောင်အာဖရိကတွင် အင်္ဂလိပ်စကားပြော United Party အုပ်ချုပ်နေသည်။ Afrikaans စကားပြော National Party ဦးဆောင်နေခြင်း မဟုတ်ပေ။ တောင်အာဖရိက က ဂျာမနီနိုင်ငံအပေါ် စစ်ကြေညာလိုက်သောအခါ Afrikaners များက အပြင်းအထန် ကန့်ကွက်ကြသည်။ Afrikaner ခေါင်းဆောင်များသည် ဗြိတိသျှဆန့်ကျင်ရေးသမားများ ဖြစ်သည်။ ဂျာမနီကိုသာ ပိုမို လိုလားထောက်ခံသည်။ ပထမကမ္ဘာစစ်ဖြစ်ချိန်ကလည်း Afrikaner အုပ်စုတစ်စုသည် တောင်အာဖရိက အစိုးရကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ဖူးကြသည်။ ထိုစဉ်က အင်္ဂလိပ်အင်ပါယာဘက်သို့ အတော်ပင် ယိမ်းခဲ့သည်။ အစိုးရတပ်သားတစ်ရာကျော်ကို ထိခိုက်သေဆုံးစေခဲ့သည်။ သို့ရာတွင် ဆန့်ကျင်သူ ခေါင်းဆောင်များအား တစ်နှစ်နီးပါးအကြာတွင် ထောင်မှလွှတ်ပေးခဲ့သည်။ မင်ဒဲလားက ထိုအချက်ကို ဘိုသာအား သတိရစေခဲ့သည်။

မင်ဒဲလား၏ ရည်ရွယ်ချက်မှာ သူသည် Afrikaner သမိုင်းကို လေ့လာလိုက်စားသူတစ်ဦးဟူသော အချက်တစ်ခုတည်းကို ပြသရန်မဟုတ်ချေ။ Afrikaner တို့က ဗြိတိသျှတို့အား ပုန်ကန်တော်လှန်ခဲ့မှုနှင့် အေအင်န်စီ၏ လူဖြူလူမည်း ခွဲခြားရေးဝါဒ ဆန့်ကျင်တိုက်ပွဲသည် မျဉ်းပြိုင်သဘောဖြစ်နေကြောင်း ထင်ရှားစေလို၍လည်း ဖြစ်သည်။ သို့ရာတွင် မင်ဒဲလားက လိမ္မာပါးနပ်စွာ တင်ပြချင်သည့်အချက်မှာ အစိုးရသည် သူပုန်များအား ဖမ်းမိပြီး ခြောက်လအကြာတွင် လွှတ်ပေးခဲ့ကြောင်း၊ မိမိနှင့် လုပ်ဖော်ကိုင်ဖက်များမှာမူ နှစ်ပေါင်း နှစ်ဆယ်တိုင်တိုင်ထောင်ထဲတွင် ကျခံနေရဆဲဖြစ်ကြောင်း တင်ပြချင်သည်။ မင်ဒဲလားက Walter

www.burmeseclassic.com

www.burmeseclassic.com



Sisulu ကို လွှတ်ပေးပါရန် တောင်းပန်သည်။ ဘိုသာက ဆီဆူလူးကို လွှတ်မပေးနိုင်ကြောင်း လူသိရှင်ကြား ဖွင့်ပြောထားပြီး ဖြစ်သော်လည်း နောက်ဆုံးတွင် လွှတ်ပေးပါမည်ဟု မဆိုင်းမတွ သဘောတူလိုက်သည်။

Afrikaners တို့သည် တဲ့တိုးပြောတတ်သည်။ သူတို့သည် တဲ့တိုး ပြောဆိုတတ်မှုကို လေးစားသည်။ မင်ဒဲလားသည် တဲ့တိုးလည်းပြောတတ်သည်။ ရည်ရည်မွန်မွန်လည်း ရှိသည်။ ယင်းနှစ်ခုကိုပေါင်းစပ်တင်ပြလိုက်၍ ဘိုသာ သဘောပေါက်သွားသည်။ ဤသည်ပင် မင်ဒဲလား၏ လုပ်နည်းလုပ်ဟန်ပင် ဖြစ်ပေသည်။

× × ×

မင်ဒဲလားကိုယ်တိုင် သမ္မတဖြစ်လာသောအခါ ရပ်ဂ်ဘီသည် သူ့ဘဝထဲသို့ပြန်ရောက်လာသည်။ လုပ်ငန်းတာဝန် အမှတ်တစ်မှာ နိုင်ငံဖခင်ကြီး ဖြစ်ရေးပင်။ လူဖြူနှင့် လူမည်းတို့အား တူညီသောအမြင်ဖြင့် စုစည်းညီညွတ်စေရန် ဖြစ်သည်။ ဝေဖန်ခံရသည့်အခါများလည်း ရှိသည်။ မင်ဒဲလားသည် လူမည်းများ၏ အခက်အခဲများကို အသက်ရှူပေါက်ရစေသည်။ ထို့ထက် လူဖြူများ၏ စိုးရိမ်စိတ်များကို ငြိမ်းအေးသက်သာအောင် လုပ်ပေးသည့်အချိန်က ပိုများနေသည်ဟု ဝေဖန်ကြသည်။ သို့ရာတွင် လက်ယာဝါဒီ အာဖရိကန်နာများအတွင်း အင်အားကောင်းလှသည့် တန်ပြန်တော်လှန်ရေးတစ်ရပ် ရှိနေကြောင်း မင်ဒဲလား သိနေခဲ့သည်။ အဆိုပါ လက်ယာဝါဒီများကို ပြင်းပြင်းထန်ထန် ဖိနှိပ် နှိမ်နင်းမည့်အစား သူတို့အပေါ် အနိုင်ယူဖို့ အရေးကြီးသည်ဟု ယုံကြည်သည်။ လက်ယာဝါဒီများကို အနိုင်မယူနိုင်ပါက အနည်းဆုံး အလယ်အလတ်သမား Afrikaners များအပေါ် နိုင်အောင် လုပ်ရမည်။ သူတို့အပေါ် အနိုင်မရပါက လက်ယာဝါဒီများဘက်သို့ ယိမ်းယိုင် ထောက်ခံသွားကြပေလိမ့်မည်။

သဟဇာတဖြစ်ရေးအတွက် အန္တရာယ်အကြီးမားဆုံးဖြစ်လာချိန် ၁၉၉၄ နှင့် ၁၉၉၅ ခုနှစ်တွင် မင်ဒဲလားသည် ထူးကဲသော နည်းဗျူဟာ သုံးခဲ့သည်။ နိုင်ငံတော်၏ ရောဂါကုစားနိုင်ရေးအတွက် အားကစားဘက်သို့ ဘက်လှည့်ပေးလိုက်သည်။ နှစ်ပေါင်းများစွာပင် အေးအင်န်စီသည် အမျိုးသား ရပ်ဂ်ဘီအသင်း Springboks

www.burmeseclassic.com

www.burmeseclassic.com



ကို နိုင်ငံတကာ အားကစားပြိုင်ပွဲများမှ ထုတ်ပယ်ထားဖို့ အမျိုးမျိုးကြိုးစားခဲ့သည်။ အောင်မြင်ခဲ့သည်။ ယခု မင်ဒဲလားလက်ထက်တွင် ထုတ်ပယ်ပိတ်ပင်ထားမှုမှ ကင်းလွတ်ခွင့်ရရန် ကြိုးစားခဲ့သည်။ ရပ်ဂ်ဘီ ကမ္ဘာ့ဖလားဆုကို တောင်အာဖရိကသို့ ယူဆောင်လာနိုင်ရေးတွင် အဓိကဗဟိုချက် ဖြစ်လာသည်။ ရပ်ဂ်ဘီဖြင့် အားလုံးကို စုစည်း ညီညွတ်စေနိုင်မည်ဟု ယူဆသည်။ ရပ်ဂ်ဘီကြောင့် တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းမကွဲစေရဟု သုံးသပ်သည်။ မင်ဒဲလားသည် ရပ်ဂ်ဘီ အဆောက်အအုံကြီးအပေါ် အနိုင်ရရှိရန် စည်းရုံးသည်။ အရပ် ခြောက်ပေ ခုနစ်လက်မရှိ စပရင်းဘော့စ် ကပ္ပတိန် Francois Pienaar နှင့် မိတ်ဆွေဖွဲ့သည်။ မင်ဒဲလားအလိုအတိုင်း ဖြစ်လာသည်။ မင်ဒဲလားသည် စပရင်းဘော့စ် အသင်းရှိရာသို့ အကြိမ်ကြိမ် သွားလည်သည်။ ထိုအသင်းမှာ Afrikaner လူကြမ်းလူရမ်းကြီးများဖြင့် ဖွဲ့စည်းထားသည်။ နိုင်ငံရေးနှင့် ကင်းရှင်းသည်။ လူမည်း ခေါင်းဆောင်ကြီးအပေါ် ယုံကြည်မှု မရှိခဲ့ပေ။ လူမည်းတို့၏ နိုင်ငံရေးကိုလည်း စိတ်မဝင်စားလှပေ။ ၁၉၉၅ ခုနှစ်တွင် လက်ရှိချန်ပီယံ ဩစတြေးလျ ရပ်ဂ်ဘီအသင်းနှင့် စပရင်းဘော့စ် အသင်းတို့ ဗိုလ်လုကြသည်။ မင်ဒဲလားသည် စပရင်းဘော့စ်အသင်း လေ့ကျင့်ရေး စခန်းသို့ လေယာဉ်ဖြင့် လိုက်သွားသည်။ အားကစားသမားများနှင့်တွေ့ဆုံပြီး သူတို့သည် တောင်အာဖရိက တစ်နိုင်ငံလုံးအတွက် ကိုယ်စားပြု ကစားနေခြင်း ဖြစ်ကြောင်း၊ လူဖြူရော လူမည်းပါ ပါဝင်သော တစ်နိုင်ငံလုံးက သူတို့၏နောက်တွင် ထောက်ခံ အားပေးလျက်ရှိကြောင်း ပြောကြားသည်။ မင်ဒဲလားသည် စပရင်းဘော့စ်အသင်း ဦးထုပ်ကိုလည်း ဆောင်းသည်။ နောင်တွင် အသင်းမန်နေဂျာက သတင်းစာဆရာ John Carlin အား 'မင်ဒဲလားက သူတို့ရဲ့ နှလုံးသားကို သိမ်းကျုံးရယူလိုက်နိုင်ပြီဗျ' ဟု ပြောကြားခဲ့သည်။

၁၉၉၅ ခုနှစ် ဂျိုဟန်နက်စ်ဘတ်မြို့ Ellis Park အားကစားရုံကြီးတွင် ရပ်ဂ်ဘီ ဖိုင်နယ်ပွဲများ ကျင်းပသည်။ ထိုပွဲသို့ အကျော်ကြားဆုံး စေ့စပ်ပြေငြိမ်းရေး အထိမ်းအမှတ်အဖြစ် မင်ဒဲလားသည် စပရင်းဘော့စ်အသင်း ဂျာစီကို ဝတ်သည်။ ဦးထုပ်ကို ဆောင်းသည်။ အသင်းကိုနှုတ်ဆက်ရန် ထွက်ခွာခဲ့ရာတွင် လူဖြူအများစု ပါဝင်သည့် ပရိသတ်က 'နယ်လ်ဆင် နယ်လ်ဆင်'ဟု ကြွေးကြော်အော်ဟစ်ကြသည်။ အားကစားနှင့် နိုင်ငံရေးသမိုင်းတစ်လျှောက် အုန်းအုန်းကျွက်ကျွက်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဆုံး အခိုက်အတန့်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မင်ဒဲလားနှင့် အတူ ရော့ဘန်းကျွန်း အကျဉ်းထောင်တွင် ဖမ်းဆီးထားခြင်းခံခဲ့ရသူ Tokyo Sex-wale က သတင်းဆရာ ဂျွန်ကာလင်းအား 'လွတ်မြောက်ရေး တိုက်ပွဲဆိုတာ လူးမည်းတွေကို အနှောင်အဖွဲ့က လွတ်ပေးဖို့ပဲ ဆင်နွှဲတိုက်ခိုက်တာမဟုတ်ဘဲ လူဖြူတွေကိုလည်း စိုးရိမ်စိတ်က လွတ်မြောက်သွားစေဖို့ ဆင်နွှဲတိုက်ခိုက်တာ ပါပဲလားလို့ ကျုပ် ပိုပြီး ပြတ်ပြတ်သားသား သိလိုက်ရတဲ့ အခိုက်အတန့်ပါပဲ'ဟု ပြောပြခဲ့သည်။

အဆုံးစွန်ပြောရလျှင် မင်ဒဲလားအနေဖြင့် ရန်သူ့အကြောင်း သိထားခြင်း သည် နည်းဗျူဟာလုပ်ရပ်တစ်ခုမျှသာ မဟုတ်ပေ။ မျှဝေခံစားခြင်း (empathy) လုပ်ရပ်တစ်ခုလည်း ဖြစ်သည်။ ရုပ်ပြကာတွန်းဇာတ်ကောင် Pogo က 'ရန်သူ ဆိုလို့ သွားတွေ့ပါတယ်၊ ကျုပ်တို့ကိုယ်တိုင်ပဲဗျ'ဟု ပြောခဲ့သည်။ မင်ဒဲလားကမူ ဤသို့ ဆိုခဲ့လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ရန်သူအပေါ် အနိုင်ရရှိရေးအတွက် အာရုံစူးစိုက် နေခဲ့မိသောကြောင့် မိမိကိုယ်တိုင်တွင်လည်း သူ့အပေါ် သစ္စာ စောင့်သိမှုတစ်မျိုး ဖန်တီးဖြစ်ပေါ်လာစေသည်။ Afrikaner တို့က မင်ဒဲလား၏ အားထုတ်မှုကို မြင်ကြသည်။ ရှေ့သို့ ရွေ့လျားရန် လုံးဝ မလိုအပ်သော အချိန်မှာပင် မင်ဒဲလားသည် သူတို့အား လမ်းတစ်ဝက်ကျော်ကျော် အကွာအဝေးအထိ လာရောက် ခဲ့သည်။ အဆုံးတွင် Afrikaner တို့က ထိုအချက်ကို သဘောပေါက်လာကြသည်။ သူ့အပေါ် ယုံကြည် အားထားလာမိကြသည်။ သူတို့၏ နှလုံးသားများအပေါ် အောင်ပွဲ ခံနိုင်ခဲ့လေပြီ။

မိမိသည် မိမိ၏ ရန်သူအပေါ် အနိုင်ရရှိသောအခါ မင်ဒဲလားက မုန်းတီး စိတ်ဖြင့် အားရဝမ်းသာ ဖြစ်မနေပါနှင့် ပြောတတ်သည်။ မိမိ၏ အအောင်မြင်ဆုံး အချိန်အခါသည် ပို၍ ပို၍ ညှာတာကရုဏာစိတ် ဝင်နေရမည့် အချိန်မျိုးပင် ဖြစ်သည်။ မည်သို့သော အခြေအနေမျိုးတွင်မဆို အရှက်တကွဲ အကျိုးမနည်းပါ စေနှင့်။ သိက္ခာပြန်ဆယ်ခွင့် ပေးပါလေ။ မင်ဒဲလားက ဆက်၍ ပြောခဲ့သည်။ ယင်းသို့ လုပ်ကိုင်ပါမှ ရန်သူကို မိတ်ဆွေ ဖြစ်လာစေနိုင်လိမ့်မည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# ၉

## ပြိုင်ဘက်များအပေါ် အနီးကပ် စောင့်ကြည့်ပါ

မင်ဒဲလားသည် မိတ်ဆွေသူငယ်ချင်းများကို ရံဖန်ရံခါ အလေးမထားတတ်ပေ။ ပြိုင်ဘက်များကိုမူ အလေးမထားဘဲ မနေတတ်ချေ။ သူသည် အပေါင်းအသင်းများနှင့် မကြာ မကြာ အဆက်ပြတ်နေတတ်သည်။ ပြိုင်ဘက်များကိုမူ တစ်ချက်ကလေးမျှ မျက်ခြည်ပြတ် မခံတတ်ချေ။ မိမိတို့သည် မိတ်ဆွေသူငယ်ချင်းများအပေါ် ယုံစားနိုင်ပါသည်။ မိမိ ဘာလုပ်လုပ် သူတို့အားပေးကူညီကြလိမ့်မည်ဟု အကြမ်းဖျင်းအားဖြင့် သိနားလည်ထားသည့် သဘောဖြစ်သည်။ ရန်သူများကမူ မိမိအား အမြဲဆန့်ကျင်ရန် လုပ်လိမ့်မည်ဟု သိနားလည် ယုံကြည်ထားခြင်းဖြစ်သည်။ သို့ရာတွင် ရင်းရင်းနှီးနှီး ပြိုင်ဘက်များကိုမူ မျက်ခြည်မပြတ် စောင့်ကြည့်ရန် လိုအပ်သည်။ မင်ဒဲလားမှာ ထိုအတိုင်း ကျင့်သုံးတတ်သူပင်။

စောင့်ကြည့်ရာတွင် လိမ်လိမ်မာမာ သိုသိုသိပ်သိပ်ပြုတတ်သည်။ မိမိပြိုင်ဘက်များအပေါ် စောင့်ကြည့်ရန် ထောက်လှမ်းရေးသမားများကိုလည်း မသုံးတတ်ပေ။ အလွတ်စုံထောက်များလည်း မထားတတ်ချေ။ ယင်းသို့စောင့်ကြည့်ရာတွင် ဝေးဝေးမှ စောင့်ကြည့်ခြင်းမဟုတ်ဘဲ နီးနီးကပ်ကပ် စောင့်ကြည့်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ အမှန်လည်း သူတို့ အခန်းတစ်ခန်းအတွင်း အတူရှိနေပါက မင်ဒဲလားသည် မိမိ၏ပြိုင်ဘက်ကို သူ့နံဘေးလာထိုင်ရန် လက်ဟန်ခြေဟန်ဖြင့် လှမ်းခေါ်တတ်သည်။ ဤနည်းဖြင့် အနီးကပ်လေ့လာခွင့်ရသည်။

မိမိပြိုင်ဘက်များ၏ ခြေလှမ်းများကို လျှို့ဝှက်ဖော်ထုတ်နည်းမှာ မင်ဒဲလားမည်ကဲ့သို့ အကွက်ကျကျ ပြင်ဆင်ထားတတ်ကြောင်း ဥပမာတစ်ခုဖြစ်သည်။ တစ်ခါတစ်ရံတွင် မည်သည့်အခြေအနေမျိုးမျှပင်ဖြစ်စေ မျှော်လင့်မထားသည့်ကိစ္စမှ

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက် ရှာကြရန် အဖြစ်နိုင်ဆုံး အကျိုးသက်ရောက်မှုအတွက် မိမိတို့ကိုယ်ကို မိမိတို့ ပြင်ဆင်ထားကြရန် တိုက်တွန်းလေ့ရှိသည်။ မျှော်လင့်ထားသည့်အချက်မှ မျှော်လင့်တတ်သည့် အကောင်းဆုံး အလုပ်တစ်ခုလုပ်ကိုင်ရန် လိုအပ်ကြောင်း ပြောတတ်သည်။ ကျွန်ုပ်တို့သည် ရံဖန်ရံခါတွင် သိထားသမျှထဲမှ ဖြစ်လာနိုင်ဖွယ်ရှိသည့်အရာများအတွက် ပြင်ဆင်မထားတတ်ကြချေ။ မင်းဒဲလားအတွက် ထိုအရာများအနက်မှ တစ်ခုခုမှာ မိမိကိုစိန်ခေါ်မည့် ပြိုင်ဘက်တစ်ဦး ဖြစ်သည်။

မည်သည့်အခန်းထဲကိုပင် ရောက်သွားသည်ဖြစ်စေ မင်းဒဲလားအပေါ် အာရုံစိုက်ကြသည်။ ဤကိစ္စကို မင်းဒဲလား သဘောကျသည်။ သူ၏ ကိုယ်နေဟန်ထားမှာ ဒင်္ဂါးတစ်ပြားပေါ်ရှိ ပုဂ္ဂိုလ်တစ်ဦးဦး၏ ပုံရိပ်နှင့်တူနေသည်။ ဝံ့ကြွားမှုရှိသည်။ ယုံကြည်မှု ပြင်းပြသည်။ ခေါင်းကိုမော့ထားသည်။ ပရိသတ်ကို လက်ခံတွေ့ဆုံချိန်တွင် တစ်ဦးချင်းစီ၏ မျက်လုံးများနှင့် ဆုံတွေ့စေတတ်ပြီး မိမိဘက်ပါလာအောင် သိမ်းသွင်းတတ်သည်။ သို့ရာတွင် သူ့အပေါ် အာရုံစူးစိုက်မခံရပါက သူတစ်ပါး၏ အခြေအနေကို စောင့်ကြည့်နေတတ်သည်။ အကဲခတ်နေတတ်သည်။ သူ၏ မျက်လုံးများသည် မိတ်ဆွေများအပေါ် ရှိမနေတတ်ပေ။ သူ့ပြိုင်ဘက်များ၊ ပြိုင်ဘက်ဖြစ်လာနိုင်သူများ အပေါ်သို့သာ ကျရောက်နေတတ်သည်။ မင်းဒဲလားသည် ထိုသူတို့၏စတိုင်၊ သူတို့ စကားပြောပုံနှင့် လက်ဆွဲနှုတ်ဆက်ပုံများကိုပင် လေ့လာမှတ်သားတတ်သည်။ တစ်ခါက ကျွန်ုပ်အား ပြောပြဖူးသည်။ သူ၏ အစိုးရအဖွဲ့ဝင်တစ်ဦးသည် လက်ဆွဲနှုတ်ဆက်ချိန်တွင် သူ့မျက်လုံးများကို မကြည့်တတ်ကြောင်း၊ ကောင်းသောလက္ခဏာ မဟုတ်ကြောင်း ပြောပြတတ်သည်။

အခြားနိုင်ငံရေးသမားများ၊ ခေါင်းဆောင်များနှင့် မတူဘဲ သစ္စာရှိရှိတစ်ခုတည်း ကြည့်ပြီး အထင်မကြီးတတ်ချေ။ သစ္စာရှိမည်ဟု မျှော်လင့်ပြီး တကယ်တမ်း သစ္စာမရှိသောအခါ စိတ်ပျက်စရာ ကြုံရတတ်သည်။ သို့ရာတွင် နိုင်ငံရေးလောကနှင့် ဘဝတွင် စောင့်သိတတ်ခြင်းသည် သက်သေအထောက်အထား လက်ဆုပ်လက်ကိုင် မပြနိုင်သော်လည်း ရှိသည်ဟု ယုံမှတ်နိုင်လောက်သည်။ အကြွင်းမဲ့သစ္စာစောင့်သိမှုဟူသည် မရှိတတ်ပေ။ သစ္စာစောင့်သိခြင်းသည် ကြီးမားသောတစ်စိတ်တစ်ဒေသအားဖြင့် ကိုယ်ကျိုးကြည့်ခြင်း (Self-Interest) ဖြစ်သည်။ သစ္စာစောင့်သိခြင်းသည် သူတို့၏ အကျိုးစီးပွားအတွက်သာ ဖြစ်သည်ဟု သူ၏

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်များကို ထင်မြင်စေလိုသည်။ သို့မဟုတ် အနည်းဆုံး သူတို့အနေဖြင့် သစ္စာဖောက်မိစရာ နည်းပါးသွားစေလိမ့်မည်ဟု ထင်မှတ်သွားစေလိုသည်။

မည်သို့ပင် သတိဖြင့်စောင့်ကြည့်တတ်သည်ပင်ဖြစ်စေ မင်ဒဲလားသည် လူကဲခတ်ရာတွင် အမြဲတမ်း တော်နေသည် မဟုတ်ချေ။ သူတစ်ပါး၏ ကောင်းကွက်ကို မြင်အောင်ကြည့်ရမည်ဟူသော သူ၏ ဆုံးဖြတ်ထားချက်သည် တစ်ခါတစ်ရံတွင် လျှို့ဝှက်ဖုံးကွယ်ထားမှုများကို မျက်စိလျှမ်းသွားတတ်သည်။ သူသည် မြှောက်ပင့်ပြောဆိုမှု၊ စွဲမက်စရာကောင်းမှုနှင့် ချမ်းသာကြွယ်ဝမှုဒဏ်ကို ခံနိုင်ရည်လည်း မရှိပေ။ သို့ရာတွင် လူသားတို့၏ စာရိတ္တ၊ စိတ်ဓာတ် နုံနဲ့မှုကို ကြည့်တတ်မြင်တတ်သည်။ စနစ်တကျ တွေးခေါ်မှုမျိုးမဟုတ်ဘဲ စိတ်လိုက်မာန်ပါ စိတ်လှုပ်လှုပ်ရှားရှားဖြင့် တွေးခေါ်ဆုံးဖြတ်တတ်သူများအား အမြဲ သတိထား ကြည့်တတ်သည်။ သူကိုယ်တိုင်လည်း ငယ်ရွယ်စဉ်က ဤအတိုင်း လုပ်ဆောင်ခဲ့ဖူးသောကြောင့် ဖြစ်နိုင်သည်။ ငယ်ရွယ်သော နယ်လ်ဆင်ဘဝက အေအင်န်စီ သက်ကြီးခေါင်းဆောင်ပိုင်းအတွက် ဦးနှောက်ခြောက်ခဲ့ရသည်။ ထို့ကြောင့် မင်ဒဲလားသည် ထိုသို့သောလူစားမျိုးကို သတိထားမိသည်။ ထိုသူတို့ကြောင့် မိမိ၏ ဩဇာအာဏာကို ထိခိုက်စေနိုင်သည်။ မိမိ၏ စီမံကိန်းများကို ကမောက်ကမ ဖြစ်သွားစေနိုင်သည်။

မင်ဒဲလား ထောင်မှထွက်လာလျှင် ထွက်လာချင်း အာဖရိကန် နေရှင်နယ်ကွန်ဂရက်အတွင်း လူကြီးအုပ်စုနှင့် လူငယ်အုပ်စုအကြား အခြေအနေ တင်းမာလာသည်။ အလျှော့မပေးလိုသူများနှင့် စေ့စပ်ဖြေရှင်းလိုသူများဟူ၍ အင်အားစု နှစ်စုရှိနေကြောင်း မင်ဒဲလား သိသည်။ သဘောထားချင်း ကွဲပြားနေမှုသည် သက်တူ အုပ်စုလိုက်ဖြစ်သည်။ မင်ဒဲလားခေတ်က လူများထက် ပိုမိုငယ်ရွယ်သူနွယ်ဆက်က ပိုမို တက်ကြွ ထက်သန်သည်။ ရင်ဆိုင်လိုစိတ် ပြင်းပြသည်။ လူငယ်ခေါင်းဆောင်များအနက် တစ်ဦးမှာ Bantu Holomisa ဖြစ်သည်။ ဗိုလ်ချုပ်တစ်ဦးဖြစ်သည်။ ၁၉၈၇ ခုနှစ် စစ်တပ်အာဏာသိမ်းပွဲကို ဦးဆောင်ခဲ့သည်။ Tranckei နယ်၏ ခေါင်းဆောင်ရာထူးကို ရယူခဲ့သည်။ ဟိုလိုမီဆာသည် အသက် သုံးဆယ်ကျော် လေးဆယ်နီးပါး ရှိပြီ။ အရွယ်တင်နေဆဲပင်။ မီးပလပ်လို လူစားမျိုး ဖြစ်သည်။ နှစ်လိုဖွယ် ပြုံးတတ်သည်။ ကျယ်ကျယ်လောင်လောင် ရယ်မောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် စိတ်ထင်အရ ဟိုလိုမီဆာသည် ရိုးရာခေါင်းဆောင်နှင့် တော်လှန်ရေးခေါင်းဆောင် သဘာဝနှစ်မျိုး ထူးထူးခြားခြား ပေါင်းစပ်ထားသူ ဖြစ်သည်။ အမြော်အမြင်ကြီးသည်။ ခေါင်းမာသည်။ မင်ဒဲလားသည် စေ့စပ်ပြေငြိမ်းရေးသမား၊ အစိုးရအပေါ် ယုံကြည်လွန်းသူ ဖြစ်သည်ဟူသော လက်ဝဲဘက်အုပ်စုအမြင်နှင့် ပတ်သက်၍လည်း လက်ခံချင်သည်။ မင်ဒဲလားကလည်း ဟိုလိုမီဆာသည် မလိုစိတ် ဩဇာသက်ရောက်မှုများကို မတွန်းလှန်နိုင်သူဟု မြင်သည်။

ကျွန်ုပ်တို့ ထရန်စကီသို့ ရောက်နေချိန်မျိုးတွင် မင်ဒဲလားက ဟိုလိုမီဆာကို အနီးတွင် ရှိနေစေချင်သည်။ 'ဘန်တူ ဘယ်ရောက်နေလဲ' 'ဗိုလ်ချုပ် ဘယ်မှာလဲ' ဟု မေးတတ်သည်။ မင်ဒဲလား၏ ဧည့်ခန်းထဲသို့ ဟိုလိုမီဆာ ဝင်လာခဲ့လျှင် သူ ထိုင်နေကျ ကုလားထိုင်ဘေးရှိ ကုလားထိုင်ကို ပုတ်လျက် 'ဟာ ဗိုလ်ချုပ်ကြီး လာဗျာ၊ ကျုပ်ဘေး လာထိုင်'ဟု ဖိတ်ခေါ်တတ်သည်။ ဟိုလိုမီဆာ၏ လက်များကို ဆုပ်ကိုင်ထားတတ်သည်။ အာဖရိက အမျိုးသားများ ပြုနေကျထုံးစံ ဖြစ်သည်၊ သို့ရာတွင် မင်ဒဲလား မကြာမကြာ လုပ်ဆောင်လေ့မရှိသော အပြုအမူ ဖြစ်သည်။ အများရှေ့တွင် ဟိုလိုမီဆာကို သားတစ်ဦးပမာ ဆက်ဆံသည်။ သားအရင်းများပေါ်မှာထက် ပိုမို ဖော်ရွေရင်းနှီးမှု ရှိသည်။

ကျွန်ုပ်နှင့် နှစ်ယောက်ချင်းတွေ့ရလျှင် ဟိုလိုမီဆာသည် မိမိစောင့်ကြည့်ရန် လိုအပ်နေသော လွတ်ထွက်လာသည့် အမြောက်ဆံဖြစ်သည်ဟု ပြောခဲ့သည်။ မင်ဒဲလားက ထိုအတိုင်းပင် စောင့်ကြည့်နေခဲ့သည်။ ထရန်စကီတွင် လှုပ်ရှားမှုတစ်ခုခုလုပ်တိုင်း ဟိုလိုမီဆာမပါဘဲ မပြီးခဲ့ချေ။ ဟိုလိုမီဆာကလည်း သဘောကျနေတတ်သည်။ ဟိုလိုမီဆာက သူ့ကိုယ်သူ အရေးပါအရာရောက်သူ၊ မရှိမဖြစ်လူအဖြစ် ထင်မှတ်မိအောင် လုပ်ခြင်းဖြင့် မင်ဒဲလားက သူ့ဘက်သို့ သိမ်းသွင်းရန် စိတ်ကူးထားသည်။ မင်ဒဲလားက ဟိုလိုမီဆာ လက်ကို ကိုင်ထားသောအခါ၊ ပွေ့ဖက်ထားသောအခါများတွင် ဟိုလိုမီဆာက အလွန့် အလွန်ဝမ်းမြောက် ဂုဏ်ယူနေတတ်သည်။ ဟိုလိုမီဆာက 'အဘိုးကြီး ကျုပ်ကို သဘောကျနေရဲ့လားဗျ'ဟု မကြာမကြာ မေးတတ်သည်။ ကျွန်ုပ်က ခေါင်းညိတ်ပြ လိုက်လျှင် သူ မနေ့ခွေ့သွားတတ်သည်။ မင်ဒဲလားသည် ဟိုလိုမီဆာထံမှ မည်သည့် အခွင့်အရေးမျှ မတောင်းသယောင် ထင်မှတ်စေခဲ့သည်။ ဤနည်းဖြင့် ဟိုလိုမီဆာသည် အဘိုးအိုကြီးအပေါ် ပိုမို သစ္စာစောင့်သိလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားသည် Chris Hani ကိုလည်း ထိုနည်းအတိုင်း ထိုစိတ်ကူးအတိုင်း ပြုမူခဲ့သည်။ ဟာနီ လုပ်ကြံမခံရမီက တောင်အာဖရိက လူငယ်ခေါင်းဆောင်များ အနက် လူကြိုက်အများဆုံး ဖြစ်နေခဲ့သည်။ ဟာနီသည် စိတ်ဓာတ်တက်ကြွမှုရှိပြီး ရက်ရက်စက်စက် လုပ်ဆောင်တတ်မှုကြောင့် ဖြစ်သည်။ တောင်အာဖရိကတွင် စေ့စပ်ဆွေးနွေးရေးထက် ကလဲ့စားချေစိတ် ပိုမိုထက်သန်နေသူ လူမည်း သန်းပေါင်း များစွာ ရှိနေသည်။ မင်ဒဲလားက အတိတ်ကိုမေ့လိုက်ပါတော့ဟု တိုက်တွန်းခဲ့၏။ သူတို့က မေ့ချင်စိတ် မရှိကြပေ။ မင်ဒဲလားက ပါးတစ်ဖက်ကိုလာရိုက်လျှင် ကျန် သော ပါးတစ်ဖက်ကို လှည့်ပေးလိုက်ပါ။ သည်းခံကြပါ၊ ခွင့်လွှတ်လိုက်ကြပါဟု မေတ္တာရပ်ခံ ခဲ့သည်။ လူတိုင်းအတွက် ထိုသို့ လုပ်ဆောင်ရန် မလွယ်လှပေ။ မျိုးနွယ်ဆက်များစွာ မဲပေးခွင့် မရဘဲ ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုး ခံစားခဲ့ရသူ သန်းပေါင်းများစွာ အပါအဝင် ဖြစ်သည်။

မင်ဒဲလားသည် ဟာနီထံတွင် သူကိုယ်တိုင် ငယ်ရွယ်သော ခေါင်းဆောင် ဘဝက ရှိခဲ့ဖူးသော ဒေါသနှင့် စိတ်မရှည်မှုတို့ရှိနေကြောင်း သိသည်။ သတိရှိခဲ့ သည်။ ဟာနီကို အဝေးတွင်ထားမည့်အစား အနီးကပ်ခေါ်ထားသည်။ ကျွန်ုပ်တို့ ဂျိုဟန်နက်စ်ဘတ်မြို့သို့ ရောက်နေခိုက် အစည်းအဝေးများ၊ ခရီးတိုထွက်ခြင်း များ၊ အထူးသဖြင့် အခမ်းအနားကြီးများလုပ်လျှင် ဟာနီကိုခေါ်ဖို့ ကိုယ်ရံတော် များသို့ စေခိုင်းတတ်သည်။ မင်ဒဲလားသည် ဟာနီကို သူ့အနီးကပ်လျက် ထိုင်ခိုင်း သည်။ ဟိုလိုမီဆာကို လုပ်ခဲ့သလိုပင် ဟာနီ၏လက်ကို ကိုင်ထားတတ်သည်။ ဟာနီကို စောင့်ကြည့်လိုသည့်သဘော ပါသည်။ နိုင်ငံရေး လုပ်ကွက်တစ်မျိုး သဘောမျိုးလည်း ပါရှိသည်။ ဟောလိဝုဒ်မှ အသက်ကြီးသွားသော ရုပ်ရှင် မင်းသားကြီး တစ်ဦးက သူ့ထက် အသက်များစွာငယ်ရွယ်သော ရုပ်ရှင် သရုပ်ဆောင်တစ်ဦးနှင့် ယှဉ်တွဲရိုက်ကူးခြင်းဖြင့် မိမိကိုယ်ကို မိမိ ပိုမိုထိုက်တန်သူ၊ ခေတ်ပြိုင် ဖြစ်သူဟု မြင်သိစေလိုမှုနှင့် ဘာမျှမခြားလှပေ။

တစ်ခါက မင်ဒဲလားသည် ဂျိုဟန်နက်စ်ဘတ်မြို့အပြင်တွင် မိန့်ခွန်းပြော နေစဉ် ဟာနီနှင့် အတူရှိနေခဲ့ကြောင်း အမှတ်ရမိသည်။ မင်ဒဲလားက တောင် အာဖရိကရှိ ထိပ်တန်းစက်မှုလုပ်ငန်းရှင်ကြီးများနှင့် သွားရောက်တွေ့ဆုံခဲ့ရပုံကို ပြောပြနေ၍ ထိုသို့ လုပ်ခွင့်ရခဲ့သည့်အတွက် သူ အတော်ပင် ဂုဏ်ယူနေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်နေသည်။ လုပ်ငန်းရှင်ကြီးများထံမှ အေအင်န်စီအတွက် ငွေကြေး တောင်းခံခဲ့သည်။ မင်ဒဲလားက သူ့ပရိသတ်ကို 'ငွေတစ်ပြားသားမှမရှိဘဲ အေအင်န်စီကို မထားရက်နိုင်ပါ'ဟု ပြောစမှတ်ပမာ ဖြစ်သွားခဲ့သည်။ ယင်းသို့ ပြောလိုက်ခြင်းဖြင့် မိမိတို့၏ တော်လှန်ရေးကို လူဖြူ စက်မှုလုပ်ငန်းရှင်ကြီးများက ကူညီရန် ကြိုးစားနေကြောင်း လူထုသို့ အသိပေးနိုင်မည်ဟု ယူဆသည်။ ပရိသတ်ကလည်း နိုင်ငံရေးအရ အကြပ်ကိုင်သည့်နည်းမျိုးဖြင့် စက်မှု လုပ်ငန်းရှင်များအပေါ် နသားပါရား လုပ်လိုက်နိုင်ပြီဟု ယူဆကြသည်။

ကျွန်ုပ်က ဤစကားသည် ရေရှည်မအောင်နိုင်ဟု ထင်မှတ်မိကြောင်း ဟာနီကို ပြောမိသည်။ ဟာနီက လက်ခံသည်။ သူကလည်း ဤအတိုင်း စဉ်းစားနေခဲ့သည်။ 'ခင်ဗျား မင်ဒဲလားကို ပြောပြပါလား'ဟု ကျွန်ုပ်က တိုက်တွန်းသည်။ ဟာနီက ပြုံးလိုက်သည်။ ကျွန်ုပ်ကို စေ့စေ့ကြည့်ပြီး 'ခင်ဗျားကိုယ်တိုင် ဘာဖြစ်လို့ မပြောတာလဲ'ဟု ပြန်မေးသည်။ မင်ဒဲလား စိတ်ခံတက်ကျစေမည့် စကားမျိုးကို ဟာနီ ပြောချင်ပုံ မပေါ်ချေ။ ဖခင်ကြီးကို ရင်ဆိုင်မပြောဝံ့သည့် သားနှင့် တူနေသည်။ အဆုံးတွင် ထိုအချက်ကြောင့် မင်ဒဲလား စိတ်ဆင်းရဲရသည်။ သူသည် သူ့ကို ရင်ဆိုင်ပြောဆိုတတ်သည့်သူများနှင့် နေရခြင်းအတွက် စိတ်ပို၍ သက်သာမိတတ်သည်။ မိမိတို့၏ ခံစားချက်များကို လျှို့ဝှက်ထားတတ်သူများနှင့် နေရခြင်းအတွက် စိတ်ဆင်းရဲမိတတ်သည်။

ဟာနီနှင့် ဟိုလိုမီဆာတို့ နှစ်ဦးတွင် ရှိနေသော တူညီသည့်အချက်မှာ အလွန်သစ္စာမရှိတတ်ခြင်း မဟုတ်ပေ။ သူတို့နှစ်ဦး 'ရင့်ကျက်မှုမရှိသေးခြင်း' တူသည်။ ဦးနှောက်နှင့် မစဉ်းစားဘဲ 'သွေး'အပေါ် အခြေပြုဆုံးဖြတ်တတ်မှုခြင်းလည်း တူသည်။ မင်ဒဲလားက ယင်းသို့ ရင့်ကျက်မှုမရှိခြင်းသည်ပင် လုံခြုံမှု မရှိသော လက္ခဏာအဖြစ် မြင်သည်။ သူ့အထင်အရ ဟာနီနှင့် ဟိုလိုမီဆာတို့ နှစ်ဦးသည် ယုံကြည်အားထားမှု မရှိတတ်ခြင်းကြောင့် ယင်းသို့ ခံစားနေရသည်။ သူတို့နှစ်ဦးသည် ကြိုမတွက်နိုင်သူ၊ အန္တရာယ်ပေးနိုင်သူ၊ ယုံကြည်အားထားရခက်သူဟု သတ်မှတ်ထားသည်။ မင်ဒဲလားအတွက် ထက်ထက်သန်သန် သစ္စာစောင့်သိမှု မရှိတတ်ခြင်း နောက်ပိုင်းတွင် ကြိုတင် မသိနိုင်လောက်အောင် သေချာရေရာမှု ပေါ်လာစေနိုင်သည်။ လူငယ်နှစ်ဦးသည် ထပ်တူညီနေသည်ဟု မဆိုလို။ တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းအားဖြင့် ထပ်နေသည်။ စိတ်လှုပ်ရှားတတ်သူသည် သစ္စာမစောင့်တတ်သူ၊ ဆုံးဖြတ်ချက်မှားတတ်သူဖြစ်လာဖို့ များသည်။ ထိုသို့သော ဘေးအန္တရာယ် မလုံခြုံမှု မျိုးကို ပြန်မြင်ရန် မလွယ်။ ကြိုတင် သတိထားဖို့သာ ရှိတော့သည်။

× × ×

မင်ဒဲလား အထင်မကြီးခဲ့သူ ပုဂ္ဂိုလ်နှစ်ဦးအကြောင်း ကြားဖူးသည်။ ထိုသူတို့အား မိမိ၏ဒေါသနှင့် နာကြည်းမှုကို ဖော်ထုတ်ပြသခဲ့သည်။ တစ်ဦးမှာ F.W.de Klerk ဖြစ်သည်။ အခြားတစ်ဦးမှာ ဇူးလူးခေါင်းဆောင် Mangosuthu Bethelezi ဖြစ်သည်။ ဒီကလပ်သည် မိတ်ဆွေဖြစ်လာနိုင်ဖွယ်ရှိသော ရန်သူစာရင်းသို့ ထည့်ထားချိန်တွင် ဘူသီလီဇီးသည် ရန်သူဖြစ်လာနိုင်သော အပေါ်ယံကြော ဟန်ဆောင် တစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသည်။ သူသည် မင်ဒဲလားအတွက် တောင်အာဖရိက ခေါင်းဆောင်မှုကို ယှဉ်ပြိုင်ရယူမည့်သူဖြစ်ကြောင်း ထင်ရှားသည်။ မိမိ၏ ရည်မှန်းချက် အောင်မြင်ရေးအတွက် တောင်အာဖရိကကို ပြည်တွင်းစစ်ထဲ ဆွဲသွင်းမည့်သူဟု မင်ဒဲလား မြင်ခဲ့သည်။

သူတစ်ပါး၏ကောင်းကွက်ကို ကြည့်တတ်ရမည်ဟု မင်ဒဲလား စိတ်ပိုင်းဖြတ်ထားသည်။ ဤကိစ္စတွင် ဘူသီလီဇီး မပါဝင်ပေ။ မင်ဒဲလားက တစ်ခါမျှ ချီးကျူးမှု မပြုခဲ့ချေ။ ဘူသီလီဇီးသည် စိတ်အပြောင်းအလဲ မြန်သည်။ ယုံကြည်အားထားနိုင်ဖွယ် မရှိသူပင်။ ဘူသီလီဇီးသည် တစ်ဦးနှင့်တစ်ဦး နားလည်မှုရရှိရေးအတွက် စေ့စပ်ဆွေးနွေးတတ်သည်။ လက်ဆွဲနှုတ်ဆက်တတ်သည်။ လစ်သည်နှင့် ပေးထားသော ကတိအားလုံး ဖျက်ပစ်တတ်သည်။

၁၉၉၁ ခုနှစ်တွင် ပါတီစုံ ကွန်ဖရင့် ကျင်းပသည်။ ဘူသီလီဇီးသည် ဇူးလူး ဘုရင်ကလေးနှင့် အခန်းတစ်နေရာတွင် အတူရှိနေသည်။ မင်ဒဲလားသည် အခန်းထဲမှ ဖြတ်လျှောက်သွားသည်။ ဇူးလူးဘုရင်ကလေးကို လက်ဆွဲနှုတ်ဆက်သည်။ မင်ဒဲလား ပြောပြချက်အရဆိုလျှင် ဘူသီလီဇီး တားမြစ်လိုက်၍ ဘုရင်ကလေး က လက်ဆွဲနှုတ်ဆက်မှု မပြုခဲ့ခြင်း ဖြစ်သည်။ ဘူသီလီဇီးဟာ နောင်တရ သွားဟန် တူတယ်။ မကြာခင်မှာပဲ ကိုယ်စားလှယ်တစ်ယောက် လွှတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားနှင့် သူ၏ပထမဇနီး

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားနှင့် နိုင်ငံရေးမိတ်ဆွေတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကလေးဟာ သာမန်လူတွေနဲ့ လက်ဆွဲ နှုတ်ဆက်မှု မပြုတတ်လို့ပါလို့ ပြောခိုင်းလိုက်တယ်။ နောက်ပိုင်းကျတော့ ဘုရင်ကလေးနဲ့ ဒီကလပ်တို့ လက်ဆွဲ နှုတ်ဆက်တာ တွေ့လိုက်ရတယ်။ 'သူ လက်ဆွဲနှုတ်မဆက်တာ သာမန်လူမည်း တွေပဲ ဖြစ်ပါလိမ့်မယ်'ဟု မင်ဒဲလားက ပြုံးလျက် ပြောခဲ့သည်။

မင်ဒဲလားသည် ဘူသီလီဇီးကို တစ်ချက်ကလေးမျှ ကြည့်မရခဲ့ပေ။ သို့ရာတွင် ပထမဆုံး အစိုးရဖွဲ့ရာတွင် ဘူသီလီဇီးကို ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ သည်။ မင်ဒဲလားက ဇူးလူးခေါင်းဆောင်သည် အန္တရာယ်ကြီးမားလှ၍ 'စောင့်ကြည့် ရန်' လိုအပ်သည်ဟု သဘောထားခဲ့ကြောင်း ကျွန်ုပ်အား ပြောပြခဲ့သည်။ ယင်းသို့လုပ်နိုင်ရန် မိမိ၏ အစိုးရအဖွဲ့ထဲ သွင်းလိုက်ခြင်းသည် အကောင်းဆုံးပင် ဖြစ်သည်။ မင်ဒဲလားသည် အမြဲတစေ သရုပ်ဆောင်ကောင်းသူတစ်ဦး မဟုတ်ချေ။ ဘူသီလီဇီးကို ဝန်ကြီးခန့်အပ်လိုက်ကြောင်း ကြေညာသည့် သတင်းစာရှင်းလင်း ပွဲတွင် မင်ဒဲလားက ဘူသီလီဇီးသည် နိုင်ငံရေးသုခမိန်ကြီး တကယ်ဖြစ်လေ သယောင် အမွှမ်းတင်ခဲ့သည်။

ပြိုင်ဘက်များ၏ တိုက်ခိုက်မည့်အရေးကို ကြိုတင် လက်ဦးမှု ရယူရာတွင် စိတ်ချရသည့် နည်းစနစ်မရှိကြောင်း မင်ဒဲလား နားလည်သည်။ သို့ရာတွင် ပြိုင်ဘက်တစ်ဦးအား မိမိ၏ အတောင်ပံအောက်သို့ မသွင်းလိုက်မီ လုပ်သင့် မလုပ်သင့် အနည်းဆုံး နှစ်ကြိမ်နှစ်ခါမျှ စဉ်းစားမိလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ဤနည်းဖြင့် ပြိုင်ဘက် ဘာလုပ်မလဲ ဆိုသည်ကို အနီးကပ် စောင့်ကြည့်နိုင်ပေ လိမ့်မည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

၁၀

## ခေါင်းခါတတ်ပါစေ

နယ်လ်ဆင်မင်ဒဲလားသည် ဟုတ်ချင်လည်း ဟုတ်မှာပဲဟူသော မရေမရာ မသေမချာ လူစားမျိုး မဟုတ်ပေ။ သူသည် နှုတ်ဆိတ်သူ ဖြစ်ချင်ဖြစ်မည်။ လှိုးလွဲပြောတတ်သူ ဖြစ်ချင် ဖြစ်မည်။ တစ်ခါတစ်ရံတွင် အချိန်ဆွဲနေလိမ့်မည်။ ရွှေ့ဆိုင်းနေလိမ့်မည်။ မတွေ့လို၍ ရှောင်ချင်ရှောင်နေလိမ့်မည်။ သို့ရာတွင် အဆုံးတွင်မူ မိမိက ကြားချင်ရုံ သက်သက်ကြောင့် သူ့ထံမှ ကြားချင်သည့်အချက်ကို သူ့အနေဖြင့် ပြောလိမ့်မည် မဟုတ်ချေ။

တစ်ဦးတစ်ယောက်အား နှစ်သက်သဘောကျသွားအောင် လုပ်ရမည်ဟူသော သဘာဝကျော်လွန် ပင်ကိုအသိစိတ် သူ့တွင် ရှိနေပါသည်။ သူတစ်ပါးကို စိတ်ပျက်သွားအောင် လုပ်ဖို့လည်း ဝန်လေးတတ်ပါသည်။ သို့ရာတွင် မင်ဒဲလားသည် တစ်စုံတစ်ခုကို လုပ်ပေးရန် ခေါင်းခါငြင်းဆန်မှုပြုရာတွင် ကျွမ်းကျင်လှသည်။ 'ဒီကိစ္စအကြောင်း စဉ်းစားကြသေးတာပေါ့' ဟူ၍ ပြောလွှတ်တတ်သည့်အခါမျိုး ရှိတတ်သည်။ သို့ရာတွင် နိုးဟု တစ်ခါတည်း ပြောရမည့်ကိစ္စမျိုး ဖြစ်နေလျှင် လုပ်မပေးနိုင်ဘူးဟု ခပ်ပြတ်ပြတ် ပြောတတ်သည်။ ယင်းသို့ပြောနိုင်ရန် လွယ်လှသည် မဟုတ်ပေ။ No ဟူသော စကားလေးတစ်လုံးကပင် အဓိပ္ပာယ်အပြည့်အစုံ ပါရှိပြီး ဝါကျတစ်ကြောင်းဖြစ်သည်ကို မိမိတို့ မေ့လျော့နေကြသည်။

မင်ဒဲလားသည် ထိုသို့ပြောရန် မနှစ်သက်ပေ။ ထိုသို့ငြင်းပယ်ရန် စကားတစ်လုံးကို ယဉ်ယဉ်ကျေးကျေးပြောထွက်ဖို့ သူ အလွန်ကြိုးစားရတတ်သည်။ ယခုချက်ချင်း No ဟု မပြောမိလိုက်ပါက နောင်တွင် ပြောရန်ပိုခက်တတ်ကြောင်း သူ နားလည်ထားသည်။ တစ်ဦးတစ်ယောက်အား စောစောစီးစီးအချိန်ကပင် စိတ်ပျက်သွား

www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်လိုက်လျှင် ပိုကောင်းသည်။ နိုးဟူသော စကားလုံးသဘောကို စကားလုံးလှလှကလေးဖြင့် ဖုံးကွယ်မထားတတ်ပေ။ သူတစ်ပါးကို နေ့ရွှေ့ညရွှေ့ မလုပ်တတ်ပေ။ နိုးဟု ပြောလိုက်လျှင် အားလုံး ပြီးသွားပြီ။ ယတိပြတ် ပြောပြီးပြီဟု ဆိုရာရောက်သည်။ သူသည် ရနိုင်ဦးမည်ဟူ၍ တစ်ဦးတစ်ယောက် မျှော်ကိုးမိမှားသွားအောင် မပြုတတ်ပေ။ လုပ်ပေးချင် လုပ်ပေးဦးမှာပါဟု မျှော်လင့်ချက်တစ်ဝက်ဖြင့် ထင်ယောင်ထင်မှား ဖြစ်သွားစေမည့် စကားမျိုးကိုလည်း မပြောတတ်ပေ။

မင်ဒဲလားနှင့် Walter Sisulu တို့ အတူရိုက်ထားသည့် ဓာတ်ပုံတစ်ပုံ လူသိများသည်။ ရော့ဘန်းကျွန်း အကျဉ်းစခန်းအတွင်း ရိုက်ခဲ့သည်။ မင်ဒဲလားက ခေါင်းငုံ့ထားသည်။ ဝေါလ်တာကိုလည်း မကြည့်ပေ။ သူ့လက်ညှိုးကမူ တစ်စုံတစ်ခုကို သူ ငြင်းဆန်နေသည့် သဘောဖြစ်သည်။ ယင်းသို့ ပြောဆိုရှင်းပြချိန်တွင် သူ့အကြည့်ကို တစ်ခဏမျှ လွှဲထားတတ်သည်။ ပြီးမှ မျက်လုံးတည့်တည့် စိုက်ကြည့်ပြီး 'ဆောရီးပဲဗျာ၊ အဖြေကတော့ နိုးပဲ' ဟု ပြောတတ်သည်။

သူ၏ နိုင်ငံရေးဘဝတစ်လျှောက်လုံးတွင် သူသည် ကြီးမား၍ ပြတ်သားတိကျသော နိုးများစွာကို ပြောဆိုလာခဲ့ရသည်။ လူငယ်ဘဝက အေအင်န်စီ လူငယ်အဖွဲ့ချုပ်ထဲသို့ ကွန်မြူနစ်များ ဝင်ခွင့်မပေးရန် တားမြစ်ခဲ့သည်။ Rivonia Trial အမှုစစ်ဆေးချိန်က မိမိ၏တော်လှန်သော လုပ်ရပ်များကို ဖုံးကွယ်နိုင်ရန် နိုးဟု ပြောခဲ့ရသည်။ တောင်အာဖရိက သမ္မတ de Klerk အစိုးရအဖွဲ့အတွင်း လူဖြူများ တန်ခိုးအာဏာ ဆက်လက်လွှမ်းမိုးရေးကို ကြိုးစားလိမ့်မည်ဟု ထင်မှတ်မိချိန်တွင် အကြီးအကျယ် နိုးဟု ကန့်ကွက်ခဲ့သည်။ ဆိုခဲ့သမျှ ကိစ္စအားလုံးတွင် No သည် ဆက်စပ်လွှမ်းခြုံနေသော အခြေခံ သဘောတရားကို ကိုယ်စားပြုခဲ့သည်။ ထိုကိစ္စများမှအပ အခြားကိစ္စ အားလုံးနီးပါးမှာ Yes ဟု ပြောနိုင်လိမ့်မည်။ စေ့စပ်ညှိနှိုင်းနိုင်လိမ့်မည်။ သူ့ကိုယ်သူ ပြောင်းပြန်လှန်ပစ်ရန် ဖြစ်နိုင်ခြေရှိကြောင်း သူသိထားသည်။

ကျွန်ုပ်ကိုယ်တိုင်လည်း မင်ဒဲလား၏ နိုးကို မကြာ မကြာ ရယူခဲ့ရသည်။ အစည်းအဝေး အတူလိုက်ပါခွင့်ပြုရန်၊ ခရီးတိုကလေးအတူထွက်ရန်၊ ညစာစားပွဲသို့ လိုက်ခွင့်ရရန် ကြိုးစားတိုင်း မင်ဒဲလား၏ နိုးများနှင့် ကြုံရတတ်သည်။ ကျွန်ုပ်က

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမလား၊ မလိုက်ရဘူးလားဟု တိုက်ရိုက် မေးခဲ့သည်။ 'လိုက်ခဲ့လေ' ဟု လွယ်လွယ်ကလေး ရက်စ်လုပ်လိုက်သည့် အကြိမ်များလည်း ရှိဖူးသည်။ နိုးဟူ၍ ဖြေတတ်သည့်အခါမျိုးတွင် ဝေဝေဝါးဝါး ရှိမနေတတ်ပေ။ 'ခင်ဗျားနဲ့ ပြန်ဆွေးနွေးပါဦးမယ်' သို့မဟုတ် 'တစ်ယောက်ယောက်ကို မေးကြည့်ဦးမယ်' ဟူ၍ မည်သည့်အခါမျှ မပြောခဲ့ချေ။ 'ဒီမှာ ရစ်ချတ်၊ ဒါဟာ သိပ်ကောင်းတဲ့အကြံ မဟုတ်သေးဘူးဗျ' သို့မဟုတ် 'ဆောရီးပဲ' 'မဖြစ်နိုင်ပါဘူး'ဟူ၍ စကားကို ရှင်းရှင်းလင်းလင်း လျှင်လျှင်မြန်မြန် ပြောတတ်သည်။ 'နိုး'ဟု ပြောလိုက်သမျှတွင် ဟန်ဆောင်ကရုဏာထားမှုမျိုး အကြောင်းပြမှုမျိုး မပါရှိတတ်ချေ။ 'ဒါပေါ့၊ ဒီလူ့ကိစ္စအတွက် မဟုတ်ဘူးဆိုရင်တော့ ကျုပ်က လုပ်ပေးဖို့ အသင့်ပဲ' သို့မဟုတ် 'သာမန်အားဖြင့် ပြောရရင်တော့ ဒီကိစ္စကို ခင်ဗျား လုပ်စေချင်တယ်၊ ဒါပေမယ့်' ဟူ၍လည်း ပြောလေ့ပြောထ မရှိခဲ့ချေ။ အကြောင်းပြချက်တစ်ခုခုပေးလိုက်လျှင် တစ်စုံတစ်ယောက်ဘက်က စောဒကတက်ခွင့် ပေးလိုက်ရာ ရောက်သွားတတ်သည်။ မင်ဒဲလား၏ ရှည်လျားလှသော အတွေ့အကြုံအရ လူများသည် ဒွိဟဖြစ်စေသော အယူအဆထက် တိကျခိုင်မာသော အယူအဆဖြင့် ပြဿနာတစ်ရပ်ကို ပိုမို၍ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိကြောင်း သူ နားလည်သည်။

တစ်ချိန်တည်းမှာပင် နိုးဟု ပြောရန်မရှိလျှင်လည်း နိုးဟု မပြောတတ်ပေ။ သူက သူ၏ နိုးများနှင့် ပတ်သက်၍ မဟာဗျူဟာ နိုင်နင်းသည်။ နိုးဟုပြောရန် မလိုအပ်ချိန်တွင် ဘာကြောင့် နိုးဟုပြောရန် အချိန်ဖြုန်းပါမည်နည်း။ ငြင်းပယ်ရာတွင် ဘာကြောင့် တဲ့တိုး မပြောရပါမည်နည်း။ တစ်ကြိမ်တွင် မင်ဒဲလားသည် ခရီးတိုတစ်ခုထွက်ရာမှ ပြန်လာသည်။ Montreux တောင်တန်းများ အရပ်မှ ပြန်လာခါစ ဖြစ်သည်။ 'အတော့်ကို အကျိုးရှိတဲ့ ခရီးပဲ'ဟု ကျွန်ုပ်အား ပြောပြသည်။ ကျွန်ုပ်က တောင်ကြီးတွေကို သဘောကျခဲ့တယ် ဆိုပါတော့ဟု မေးကြည့်သည်။ သူက တစ်အောင့်မျှ ငြိမ်နေသည်။

'ကျုပ် မမုန်းခဲ့ပါဘူး'ဟု သူက ဖြေသည်။

ထိုအဖြေမှာ မင်ဒဲလားစတိုင်လ် အဖြေပေးနည်းပင် ဖြစ်သည်။ တောင်တန်းကြီးတွေကို သဘောမကျခဲ့ပါဟု ပြောလိုက်ရုံဖြင့် သူ့အတွက် ဘာများ အမြတ်ရစရာ ရှိနိုင်ပါမည်နည်း။ ဘာကြောင့် ဤသို့ ပြောပါသနည်း။ မဲဆန္ဒရှင်အချို့က

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးများကို သဘောကျနေသည်။ သို့ဖြစ်လျှင် ဘာကြောင့် တောင်များကို သဘောမကျပါဟု ပြောပြီး မလိုအပ်ဘဲ မဲဆန္ဒရှင်ဦးရေ အလျှော့ခံချင်ရပါ သနည်း။ ထို့ကြောင့် မင်းဒဲလားသည် လိုက်လိုက်လှဲလှဲ အားပေးမည့် အစုအဖွဲ့ မျိုးကို ရွေးချယ်မထားခဲ့ပေ။ ယင်းသို့ ထားရှိခဲ့လျှင် အခြားတစ်ဖက်သို့ ယိမ်းယိုင် ပါရှိသွားစေလိမ့်မည်။ အကယ်၍ တိုက်ရိုက်မေးခွန်းတစ်ခုလည်း မဟုတ်၊ ဖြေရန် လည်း မလိုအပ်ခဲ့လျှင် မင်းဒဲလားသည် ဖြေကြားလေ့ မရှိခဲ့ပေ။

ယေဘုယျအားဖြင့် နိုးဟုပြောရန် မရှိခဲ့လျှင် စိတ်သက်သာရာရသည်။ ကျွန်ုပ်တို့နှစ်ဦးသည် သူ၏ ဘဝမှတ်တမ်းပြုစုရန် အင်တာဗျူးလုပ်ငန်း ဆုံးခန်း တိုင်တော့မည် ဖြစ်သည်။ ထိုအချိန်မှာပင် လုပ်ဖော်ကိုင်ဖက်များနှင့် အေအင်န်စီ ခေါင်းဆောင်ပိုင်း၏ ဖိအားပေးလာမှုများနှင့် ကြုံနေရသည်။ သူတို့က အာရုံများ မထွေပြားဘဲ အချိန်ပြည့် စည်းရုံးလှုံ့ဆော်ရန်၊ စေ့စပ်ဆွေးနွေးရန် ဖိအားပေးနေ ကြသည်။ မင်းဒဲလားက စာအုပ်ကို အမြန်ဆုံး အပြီးသတ်ရန် လိုအပ်လာပြီ ဖြစ်ကြောင်း ကျွန်ုပ်အား ပြောသည်။ အဆုံးသတ်ခါနီးတွင် စာအုပ်အတွက် နှစ်ကြိမ် တွေ့ဆုံကြသည်။ တစ်နေ့လျှင် နံနက်စောစောတစ်ကြိမ်နှင့် မွန်းလွဲပိုင်းတစ်ကြိမ် ဖြစ်သည်။

တစ်နေ့တွင် ကျွန်ုပ်က သူ့အား အရေးတကြီး ပြောစရာတစ်ခုရှိကြောင်း ပြောလိုက်သည်။ သူ အလစ်မိသွားသည်။ မျက်နှာထား တည်သွားသည်။ Houghton ရှိ သူ၏နေအိမ် နေရောင်လင်းလင်း ဧည့်ခန်းရှိ လက်တန်းပါ ဆင်တူ ကုလားထိုင်များတွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ ကျွန်ုပ်က စတင်ပြောလိုက် ချိန်တွင် သူ့မျက်နှာတွင် ဆွေးနွေးညှိနှိုင်းတော့မည့် အရိပ်အယောင် ပြန်ပေါ် လာသည်။ အေးဆေးတည်ငြိမ် သွားသည်။ ကြွေ ကြီးသွားသည်။ မျက်နှာရိပ် မျက်နှာကဲကို အဓိပ္ပာယ်ရှာရန်ပင် အလွန်ခက်သွားသည်။ ကျွန်ုပ်တို့နှစ်ဦးသည် တောင်ထိပ်သို့ရောက်ခါနီး တောင်တက်သမားကြီးနှစ်ဦးနှင့် တူနေကြောင်း ကျွန်ုပ်က ပြောလိုက်သည်။ ထိပ်သို့ရောက်ရန် အတော်ပင် ဝေးသေးသည်ဟု ထင်မှတ်ရကြောင်း၊ သို့ရာတွင် နောက်သို့လှည့်ကြည့်လိုက်သောအခါ ကျွန်ုပ်တို့ နှစ်ဦး ဖြတ်ကျော်လာခဲ့ရသည့် ကျယ်ပြောလှသော အကွာအဝေးကြီးကို တွေ့ရ မည်ဖြစ်ကြောင်း၊ ထိပ်ဖျားသို့ရောက်ရန် အမှန်တကယ် အတော်ပင်နီးကပ်

www.burmeseclassic.com

www.burmeseclassic.com



နေပြီဟု သိနိုင်ကြောင်း ကျွန်ုပ်က ပြောခဲ့သည်။ မင်ဒဲလားက ခေါင်းညိတ်ပြသည်။ မျက်နှာပေါ်မှ ခံစားမှုကိုမူ ဖမ်းမမိနိုင်ချေ။ 'ဒီတော့ ကျွန်တော် တင်ပြချင်တာက နောက်ထပ် အင်တာဗျူး ဆယ်နာရီလောက် ထပ်လုပ်ရအောင်၊ ခင်ဗျား ထောင်က လွတ်လာပြီးနောက် ဘယ်လို နေခဲ့ထိုင်ခဲ့ရတယ်ဆိုတာ သိနိုင်မယ့် နောက်ဆုံး အင်တာဗျူး ငါးကြိမ်ဆိုပါတော့'ဟု ကျွန်ုပ်က ပြောလိုက်သည်။

ကျွန်ုပ် စကားဖြတ်လိုက်ချိန်မှာပင် အသက်ပြင်းပြင်း ရှူထုတ်လိုက်သည်။ တစ်အောင့်မျှ ငြိမ်သက်နေသည်။ နောက်မှ 'ကောင်းသားပဲဗျ'ဟု သူက ခပ်ပေါ့ပေါ့ ပြန်ပြောသည်။ သူ စိတ်သက်သာရာရသွားပုံပေါ်သည်။ ကျွန်ုပ်လည်း ထို့အတူပင်။

ရက်သတ္တ တစ်ပတ်မျှအကြာတွင် ကျွန်ုပ်က အချိန်ပို နှစ်နာရီမျှရရှိရန် ကြိုးစားရင်း အငြင်းပွားရသည်။ မင်ဒဲလားက ကျွန်ုပ်အား လက်ညှိုးတငေါက်ငေါက် ထိုးရင်း 'နိုး' ဟု အဖြေပေးခဲ့သည်။

သူ့ဘဝတစ်လျှောက်လုံးတွင် မင်ဒဲလားသည် ဘယ်အခါ လုပ်ဆောင်ရမည်၊ ဘယ်အခါ မလုပ်ဘဲနေရမည်၊ ဘယ်အခါ ရှေ့သို့တက်ရမည်၊ ဘယ်အခါ ရပ်တည် ရာကို စွန့်ခွာရမည် စသည့် ကိစ္စများအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ရသည်။ ထောင်ထဲတွင် နှစ်ပေါင်းများစွာ နေခဲ့ရ၍ အကြောင်းကိစ္စများ ဆောင်ရွက်နိုင် စေမည့် ကန့်သတ်စွမ်းရည်တစ်ရပ် ရရှိခဲ့သည်။ ထို့ကြောင့် အခြေအနေများစွာ သည် သူ့အလိုအလျောက် ဖြေရှင်း ပြီးမြောက်သွားတတ်ကြောင်း သူ သိသည်။ ဒါဟာ အရေးကြီးတဲ့ ကိစ္စပဲ၊ ကောင်းသွားမှာပါ၊ ပူစရာမလိုတော့ဘူးဟု ဆုံးဖြတ်လိုက် လျှင် ထိုသို့ အချိန်ဆွဲနိုင်မှုမှ အကျိုးဖြစ်ပေါ်လာစေနိုင်သော ဆုံးဖြတ်ချက် အချို့ လည်း ရှိတတ်ပါသည်။ သို့ရာတွင် အဆင်မပြေနိုင်၍ နိုးဟု ပြောလိုက်ရန် အချိန်ဆွဲ လိုက်ပါက ရှောင်ရှားလိုက်ပါက ဒုက္ခ ရောက်သွားနိုင်သည်။ ချက်ချင်းလက်ငင်း နိုးဟု တစ်ခါတည်း တိတိလင်းလင်း ပြောလိုက်ခြင်းသည် အကောင်းဆုံး ဖြစ် သည်။ ဤနည်းဖြင့် ရေရှည်တွင် ပေါ်လာနိုင်သော ဒုက္ခ အန္တရာယ် တစ်ပုံတစ်ပင် ကြီးကို ရှောင်တိမ်းနိုင်ပေလိမ့်မည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

၁၁

## ကာလများမည့် ဂိမ်းပွဲတစ်ပွဲ

နှစ်ဆယ့်ခုနစ်နှစ်လုံးလုံး ထောင်ထဲရောက်နေရ၍ ပညာအများကြီး တတ်မြောက်လိုက်သည်။ ပညာတစ်ရပ်မှာ ဂိမ်းပွဲကြီးတစ်ပွဲ အချိန်ကြာမြင့်စွာ ကစားတတ်ခြင်းဖြစ်သည်။ လူငယ်ဘဝမို့ မင်းဒဲလား စိတ်မရှည်မိ။ မနေ့ကပင် အပြောင်းအလဲကြီးတစ်ခု ဖြစ်သွားစေချင်ခဲ့သည်။ အကျဉ်းထောင်က ဖြည်းဖြည်းပေါ့ဟု သင်ပေးလိုက်သည်။ အလောတကြီး မလုပ်လေနှင့်။ မကြာမကြာ မှားသွားတတ်တယ်။ ခန့်မှန်းထားချက်တွေ လွဲချော်သွားတတ်တယ်ဟု သူ၏ အသိတရားကို အားဖြည့်ပေးခဲ့သည်။ အဆုံးစွန်ပြောရလျှင် သူသည် ဝမ်းမြောက်ဝမ်းသာ အားရကျေနပ်မိမှုကိုပင် ရှေ့ဆိုင်းတတ်သွားသည်။ သူ့ဘဝတွင် ဤနည်းဤပုံအတိုင်း ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားစေခဲ့သည်။

မိမိတို့ အများစုသည် ဆန့်ကျင်ဘက် လုပ်တတ်ကြသည်။ မိမိတို့၏ လေ့ကျင့်ပျိုးထောင် ရယူထားမှုက မြန်ဆန်မှုကို အလေးထားတတ်သည်။ စိတ်မရှည်မှုကို အားသာချက်တစ်ရပ်အဖြစ် ယူဆထားကြသည်။ ရုတ်တရက် ချက်ချင်း ဝမ်းသာအားရ ကျေနပ်သွားမိမှုနှင့် မိမိတို့ကိုယ်ကို မိမိတို့၏ ခံစားရခြင်းကို ပေါ်လွင်သိသာစေမှုတို့ ရောထွေး မှတ်ယူမိနေကြသည်။ အခွင့်အလမ်းပေါ်လာသည်နှင့် တစ်ပြိုင်နက် ဖမ်းဆုပ်ရယူလိုက်ရန် ကြိုးစားမိတတ်သည်။ ကြားသိလိုက်ရသမျှကို စဉ်းစားဉာဏ်မသုံးတော့ဘဲ တုံ့ပြန်ရယူရန် ကြိုးစားမိတတ်သည်။ မင်းဒဲလားက အလောသုံးဆယ်ပေါ်လာသည့် အာရုံလွဲမှား အင်အားတစ်ရပ်ကြောင့် မိမိတို့ဘက်မှ အဆင်သင့်မဖြစ်မီ ရုတ်တရက် ဆုံးဖြတ်ချက် မချမိပါစေနှင့် ပြောတတ်သည်။ မျှော်ပန်းလှန်မကြည့်လျှင် ပေါ်လာသည့် အခွင့်အလမ်းနှင့် လွဲချော်တတ်သည့် အခါများ ရှိတတ်သည်။ သို့ရာတွင် အလုပ်တစ်ခုကို ဂိမ်းပွဲကြာကြာကစားသလို

www.burmeseclassic.com

www.burmeseclassic.com



မနှေးမမြန် လုပ်ကြည့်လိုက်လျှင် အခြေအနေမှန်သွားတတ်သည့် အချိန်များလည်း ရှိသည်။ ဆုံးဖြတ်ချက် မှန်ကန်စွာချနိုင်ရန် ဖြည်းဖြည်းဆေးဆေး ချင့်ချင့်ချိန်ချိန် လုပ်လျှင် ပိုကောင်းသည်။

မင်ဒဲလား အမြင်အရ သမိုင်းသည် နေ့ချင်းညချင်း ဖြစ်ပေါ်မလာတတ်ချေ။ မည်သူတစ်ဦးတစ်ယောက်ကမျှလည်း ကြိုက်သလို ပြောင်းလဲ၍မရဟု ယူဆထားသည်။ လူမျိုးခွဲခြားဆက်ဆံရေးဝါဒ (racism) နှင့် ဖိနှိပ်ချုပ်ချယ်ရေးဝါဒ (repression) တို့ ရှင်သန်ပေါက်ဖွားလာခဲ့သည်မှာ နှစ်ပေါင်းထောင်ချီခဲ့ပြီ။ နယ်ချဲ့ ကိုလိုနီဝါဒသည် ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ လူမျိုးရေး ခွဲခြားမှုဝါဒ (apartheid) ပေါ်လာသည်မှာ ဆယ်စုနှစ်များစွာ ရှိခဲ့ပြီ။ အဆိုပါ ဝါဒဆိုးများကို ရက်ပိုင်း လပိုင်းအတွင်း ပယ်ဖျက်ပစ်လိုက်နိုင်ဖွယ် မရှိ။ နှစ်များစွာကြာသည် အထိလည်း ပျောက်ကွယ်သွားကြဦးမည် မဟုတ်ပေ။ ထောင်နန်းစံလိုက်ရသည့် ပုဂ္ဂိုလ်ကြီးမှာ စိတ်ကူးမိသော အနာဂတ်အရေးအတွက် စိတ်မငြိမ်မသက် ခံစားမိသည်။ သူ့သဘောအရ အေအင်န်စီကို ဦးဆောင်နေသူ ပုဂ္ဂိုလ်ကြီးများသည် မည်သည့်အရာကိုမျှ လျင်လျင်မြန်မြန် လုပ်နိုင်ပုံမရ။ ရေးကြီးခွင့်ကျယ် လုပ်နိုင်ပုံ မရဟု ထင်မိသည်။ သူတို့အတွက် အကာအကွယ်ပေးစရာ များစွာရှိနေသည်။ မူလရှိရင်းစွဲအနေအထား ပျက်မသွားဖို့ အရေးကြီးသည်။ မင်ဒဲလားသည် ထောင်ထဲတွင် ထိုသို့သော ပုဂ္ဂိုလ်ကြီးများအနက် တစ်ဦးဖြစ်ခဲ့ရသည်။ အရာရာကို သတိ ထား၍ လုပ်ကိုင်ခြင်းသည် မိမိသည် တော်လှန်ပြောင်းလဲလိုသူမဟုတ်ဟု ဆိုရာ မရောက်ကြောင်း၊ သတ္တိမရှိသူဟု ဆိုရာမရောက်ကြောင်း သဘောပေါက်ခဲ့သည်။ တော်လှန်ပြောင်းလဲခြင်း၊ သတ္တိရှိခြင်းတို့သည် တစ်ဦးတစ်ယောက်ဆုံးဖြတ်ချက်၏ အလျင် (velocity) မဟုတ်ဘဲ မိမိ၏ ယင်းသို့ဆုံးဖြတ်နိုင်ရန် ဦးတည်ချက်သာ ဖြစ်သည်။ လျင်မြန်သော အဟုန် (rapidity) သည် လူတစ်ဦးတစ်ယောက်အား ရဲဝံ့မှုဖြင့် မပြည့်စုံစေတတ်ပေ။ အမှန်အားဖြင့် ရေရှည်အကျိုးကို မျှော်ကိုးတတ် ခြင်းသည် ရံဖန်ရံခါတွင် နှစ်လရှည်ကြာစွာ ရင်ဝယ်ပိုက်လာသော သို့မဟုတ် အလေးအနက် စွဲကိုင်လာခဲ့သော အတွေးအခေါ် အယူအဆများကိုပြောင်းလဲရန် လိုလားစေနိုင်သည်။

ရော့ဘန်းကျွန်းတွင် ရောက်နေရချိန်တွင် အကျဉ်းသားလူငယ်သည် လုပ်ပုံကိုင်ပုံ နှေးကွေးလွန်းသည်။ အာဏာပိုင်များကို ဆန့်ကျင်မှုပြုရာတွင် အားများစွာမပါဟု

www.burmeseclassic.com

www.burmeseclassic.com



အားမလိုအားမရ ဖြစ်မိတတ်သည်။ သူက သူ့လူများကို ပြဿနာတစ်ခုကို ဇွတ်အတင်း မဖြေရှင်းရန်၊ ရေရှည်ပေါ်လစီတစ်ခုနှင့် ပတ်သက်၍ စိတ်ရှည်ရှည် ထားရန် ပြောလိုက်တိုင်း 'ဒီလိုဆိုရင် အခု ဘာလုပ်ရမှာလဲ' ပြန်မေးခံရတတ်သည်။

မင်ဒဲလားက 'မင်းတို့ပြောတာတွေ ရက်အနည်းငယ်၊ ရက်သတ္တပတ်အနည်းငယ်၊ နှစ်အနည်းငယ် အထိတော့ မှန်ချင်မှန်နေမှာပဲ၊ ဒါပေမယ့် ရေရှည်ကျတော့ ရေရှည်ကြည့်တတ်တဲ့အတွက် ပိုပြီး တန်ဖိုးရှိတာကို ရယူ ခံစားနိုင်လိမ့်မယ်'ဟု ပြန်ပြောတတ်သည်။

**ရေရှည်ကြည့်ပါ။** ဤစကားစုကို မင်ဒဲလား မကြာ မကြာသုံးတတ်သည်။ ထိုအကွာအဝေးသည် သူ့စိတ် အကျိုးရှိရှိ လုပ်ကိုင်နိုင်မည်ဟု ယူဆထားသော ကာလ အကွာအဝေး ဖြစ်သည်။ သွက်သွက်လက်လက်လည်း မလုပ်တတ်။ ဖြစ်ကတတ်ဆန်းလည်း မလုပ်တတ်။ သူက မိမိ၏ စိတ်ကူးအကြံဉာဏ်များကို အသာကလေး နှပ်ထားချင်သည်။ လူတိုင်းတွင် ပင်ကို သဘာဝအတိုင်း အကွာအဝေး ကိုယ်စီ သတ်မှတ်ထားတတ်သည် ဆိုပါစို့။ တာတို၊ တာလတ်၊ တာဝေး တစ်ခုခုဖြစ်မည်။ မင်ဒဲလားက တာဝေးပြေးသမားတစ်ဦး ဖြစ်သည်။ တာဝေး စဉ်းစားတွေးခေါ်တတ်သူ ဖြစ်သည်။ အကျဉ်းထောင်သည် သူ့အတွက် မာရသွန် ပြိုင်ပွဲကြီးပင်။

ကျွန်ုပ်တို့သည် ကိစ္စတစ်ခုခုအကြောင်း၊ ပြဿနာတစ်ရပ်ရပ်အကြောင်း ပြောဆိုမိကြလျှင် တစ်ခါတစ်ရံတွင် မင်ဒဲလားက 'ရေရှည်ကျရင် ပိုကောင်းသွားမှာပါ'ဟု ပြောတတ်သည်။ မှန်ပါသည်။ သူသည် အကောင်းမြင်ဝါဒီတစ်ဦး ဖြစ်သည်။ သို့ရာတွင် အလွန်ပင် လက်တွေ့ဆန်သည်။ သတိတရားရှေ့ထား၍လည်း လုပ်တတ်ကိုင်တတ်သည်။ စိတ်ကူးယဉ်သမားလည်း မဟုတ်။ မျှော်လင့်ချက် မရှိဘဲ ဆက်လက်မျှော်လင့်နေတတ်သူလည်း မဟုတ်။ ကံဆိုးလှသော နှစ်ကာလများ တစ်လျှောက် ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်များအပေါ် အယုံအကြည်ကင်းခဲ့သည်။ ဂမ္ဘီရ ဆန်ဆန် ထူးထူးခြားခြား ဖြစ်ရပ်များ ပေါ်လာခဲ့မည်ဆိုလျှင်လည်း နတ်သိကြားတို့၏ လက်ရာ မဟုတ်၊ လူသားတို့ ဖန်ဆင်းသောအရာသာ ဖြစ်လိမ့်မည်။ ကိုယ်တိုင် ကြိုးကြိုးစားစား လုပ်ကိုင်မှ မိမိရည်မှန်းရာဘက်သို့ အရာရာကို တွန်းပို့ပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းမည့် အချိန်ကာလကို အားကိုးယုံကြည်နေ၍မရ။ နတ်သိကြားများ လာရောက် ကယ်ဆယ်မှုဟူသည်က ပို၍ ဝေးလေစွ။

သမ္မတဖြစ်လာသောအခါ မင်ဒဲလားသည် မိမိ၏ ဆက်စပ်လွှမ်းခြုံနေသော ပန်းတိုင်မှာ နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ပေးရေး ဖြစ်သည်။ ချက်ချင်း လက်ငင်းနှင့် အရေးတကြီး ပြဿနာများကို ဆောင်ရွက်မပေးတတ်ဟု မဆိုလိုပေ။ လတ်တလောကိစ္စကို အပူတပြင်းဖြေရှင်းလုပ်ကိုင်မပေးခဲ့လျှင် ရေရှည်ပြဿနာများကို ဖြေရှင်းပေးနိုင်ဖွယ်မရှိကြောင်း နားလည်ထားသည်။ အဓိကအားဖြင့်မူ ပိုမို၍ဝေးကွာသော ရည်မှန်းချက်ကို မျက်ခြည်ပြတ် မခံတတ်ပေ။ မိမိ၏ ရေတို ရည်မှန်းချက်ကော ရေရှည်ရည်မှန်းချက်ပါ နှစ်ခုစလုံး ဦးတည်ချက် တစ်နေရာ တည်းသို့ ရောက်စေရမည်ဟု ဆုံးဖြတ်ထားသည်။ မင်ဒဲလားက စိတ်ထဲတွင် 'နောက်ဆုံး ရည်မှန်းဖြစ်ပေါ်လာသမျှ' အပေါ် အာရုံပြုထားပါဟု မကြာ မကြာ ပြောတတ်သည်။ သူကိုယ်တိုင်လည်း ထိုနည်းအတိုင်း ထားရှိတတ်သည်ဟု ဆိုနိုင် သည်။ အမှန်အားဖြင့် ရေရှည် ရည်မှန်းချက်များသို့ ချီတက်ရာတွင် အရှိန် နှေးသွားစေမှုမှာ ရေတိုပြဿနာများက လှုံ့ဆွ ပေးလာတတ်မှုများ ဖြစ်သည်။ ရံဖန်ရံခါတွင် အဆိုပါ ရေတိုပြဿနာများကို ရေတိုအတွက်သာ တွေးတတ်သူများက ဖန်တီးပေးတတ်သည်။ ထိုသူတို့မှာ ပေါ်ပင်ကိစ္စများနောက်သို့ လမ်းမှားလိုက်မိ ကြသည်။ မင်ဒဲလားက မိုးကုပ်စက်ဝိုင်းအထိ မျှော်ကြည့်တတ်သည်။

ထောင်မှ ထွက်လာရချိန်တွင် နည်းအတတ်ပညာများ အတော်ပင် တိုးတက် နေကြောင်း တွေ့ရသည်။ သူ ထောင်ထဲ ဝင်သွားရချိန်က တောင်အာဖရိကသို့ ရုပ်သံ မရောက်သေးချေ။ ၂၄ နာရီ ကြေးနန်းစနစ် ပေါ်လာဖို့ ပိုဝေးနေခဲ့သေး သည်။ ပထမအကြိမ် စာနယ်ဇင်းရှင်းလင်းပွဲတွင် သတင်း ကင်မရာသမားများက ရှည်ရှည်မျောမျော ရှုပ်ရှုပ်ထွေထွေ ကိရိယာများထုတ်လိုက်ကြသောအခါ မင်ဒဲလား က လက်နက်ဆန်းများလားဟူသော အတွေးဖြင့် ခေါင်းငုံ့လိုက်မိခဲ့သည်။ လေယာဉ် ပေါ်တွင် ဖုန်းပြောနိုင်သောအခါ မင်ဒဲလား တအံ့တဩ ဖြစ်သွားသည်။ အလွန်လည်း သဘောကျသွားသည်။ ယင်းပြောင်းလဲချက်များနှင့်အတူ အတော်ပင် ကြီးကြီး ကျယ်ကျယ် ဘဝလျှောက်လှမ်းမှုအခြေအနေ ပေါ်လာသည်။ အခြေအနေသစ်များ မင်ဒဲလားအတွက် မဟုတ်ပေ။ သတင်း အဖြစ်အပျက်တစ်ခုတွင် အသေးအဖွဲ

www.burmeseclassic.com

www.burmeseclassic.com



ကလေးများ ပြောင်းလဲမှုပေါ် လာတိုင်း တုံ့ပြန်ရန် မလိုအပ်။ မလိုလားအပ်ဟု သူ ယူဆထားသည်။ ယင်း အပြောင်းအလဲကလေးအတွင်း၌ပင် ဩဇာများရှိလာတတ်သည်။ သုတ်သီးသုတ်ပျာ လုပ်လိုက်မိသော ရေတိုအမှားကလေး တစ်ချက်ကြောင့် ရေရှည်အကျိုးဆက်များ ထိခိုက်ပျက်ပြား သွားစေနိုင်သည်။

မင်ဒဲလားသည် သမိုင်းဟူသော ဝေါဟာရကို တွေးကြည့်မိ၏။ သမိုင်း၏ ဝေါဟာရအနက်မှာ ရေရှည်ဆောင်ရွက် ဖြစ်ပေါ်ခဲ့မှုဖြစ်သည်။ သူက သမိုင်းအပေါ် ဩဇာသက်ရောက်နိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း သူ သိသည်။ သို့ရာတွင် မည်သူမျှ တစ်မူထူးသွားအောင် မဆောင်ရွက်တတ်ပေ။ 'သမိုင်းက လူကို ဖန်တီးပေးတာလား၊ လူက သမိုင်းကိုဖန်တီးပေးတာလား'ဟူသော ဒဿနိက ပဟေဠိကို ဖြေကြည့်ခဲ့မည်ဆိုလျှင် သမိုင်းက လူကို ဖြစ်ပေါ် ဖန်တီးပေးသည်ဟု မင်ဒဲလားက ပြောလိမ့်မည်။ ကြီးမြတ်သော ခေါင်းဆောင်ကြီးများကို ဖန်တီးပေးရန် ဇရာမ အင်အားစုကြီးများက လျှို့ဝှက်ကြံစည်လုပ်ကိုင်ပေးခြင်းဖြစ်သည်ဟု ဆိုလိမ့်မည်။ မှန်ပါသည်။ လူတစ်ဦးစီတွင် မှန်ကန်သော ဒီအင်အေနှင့် မှန်ကန်သော ကျွမ်းကျင်မှု ရှိရမည်။ သို့ရာတွင် အခါသမယ (moment) က လူတစ်ဦးတစ်ယောက်အား ထူးခြားစွာ ဖြစ်ထွန်းသွားစေသည်။ သို့မှသာ လူနှင့် အခါသမယ ဆုံတွေ့ရန် သူသည် ထိုသို့အရေးမျိုး ပေါ်ထွန်းလာစေရန် မဖန်တီးတတ်ကြောင်း သိထားသည်။

Cyril Ramaphosa သည် မင်ဒဲလား ထောင်မှထွက်လာချိန်တွင် မင်ဒဲလားနှင့် အရင်းနှီးဆုံးခေါင်းဆောင်နှင့် လှုပ်ရှားပြောင်းလဲရေး ဝါဒီတစ်ဦးဖြစ်သည်။ ရာမာဖိုဆားက 'မင်ဒဲလားဟာ သမိုင်းဆိုင်ရာ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါပဲ၊ ကျုပ်တို့ ထက် ရှေ့အများကြီး ကြိုတင် တွေးခေါ်တတ်တယ်၊ သူ့စိတ်ထဲမှာ အနာဂတ် အတွက် တွက်ဆထားမှု ရှိတယ်၊ ကျုပ်တို့ လုပ်ကိုင်ပေးခဲ့သမျှအပေါ် လူတွေ ဘယ်လို ထင်မြင်ယူဆမိကြမလဲပေါ့၊ သမိုင်းက သူ့အပေါ် အပြစ်တင်စရာ မရှိပါဘူး၊ ဖြစ်လာလိမ့်မယ်လို့ သူ တွေးဆထားသမျှအားလုံး ကွက်တိဖြစ်လာတာပဲလေ' ဟု ပြောခဲ့သည်။

မင်ဒဲလားက ခေါင်းဆောင်များအား သူတို့၏ ဘဝအကွေ့အဝိုက်အတိုင်း လုပ်ကိုင်ပေးနိုင်မှု စစုပေါင်းအရ အကဲဖြတ်နိုင်သည်ဟု ယုံကြည်သည်။ သူသည် လူတစ်ဦးသည် အခြေအနေတစ်ခုတွင် မည်သို့တုံ့ပြန်ခဲ့သည်ဟူသော အချက်

www.burmeseclassic.com

www.burmeseclassic.com



ထက် ထိုသူ၏ ဘဝတစ်ခုလုံး လုပ်ငန်းတစ်ခုလုံးအပေါ် ကြည့်လျက် အကဲဖြတ်တတ်သည်။ ထောင်ထဲတွင် ခေါင်းဆောင်ပီသခဲ့သော ခေါင်းဆောင်များအကြောင်း မကြာ မကြာ ပြောပြသည်။ 'ကျုပ် လူတွေအများကြီး သိခဲ့ရတယ်၊ ခေါင်းဆောင်ပိုင်းကပေါ့၊ ထောင်ထဲမှာ တကယ့်စိတ်ပျက်စရာ လူတွေပါပဲဗျာ၊ ချစရာရှိရင် ချရမယ်၊ စစ်ထိုးစရာရှိရင် ထိုးရမယ်၊ ဒီကိစ္စမှာ ကျုပ်တို့ ရပ်တည်ရမယ်လို့ ပြောကြည့်တယ်၊ တစ်ယောက်မှ လက်မခံဘူး၊ နယ်လ်ဆင်၊ မင်း အသတ်ခံရလိမ့်မယ်လို့တောင် ပြောတတ်ကြသေးတယ်' ထိုသို့သော လူစားမျိုးများနှင့်ပတ်သက်၍ မင်ဒဲလား စိတ်ပျက်ခဲ့မိသည်။ သို့ရာတွင် လူတစ်ယောက်အစွမ်းအစကို ထိုလူ၏ ဘဝတစ်ခုလုံးနှင့် ချိန်ထိုးသုံးသပ်တတ်သူဖြစ်၍ မင်ဒဲလားအတွက် ဆိုးဆိုးဝါးဝါး မခံစားမိခဲ့ပေ။ ထောင်အပြင်တွင် သတ္တိကောင်းသူများ ရှိ၏။ ထောင်ထဲတွင် လူကြောက်များ ဖြစ်နေသည်။ အချို့မှာ အပြင်လောကတွင် သတ္တိမကောင်း၊ ထောင်ထဲကျမှ လူစွာကြီးများ ဖြစ်နေတတ်သည်။ ထောင်ထဲတွင် စိတ်ပျက်စရာကောင်းလှသည့် လူများနှင့်ပတ်သက်၍ မင်ဒဲလားက 'ဒီလူတွေက သူတို့ ထုတ်ဖော်ပြသခဲ့တဲ့ ပျော့ကွက် ညံ့ကွက်တွေရှိပေမယ့် တကယ်တော့ ရိုးဖြောင့်တည်ကြည်သူတွေပါ'ဟု ပြောသည်။ ဤသည်ပင် သူ၏ စိတ်သဘောကောင်းမွန်မှုနှင့် ရေရှည် မျှော်တွေးတတ်မှု အထောက်အထားပင် ဖြစ်သည်။ မိမိ အကောင်းဆုံး လုပ်ဆောင်ပေးခဲ့မှုလောက် မြင့်မြတ်သောအရာမရှိ၊ အဆိုးဆုံးလုပ်ဆောင်ပေးခဲ့မှုလောက်လည်း ယုတ်ညံ့သောအရာသည် မရှိချေ။ မင်ဒဲလား၏ သဘောအရ ကောင်းမှုသည် အဆိုးထက် အလေးသာသည်။ ယင်းသည်ပင် အဆုံးသတ်တစ်နေ့ အဆုံးအဖြတ်ပေးမည့်အရာဖြစ်သည်။ သို့ရာတွင် သူသဘောမကျသည့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ရသည်။ လူတိုင်းသည် သူ သို့မဟုတ် သူ ပြုခဲ့သမျှအားလုံး စုပေါင်းထားခြင်းပင် ဖြစ်သည်။

တစ်ခါတွင် မင်ဒဲလားအား ပျော်ရွှင်ချမ်းမြေ့မှုရှိပါရဲ့လားဟု မေးကြည့်သည်။ မကြိုက်သလို မျက်မှောင်ကြုတ်လိုက်သည်။ ပျော်ပါရဲ့လားဟူသော မေးခွန်းမျိုးသည် သူ့အတွက် သဘောမကျစရာပင်။ လေးနက်မှုမရှိသော အပေါ်ယံရှုပ် မေးခွန်းမျိုး၊ စိတ်အနှောင့်အယှက်ဖြစ်စေသော စပ်စပ်စုစုမေးခွန်းမျိုးဟု သဘောထားသည်။ သို့ရာတွင် ယင်းမေးခွန်းနှင့်ပတ်သက်၍ သူက ရှင်းပြသည်။ သို့ဖြင်

www.burmeseclassic.com

www.burmeseclassic.com



အသက် ငယ်ငယ်ရွယ်ရွယ်သေဆုံးခဲ့ရပုံ၊ အများအားဖြင့် ဘဝပျက်နေရပုံတို့ကို ပြောပြသည်။ သူ့မိခင်ကလည်း သူ့အား ထောင်ကို ခြင်ထောင်လုပ်နေသူ ရာဇဝတ်ကောင် တစ်ဦးပမာ ထင်မှတ်ရင်း သေဆုံးသွားခဲ့ရပုံကို ပြောပြခဲ့သည်။ မင်ဒဲလားအတွက် အကြီးမားဆုံး စိတ်မကောင်းမိသည့်အချက်တစ်ရပ်မှာ မိမိ ဆင်နွှဲနေသည့် တော်လှန်ရေးကို မိခင်ကြီး သဘောပေါက်နားလည်အောင် မလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ မိမိ၏ သမီး အရင်းအချာများ ရင်ဆိုင်ခဲ့ရသော စိန်ခေါ်ချက်များကိုလည်း ရိုးတိုးရိပ်တိတ် ပြောပြသည်။ ရှေးခေတ် ဂရိ စာရေးဆရာကြီးများ ရေးသားခဲ့သည့် စာဟောင်းပေဟောင်းများကို ဖတ်မိခဲ့ပုံ၊ အဆိုပါစာများဖြင့် ထောင်ထဲတွင် ပျော်မွေ့ခဲ့ရပုံတို့ကို ထည့်သွင်းပြောပြသည်။ အမြင်ကျယ်ခဲ့ရသည်။ ဂရိ စာရေးဆရာများ၏ အမည်များကိုမူ မမှတ်မိတော့ပေ။ သို့ရာတွင် Croesus ဇာတ်လမ်းတွင် ပညာရှိတစ်ဦးကိုခေါ်လျက် မိမိအား ပျော်ရွှင်နေသူဟု ယူဆပါသလားဟု ခရိုဆပ်က မေးကြည့်သည်။ ပညာရှိက 'လူတစ်ယောက်ရဲ့ ဘဝလမ်းဆုံးကို မသိရမချင်း သူဟာ ပျော်ရွှင်နေတဲ့လူတစ်ယောက် ဟုတ် မဟုတ် မပြောနိုင်ပါဘူး'ဟု ပြန်ဖြေသည်။ မင်ဒဲလားက ပညာရှိကြီးစကားကို လက်ခံထားသည်။ ထို့ကြောင့်လည်း ပျော်ရွှင်မှုနှင့် ပတ်သက်၍ ချင့်ချင့်ချိန်ချိန်၊ သတိရှိရှိ တုံ့ပြန်တတ်မှု တစ်စိတ် တစ်ပိုင်း ဖြစ်သည်။ အရာရာသည် နောက်ဆုံးအခန်းသို့ အရောက်တွင် ပြောင်းလဲသွားနိုင်သည်။ ဆိုးဆိုးဝါးဝါး ဖြစ်မသွားစေရန် ကြိုတင်ကာကွယ်ထားမှ တော်ကာကျမည်။

မင်ဒဲလားသည် တကယ်တမ်းအားဖြင့် တင်းတိမ်ရောင့်ရဲမှု ရှိသည်။ သူ့ဘဝတွင် ကြောက်ခမန်းလိလိအဖြစ်ဆိုးမျိုးနှင့် ကြုံခဲ့ဖူးပြီ။ သူ့ဘဝနောက်ဆုံးအခန်း မည်သို့ရှိလေမလဲဟု သူ သိထားသည်။ နောက်ဆုံးအခန်း ကောင်းမွန်နေစေရန် အဆုံးပိုင်းအထိ အကောင်းဆုံး လုပ်ပြသွားရမည်ဟုလည်း သိထားသည်။ သမိုင်းက သူ့အပေါ် ညှာညှာတာတာ မှန်မှန်ကန်ကန် အဆုံးအဖြတ် ပေးပါလိမ့်မယ်။ မင်ဒဲလား ပျော်နိုင်ပါစေ။

□□□

www.burmeseclassic.com

www.burmeseclassic.com

၁၂

## အချစ်ကြောင့် တစ်မျိုး ထူးလာသည်

အချစ်နှင့်ပတ်သက်လာလျှင် မင်ဒဲလားသည် စိတ်ကူးယဉ်ဆန်သည်။ သို့ရာတွင် သဘောတရားထက် လက်တွေ့အကျိုးသက်ရောက်မှုကို အလေးပေးသည်။ လက်တွေ့ဆန်သည်။ ဖြစ်ကိုလည်း ဖြစ်ရပေမည်။

သူ့ဘဝ အချိန်ကာလအတော်များများတွင် အချစ်နှင့် ဝေးလွန်းလှ၏။ လက်တွေ့ပိုင်းထက် စိတ်ကူးယဉ်မှု မမေ့တတ်သေးသော မှတ်ဉာဏ်တို့တွင်သာ ပို၍ တည်ရှိနေခဲ့သည်။ အမှန်တရား ဖြစ်လာချိန်တွင်လည်း ရံဖန်ရံခါ စိတ်ဖြေစရာထက် နာကျင်မှုဝေဒနာ အရင်းအမြစ် ဖြစ်သွားတတ်သည်။ စိတ်ကတော့ မလျှော့ခဲ့။ တစ်နေ့နေ့ သူ့ဘဝတွင် အချစ်ကို ရှာတွေ့မည်ဟု အားခဲထားသည်။

တောင်အာဖရိကတွင် အသားအရောင် ခွဲခြားရေးဝါဒ သဘောသဘာဝအလျောက် ကိုယ်ရေးကိစ္စနှင့် အများပြည်သူကိစ္စတို့ကို တစ်ချိန်တည်း ဆောင်ရွက်ခွင့် မရခဲ့ချေ။ အများပြည်သူကိစ္စပိုင်းတွင် သူသည် နှစ်ဆယ့်ခုနစ်နှစ်လုံးလုံး ထောင်ထဲ ရောက်နေရရှာသည်။ ကိုယ်ရေးကိစ္စ မလုပ်နိုင်ရှာ။ စိတ်ဖြေရာမရခဲ့။ အသားအရောင်ခွဲခြားရေးဝါဒ၏ ဆိုးယုတ်လှသော သဘောသဘာဝ အစိတ်အပိုင်း တစ်ရပ်အရ တောင်အာဖရိက လူမည်းတို့အား အလုပ်နှင့် မိသားစု တစ်ကွဲတစ်ပြား ခွဲခြားနေစေခဲ့သည်။ မင်ဒဲလားလည်း ထို့အတူ ဖြစ်ခဲ့ရသည်။ အခြားလူများကဲ့သို့ပင် သူ့ကို မြို့ထဲတွင် အလုပ်လုပ်ခိုင်းပြီး မိသားစုကိုမူ လူမျိုးစု ကျေးရွာတစ်ခုတွင် နေထိုင်စေခဲ့၍ မဟုတ်ပေ။ သူ့အနေဖြင့် တစ်ချိန်တည်းတွင် လွတ်မြောက်ရေးအတွက် တော်လှန်တိုက်ခိုက်ရင်း၊ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်နိုင်မှု မပြုနိုင်ခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလား ထောင်သို့ အပို့မခံရမီကပင် ဇနီးနှင့် သားသမီးများကိုမူ သူစိမ်းဆန်ဆန် ပြုမူနေထိုင်ခဲ့ရသည်။ မိမိသည် လွတ်မြောက်ရေး တိုက်ပွဲဝင် ဝရမ်းပြေးတစ်ယောက် ဖြစ်နေပါသလား။ မိသားစုမှာ လူဖြူအစိုးရ၏ ပစ်မှတ်ဖြစ်နေရပါလိမ့်မည်။ မိမိကို ထိထိခိုက်ခိုက် နာနာကျင်ကျင် ခံစားမိရေးအတွက် မိသားစုကို အမြဲမပြတ် ဒုက္ခတစ်ခုခုပေးနေတတ်သည်။ သို့နှင့် မင်ဒဲလားသည် ဇနီး၊ သားသမီးတို့မှ ဝေးရာ ရှောင်နေရသည်။ မိသားစုကို စုဝေးဖမ်းဆီးပြီး နှိပ်စက်ကလူပြုနေမှုကို စိတ်မသက်မသာဖြင့် ကြည့်နေခဲ့ရရှာသည်။ မိသားစု၏ ဝေဒနာခံစားနေရမှုသည်ပင် မိမိ၏ လုပ်ငန်းအတွက် အထောက်အပံ့ပေးရာ ရောက်နေခဲ့သလားဟုပင် တွေးခဲ့မိသည်။ မိသားစုက သူ့အား ခုခံနိုင်စွမ်း မရှိအောင် ပိုမိုအားနည်းစေခဲ့သည်။ သူ့ခများ သမားရိုးကျ ဖခင်တစ်ဦးလို မနေနိုင်ခဲ့ပေ။ တစ်ခါတွင် 'အဖေ၊ တစ်ညကလေးတောင် သားတို့နဲ့ ဘာဖြစ်လို့ လာမအိပ်နိုင်တာလဲ'ဟု မေးသည်။ မင်ဒဲလားက 'သားတို့လိုပဲ အဖေ့ကိုလိုအပ်နေတဲ့ တောင်အာဖရိကက ကလေးငယ် သန်းပေါင်းများစွာ ရှိနေလို့ပါ'ဟု ပြန်ဖြေခဲ့ရသည်။ မိမိ၏ သားသမီးအရင်းကို ယင်းသို့ရှင်းပြရန် ခက်လှပါသည်။ ယင်းကိစ္စကြောင့်ပင် မင်ဒဲလားအတွက် အနာခံခက် ဝေဒနာဆိုးကြီးတစ်ရပ်အဖြစ် အကြိမ်ကြိမ် ခံစားခဲ့ရရှာသည်။

ထောင်ကျနေစဉ်ကာလအတွင်း အချစ်သည် အခြားတစ်နေရာသို့ ရောက်နေသည်။ သူ၏စာများထဲမှာ၊ မှတ်ဉာဏ်ထဲမှာ၊ စိတ်ကူးအနာဂတ်ထဲမှာသာ ရှိသည်။ Eddie Daniels သည် ရော့ဘန်းကျွန်း အကျဉ်းထောင်တွင် မင်ဒဲလားနှင့် နှစ်ပေါင်းများစွာ နေခဲ့ဖူးသည်။ ဒင်နီယယ်က ထောင်ထဲတွင် မိမိတို့၏ စိတ်ဖျော်ဖြေစရာ ဘာတစ်ခုမျှမရှိခဲ့ဟု ပြောပြသည်။ အကျဉ်းသားများသည် အသိဉာဏ်မဲ့နေသူများပမာ ဖြစ်နေခဲ့သည်။ မိန်းမ ဆိုလျှင်လည်း မူး၍ပင် ရှူစရာမရှိ။ ရော့ဘန်းကျွန်းထောင်အတွင်း လိင်ကိစ္စအကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း ဖတ်ရဖူးသည်။ ထို့ကြောင့် ထိုကိစ္စနှင့်ပတ်သက်၍ မင်ဒဲလားအား မေးကြည့်သည်။ သူက တုံးတိတိကြီး ပြန်ဖြေသည်။ 'ထောင်ဆိုတာ လိင်ကိစ္စအတွက် ရေးကြီးခွင့်ကျယ်လုပ်ရမယ့် နေရာမျိုး မဟုတ်ဘူး' အဖြေမှာ ဤသို့ ဤနှယ် အဆုံးသတ်သွားသည်။

အမှန်တကယ်ဖြစ်လာနိုင်ရန် အဝေးကြီး ဝေးနေချိန်မှာပင် မင်ဒဲလားတွင် အချစ်နှင့် မိသားစုဘဝ စိတ်ကူးအိပ်မက် ဖြစ်ထွန်းနေခဲ့သည်။ ထောင်ကျနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ကာလတစ်လျှောက်လုံး ထိုစိတ်ကူးအိပ်မက်ကို ရင်ဝယ်ပိုက်လာသည်။ ထောင်မှ ထွက်လာရချိန်တွင် အချစ်နှင့် မိသားစုအိပ်မက်သည် တံလျှပ်ပမာ မရေရာသော မျှော်လင့်ချက်သာ ဖြစ်ခဲ့ရသည်။ သို့ဖြစ်လျက် မင်ဒဲလား စိတ်မလျှော့ခဲ့ပေ။ နောက်ဆုံးတစ်နေ့ မဖြစ်တော့ပါဘူးဟု စိတ်တုံးတုံးလျှော့ချလိုက်ချိန်တွင်မှ ဆန္ဒ ပြည့်ဝသွားရှာသည်။ သို့ရာတွင် နှစ်ကာလ များစွာ များစွာကြာပြီးမှ တကယ် ဖြစ်လာခြင်းပင်။

× × ×


မင်ဒဲလားသည် စိတ်ကူးယဉ်ဆန်ဆန် အချစ်မျိုးကို ရယူလိုသည်။ အတင်းအဓမ္မ တစ်စုံတစ်ဦးနှင့် ယှဉ်ခိုင်းခြင်းမျိုး အလိုမရှိချေ။ ယင်းကိစ္စကြောင့်ပင် ပထမဆုံး သက်သောင့်သက်သာ နေထိုင်နိုင်သည့်ဘဝ ကျေးလက်ပတ်ဝန်းကျင်မှ မြို့ကြီးပြကြီး သို့ ထွက်ပြေးခဲ့ရဖူးသည်။ King Jongintaba က သူ၏သားတော် Justice နှင့် နယ်လ်ဆင်မင်ဒဲလားတို့ကို လက်ထပ်ပေးချိန်ရောက်ပြီဟု ဆုံးဖြတ်လိုက်သည်။ သို့နှင့် ဘုရင့်သားတော် ဂျပ်စတစ်နှင့် မင်ဒဲလားတို့ ဂျိုဟန်နက်စ်ဘတ်မြို့သို့ ထွက်ပြေးရန် ကြံစည်မိကြသည်။ သူတို့နှင့်ပေးစားမည့် သတို့သမီးများမှာ အရုပ်ဆိုး အကျည်းတန်၍ မဟုတ်ပေ။ အိမ်ထောင်ရေးကိစ္စတွင် ကြိုက်ရာရွေးချယ်ခွင့် ရှိရမည်ဟု လူငယ်နှစ်ဦး စွဲစွဲမြဲမြဲ ယုံကြည်မိခဲ့သောကြောင့် ဖြစ်သည်။ ဘုရင်ကြီး ပေးခဲ့သော ပညာရေးကြောင့် မင်ဒဲလား လက်ထပ်ထိမ်းမြားမှုနှင့် မိသားစုဆိုင်ရာ ရိုးရာ တိုင်းရင်းသား အစဉ်အလာကို ဆန့်ကျင်သွေဖည်ရာ ရောက်သွားသည်။ မင်ဒဲလားသည် Healdtown Methodist ဘော်ဒါကျောင်းနှင့် Fort Hare ကျောင်းတွင် ဂျိန်းအော်စတင်နှင့် ရှိတ်စပီးယားတို့၏ ဆွန်းနက် ၁၄ ကြောင်းစပ် လင်္ကာများကို ဖတ်ရှုမိခဲ့သည်။ ထိုနေရာမှာပင် မင်ဒဲလားသည် လူငယ်ဘဝ ကြုံတွေ့ ခဲ့ရသော ချစ်ခြင်းမေတ္တာဆိုင်ရာ အမြင်အယူအဆထက် အနောက်တိုင်းနှင့် စိတ်ကူးယဉ် ချစ်ခြင်းမေတ္တာပေါ် အမြင်တို့ ပိုမို၍ လက်ခံ ယုံကြည်မိလာသည်။ သူ့ ဖခင်တွင် ဇနီးလေးဦး ရှိခဲ့သည်။ တစ်အိမ်တွင် တစ်လှည့်စီ နေထိုင်ခဲ့သည်။ မင်ဒဲလားက အချစ်ကိုသာ ရယူလိုသည်။ အိမ်ဖော် အမျိုးသမီးကို အလိုမရှိ။

www.burmeseclassic.com

www.burmeseclassic.com

# မင်ဒဲလား၏ ဈာပန မြင်ကွင်းများ












www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလား အမှတ်တရ ရုပ်တု

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလား ဂျိုဟန်နက်စ်ဘတ်မြို့တွင် နေထိုင်ခဲ့စဉ် အချစ်ဆိုသောအရာနှင့် ပထမဆုံး ကြုံတွေ့ခဲ့သည်။ အလက်ဇန်းဒရားမြို့နယ်အတွင်း အိမ်တစ်အိမ်တွင် ပိုင်ရှင် မိသားစုနှင့်အတူ နေထိုင်ခဲ့ရသည်။ ထိုအိမ်ရှင်၏သမီးကို မင်ဒဲလား သဘောကျခဲ့သည်။ နာမည်ကလေးက ဒီဒီဟု ခေါ်သည်။ 'သိပ်လှတာပဲ'ဟု မင်ဒဲလားက ပြောခဲ့သည်။ ဒီဒီမှာ အိမ်တစ်အိမ်တွင် သန့်ရှင်းရေးတာဝန် အိမ်စေ တစ်ဦးအဖြစ် လုပ်ကိုင်သည်။ ထိုခေတ်က ငယ်ရွယ်နုပျိုသော လူမည်းအမျိုးသမီးများ လုပ်ကိုင်ခွင့်ရသော အသက်မွေးမှုတစ်ရပ် ဖြစ်သည်။ ဒီဒီတွင် ချစ်သူရှိသည်။ ချမ်းသာသည်။ နှစ်ထပ်ဝတ်စုံ ဝတ်နိုင်သည်။ ဘော်စလီနိုဦးထုပ် ဆောင်းနိုင် သည်။ ကားကောင်းကောင်း စီးနိုင်သည်။ ချစ်သူရှိနေသော်လည်း မင်ဒဲလားက ဒီဒီမှ ဒီဒီပဲ ဖြစ်နေတော့သည်။ သို့ရာတွင် သူ ချစ်နေကြောင်း မပြောဝံ့ခဲ့ချေ။ ဘာပဲပြောပြော မင်ဒဲလားကိုယ်တိုင်က မိန်းကလေးဘက်က သဘောတွေ့စရာ မရှိ။ ထိုအိမ်ငယ်၏ နောက်ဘက် ဂိုဒေါင်ကလေးထဲတွင် နေထိုင်ရသည်။ အင်္ဂလိပ် စကားလည်း ကောင်းကောင်း မပြောတတ်။ အဝတ်ကလည်း တစ်စုံသာရှိသည်။ နောက်ပြီး ခြူးကလည်း တစ်ပြားသားမျှ မကပ်။

တစ်ခါတွင် မင်ဒဲလားကလေးကို မိသားစုက ညစာ အတူစားဖို့ ဖိတ်ခေါ် သည်။ သူ့ပန်းကန်ထဲသို့ ကြက်သားတစ်ပိုင်း ထည့်ပေးသည်။ သူ့အသက် ငယ်သေး သည်။ တောပိုင်းမှ ရောက်လာသည်။ ခက်ရင်းနှင့် ဇွန်းကို ကျင်ကျင်လည်လည် မသုံးတတ်သေး။ ကြက်သားကို လက်ဖြင့်ကောက်ယူစားလျှင် ကောင်းလေမလား၊ ဒါမှမဟုတ် ခက်ရင်းနှင့် ဇွန်းနှင့် ဖြစ်သလို ထိုးကော်စားလျှင် ကောင်းမလား၊ အသုံးမကျကြောင်း လူသိသွားနိုင်သည်။ သို့အတွက် ပန်းကန်ထဲက ကြက်သားကို လက်ဖျားနှင့်ပင် မထိတော့၊ မစားတော့ဟု ရွေးချယ်လိုက်သည်။ ဂုဏ်ယူမှုက ဆာလောင်မွတ်သိပ်နေမှုအပေါ် အကွက်ဆင် အနိုင်ရလိုက်သည်။ မင်ဒဲလားသည် ဒီဒီ အပေါ်တွင်လည်း ဤနည်း ဤပုံအတိုင်း အနိုင်ယူခဲ့သည်။ သူ့ကို လက်ထပ်ခွင့် ပြုပါဟု တောင်းခံနိုင်သည်။ သို့ရာတွင် မိမိ၏ မေတ္တာကို လက်သင့်မခံမည့် အမျိုးသမီးတစ်ဦးထံ မတောင်းခံလိုက်တော့ပေ။

မင်ဒဲလားသည် ဥပဒေသင်တန်းသား တစ်ဦးအဖြစ် မနည်းကြိုးပမ်းနေရ သည်။ ထိုအချိန်မှာပင် Walter Sisulu က သူ့ညီမ ဝမ်းကွဲနှင့် မိတ်ဆက်ပေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ညီမသည် အေးဆေးသည်။ ဟိတ်ဟန်လည်းမရှိ။ ထရန်စကီနယ်မှ ရောက်လာသူကလေး ဖြစ်သည်။ Evelyn Mase ဟု ခေါ်သည်။ မင်ဒဲလားနှင့် အယ်ဗလင်တို့ လက်ထပ်ကြသည်။ သားသမီးလေးဦး ရရှိသည်။ (တစ်ဦးမှာ ကိုးလ အရွယ်တွင် သေဆုံးသွားသည်) ဘိုဝီတိုမြို့ရှိ အိမ်ကုပ်ကလေးတွင် အတူပေါင်းသင်းခဲ့ကြသည်။ မင်ဒဲလားမှာ အသက်မွေးမှုနှင့် စာပေသင်ယူမှုက တစ်ဖက်၊ နိုင်ငံရေး ဝင်ရောက်လုပ်ကိုင်ပေးနေမှုက တစ်ဖက်ကြောင့် အချိန်အားလပ်သည်ဟူ၍ မရှိ။ အမြဲလိုလိုပင် ဖခင်တစ်ယောက်နှင့် ခင်ပွန်းဝတ္တရားပျက်ကွက်နေသည်။ နောက်ဆုံးတွင် လွတ်မြောက်ရေး လှုပ်ရှားမှုအတွင်းသို့ ထဲထဲဝင်ဝင် ရောက်ရှိသွားခဲ့သည်။ အယ်ဗလင်နှင့် တကျက်ကျက်ဖြစ်လာသည်။ မင်ဒဲလားသည် လူမည်းပရိသတ်အများစုကို ကောင်းမွန်စွာ စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ အယ်ဗလင်ကိုမူ မည်သို့မျှ ဆွဲဆောင်မထားနိုင်တော့။ အယ်ဗလင်က နိုင်ငံရေးဟူသော စကားကို လေသံမျှ မကြားချင်။ ခပ်ဝေးဝေးနေခဲ့သည်။ ယေတိုဗာ သက်သေခံ ဖြစ်သွားသည်။ နေ့ရှိသရွေ့သမ္မာကျမ်းစာနှင့် အချိန်ကုန်စေခဲ့သည်။ မကြာမီ သူတို့နှစ်ဦး လမ်းခွဲလိုက်ကြသည်။

၁၉၅၆ ခုနှစ်တွင် သစ္စာဖောက်မှုခုံရုံး Treason Trial စတင်ဖွင့်လှစ်သည်။ မင်ဒဲလားသည် အောင်မြင်သော ရှေ့နေတစ်ဦး ဖြစ်လာသည်။ မြို့အသိုင်းအဝိုင်းနှင့် ဝင်ဆံ့လာသည်။ သူသည် ဆတ်ဆတ်ကြဲ လွတ်မြောက်ရေးတိုက်ပွဲဝင်သူ တစ်ဦး ဖြစ်ခဲ့သည်။ သူ အားကျခဲ့ဖူးသော ဝတ်ဟန်စားဟန်များ ဝတ်ဆင်သည်။ ရင်ဖုံးနှစ်ထပ်ဝတ်စုံ ဝတ်သည်။ ရင်ထိုးလှလှ ထိုးသည်။ အမေရိကန်ပြည်လုပ် မော်တော်ကားကြီးတစ်စင်းကို မောင်းသည်။ စားသောက်ဆိုင်ကြီးများသို့ သွားရောက်စားသောက်သည်။ မင်ဒဲလားသည် ထိုခေတ်က ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်ခဲ့သည်။ ဤအချက်ကို သူ မငြင်းပေ။ ကျွန်ုပ်လည်း ထိုခေတ် ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံကို ပြကြည့်သည်။ ပုံထဲတွင် ကောင်းမွန်သေသပ်သော ဝတ်စုံကို ဝတ်ဆင်ထားသည်။ စီးကရက် ကြားညှပ်ထားသည်။ ကျွန်ုပ်က 'ခင်ဗျား ဆေးလိပ် သောက်တတ်ခဲ့တယ်ပေါ့'ဟု မေးသည်။

မင်ဒဲလားက မချိတင်ကဲ လေသံဖြင့် 'အရှုံးထခဲ့တာပါဗျာ'ဟု ပြန်ဖြေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



တစ်နံနက် စောစောပိုင်းတွင် ထရန်စကီနယ်ရှိ မင်ဒဲလားအိမ်အနီး တောင်ကုန်းများအပေါ် လမ်းလျှောက်ထွက်ကြသည်။ မင်ဒဲလားက ကျွန်ုပ်ဘက်သို့လှည့်ပြီး 'အိမ်ထောင် ရှိသလား'ဟု မေးသည်။ ထူးသည်။ သူသည် မဆီမဆိုင် ပုဂ္ဂိုလ်ရေး မေးခွန်းမျိုးကို မေးခဲလှသည်။

လူလွတ်ဖြစ်ကြောင်း ပြန်ဖြေလိုက်သည်။

'သြ၊ ဟုတ်လား'ဟု မင်ဒဲလားက ပြောသည်။

ကျွန်ုပ်သည် မကြာသေးမီက မေရီခေါ် တောင်အာဖရိက ခေတ်ပုံဆရာမ တစ်ဦးနှင့် တွေ့ဆုံခဲ့ရကြောင်း၊ ကျွန်ုပ် သူ့အပေါ် စိတ်ဝင်စားနေကြောင်း ပြောပြလိုက်သည်။ ထို့နောက် နှစ်ယောက်သား စကားတစ်လုံးမျှမပြောဘဲ တိတ်ဆိတ်နေမိကြသည်။

ထို့နောက် ကျွန်ုပ်က 'ခင်ဗျား လက်မထပ်မီ အမျိုးသမီးတစ်ယောက်ကို ဘယ်လောက်ကြာကြာ သိထားဖို့လိုသလဲ' ဟု မေးလိုက်သည်။

မင်ဒဲလားက ပြုံးလျက် 'တစ်ရက်ပေါ့၊ တစ်ရက်လောက်ဆိုရင် ရပါတယ်'ဟု ပြန်ဖြေသည်။

ကျွန်ုပ်က ဝေခွဲမရမျက်နှာဖြင့် သူ့ကို လှမ်းကြည့်လိုက်မိသည်။ သူက အချစ်ဋီကာ ဖွင့်လိုက်သောကြောင့်ပင်။ 'ခင်ဗျားဟာ အမျိုးသမီးတစ်ယောက်ကို မြင်မြင်ချင်း ချစ်ကြိုက်သဘောကျနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီအချစ် အကောင်အထည် ပေါ်လာဖို့ တစ်နှစ် ဒါမှမဟုတ် တစ်နှစ်ကျော်ကျော် အချိန်ကြာနိုင်ပါတယ်' ဟု ရှင်းပြသည်။ ထို့နောက် ဆွဲဆောင်မှုရှိပုံနှင့် ပတ်သက်၍ အမျိုးအစား ခွဲခြားပြပြန်သည်။ 'ခင်ဗျားဟာ အမျိုးသမီးတစ်ယောက်ကို စကားအချေအတင်ပြောပွဲ တစ်ခုမှာ တွေ့လိုက်ရတယ် ဆိုပါစို့၊ အဲဒီ အမျိုးသမီးရဲ့ ဉာဏ်ပညာကြွယ်ဝမှုအတွက် ခင်ဗျား သဘောကျသွားမိလိမ့်မယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ စိတ်လှုပ်ရှားမှုနဲ့ ချိတ်ဆက်မှု မရှိလှသေးဘူး၊ ခင်ဗျားက အမျိုးသမီးတစ်ယောက်ကို တွေ့ရတယ်၊ အပေါ်ယံကြောကြည့်ပြီး သဘောကျသွားတာပါ' ဟု ပြောသည်။ ရုပ်ပိုင်းဆွဲဆောင်မှု ဟု သူက သရုပ်ခွဲသည်။

'ဥပဒေ သတ်မှတ်ချက်တစ်ရပ်ရယ်လို့ မရှိဘူးဗျာ၊ ဒါပေမယ့် အချစ်ဆိုတာ အရေးကြီးဆုံး အရာပဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



**တစ်ရက်လောက်ဆိုရင် ရပါတယ်။** မင်ဒဲလား ဒုတိယမြောက်ဇနီးနှင့် စုံမက်နိုင်ရန် အချိန်ကြာလွန်းလှသည်ဟု ဆိုနိုင်သည်။ Winnie သည် သူနာပြုဆရာမ ဖြစ်သည်။ ဆေးရုံသို့အလုပ်ဆင်းရန် ဘတ်စ်ကား စောင့်နေသည်။ မင်ဒဲလားက ဝင်နီကို ထိုသို့ ကားစောင့်နေစဉ် သူ့ကားပေါ်မှ ပထမဆုံး မြင်လိုက်ရသည်။ ၁၉၅၇ ခုနှစ်တွင် ဖြစ်သည်။ မင်ဒဲလားက သိပ်လှတာပဲဟု ထင်မှတ်မိသည်။ သူ့စိတ်ထဲတွင် ဝင်နီ၏ပုံရိပ်ကို ထုတ်မပစ်နိုင်ခဲ့ချေ။ ရက်အနည်းငယ်အကြာတွင် သူ့ ရှေ့နေရုံးခန်းထဲတွင် ဝင်နီ ဘွားခနဲ ပေါ်လာသည်။ အမှုတစ်ခုအတွက် စုံစမ်းမေးမြန်းရန် ဖြစ်သည်။ မင်ဒဲလားက အံ့သြစရာကောင်းသည်ဟု ထင်လိုက်မိသည်။ မှတ်ဆိတ်ပျားစွဲမှု သဘောပေလား။

ထိုစဉ်က နယ်လ်ဆင်မင်ဒဲလားနှင့် Winnie Madikizela တို့ အစစအရာရာ ခြားနားမှုရှိနေသည်။ ဝင်နီက တည်ငြိမ်သည်။ အနေအထိုင် ပိပြားသည်။ နယ်ဘက်မှ လာသည်။ အသက် နှစ်ဆယ့်နှစ်နှစ်သာ ရှိသေးသည်။ ရိုးရိုးယဉ်ယဉ်ကလေး ဖြစ်သည်။ မင်ဒဲလားက ဝင်နီထက် အသက်ဆယ့်ခြောက်နှစ် ပိုကြီးသည်။ ကလေး သုံးယောက်ဖခင်။ တစ်ခုလပ်၊ အောင်မြင်သော ရှေ့နေတစ်ယောက်၊ သွေးစားလောက်သော လွတ်မြောက်ရေးတိုက်ပွဲဝင်သမား တစ်ဦး၊ မင်ဒဲလား၏ ဂရုစိုက် အလေးထားမှုများကြောင့် ဝင်နီ အံ့သြထိတ်လန့်မိ၏။ လွှမ်းမိုးခံလိုက်ရ၏။ သူနှင့် တွဲနေရစဉ် စကားမပြောမိအောင် ဖြစ်နေမိရှာသည်။ မင်ဒဲလားက ညစာစားရန် ခေါ်သွားတတ်သည်။ (ဝင်နီမှာ အိန္ဒိယထမင်းဟင်းလျာများကို မစားသောက်ဖူးချေ။ စပ်လွန်း၍ ရေတစ်ခွက်ပြီးတစ်ခွက် သောက်နေရသည်) မင်ဒဲလားက ကားဖြင့် ခေါ်သွားတတ်သည်။ တောနယ်ဘက်တွင် လမ်းလျှောက်ခေါ်တတ်သည်။

တစ်နည်းတစ်လမ်းအားဖြင့် အနောက်တိုင်းစတိုင် ပိုးပန်းမှုတစ်ရပ် ဖြစ်ခဲ့သည်။ လက်ထပ်ပါရစေဟု တောင်းခံပုံက ထူးခြားသည်။ တစ်နေ့တွင် မင်ဒဲလားက မင်္ဂလာသတို့သမီးဝတ်စုံ ဘယ်လိုမျိုး စီစဉ်ရမလဲဟုသာ မေးသည်။ သူက အပ်ချုပ်ဆိုင်နှင့် ကြိုတင်ညှိနှိုင်းထားပြီး ဖြစ်သည်။ အမှန်ဆိုရလျှင် မင်ဒဲလားသည် ဝင်နီအား လက်ထပ်ခွင့်ပေးပါဟု ထုံးစံအတိုင်းတောင်းခံခဲ့ခြင်း မရှိပေ။ လက်ထပ်ခွင့်ပြုပါတယ်လို့ ပြန်ပြောဖို့အခွင့်အရေးတောင် မရခဲ့ပါဘူးဟု ဝင်နီက မကြာ မကြာ ပြက်လုံး ထုတ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားနှင့် ဝင်နီတို့ လက်ထပ်ပွဲကို ၁၉၅၈ ခုနှစ် Treason Trial ခြောက်ရက် ရပ်နားထားချိန်အတွင်း ကျင်းပသည်။ ဝင်နီ၏ဖခင်က မိမိသမီးသည် လွတ်မြောက်ရေး တိုက်ပွဲနှင့် လက်ထပ်ထားသော ထောင်မင်းသားတစ်ဦးနှင့် လက်ထပ်လိုက်ပြီဟု အဖွင့်စကားပြောသည်။ ရယ်စရာ မောစရာသဘော ပြောလိုက်ခြင်းသာပင်။ သို့ရာတွင် အကြောင်းအရာက ထိခိုက်နစ်နာစေခဲ့သည်။ ဝင်နီတို့ ဘူဇ္ဇာမိသားစု အမြင်အရ မင်ဒဲလားသည် ဘေးအန္တရာယ် အလွန်များသည်။ မိမိတို့သမီးနှင့် ဘက်မညီဟု ထင်မှတ်သည်။ မှန်ပါသည်။ နယ်လ်ဆင်နှင့် ဝင်နီသည် သမားရိုးကျ လက်မထပ်ခဲ့ရချေ။ မင်္ဂလာပွဲပြီးလျှင် ပြီးချင်း မင်ဒဲလား မြေအောက်နိုင်ငံရေးသမား ဖြစ်သွားသည်။ ထိုအချိန်ကာလမှစ၍ မင်ဒဲလားနှင့် ဝင်နီတို့ ရံဖန်ရံခါသာ ခိုးဝှက်တွေ့ရတော့သည်။ တွေ့မည်ဆိုလျှင်လည်း ကြိုတင်စီစဉ်ရသည်။ လုံခြုံရေးအတွက် များစွာလုပ်ရသည်။

မိဘများ စိုးရိမ်ခဲ့သည့်အတိုင်းပင် လက်ထပ်ပြီးနောက် ဝင်နီ၏ ဘဝလမ်းကြောင်း ပြောင်းသွားသည်။ မိမိအနေဖြင့် ဝင်နီကို ပိုးပန်းခဲ့စဉ်က ချစ်စကား ကြိုက်စကားသာ မဟုတ်ဘဲ နိုင်ငံရေးစကားပါ ဟောပြောသိမ်းသွင်းခဲ့ကြောင်း မင်ဒဲလားက ပြန်ပြောင်းပြောပြသည်။ မင်ဒဲလား စည်းရုံးရေး ကောင်းပါသည်။ သူ ထောင်ထဲရောက်မသွားခင်မှာပင် ဝင်နီသည် တော်လှန်ရေး ရဲမေတစ်ဦး ဖြစ်လာသည်။ ထောင်ထဲရောက်နေချိန်တွင် ဝင်နီသည် ရဲရဲတောက် 'နိုင်ငံ့မိခင်ကြီး' ဖြစ်လျက်ရှိပြီ။ မိမိ၏ ခင်ပွန်းသည်ကို ထောင်ထဲရောက်စေခဲ့သော တော်လှန်ရေး၏ သင်္ကေတ လက္ခဏာပင် ဖြစ်သည်။

အံ့ဩစရာကောင်းသည့်အချက်မှာ မင်ဒဲလားသည် ထောင်ကျသွားမှ ဝင်နီ့အပေါ် ချစ်ခြင်းမေတ္တာနှင့် မှီခိုအားထားမှု ပိုမိုနက်ရှိုင်းသွားခဲ့ခြင်းပင်။ မင်ဒဲလားကို မိမိနှင့် ကမ္ဘာလောကကြီးမှ ဖယ်ရှားလိုက်ခြင်းကြောင့် ဝင်နီ့အတွက် စံပြုစရာ အဆင့် အနေအထားသို့ မြင့်တက်သွားရသည်။ တစ်နေ့ပြန်လည်ပေါင်းဆုံမိကြမှာပဲ ဟူသော အတွေးဖြင့် မင်ဒဲလား တစ်ကျော့ပြန် အချစ်တိုးလာသည်။ တစ်နေ့ပြန်ပေါင်းမိကြမည်။ ထိုအခါကျမှ ယခင်ကမဖြစ်ခဲ့ဖူးသော ခင်ပွန်းကောင်းကြီး တစ်ယောက် ပီသစွာ ကြိုးစားပြမည်ဟူသော စိတ်ကူးဖြင့် တအားတက်နေခဲ့သည်။ မင်ဒဲလားသည် ဝင်နီ့ ဓာတ်ပုံကို ထောင်ခန်းထဲတွင် ချိတ်ထားသည်။ တစ်ခါက

www.burmeseclassic.com

www.burmeseclassic.com



ဝင်နီ့ထံသို့ စာတစ်စောင် ရေးလိုက်သည်။ 'မင်္ဂ'ရဲ့ လှပတဲ့ခာတ်ပုံက ဒီစာတိုကို ရေးနေခိုက်မှာ ကိုယ့်ရဲ့ ဘယ်ဘက်ပခုံးအထက် နှစ်ပေလောက်မှာ ရှိနေဆဲပါပဲ၊ ကိုယ်က ဓာတ်ပုံကလေးကို မနက်တိုင်း ဂရုတစိုက် ဖုန်တွေ ဘာတွေ သုတ်ပေးပါတယ်၊ ဒီလိုလုပ်ကိုင်ပေးရင်း တစ်ချိန်က မင်းကို ကယုကယင် ပြုစုလုပ်ပေးခဲ့တာတွေကို ပြန်လည်ခံစားမိပါတယ်။ ကိုယ်ဟာ မင်းရဲ့နှာခေါင်းကို ကိုယ့်ရဲ့နှာခေါင်းနဲ့ ထိအောင် လုပ်ခဲ့ပါတယ်၊ တစ်ချိန်တုံးက အဲဒီလိုလုပ်ရင် ခံစားရတတ်တဲ့ ရှိန်းခနဲ ဖိန်းခနဲ အရသာကို ပြန်လည်ခံစားမိချင်လို့ပါပဲ'ဟု ရေးခဲ့သည်။

ထောင်ကျနေစဉ် မင်ဒဲလားသည် ဝင်နီ ထောင်ဝင်စာလာတွေ့မည့်ရက်ကို လပေါင်းများစွာ လည်ပင်းညောင်ရေအိုး ဖြစ်နေတတ်သည်။ ဝင်နီ မလာနိုင်သောအခါ သို့မဟုတ် အာဏာပိုင်များက ထောင်ဝင်စာတွေ့ခွင့်ကို ပယ်ဖျက်လိုက်သောအခါများတွင် မင်ဒဲလား ကြေကွဲရသည်။ အပြင်လောကတွင်ရှိစဉ်က ထူးထူးခြားခြား မလုပ်ခဲ့ မပြောခဲ့သမျှ စာရေးသည့်အခါ မိမိ၏ စိတ်ခံစားမှုကို လွန်လွန်ကဲကဲ ဖော်ပြတတ်သည်။ မင်ဒဲလား ရေးခဲ့သည့် စာအားလုံးကို ဝင်နီ ဖတ်ခဲ့ရသည် မဟုတ်ချေ။ တစ်ခါတစ်ရံ ထောင်အာဏာပိုင်များက ဆင်ဆာဖြတ်တောက်ပစ်တတ်သည်။ ၁၉၇၀ ဩဂုတ်လတွင် အခက်တကာ့အခက်ကြီး ကြုံရသည်။ ဝင်နီကိုယ်တိုင် ထောင်ထဲဝင်သွားရသည်။ အိမ်တွင် ကျန်ခဲ့သော သမီးများကို ဘယ်သူစောင့်ရှောက်ပါ့မလဲဟု မင်ဒဲလား တွေးပူသည်။ ရင်ထဲတွင် ပြင်းပြစွာ ခံစားမိသည်။ မင်ဒဲလားက စာထဲတွင် ထိုခံစားချက်ကို ဤသို့ဖော်ပြခဲ့သည်။

လွန်ခဲ့သော ၁၅ နှစ်က ဝမ်းနည်းကြေကွဲလောက်အောင် စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရပ်များကြောင့် နာကျင်မှုဝေဒနာများစွာ ဖြစ်ပေါ်ခံစားခဲ့ရသည်။ ယင်းအဖြစ်တို့ကို စိတ်ထဲမှ လွယ်လွယ်ထုတ်ပစ်နိုင်ဖွယ်မရှိပါ။ မိမိ၏ အစိတ်အပိုင်းတိုင်း စိတ်နှင့်ကိုယ်မှ အသွေးအသားများတွင် ခါးသီးနာကြည်းမှုများဖြင့် ပြည့်လျှံနေပြီလားဟုပင် ထင်မှတ်မိသည်။ ခံစားချက် ပြင်းထန်လွန်း၍ မင်းအတွက် ကူညီလုပ်ကိုင်ပေးနိုင်ရန် ဘာတစ်ခုမျှ မတတ်နိုင်အောင် ဖြစ်ခဲ့ရပါသည်။ မင်း ရင်ဆိုင်ဖြေရှင်းနေရသော ဒုက္ခသုက္ခများကို နှစ်ယောက်သား တွေ့ခွင့်ရကြမည့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင်. . . မင်း နံဘေးမှာ ကိုယ်ရှိနေနိုင်လျှင်. . . မင်း လက်ကလေးကို ဖျစ်ညှစ်ပေးနိုင်ခဲ့လျှင်. . . မင်းနှင့် ကိုယ့်ကို မလွဲမသွေ ခွဲခြားပေးထားသည့် သံဆန်ခါထူထူကြားမှ မင်းရုပ်လွှာကို တစ်အောင့်ကလေးမျှ မြင်ခွင့်ရခဲ့လျှင် မင်း ဒုက္ခများကို ကူညီဖြေသိမ့်ပေးနိုင်လောက်ပါသည်။ ကာယဒုက္ခသည် ယခုကဲ့သို့သော အထိမခံနိုင်သော ချစ်ခြင်းမေတ္တာ အနှောင်အဖွဲ့များအပေါ် နင်းချေ စော်ကားခံရမှုနှင့် နှိုင်းစာလိုက်လျှင် ဘာမျှ မပြောပလောက်ပါ။

မင်ဒဲလား စိတ်လိုက်မာန်ပါ လုပ်မိစေခဲ့သည့် အကြောင်းမှာ ဝင်နီကို မထီလေးစားလုပ်ခဲ့မှု ဖြစ်သည်။ အစောင့်များက မင်ဒဲလား၏ စိတ်ပျော့ကွက်ကို သိထားသည်။ ဝင်နီဖမ်းဆီးခံထားရပုံ၊ အခြားယောကျ်ားတစ်ယောက်ယောက်နှင့် လက်ထပ် ပူးတွဲခတ်ထားရပုံ၊ သတင်းစာဖြတ်ပိုင်းများကို အိပ်ရာပေါ် သို့ မကြာမကြာ လာတင်ပေးထားသည်။ အာဏာပိုင်များသိထားသည်က ဝင်နီနှင့် သူ့မိသားစုသည် မင်ဒဲလား၏အသည်း ကွဲခတ်စေမည့်အရာမှန်း သိသည်။ တစ်ခါက ဝင်နီကို မဖွယ်မရာပြောလိုက်သည့် အစောင့်တစ်ယောက်ကို သတ်မိတော့မတတ် ဖြစ်ဖူးသည်။ 'အစောင့် အကြီးအကဲတစ်ယောက်ရှိတယ်ဗျ၊ ဝင်နီနဲ့ပတ်သက်ပြီး ကဲ့ရဲ့ရှုတ်ချ ပြောလိုက်တယ်၊ ကျုပ်က ကြားတော့ ဒေါသ သိပ်ထွက်သွားပြီး ညစ်ညစ်ညမ်းညမ်းတွေ အော်ပြောလိုက်မိတယ်၊ ဒီတော့ ရုံးတင်ခံရတာပေါ့၊ ကျုပ် အဲဒီငနဲကို ဖျတ်ခနဲ ရိုက်ပစ်ချင်လိုက်တာဗျာ၊ ဒါပေမယ့် ဒေါသကို ချုပ်တည်းနိုင်ခဲ့ပေမယ့် အယုတ္တ အနတ္တတွေနဲ့ ဆဲပစ်လိုက်မိတယ်၊ ကျုပ် ခပ်ကြမ်းကြမ်း ပြောလိုက်မိတာတော့ သေချာတယ်'ဟု မင်ဒဲလားက ပြန်ပြောပြသည်။

အဆိုပါ စမ်းသပ်စစ်ဆေးခံရမှုများ၊ အနှောင့်အယှက်ပေး ခံရမှုများကြောင့် မင်ဒဲလားအတွက် အချစ်နှင့်ပတ်သက်၍ အလွယ်တကူ စိတ်နာကြည်းသွားမိပြီး အချစ်မရှိဘဲလည်း နေနိုင်သောဘဝသို့ ရောက်သွားနိုင်လောက်သည်။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး နေထိုင်နိုင်မှုသည် အထူးလိုအပ်လာသည်။ အသက်ပိုကြီးလာချိန်တွင် မင်ဒဲလားသည် အချစ်နှင့်ပတ်သက်၍ စိတ်ကူးပိုယဉ်လာခဲ့သည်။

မည်သို့ပင်ဆိုစေ ဝင်နီနှင့် လက်ထပ်ထားမှုသည် ပုံပြင်စာအုပ် အဆုံးပိုင်းကဲ့သို့ 'ပျော်ရွှင်စွာ အကြောင်းဆက် ပေါင်းဖက်ကြလေသတည်း' ဖြစ်မလာခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလား ထောင်မှ လွတ်လာသည်။ မင်ဒဲလားနှင့် ဝင်နီတို့မှာ စောစောပိုင်း နှစ်ပေါင်းများစွာအတွင်း နေထိုင်ဆောင်ရွက်ရန် ပျက်ကွက်လစ်ဟာနေမှုများကို ပြန်လည် အစားထိုးနိုင်ခဲ့ခြင်း မရှိပေ။ အပြင်လောကသားများက ဝင်နီသည် စိတ်ဓာတ်ကြံ့ခိုင်သည်၊ သစ္စာရှိသော ဇနီးမယားတစ်ဦး ဖြစ်သည်။ နောက်ကွယ် တွင်မူ သူတို့နှစ်ဦးကြား တင်းမာမှုကြီးတစ်ရပ် ပေါ်ထွန်းနေခဲ့သည်။ 'ဝင်နီဟာ နှစ်ပေါင်း နှစ်ဆယ့်ခုနစ်နှစ်လုံးလုံး သစ္စာစောင့်နိုင်လိမ့်မယ်လို့ မထင်ခဲ့ကြပါဘူး၊ သူလည်း ပုထုဇဉ်လူသားတစ်ယောက်ပဲ မဟုတ်လား'ဟု မင်ဒဲလား၏ ကိုယ်ရေး အရာရှိတစ်ဦးက ပြောခဲ့သည်။

ဘယ်သူကမျှ အဘိုးအိုကြီးကို ဘာတစ်ခုမျှ ပြန်မပြောချင်ကြပေ။ မင်ဒဲလား ကမူ မိတ်ဆွေများကို ခေါ်မေးသည်။ ဝင်နီ၏ အမူအကျင့်နှင့် ပတ်သက်၍ ကြားသိ ရသောအခါ စိတ်အတော်ပင် ထိခိုက်သွားသည်။ 'ဝင်နီက မင်ဒဲလားကို မျက်နှာ ပျက်စရာတွေ လုပ်ခဲ့တယ်၊ မင်ဒဲလားကတော့ ချစ်လိုက်ရတာဗျာ၊ မင်ဒဲလားက သူ့ကို ဘယ်တော့မှ ပစ်ပယ်လိုက်မှာ မဟုတ်ဘူးလို့ ဝင်နီ့စိတ်ထဲ သတ်မှတ်ခဲ့တယ်၊ ဒါပေမယ့် မင်ဒဲလားက အဖွဲ့အစည်းကိစ္စနှင့်ပတ်သက်ပြီး ဝင်နီကို ပစ်ပယ်မှ ဖြစ် တော့မယ်'ဟု အတွင်းလူယုံတစ်ဦးက ပြောပြသည်။ ဝင်နီသည် လွတ်မြောက်ရေး တိုက်ပွဲနှင့် အိမ်ထောင်သည်ဘဝကို ဖျက်ဆီး လာခဲ့သည်။ မင်ဒဲလားသည် ယင်းကိစ္စနှစ်ရပ်အနက် တစ်ခုကိုသာ သည်းခံနိုင်သည်။ နှစ်ခုစလုံးကိုမူ သည်းခံ နိုင်ခြင်း မရှိခဲ့ပေ။

ကျွန်ုပ်သည် မင်ဒဲလားနှင့်တွဲလျက် စာအုပ်ရေးနေကြချိန်တွင် မင်ဒဲလားနှင့် ဝင်နီတို့ ကွာရှင်းထားပြီး ဖြစ်သည်။ ဝင်နီနှင့်ပတ်သက်၍ မင်ဒဲလားကိုမေးရန် ပြောရန် မလွယ်တော့ချေ။ အတိတ်ကာလက ဝင်နီအကြောင်းကို မင်ဒဲလားနှင့် ပြောရဆိုရ လွယ်သေးသည်။ ပစ္စုပ္ပန်ကာလ ဝင်နီအကြောင်းပြောလျှင် ခါးခါးသီးသီး ဖြစ်နေတတ်သည်။ ဇန်နဝါရီလ နေ့တစ်နေ့တွင် သူ ထောင်ကျနေခဲ့ရသည့် ကာလအကြောင်း စကားရောက်သွားသည်။ သူက ဝင်နီအကြောင်း အသံကုန်ဟစ် လျက် ပြောပြသည်။ ဝင်နီသည် သူ့ထက် ဒုက္ခပိုရောက်ခဲ့ရရှာသည်၊ အာဏာပိုင် များက စော်ကားမော်ကား ပြောကြသည်၊ ထောင်ထဲ ပို့ခဲ့ကြသည်။ ထိုအချိန်တွင် ဝင်နီ့ကလေးငယ်များက အပြင်လောကတွင် မျက်စိသူငယ်ဖြင့် ကျန်ရစ်ခဲ့ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားကလည်း ကလေးများကို မစောင့်ရှောက်နိုင်ခဲ့ချေ။ မင်ဒဲလား အဆိုအရ အပြင်လောက၌ ခံစားနေရသော စိတ်ဖိစီးမှုသည် ထောင်ထဲ၌ ခံစားရသော စိတ်ဖိစီးမှုထက် ပိုမိုကြီးမားသည်ဟု ဆိုနိုင်သည်။ တစ်ကြိမ်တွင် ဝင်နီသည် တစ်နှစ် ကျော်ကျော် တိုက်ပိတ်ခံခဲ့ရသည်။ မင်ဒဲလားမှာမူ ည အနည်းငယ်လောက်သာ တိုက်ပိတ်ခံခဲ့ရသည်။

တနင်္ဂနွေတစ်နေ့တွင် ကျွန်ုပ်နှင့် မင်ဒဲလားတို့သည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့ ဆင်ခြေဖုံးရှိ Houghton ဒေသရှိ မင်ဒဲလား၏ နေရောင်ဖြာဖြာ ဧည့်ခန်းအတွင်း စကားလက်ဆုံကျနေကြသည်။ မင်ဒဲလားသည် ခြေအိတ်စွပ်ထားသော ခြေထောက်များကို သူ၏ ပက်လက်ကုလားထိုင် အရှေ့ဘက် ခုံရှည်ကလေး တစ်လုံးပေါ် တင်ထားသည်။ ထိုအချိန်မှာပင် အိမ်ထောင်ထိန်း Mirian သည် တနင်္ဂနွေနေ့ထုတ် သတင်းစာများပိုက်လျက် အခန်းထဲဝင်လာသည်။ မင်ဒဲလား၏ မျက်လုံးများ ဝင်းလက်သွားသည်။ မင်ဒဲလားသည် သတင်းစာ မက်မောသည်။ ရှေ့ဘန်းကျွန်း အကျဉ်းစခန်းတွင် နှစ်ပေါင်းများစွာ သတင်းစာငတ်နေခဲ့ရသည်။ ထို့ကြောင့် ယနေ့အထိပင် သတင်းစာဆိုသည်မှာ မင်ဒဲလားအတွက် ရှားပါးအဖိုးတန် လက်ဆောင်မွန်တစ်မျိုး ဖြစ်နေမိဆဲပင်။ မင်ဒဲလားက စကားဝိုင်းမဆက်မီ သတင်းစာထဲ ဘာတွေများပါသလဲဟု ကျွန်ုပ်ကို အရင်ဆုံး ဖတ်ခိုင်းသည်။ မိနစ်အနည်းငယ်အကြာတွင် တခစ်ခစ် ရယ်သံကြားရသည်။ သတင်းစာခေါင်းစဉ်တစ်ခုမှာ 'သမ္မတ ဝင်အရွေးခံမည့် ဝင်နီ' ဟူ၍ ဖြစ်သည်။ အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေးတိုက်ပွဲဝင် အမျိုးသမီး Helen Joseph ၏ အသုဘတွင် ဝင်နီက အာဖရိက အမျိုးသားကွန်ဂရက်ပါတီကို ဝေဖန်ပြီး ယင်းနှင့် ဆက်စပ်လျက် မင်ဒဲလားသည် အစိုးရနှင့်ပူးပေါင်းလျက် အသာကလေး ငြိမ်နေသည်ဟု ဝေဖန်ပြောကြားခဲ့ကြောင်း ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားသည်။

ဝင်နီ ပြောဆိုခဲ့မှုများအတွက် မည်သို့သဘောထားကြောင်း မင်ဒဲလားကို မေးကြည့်လိုက်သည်။ 'ကျုပ်နဲ့ ပါတီဝင်ရဲမေ ဝင်နီတို့ ၁၉၅၈ ခုနှစ်က စပြီး လက်တွဲခဲ့တာပါ'ဟု သတိရမှုတစ်ဝက် စိတ်အနှောင့်အယှက် တစ်ဝက် လေသံမျိုးဖြင့် ပြောသည်။ 'သူပြောလို့ ဘယ်လိုမှ မအံ့သြမိပါဘူးဗျာ၊ အစိုးရက သူ့ကို ပေးသမျှတွေ ယူလိုက်တာပါပဲ' ဟု ဆက်ပြောသည်။ ဒါပေမယ့် ဘယ်ဘေးက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



စိတ်နာကြည်းနေပေမယ့် အရေးကြီးတဲ့အချိန်ကာလ ရောက်နေမှ အဖွဲ့အစည်းကို ဖြိုခွဲပစ်ဖို့ ပြောဆိုလာလိမ့်မယ်လို့ မထင်ခဲ့မိပါဘူး' ဟုလည်း ဖြည့်စွက်ပြောကြားသည်။

ဝေဖန်မှုနှစ်ရပ်ကိုကြည့်လျှင် မင်ဒဲလားတွင် ဝင်နီနှင့်ပတ်သက်၍ ခံစားချက်နှစ်ရပ် ရောထွေးဖြစ်ပေါ်နေကြောင်း ထင်ရှားသည်။ ယင်း ဝေဒနာမှာလည်း စိတ်ထိခိုက်မှုဖြင့် ထုံမွမ်းလျက်ရှိသည်။ မင်ဒဲလားသည် အတိတ်ကို လွမ်းဆွတ်နေမိပြီး ပစ္စက္ခကာလအတွက်မူ ယထာဘူတ ကျနေသည်။ အချိန်ကြာမြင့်စွာပင် မင်ဒဲလားနှင့် ဝင်နီတို့ နှစ်ဦးကြားတွင် လက်နက်ကိုင်လျက် အပစ်အခတ် ရပ်စဲထားကြသည်။ နှစ်ဦးနှစ်ဖက်စလုံး ခပ်တင်းတင်းပင်။ ဤစာအုပ်ပြုစုချိန်လောက်တွင်မူ မင်ဒဲလားနှင့် ဝင်နီတို့ အမေးအထူး အခေါ်အပြော မပျက်လှတော့ပေ။

× × ×

လပေါင်းများစွာအကြာတွင် မင်ဒဲလားသည် ကျွန်ုပ်၏သူငယ်ချင်း Mary နှင့် သိကျွမ်းသွားသည်။ ထောင်မှထွက်လာချိန် ယခင်ကတည်းက တွေ့ဆုံခဲ့ဖူးသည်။ မေရီသည် AFP ပြင်သစ် သတင်းဌာန၌ လုပ်ကိုင်ခဲ့သည်။ မင်ဒဲလားက မိမိထောင်ဘူးဝမှအထွက် ဓာတ်ပုံလာရိုက်ခဲ့သော ဆံပင်နီနီ ဓာတ်ပုံဆရာမ ချောချောကလေးကို သတိရသွားသည်။ အစပိုင်းတွင် ကျွန်ုပ် မင်ဒဲလားနှင့် ခရီးထွက်ပြီး ပြန်ရောက်လာတိုင်း မေရီ လာကြိုတတ်သည်။ ထိုအခါမျိုးတွင် မင်ဒဲလားက 'ခင်ဗျား ရစ်ချတ်ကို ကျုပ်နဲ့ ခွဲမပစ်ရဘူးနော်' ဟု နောက်ပြောင်တတ်သည်။ သို့ရာတွင် နှစ်လမျှကာလအတွင်း မင်ဒဲလားက ကျွန်ုပ်အား 'ခင်ဗျား မေရီကို ယူဗျ' ဟု ပြောလာသည်။ တစ်ခါကလည်း မင်ဒဲလားသည် မေရီကို ဘေးသို့ ခေါ်ထုတ်ပြီး လက်ကိုကိုင်ကာ 'ခင်ဗျား ရစ်ချတ်ကို လက်ထပ်ရမယ်နော်၊ ဖြစ်ပါစေလို့လည်း ဆုတောင်းပါတယ်'ဟု ပြောခဲ့သည်။ အမိန့်ပေးလိုက်ခြင်း မဟုတ်ပါပေ။ သို့ရာတွင် မင်ဒဲလားသည် ကျွန်ုပ်နှင့် မေရီတို့ နှစ်ဦးအတွက် ခေါင်းကိုင်ဖခင် (godfather) ကြီးတစ်ဦး ဖြစ်လာခဲ့သည်။ အချို့ကိစ္စများတွင် ကျွန်ုပ် ရင်ထဲတွင် တွေးထားသော်လည်း နှုတ်မှ ဖွင့်မပြောရသေးသော စကားများကို မင်ဒဲလားက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စား ဝင်ပြောပေးခဲ့သလို ဖြစ်နေသည်။ မေရီလည်း ထို့အတူ ခံစားမိသည်။ သို့ရာတွင် မင်ဒဲလား အနေဖြင့်မူ ပြောသင့်မပြောသင့် ချိန်ဆ ဆင်ခြင်သတ်ချက် မထားဘဲ လွတ်လွတ်လပ်လပ် ပြောချလိုက်ခြင်း မဟုတ်နိုင်ပေ။ သူ နှစ်ပေါင်း များစွာ ဆုံးရှုံးလက်လွှတ်ခဲ့ရသော နှစ်များအတွင်း ခံစားခဲ့ရသော ခံစားချက်နှင့် ပျော်ရွှင်မှုများမှ ထွက်ပေါ်လာသော စကားများ ဖြစ်သည်။ ကွန်နိုပ်နှင့် မေရီတို့ လက်လွှတ်မသွားစေလိုသော စေတနာတရားအရပင် ဖြစ်သည်။

မင်ဒဲလားသည် အမျိုးသမီးများနှင့် အတူရှိနေရလျှင် ပျော်နေပုံရသည်။ စိတ်ပိုမိုသက်သာပြီး လွတ်လပ်မှုခံစားရပုံ ပေါ်သည်။ ပို၍ ပျော်ပျော်နေတတ်သည်။ သတိလက်လွတ်နေတတ်သည်။ မေရီနှင့် အတူရှိနေရလျှင် ထိုအချက် ပိုမို ပေါ်လွင်သည်။ မေရီပါလာလျှင် မင်ဒဲလား ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။ အားနည်းချက်တစ်ရပ်ပမာ ဖြစ်နေသည်။ ကလက်တက်တက်ပြုမူသလို ဖြစ်နေသည်။ သို့ရာတွင် ပွင့်လင်းရိုးသားမှုရှိသော လောကကြီးအတွင်း အဘိုးက မြေးငယ်များကို ဆက်ဆံသည့် ပုံစံမျိုး ဖြစ်သည်။

၁၉၉၃ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်တွင် ဂျပန်လူမျိုး ဓာတ်အပ်စိုက်ပညာရှင် အမျိုးသမီးတစ်ဦးနှင့် တတွဲတွဲ တွေ့နေရသည်။ Chikako ဟု ခေါ်သည်။ ဂျပန်သို့ ခရီးစဉ်တစ်ခုအတွင်း ခြေထောက်များ ယောင်အမ်းလာချိန်တွင် မင်ဒဲလားနှင့် ချီကာကိုတို့ တွေ့ရသည်။ မင်ဒဲလား၏ကိုယ်ရံတော် Barbara Masekela က ခြေထောက်အတွက် အပ်စိုက်ကုသခဲ့ဖူးကြောင်း ပြောပြလိုက်သည်။

'ခင်ဗျားသိတဲ့အတိုင်းပဲဗျာ၊ ဒီလိုနည်းမျိုးနဲ့ဆေးကုဖို့ ကျုပ်က စိတ်မပါလှဘူး၊ ဒါပေမယ့် ဘာဘရာက ဇွဲသိပ်ကောင်းတာပဲ၊ ဒါဟာ သိပ္ပံနည်းကျ စစ်ဆေး အတည်ပြုချက်ရပြီးတဲ့ မိရိုးဖလာ ဆေးဝါးကုသနည်း ဖြစ်ပါတယ်လို့ ရှင်းပြခဲ့တယ်၊ နောက်တော့ သိရတာက ကုသပေးမယ့်လူက အမျိုးသမီးတဲ့။ ခပ်ငယ်ငယ် အမျိုးသမီးတဲ့၊ ကျုပ်က ယောကျ်ားဆရာဝန်တွေနဲ့သာ၊ အသက် ခပ်ကြီးကြီး သမားအိုကြီးတွေနဲ့သာ ဆေးကုခဲ့ဖူးတယ်၊ ဒီတော့ အမျိုးသမီး ဆရာဝန်ငယ်ငယ် ကျုပ်ဟိုတယ်ခန်းထဲလာပြီး ဆေးကုပေးတယ်ဆိုတာကို လက်မခံနိုင်ဘူး၊ နောက်ဆုံး တော့ ဘာဘရာကိုယ်တိုင်က အခန်းထဲမှာရှိနေပါမယ်ဆိုလို့ လက်ခံလိုက်ရ တော့တယ်' ဟု မင်ဒဲလားက ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလား၏ စိုးရိမ်ပူပန်နေမှုများသည် ချီကာကိုနှင့် တွေ့ရသောအခါ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်။ ချီကာကိုသည် လူကောင်ညှက်သည်။ မပွင့်တပွင့် ပြုံးတတ်သည်။ ယဉ်ကျေးသိမ်မွေ့သည်။ ဂန္ထဝင် အပ်စိုက်ကုပညာ သင်ယူတတ်မြောက်ထားသည်။ နောင်တွင် ချီကာကိုသည် တောင်အာဖရိကတွင် မင်ဒဲလားကို ဆေးကုပေးရင်း လပေါင်းများစွာ ကြာမြင့်ခဲ့သည်။ ချီကာကိုက မင်ဒဲလားအား တိုင်းရင်းသား ဇိုဆာဘာသာဖြင့် Tata (အဖေကြီး)ဟု ခေါ်ခဲ့သည်။ မင်ဒဲလားက ချီကာကိုနှင့် ရင်းနှီးသွား၏။ ထရန်စကီနယ်နှင့် ပြည်ပခရီးစဉ်တိုင်းသို့ ချီကာကိုနှင့်အတူသွားသည်။ မင်ဒဲလားက ချီကာကိုအား မြေးမကလေး တစ်ဦးအဖြစ် ဆက်ဆံသည်။

မင်ဒဲလားက ချီကာကိုနှင့် နောက်နောက်ပြောင်ပြောင် နေတတ်သည်။ တစ်နေ့တွင် မင်ဒဲလား ချီကာကိုနှင့် ကွန်ုပ်တို့သုံးဦး ထရန်စကီနယ်အတွင်း လမ်းလျှောက်နေကြစဉ် ချီကာကိုက 'ဒူးဘယ်လိုနေသေးသလဲ'ဟု မင်ဒဲလားအား မေးလိုက်သည်။ သူက ပြုံးလျက် ကောင်းသွားပါပြီဟု ဖြေသည်။ 'ဘာဘဘေးမှာ မင်း ရှိနေရင် ဒူးက ဘယ်လိုမှ မနာတော့ဘူး၊ မင်းထွက်သွားရင်သာ ဒူးက နာလာတော့တာပဲဟေ့' ဟု ပြောလိုက်သည်။ ချီကာကိုက ဦးညွတ်လျက် ပြုံးနေသည်။

မင်ဒဲလားသည် သူတစ်ပါး အထီးကျန်ခံစားနေရမှုနှင့် ပတ်သက်၍ ဆဋ္ဌမအာရုံ အမြဲရှိနေပုံရသည်။ မိမိနှင့် ခရီးမထွက်ရသော အချိန်များတွင် ချီကာကိုသည် တစ်ဦးတည်း ငေါင်နေတတ်သည်။ အိမ်ကိုလည်း လွမ်းဆွတ်နေပုံရသည်။ တစ်ခါက ၁၉၉၃ ခုနှစ် နှစ်သစ်ကူးအကြို ညနေတွင် ဒါဘန်မြို့ ဟိုတယ်တစ်ခု၌ သုံးဦး အတူရှိနေသည်။ ဒစ္စကိုကလပ်ကလေးတစ်ခုတွင် ၁၉၇၀ ပြည့်လွန် နှစ်များနှင့် ၁၉၈၀ ပြည့်လွန် နှစ်များအတွင်း ခေတ်စားနေသည့် ပေါ့ပ်ဂီတများ တီးမှုတ်လျက်ရှိသည်။ ကွန်ုပ်တို့နှစ်ဦးအတွက် အကြိမ်တစ်ရာမျှကြားဖူးပြီဖြစ်သော်လည်း မင်ဒဲလားအတွက် ပထမဦးဆုံး ကြားဖူးခြင်း ဖြစ်ဟန်တူသည်။ ချီကာကိုသည် တေးသံအလိုက် ဦးခေါင်းကလေးကို တညိတ်ညိတ်လိုက်လုပ်နေသည်။ မင်ဒဲလား မြင်လိုက်သည်။ ကွန်ုပ်ဘက်သို့လှည့်၍ ဖခင်က သားကိုစေခိုင်းသည့်ပုံမျိုးဖြင့် မင်းတို့မောင်နှမ ကကြပါလားဟု အချက်ပြလိုက်သည်။ ကွန်ုပ်တို့ ကကြသည်။ အပြန်တွင် မင်ဒဲလားက 'သိပ်တော်တယ်'ဟု ချီးမွမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်နေ့မနက်တွင် ကျွန်ုပ်နှင့် မင်ဒဲလားတို့ စားသောက်ခန်းထဲတွင် နံနက်စာ သုံးဆောင်နေကြသည်။ ထိုစဉ် ချီကာကို အခန်းထဲသို့ လျှောက်ဝင်လာသည်။ 'လာ လာ ဒီမှာလာထိုင်ဟော့ ကိုယ့်လူ'ဟု လှမ်းခေါ်လိုက်သည်။ (မင်ဒဲလားသည် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ 'ကိုယ့်လူ' ဟုသာ သုံးနှုန်းတတ်သည်။ မင်ဒဲလားက သူ့နံဘေးရှိ ကုလားထိုင်တစ်လုံးကို လက်ဖြင့် ပုတ်ပြသည်။ 'ကျုပ်ကို ချစ်တာ ချီကာကိုတစ်ယောက်ပဲ ရှိတယ်ဗျ'ဟု ပြောသည်။ ကျွန်ုပ်က ပြည်သူသန်းပေါင်းများစွာကလည်း ချစ်တာပါပဲဟု ဝင်ပြောလိုက်သည်။ မင်ဒဲလားက 'ချီကာကိုက အနီးကပ်ပြီး ချစ်တာ၊ ဒိပြင်လူတွေက အဝေးကြီးက ချစ်တာဗျ'ဟု ပြုံးလျက် ပြန်ပြောသည်။ ချီကာကိုက ရောနှောရယ်နေသည်။ မင်ဒဲလားသည် အခြားတစ်ပါးသို့ အာရုံလွှင့်ပျံ့လျက် ချစ်နေမိ၏။ သို့ရာတွင် သူနှင့် ရင်းရင်းနှီးနှီး နေသူ နည်းပါးလှ၏။ သူနှင့်အနီးကပ်ဆုံး နေထိုင်သင့်သူတို့မှာ ဝင်နီနှင့် ကလေးအချို့ ဖြစ်သည်။ သို့ရာတွင် သူတို့ အနေစိမ်းကုန်ကြပြီ။ ခပ်ခွာခွာ ဖြစ်ကုန်ကြပြီ။ မင်ဒဲလားမှာ ယခု အထီးကျန်ဖြစ်နေရသည်။ နောက်ထပ်တစ်ကြိမ် ထောင်ကျသွားသလို ဖြစ်နေသည်။ ကျော်ကြားမှုနှင့် တန်ခိုးသြဇာတို့ကြောင့် ရင်းနှီးသူများမှ အဝေးကြီး ဝေးခဲ့ရသည်။

ထိုအချိန်ကာလအတွင်းလောက်မှာပင် သူ၏ ပျောက်ဆုံးသွားခဲ့ရသော နှစ်ကာလများကို ပြန်လည်အစားထိုး ထေမိစေမည့် အမျိုးသမီးတစ်ဦးနှင့် ဘာလိုလို ဖြစ်လျက်ရှိသည်။ Graca Machel သည် ၁၉၈၆ ခုနှစ်တွင် လေယာဉ်ပျက်ကျ ကွယ်လွန်ခဲ့ရသူ မိုဇမ်ဘစ်နိုင်ငံ တော်လှန်ရေးခေါင်းဆောင် Samora Machel ၏ ဇနီး (မုဆိုးမ) ဖြစ်သည်။ Graca သည် မိုဇမ်ဘစ်နိုင်ငံ၏ လေးစားကြည်ညိုမှု ရရှိနေသူ နိုင်ငံရေးသမားတစ်ဦး ဖြစ်သည်။ ဆင်းရဲသားကျောမွဲများနှင့် မဲပေးပိုင်ခွင့် ရုပ်သိမ်းခံထားရသူများအတွက် ကယ်တင်ရှင်လည်း ဖြစ်သည်။ ထိုစဉ်က အသက် ၄၈ နှစ်ရှိပြီ။ လိုက်လျောပျူငှာမှုရှိသည်။ အေးဆေးတည်ငြိမ်သည်။ သူတို့နှစ်ဦး ၁၉၉၀ ပြည့်နှစ်တွင် စတင်ဆုံစည်းခဲ့သည်။ ထောင်ကထွက်ပြီးစ မင်ဒဲလားသည် မိုဇမ်ဘစ်သို့ သွားရောက်လည်ပတ်သည်။ ထိုစဉ်ကပင် နှစ်ယောက်သား ရင်းနှီးသွားသည်။ ၁၉၉၂ ခုနှစ်တွင် မင်ဒဲလားသည် ဝင်နီနှင့် တရားဝင် ကွာရှင်းလိုက်သည်။ ထိုအချိန်မှစ၍ မင်ဒဲလားသည် Graca Machel ကို ချစ်ရေးဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဆင်ပြေသွားသော်လည်း အမျိုးသမီးက လက်မထပ်ချင်သေးပေ။ သို့ရာတွင် မင်ဒဲလားသွားရာ ခရီးစဉ်များတစ်လျှောက် အဖော်အဖြစ် လိုက်ပါခဲ့သည်။ မင်ဒဲလားကလည်း မိုဇမ်ဘစ်သို့ လိုက်သွားတတ်သည်။ ၁၉၉၃ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်များတွင် သူတို့နှစ်ဦး လျှို့ဝှက် ဇာတ်လမ်းခင်းနေကြဆဲပင်။ မင်ဒဲလားက အမျိုးသမီးအပေါ် အလွန် စွဲမက်မိကြောင်း ကျွန်ုပ်အား ဖွင့်ပြောသည်။ မင်ဒဲလားနှင့် Graca Machel ဖုန်းပြောနေစဉ် မကြာ မကြာ ကျွန်ုပ်နှင့်ကြုံဖူးသည်။ မင်ဒဲလားက ရာသီဥတု အေးလွန်းလျှင် ဆွယ်တာဝတ်ထားဖို့ မိုးရွာနေလျှင် ထီးဆောင်းထားဖို့ စိုးရိမ်တကြီး မှာတတ်သည်။

၁၉၉၆ ခုနှစ်တွင် မင်ဒဲလားသည် ဝင်နီနှင့် တရားဝင် ပြတ်စဲခွင့်ရသည်။ ၁၉၉၈ ခုနှစ် သူ့အချစ်ဇာတ်လမ်းကို ရုပ်သံမှ လူသိရှင်ကြား ပြောလာသည်။ 'ကျုပ်ဟာ အလွန်ထူးခြား ထင်ရှားတဲ့ ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးနဲ့ မေတ္တာမျှနေပါတယ်၊ ကျုပ်ဘဝရဲ့ နှောင်းပိုင်းမှာ ကျုပ်ဟာ ပန်းပွင့်တစ်ပွင့်လို ပွင့်လန်းကျန်းမာနေတဲ့အတွက် ကျုပ်လက်ထပ်မယ့် အမျိုးသမီးက ချစ်ခြင်းမေတ္တာနဲ့ အားပေးကူညီမှုတွေ ပေးအပ်ခဲ့တဲ့အတွက် နောင်အခါ ဘာပဲဖြစ်ဖြစ် ပူပန်မှုမရှိပါဘူး' ဟု ကြေညာခဲ့သည်။

၁၉၉၈ ခုနှစ်တွင် မင်ဒဲလား အသက် ရှစ်ဆယ်ပြည့် မွေးနေ့ဖြစ်သည်။ မင်ဒဲလားနှင့် Graca တို့ လက်ထပ်ကြသည်။ Graca က 'သူဟာ ကျွန်မအပေါ် နှစ်နှစ်ကာကာ ချစ်နိုင်ပါတယ်၊ ဒါပေမယ့် လူရှေ့သူရှေ့မှာတော့ ဒီအချက်ကို မပေါ်အောင် အစွမ်းကုန် ကြိုးစားပါတယ်၊ သီးသန့် ကိုယ်ပိုင်ဘဝမှာ သူ့ကိုယ်သူ ပုထုဇဉ်လူသားတစ်ဦးလို နေခွင့်ပေးပါလိမ့်မယ်၊ သူ ပျော်ရွှင်နေတယ်ဆိုတာ ပြည်သူတွေ သိစေ မြင်စေချင်ပါတယ်'ဟု ပြောပြသည်။

မင်ဒဲလား၏ ဘဝတစ်လျှောက်လုံးတွင် အချစ်နှင့် တာဝန်ဝတ္တရားချိန်တွက်ကြည့်လျှင် တာဝန်ဝတ္တရားက အမြဲ သာနေတတ်သည်။ တော်လှန်ရေးသမားတစ်ဦး၊ အကျဉ်းသားတစ်ဦးအတွက် အချစ်သည် ရှားပါးကုန်ပစ္စည်း ဖြစ်နေခဲ့ရသည်။ သို့ရာတွင် မင်ဒဲလားသည် ချစ်စိတ်ကယ် ဘယ်မကုန် ဖြစ်နေဆဲပင်။ ရွှေဆိုင်းခံရလျှင်ပင်ဖြစ်ဖြစ်၊ အလှမ်းဝေးနေရလျှင်ပင်ဖြစ်စေ အချစ်နှင့်ပတ်သက်၍ စိတ်ရှည်သည်။ မည်သို့ပင်ဖြစ်စေ ထောင်သွင်းအကျဉ်းစံဘဝမှာပင် အချစ်စွမ်းအားအပေါ်

www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်ယုံကြည်မှု ပိုမိုကြီးထွားနေခဲ့သည်။ တစ်ခါက ပြောဖူးသည်။ 'အမျိုးသမီး တစ်ဦးကို ချစ်မိပြီဆိုရင် သူ့အပြစ်တွေ ဘာတစ်ခုမှ မမြင်မိတော့ဘူး၊ အချစ်ဟာ အရာရာကို ပြီးမြောက်စေနိုင်တယ်၊ ဒီပြင်လူတွေ အဲဒီ အမျိုးသမီးအပေါ် အမြင် ကိုလည်း ဂရုမစိုက်ချင်တော့ဘူးဗျ'

မင်ဒဲလားဆိုသူကား ထိုနည်း ထိုပုံပင်။ နောက်ဆုံး အသက်ရှစ်ဆယ် အရွယ် တွင် အချစ်နှင့် ပျော်ရွှင်မှုကို Graca Machel နှင့်အတူ တွေ့ရှိရသည်။ နှစ်ပေါင်း ငါးဆယ်ကျော်ကျော် မင်ဒဲလား ရှာဖွေလာခဲ့ရသော ပျော်ရွှင်စွာ ဇာတ်ပေါင်းကြ လေသတည်းပင် ဖြစ်ပေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၁၃

## ဖယ်ပေးလိုက်မှုနှင့် ဦးဆောင်မှုအတူတူ

ခေါင်းဆောင်မှုနှင့် ပတ်သက်၍ နည်းလမ်းများစွာ ရှိသည်။ ယင်းတို့အနက် မင်ဒဲလား၏ ဦးဆောင်ပုံ ဦးဆောင်နည်းတစ်မျိုးမှာ စွန့်လွှတ်ခြင်း (renunciation) ဖြစ်သည်။

မင်ဒဲလားသည် လွတ်လပ်သော တောင်အာဖရိက နိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီအရ ရွေးချယ်တင်မြှောက်ခံရ၍ သမ္မတဖြစ်လာသည်။ အကယ်၍သာ သမ္မတရာထူးကို ရာသက်ပန်ဆက်ခံရယူထားလိုပါက ရယူထားနိုင်ဖွယ်ရှိသည်။ ဒုတိယသက်တမ်း ဆက်လုပ်ဦးမည်ဆိုလျှင် လက်ခုပ်ဩဘာပေးကြမည်လိမ့်မည်။ သို့ရာတွင် မိမိ၏ အစစ်အမှန်လုပ်ငန်းတာဝန်ကို သိသည်။ Cyril Ramaphosa ပြောခဲ့သလို 'လမ်းကြောင်းကိုတည့်မတ်ပေးရန်သာ ဖြစ်သည်၊ သင်္ဘောကို လိုရာသို့ မောင်းပေးရန် မဟုတ်' ပေ။ ထို့ကြောင့် ပထမသက်တမ်း တစ်နှစ်အကြာ ၁၉၉၅ ခုနှစ် ဧပြီလတွင် မင်ဒဲလားက ၁၉၉၉ ခုနှစ်တွင် အသက်ရှစ်ဆယ်ပြည့်တော့မည် ဖြစ်ကြောင်း၊ အသက်ရှစ်ဆယ်ကျော်တစ်ဦးက နိုင်ငံရေးတွင် ဝင်မရှုပ်သင့်တော့ကြောင်း မှတ်ချက်ချသည်။ ဒုတိယသမ္မတသက်တမ်း ဝင်ရွေးဦးမလားဟု မေးကြသည်။ 'လုံးဝ မလုပ်တော့ပါ' ဟု ပြန်ဖြေခဲ့သည်။ တကယ်လည်း အရွေးမခံခဲ့ချေ။ ဤသည်ပင် ခေါင်းဆောင်မှုဟူသော ဝေါဟာရကို အနက်ဖွင့်လိုက်ခြင်း ဖြစ်သည်။

မင်ဒဲလားသည် အာဖရိကနိုင်ငံတစ်နိုင်ငံ၌ နိုင်ငံရေးအကျဉ်းသမားဘဝမှ ပထမဆုံး သမ္မတဖြစ်လာသူ မဟုတ်ချေ။ သူသည် ၂၀ ရာစု အစဦးအလာတစ်ရပ်၏ အစိတ်အပိုင်းမျှသာပင်။ ကင်ညာနိုင်ငံတွင် Kenyatta, ဂါနာနိုင်ငံတွင် Nkrumah, ဇင်ဘာဘွေနိုင်ငံတွင် Mugabe တို့ ရှိသည်။ အာဖရိကအနေဖြင့် မြင်ရခဲ့သည့် အချက်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရဖြစ်စေ၊ ပြည်သူတို့၏ သဘောဆန္ဒအရ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ ရာထူးမှ မိမိ ဆန္ဒအလျောက် နုတ်ထွက်ပေးသူ သမ္မတတစ်ဦး ဖြစ်သည်။ သမ္မတ အများစုသည် သေွးရိုးသားရိုး ထွက်ခွာသွားရသည်လည်း ရှိသည်။ အေကေ ၄၇ မောင်းပြန်သေနတ်ကြောင့် ထွက်ခွာသွားရသည်လည်း ရှိသည်။ မင်ဒဲလားနှင့် ခေတ်ပြိုင် ဇင်ဘာဘွေ သမ္မတ ရောဘတ်မူဂါဘီသည် မိမိ၏နိုင်ငံကို ဖျက်ဆီးပြီးနောက် အာဏာဆက်လက် တည်မြဲလျက် ရှိသည်။

မင်ဒဲလားက အာဖရိကန်လူမျိုးများသည် မိမိတို့ကိုယ်တိုင် အုပ်ချုပ်နိုင်စွမ်း ရှိကြောင်း ပြသလိုသည်။ အာဖရိကသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ရပ်တည်နေသော တိုက်ကြီးဖြစ်သည်ဟုလည်း ပြသရန် စိတ်ဆုံးဖြတ်ထားသည်။ သူသည် အဘက်ဘက်မှကြည့်လျှင် အာဖရိကန် ဂျော့ဝါရှင်တန် ပုံရိပ်ပင် ဖြစ်သည်။ ဂျော့ဝါရှင်တန်သည် ပထမဆုံး အမေရိကန်သမ္မတအဖြစ် သက်တမ်း နှစ်ကြိမ် အမှုထမ်းရန် ဆုံးဖြတ်ထားသော်လည်း မိမိ ဆန္ဒအလျောက် အရွေးမခံတော့ဘဲ သာမန်ပြည်သူတစ်ဦးအဖြစ် နေထိုင်သွားခဲ့သည်။ (အမေရိကန် သမ္မတရာထူး သက်တမ်းရှည်ရှည် လုပ်ကိုင်ခွင့်ရရေးအတွက် လူအတော်များများက ထောက်ခံအားပေးခဲ့ကြသည်) သက်တမ်းရှည်နေခွင့် ပေါ်လာနိုင်မည့် အလားအလာကို စွန့်ပယ်လိုက်စေခဲ့သော ဝါရှင်တန်၏ ဆုံးဖြတ်ချက်သည် အမေရိကန် သမ္မတ တင်မြှောက်ရေးဆိုင်ရာ ပုံစံဖြစ်လာခဲ့သည်။ ဝါရှင်တန်နည်းတူပင် မင်ဒဲလားကလည်း မိမိ၏ခြေရာများသည် သဲပြင်ပေါ်တွင် ပထမဆုံး ကျန်ရစ်ခဲ့သောအရာများ ဖြစ်သည်။ ထိုခြေရာအတိုင်း အခြားသူများ လိုက်ကြမည်ဟု သဘောပေါက်ခဲ့သည်။ မင်ဒဲလားက မိမိ စံပြုနမူနာပြမှုသည် သူ့အနေဖြင့် မူဝါဒတစ်ခု ချမှတ်ပေးခဲ့သည်ထက် ပိုမို၍ တာရှည်ခံမည်၊ ပိုမို၍ သြဇာသက်ရောက်မှု ရှိလိမ့်မည်ဟု သိခဲ့သည်။

မင်ဒဲလားသည် နောက်ဆုံးတွင် သမ္မတရာထူးမှ တကယ်ပင် ထွက်ပေးလိုက်သည်။ ထိုအချိန်တွင် မင်ဒဲလားသည် နားသည်ဆိုပါက အမှန်တကယ် အနားယူသင့်သည်။ လယ်တောထဲပြန်သွားကာ အေးချမ်းစွာနေထိုင်သွားခဲ့သော ရောမ ခေါင်းဆောင် Cincinnatus ကို အတုယူသင့်သည်ဟု ယုံကြည်ခဲ့သည်။ မင်ဒဲလားသည် အမှန်စင်စစ် လူသူဝေးဝေး အေးချမ်းစွာ မနေလိုသေးပေ။ လူအများရှေ့တွင် သွားသွားလာလာ နေပြချင်ဆဲပင်။ သို့ရာတွင် ယင်းသို့ လုပ်ခဲ့လျှင် ရာထူးမှ

www.burmeseclassic.com

www.burmeseclassic.com



မိမိဆန္ဒအလျောက် နုတ်ထွက်နိုင်လိမ့်မည်မဟုတ်။ လူအများကလည်း မင်ဒဲလား သမ္မတ ပြန်အရွေးခံချင်သေးသည်ဟု တိတ်တဆိတ် ထင်မှတ်ခံရလိမ့်မည်။ စင်မြင့်ပေါ်မှ ထွက်ခွာပြီဆိုလျှင် ကန့်လန့်ကာကြားမှ မိမိဦးခေါင်းကို ပရိသတ်မြင်အောင် ထုတ်ပြဖို့ မလိုတော့ပေ။ သို့ရာတွင် ပထမနှစ်အနည်းငယ်အတွင်း သူ့နေရာ ဆက်ခံသူ ကျင့်သုံးနေသောမူဝါဒများကို ဝေဖန်မှု လုံးဝ မပြုခဲ့ချေ။ မိမိသည် သွားရမည့်လမ်းကြောင်းမှန်ကို ချမှတ်ပေးခဲ့ပြီ။ ယခုအချိန်တွင် အခြားသူများက သင်္ဘောကြီးကို ပဲ့ကိုင်မောင်းနှင်သွားရတော့မည်ဟု မင်ဒဲလား သဘောပေါက်ထားပြီး ဖြစ်သည်။

× × ×

ကိစ္စပြဿနာပေါ်လာတိုင်း ဆန့်ကျင်ဝေဖန်မှုပြုနေလျှင် အကျိုးမရှိနိုင်ဟု သိထားသည်။ တစ်ခါတစ်ရံတွင် ပွဲကိုသရေပွဲအဖြစ် ရပ်လိုက်ခြင်းသည် ပိုကောင်းသည်။ အချို့သော အခြေအနေမျိုးတွင် လေကုန်မခံလျှင် ကောင်းသည်။ ရော့ဘန်းကျွန်း အကျဉ်းထောင်ထဲတွင် အကျဉ်းသားများသည် အကြောင်းတစ်ခုခုနှင့် ပတ်သက်ပြီး အမြဲ လိုလိုပင် စကားအချေအတင် ပြောတတ်သည်။ ဘာကိစ္စမဆို စကားစစ်ထိုးနိုင်ကြသည်။ နမူနာပြရလျှင် ကွန်မြူနစ်ပါတီနှင့် အေအင်န်စီသည် တစ်ဖွဲ့တည်းလား၊ နောင်တွင် ဖွဲ့စည်းနိုင်မည့် တောင်အာဖရိက ဒီမိုကရေစီအစိုးရအဖွဲ့တွင် Afrikaner များ ကြီးစိုးနေသည့် National Party ထည့်သွင်းသင့်သလား၊ စသည်ဖြင့် စကားအချေအတင် ပြောခဲ့သည်။ အငြင်းသန် ရန်ဖြစ်စရာ ခေါင်းစဉ်မျိုးလည်း ပါရှိတတ်သည်။ (အမှန်တော့ ရယ်ဖို့ပင် ကောင်းသည်) ကျားသည် အာဖရိက၏ မျိုးရင်းသတ္တဝါလားဟူသော ခေါင်းစဉ် ဖြစ်သည်။ အမှန်စင်စစ် အာဖရိကတွင် ကျားမရှိပေ။ ကျားသည် အာရှတိုက်၏ မျိုးရင်းသတ္တဝါသာ ဖြစ်သည်။ သို့ရာတွင် နှစ်ပေါင်းများစွာ ကြာသည်အထိပင် အာဖရိကသည် ကျားသတ္တဝါတို့၏ နေရင်းဇာတိဟု သဘောပေါက်နေကြသည့် အကျဉ်းသားများစွာ ရှိခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ငြင်းခုံကြသည်။ ကျားသည် အာဖရိကဇာတိ ခေါင်းစဉ်ကို အလေးအနက်ရှေ့တန်းတင် ငြင်းခုံနေသူ တစ်ဦးရှိသည်။ တစ်နေ့တွင် မင်ဒဲလားက အာဖရိကတွင် ကျားမရှိခဲ့ပါဘူးဆိုတဲ့ အချက်က ရှင်းနေတာပဲဟု

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကို ပြောပြသည်။ ထိုအကျဉ်းသား ရှုံးရှုံးရားရား ဖြစ်သွားသည်။ ထိုအခါ မင်ဒဲလားက မည်သို့မျှ ပြန်လည်တုံ့ပြန်မှု မပြုခဲ့ပေ။ အငြင်းပွားမှုကို အသာရှောင်ပေးလိုက်သည်။ ထားလိုက်ပါတော့ဟု ပြောပြီး စောင့်ကြည့်နေခဲ့သည်။ နှစ်အနည်းငယ်အကြာတွင် အကျဉ်းသား လူသစ်တစ်ယောက် ရောက်လာသည်။ သတ္တဗေဒသင်ယူတတ်မြောက်ထားသည်။ ကမ္ဘာအနှံ့ရောက်ဖူးသည်။ လူသစ်က ကျားကအာဖရိကမျိုးရင်း မဟုတ်ပါဘူးဟု ဖြေရှင်းပေးလိုက်သည်။ အားလုံး ကျေနပ်သွားသည်။ အငြင်းသန်သူပင် ငြိမ်ကျသွားသည်။ မင်ဒဲလားကား ဤကိစ္စနှင့်ပတ်သက်၍ မစ္ဆရိယစိတ်ဖြင့် ထိုရှုံးနိမ့်သွားမှုအတွက် ဝမ်းမြောက်ဝမ်းသာပင် မရှိခဲ့ပေ။

× × ×

မင်ဒဲလားသည် ဘာကိုမျှလွယ်လွယ်ဖြင့် အလျှော့ပေးတတ်သူ မဟုတ်ပေ။ ထောက်ခံပြောခဲ့သူ များလှ၏။ ရော့ဘန်းကျွန်း အကျဉ်းထောင်တွင် အတူနေခဲ့ရသူများမှ အစ ဇနီးဖြစ်သူ Graca - Machel အထိ ပါဝင်သည်။ မင်ဒဲလား စိတ်ဆုံးဖြတ်လိုက်သည်နှင့် မည်သူကမျှ မပြောင်းလဲနိုင်တော့ပေ။ သူ့ဘာသာသူတော့ ပြောင်းတတ်သည်။ စိတ်မပြောင်းလျှင် ဇာတ်သိမ်းမလှ ဖြစ်လိမ့်မည်ဟူသော သက်သေအထောက်အထား တွေ့ရချိန်တွင် ပြောင်းလဲပေးတတ်သည်။ သူသည် တိုက်သည်၊ စောဒက တက်သည်၊ မိမိဘက်ပါလာဖို့ သွေးဆောင်ကြည့်သည်။ သို့ရာတွင် မိမိလုပ်နေမှုသည် လက်တွေ့မကျဘူး၊ မိုက်မဲရာရောက်သည်ဟု သိလာသည်နှင့် အသာကလေး လျှော့ပေးလိုက်လိမ့်မည်။ ဤအတိုင်းပင်။

တစ်နေ့တွင် မင်ဒဲလားက ကျွန်ုပ်အား အသက် ၁၈ နှစ်အောက် မဲပေးခွင့်ရှိသောနိုင်ငံသိသလားဟု မေးသည်။ သူက ဘာကြောင့်မေးကြောင်း သိပါသည်။ ရွေးကောက်ပွဲကြီး နီးလာပြီ။ တောင်အာဖရိက လူထုထက်ဝက်မှာ အသက် ၁၈ နှစ်အောက် အရွယ်များ ဖြစ်သည်။ ၁၈ နှစ်အောက် အရွယ်များ မဲပေးခွင့်ရခဲ့လျှင် အများစုဖြစ်နေသော တောင်အာဖရိက လူငယ်ကလေးများက သူ၏ အေအင်န်စီပါတီကို မဲပေးကြလိမ့်မည်။

ကျွန်ုပ်လည်း သုတေသန လုပ်ကြည့်၏။ သိပ် သဲသဲကွဲကွဲမဟုတ်သောနိုင်ငံစာရင်းတစ်ခု ပြုစုပေးလိုက်သည်။ ကျူးဘား၊ နစ်ကာရာဂါ၊ မြောက်ကိုရီးယား၊

www.burmeseclassic.com

www.burmeseclassic.com



အင်ဒိုနီးရှားနှင့် အီရန်တို့ ပါဝင်သည်။ မင်ဒဲလား သဘောကျသွားသည်။ သိပ်တော်တယ်ဟု ချီးကျူးသည်။ သူ၏ အမြင့်မားဆုံး ချီးကျူးမှုပင်။ ရက်သတ္တပတ်နှစ်ပတ်မျှအကြာတွင် မင်ဒဲလားသည် တောင်အာဖရိက ရေဒီယိုမှ အသံလွှင့်သည်။ မဲပေးနိုင်သောအသက်ကို ၁၄ နှစ်သို့ လျှော့ချသင့်ကြောင်း အဆိုပြုတင်ပြသည်။ မီဒီယာလောက ပွက်လောရိုက်သွားသည်။ သူ၏ ပါတီအတွင်း၌လည်း ရှုပ်ထွေးသွားသည်။ ပြည်သူတို့က မင်ဒဲလား၏ အကြံဉာဏ်သည် အူကြောင်ကြောင် နိုင်လှသည်ဟု ဝေဖန်ကြသည်။ နောက်ထပ် ကောင်းသည် ဆိုးသည်ဘာမျှ မပြောခဲ့ကြချေ။

ရက်သတ္တပတ် အနည်းငယ်အကြာတွင် သူ၏ စိတ်ကူးသည် အများကြိုက်မဟုတ်ပါလားဟု သူ့ကို ကျီစယ်လိုက်သည်။ သူသည် မျက်မှောင်ကြုတ်လိုက်သည်။ ဆတ်ခနဲ ခေါင်းကို မော့ပစ်လိုက်သည်။ တစ်နေ့ကြည့်ပေါ့ဗျာဟု ပြန်ပြောသည်။ အတိုက်အခံဘက်က အင်အား ပိုကောင်းလာပုံရသည်။ အမျိုးသား အုပ်ချုပ်ရေး ကော်မတီဝင် Ramaphosa က 'မင်ဒဲလားက ကျုပ်တို့ကို သူ့စိတ်ကူး အစွံထုတ်ကြည့်လိုက်တာပဲဗျ၊ ဒါပေမယ့် သူက (ထောက်ခံအားပေးသူပဲ) ဖြစ်သွားတယ်၊ အောင်ပွဲခံနိုင်စရာ မရှိဘူး ဆိုတဲ့ အမှန်တရားကို သူ ရင်ဆိုင်ရတယ်၊ စိတ်လျှော့ချပြီး လက်ခံလိုက်ရှာတယ်၊ သူဟာ စိတ်ဆိုး စိတ်ကောက်သွားတာ မရှိခဲ့ပါဘူး'ဟု ပြောပြသည်။

မင်ဒဲလား သူ့ဘာသာ စိတ်ပြောင်းသွားသောအခါ လုပ်ပုံကိုင်ပုံ တစ်မျိုးထူးနေတတ်သည်။ အခြားတစ်ဖက်သို့ သူ ရောက်သွားတတ်သည်။ ယခုမှ အသစ် တစ်ဖန်ပြောင်းလဲစ လူတစ်ယောက် စိတ်ဓာတ်မျိုးဖြင့် လက်ခံ ယုံကြည်သွားတတ်သည်။ တစ်ကြိမ်သောကာလက သူ ဆန့်ကျင်မိခဲ့ပုံကိုပင် ရယ်သွမ်းသွေးပစ်တတ်သည်။ နောင်နှစ်များစွာအကြာတွင် ၁၄ နှစ်အရွယ် မဲပေးခွင့်ဟူသော ကိစ္စမျိုးပေါ်ထွက်လာခဲ့လျှင် ကျွန်ုပ်အား မျက်စိတစ်ဖက် မှိတ်ပြတတ်သည်။ အလျှော့ပေးလိုက်မှုဟူသည် အောင်ပွဲခံလိုက်မှုတစ်မျိုး ဖြစ်ကြောင်း မင်ဒဲလား နားလည်သဘောပေါက်ထားသည်။ အရှုံးပေးခြင်းဟူသည်မှာလည်း နိုင်သွားသောဘက်သို့ကူးပြောင်းသွားခြင်းပင် ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်တတ်ခဲ့လျှင် မိမိအို့ကိုယ်တိုင်လည်း အောင်ပွဲခြိမ့်ခြိမ့် ခံနိုင်ပေလိမ့်မည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

၁၄

# မှန်လည်း မှန်နိုင် မှားလည်း မှားနိုင်

နယ်လ်ဆင်မင်ဒဲလားသည် ကွဲပြားခြားနားခြင်း၊ ဝိရောဓိဖြစ်ခြင်း (Contradiction) နှင့် နေတတ်ထိုင်တတ်သည်။ သူ့ရှိ ဝိရောဓိနှင့်ပင် အလိုက်သင့် နေတတ်သည်။ ကျွန်ုပ် သူနှင့်ရှိနေရခိုက် တစ်ခါတစ်ရံတွင် Walt Whitman ၏ 'Song of Myself' ကဗျာမှ စာကြောင်းကလေးများနှင့် ပတ်သက်၍ မည်သို့ သဘောရသလဲ မေးကြည့်မိတတ်သည်။

'ငါကိုယ်တိုင် ငါ ဝိရောဓိဖြစ်အောင် လုပ်တတ်သလား၊
ဒါပေါ့၊ ငါ့ကိုယ်ငါ ဝိရောဓိဖြစ်အောင် လုပ်တတ်တယ်။
(ငါဟာ ပမာဏကြီးမားတယ်၊ ငါ့မှာ အနမတဂ္ဂပါရှိတယ်)

မင်ဒဲလားသည် ပမာဏကြီးမားပါသည်။ ဝိရောဓိ အနမတဂ္ဂ ပါရှိနေပါသည်။ သူ့ကိုယ်သူလည်း မကြာ မကြာ ဝိရောဓိ ဖြစ်စေတတ်သည်။ ရှေ့နောက်ညီညွတ် တစ်သမတ်တည်းဖြစ်ခြင်း (consistency) သည် အစစ်အမှန် မဟုတ်သော အားသာချက်သက်သက် ဖြစ်သည်။ ရှေ့နောက်မညီညွတ် တစ်သမတ်တည်း မဖြစ်ခြင်း (inconsistency) သည်လည်း အလိုအလျောက်ဖြစ်လာသော ချွတ်ယွင်းချက် မဟုတ်ချေ။ မင်ဒဲလား ဤသို့ သဘောပေါက်ထားသည်။ လူသားများသည် အစိတ်အပိုင်းများစွာ ဆက်စပ် ပါဝင်နေသော သတ္တဝါဖြစ်သည်။ လူများတွင် စေ့ဆော်မှု အနတ္တရှိနေသည်။ ဤကဲ့သို့လည်း နားလည်ထားသည်။

တွေ့ဆုံမေးမြန်းပွဲတစ်ခုတွင် ကျွန်ုပ်က မင်ဒဲလားအား မေးဖူး၏။ 'အကြမ်းဖက်တဲ့နည်းနဲ့ တိုက်ရင် လူဖြူလူမည်း ခွဲခြားရေးစနစ်ကို နိုင်မှာမဟုတ်ဘူးထင်လို့၊ ဒါမှမဟုတ် အေအင်န်စီ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်မသွားအောင်လို့ လက်နက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကို လက်ခံလိုက်တာလားဟု မေးကြည့်သည်။ မင်ဒဲလားနှင့်အတူ အလုပ်လုပ်ခဲ့သည်မှာ တစ်လခန့်သာ ရှိသေးသည်။ နေသားကျနေပြီဖြစ်၍ အခက်အခဲ မရှိပါ။ ကျွန်ုပ်တို့ စကားစမြည်ပြောခဲ့ကြသည့် စောစောပိုင်း ရက်သတ္တပတ်များ အတွင်း မင်ဒဲလားမှာ သမားရိုးကျဆန်နေဆဲပင်။ ကျွန်ုပ်၏ ဖြေရကျပ်သော မေးခွန်းမျိုးကို ဖြေရာတွင် သတင်းစာ ရှင်းလင်းပွဲဖြေနည်းမျိုး ဖြစ်နေသည်။ မာဆတ်ဆတ်နှင့် ကြိုတင် တွက်ချက် သိနိုင်လောက်သည်။ တစ်ဦးနှင့်တစ်ဦး ဟန်ကြီးပန်ကြီး လုပ်စရာမလိုတော့သောအခါ ကျွန်ုပ်၏ မေးခွန်းများသည် အဖြစ်အပျက်များကိုပြောပြရန် တိုးချဲ့ပြောပြရန် တာထွက်မှုအဖြစ် သဘောထားသည်။ သို့ရာတွင် ဤသို့ဆက်ဆံရေး အဆင်ပြေလာချိန်တွင် အရာရာကို ကြားချ၍ မေးကြ ပြောကြသည်။ ပုံမှန်အားဖြင့် မင်ဒဲလားသည် မေးလိုက်သည့် မေးခွန်းကို အကြာကြီး စဉ်းစားနေတတ်သည်။ သူ့အဖြေကို တစ်စချင်း ဖြည်နေစဉ် ခပ်ဝေးဝေး ငေးကြည့်နေတတ်သည်။ ဤတစ်ကြိမ်တွင်မူ လက်နက်ကိုင်လမ်းစဉ်ကို ဘာကြောင့် ကိုင်စွဲရတာလဲဟု မေးလိုက်သောအခါ ကျွန်ုပ်အား စိုက်ကြည့်လိုက်သည်။ တွေတွေကြီး စိတ်အနှောင့်အယှက် ဖြစ်သွားဟန် ပေါ်လာသည်။

ထို့နောက် မင်ဒဲလားက 'ရစ်ချတ်ရယ်၊ နှစ်ခုစလုံးကြောင့်ကော မဖြစ်နိုင်ဘူးလား'ဟု မေးလိုက်သည်။

**'နှစ်ခုစလုံးကြောင့် မဖြစ်နိုင်ဘူးလား'** (Why not both?)

ကျွန်ုပ်သည် ရံဖန်ရံခါ မေးခွန်းများကို ထိုသို့ နှစ်ခွ မေးကြည့်တတ်သည်။ ဒီဟာကြောင့် မဖြစ်နိုင်ဘူးလား၊ ဟိုဟာကြောင့် မဖြစ်နိုင်ဘူးလား။ (က) ကြောင့်လား။ (ခ) ကြောင့်လား။ ဟုတ်လား၊ မဟုတ်ဘူးလား။ စောစောပိုင်းတွင် ဤသို့ နှစ်ခွ မေးခွန်းများနှင့်ပတ်သက်၍ သူ စိတ်တိုမိပုံပေါ်သည်။ သူဖြေသမျှ နှစ်မျိုးစလုံး ဖြစ်နေတတ်သောကြောင့်ပင်။ ရက်စ် သို့မဟုတ် နိုး ဟူ၍ လွယ်လွယ်ကူကူဖြေ၍ မရသော မေးခွန်းမျိုး ဖြစ်သည်။ အမှန်စင်စစ် ပြဿနာမေးခွန်း နောက်ကွယ်တွင် မရှင်းမလင်းသည့် အကြောင်းပြချက် ပါရှိနေကြောင်း သူ သိသည်။ ခက်ခဲသော မေးခွန်းအားလုံးကို လွယ်လွယ်ဖြေ၍ မဖြစ်ပေ။ ရှင်းပြချက်အားလုံး မှန်ကန်မှု ရှိနိုင်သည်။ ပြဿနာတိုင်းတွင် တစ်ခုတည်းမဟုတ်ဘဲ ဖြစ်ရသည့် အကြောင်းတရားများစွာ ရှိနေသည်။ ဤသည်ပင် ကမ္ဘာလောကကြီးအပေါ် မင်ဒဲလား ရှုမြင်ပုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင် မင်ဒဲလားက ဇနီးရှာရန် ရွာမှထွက်သွားသော ဇိုဆာ တိုင်းရင်းသား လူငယ်တစ်ဦးအကြောင်း ပုံဆောင်ဝတ္ထုကလေးတစ်ပုဒ်ကို ကိုးကားပြောပြသည်။ ထိုလူငယ်သည် နှစ်ပေါင်းများစွာ ကမ္ဘာအနှံ့လျှောက်သွားသည်။ မယားကောင်း မယားမြတ် လိုက်ရှာနေခဲ့သည်။ မတွေ့ခဲ့ပေ။ နောက်ဆုံး ရွာကလေးသို့ သတို့သမီး မပါဘဲ ပြန်ရောက်လာသည်။ ရွာလမ်းတစ်နေရာတွင် အမျိုးသမီးတစ်ဦးကို သွားတွေ့သည်။ 'ဟာ၊ ငါ့အတွက်မိန်းမ တွေ့ပါပေါ့လား'ဟု ပြောလိုက်သည်။ မင်ဒဲလား ပြောပြချက်အရ ထိုအမျိုးသမီးသည် လူငယ်၏နေအိမ်နှင့် ကပ်ရပ် အိမ်တွင် နေထိုင်သည်။ ရာသက်ပန်နေထိုင်လာခဲ့သည်။ 'တိုက်ရှေ့တည့်တည့်မှာ ရောက်နေလို့ မိမိရှာဖွေနေခဲ့တဲ့အရာကို အဝေးကြီးသွားရှာနေစရာ မလိုဘူးလို့ သင်ခန်းစာပေးချင်တာလား၊ သို့တည်းမဟုတ် မိမိနှင့် အနီးကပ်ဆုံးနဲ့ အရင်းနှီးဆုံး အရာတွေကို တန်ဖိုးထားတတ်ဖို့ အတွေ့အကြုံ ဗဟုသုတတွေ ကျယ်ကျယ်ပြန့်ပြန့် ရှိနေရမယ်လို့ ဆိုချင်တာလား'ဟု ကျွန်ုပ်က မေးလိုက်သည်။

မင်ဒဲလားသည် တစ်အောင့်ကြာမျှ စဉ်းစားနေသည်။ ဦးခေါင်းတဆတ်ဆတ် ညိတ်သည်။ 'အင်း၊ တစ်ခုတည်းတော့ ပြောလို့မရဘူးဗျ၊ နှစ်ခုစလုံး မှန်နိုင်တယ်' ဟု ပြောခဲ့သည်။

× × ×

မင်ဒဲလား ထောင်မှလွတ်လာချိန်တွင် သူသည် ကမ္ဘာလောကကြီးကို အဖြူအမည်း အရောင်ဖြင့်သာ မြင်နေသည်ဟု ယူဆကြသည်။ မည်သို့ပင်ဖြစ်စေ ရိုးရိုးစင်းစင်း ကြည်ကြည်လင်လင် အယူအဆအတွက် သူ၏ သက်ကြီးပိုင်းအရွယ် ဘဝ အများစုကို စတေးခဲ့ရသည်။ သူ့ဘက်တွင် တော်မှန်လမ်းကျမှု (righteousness) ရှိသည်။ ကမ္ဘာလောက လူအများစု လက်ခံထားသော အယူအဆမျိုးရှိနေ သည်။ လူဖြူလူမည်း ခွဲခြားရေးဝါဒဘက်မှ လိုလားထောက်ခံသူရှိလျှင်လည်း အနည်းအကျဉ်းမျှလောက်သာ ရှိနိုင်သည်။ သို့ရာတွင် ထောင်မှထွက်လာသော အသက် ခုနစ်ဆယ့်တစ်နှစ်အရွယ် အဘိုးအိုတစ်ဦးမှာ လူအများ ကြိုတင်မျှော်မှန်း ထားသည်ထက် ပိုမို၍ သိမ်မွေ့ညှံ့သက် ထိုးထွင်းသိမြင်တတ်သူ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ဒဲလားသည် လူဖြူများ၏ စိုးရွံ့စိတ်များနှင့် လူမည်းများ၏ ခံပြင်းနေမှုများကို သိနားလည်ထားသည်။ လူမျိုးစုနွယ်အလိုက် စရိုက် (Tribalism) နှင့် အနုပညာ၊ ဘာသာအယူဝါဒ၊ ခေတ်မီ အတွေးအခေါ်များ၊ စွမ်းအင် (Power of modernity) တို့ ဒွန်တွဲ လွန်ဆွဲနေမှုကို သတိထားမိသည်။ နိုင်ငံပိုင်ပြုလုပ်ခြင်း (nationalization) ၏ စိတ်ဝင်စားအောင် ဆွဲဆောင်နေမှုနှင့် ဈေးကွက်စီးပွားရေးစနစ်၏ ညှို့ဓာတ်တို့ တွေ့မြင်နေရသည်။ Afrikaner တို့ ရပ်ဂ်ဘီဝါသနာကြီးမှုနှင့် လွတ်လပ်ရေးတိုက်ပွဲဝင်သူတို့၏ ရပ်ဂ်ဘီ ရွံ့မုန်းမှုတို့ကို နားလည် သဘောပေါက်သည်။ ပြဿနာတိုင်းတွင် အစွန်းနှစ်ပါးရှိကြောင်းလည်း အမြဲလိုပင် သိနေသည်။ သူ၏ လုပ်ဆောင်ရန် ပျက်ကွက်နေသော အနေအထားမှာ 'ကြားနေ' လမ်းကြောင်း ရှာတွေ့ရေး ဖြစ်သည်။ အင်အားစု နှစ်ဖက်စလုံးကို စေ့စပ်ပြေလည်စေမည့် နည်းလမ်းဖြစ်သည်။ တစ်နည်းဆိုရလျှင် ပြည်သူတို့ကိုစည်းရုံးပြီး သိမ်းသွင်းရန်ဟူသော မြဲမြဲခိုင်မာနေသည့် လိုအပ်ချက်မှ ထွက်ပေါ်လာမှု ဖြစ်သည်။ သို့ရာတွင် အများအားဖြင့် ကမ္ဘာလောကကြီး၏ အတွေးအမြင်စနစ်နှင့် ပင့်ကူမျှင်လို လိမ်ရှုပ်နေသောလူသားများ စေ့ဆော်မှုများ ရှိနေမှုမှ ရရှိခဲ့သည်။

လုပ်ဖော်ကိုင်ဖက်များကို ပြုမူဆက်ဆံရာတွင် မင်ဒဲလား၏သိနားလည်တတ်မှု နူးညံ့မှုကို မြင်ရသည်။ သူသည် အဆိုးအကောင်း၊ မြင့်မြတ်သော၊ ယုတ်ညံ့သော၊ စေ့ဆော်မှုနှစ်မျိုး ရောနေမှုကို အမြဲပင် မြင်မိသည်။ ဤအချက်ကို ပြဿနာများကိုင်တွယ်မှုတွင် တွေ့ရသည်။ မည်သည့်ဘက်တွင်မျှ သူစရိုက်ဖြစ်ပေါ်ရန် အထူးသီးသန့်တောင်းဆိုမှု သို့မဟုတ် အမှားကို မှန်သွားအောင် ပြုပြင်မွမ်းမံမှုလည်း မရှိတတ်ပေ။ ကျွန်း အကျဉ်းထောင်အတွင်း အစားအသောက်ကိစ္စအတွက် တိုက်ပွဲဝင်ခဲ့ရပုံကို ပြန်ပြောင်းပြောပြခဲ့သည်။ အိန္ဒိယတိုင်းရင်းသားများနှင့် မျက်နှာဖြူမဟုတ်သူများ၊ ကပြား အကျဉ်းသားများက အခြားသူများထက် အစားအစာ ပိုကောင်းသည်။ အသား ပိုစားရသည်။ အာဖရိကန် အကျဉ်းသားများက အစားအသောက်ချင်း အတူတူကျွေးရန် ဆန္ဒပြကြသည်။ သူတို့၏အမြင်ကို နားလည်သဘောပေါက်ရန် လွယ်ကူလှသည်။ မင်ဒဲလားသည် အိန္ဒိယတိုင်းရင်းသားများနှင့် ကပြားများနှင့် အလုပ်ရှုပ်ခံလျက် ဆွေးနွေးကြည့်ခဲ့သည်။ သူတို့က ယှဉ်ထိုင်ကြောင်ထင် ဖြစ်စေသော ညီတူညီမျှဖြစ်မှုဟူသော ကိစ္စကို အကြောင်းပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



သူတို့စားနေကျ အစားအသောက်များ ပိုမို ညံ့ဖျင်းသွားမည်ကို စိုးရိမ်လျက်ရှိသည်။ နောက်ဆုံးတွင် အကျဉ်းသားအားလုံးအတွက် အရည်အသွေး ပိုမိုကောင်းမွန်သော အစားအစာများကျွေးပါရန် အာဏာပိုင်များထံ တောင်းဆိုပေးနိုင်ခဲ့သည်။ မင်ဒဲလားသည် ဘက်အားလုံးကို ကြည့်မြင်သည်။ ဘက်အားလုံးနှင့် စကားပြောသည်။ ဘက်အားလုံး ရင်ကြားစေ့ ပြေလည်သွားစေရန် ကြိုးပမ်းခဲ့သည်။

အမှန်ဆိုရလျှင် လူတိုင်း စိတ်ကျေနပ်သွားအောင် အမြဲတမ်းပြုပေးနိုင်ဖွယ်မရှိပေ။ ဆိုးဝါးနေသော အခြေအနေမျိုးများ ဖြစ်ပေါ်လာသောအခါ မင်ဒဲလားသည် နှစ်ဖက်စလုံးကို ကြည့်မြင်ခဲ့သည်။ သို့ရာတွင် တစ်ဖက်ဘက်သို့သာ လိုက်လျော လက်ခံရတတ်သည်။ AIDS/HIV တို့နှင့် ပတ်သက်၍ အာဖရိကတစ်လွှား ရှေးရိုးစဉ်လာမြဲထားတတ်မှုကို မင်ဒဲလား နားလည်ခဲ့သည်။ သို့ရာတွင် နိုင်ငံအတွင်း ခံစားနေရသော ဝေဒနာရှင် သန်းပေါင်းများစွာအတွက် အိပ်ချ်အိုင်ဗီ ကာကွယ်ဆေး မသုံးခဲ့ခြင်းသည် မှားယွင်းကြောင်း သူ သိသည်။ မင်ဒဲလားက Cyril Ramaphosa ကို သူ့ရာထူးနေရာ ဆက်ခံစေလိုသည်။ သို့ရာတွင် သူ၏ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်များက Thabo Mbeki ကို ဘာကြောင့် ပိုမိုလိုလားကြောင်း နားလည်သည်။ Winnie နှင့် ကွာရှင်းရချိန်တွင် မင်ဒဲလား ဘဝတွင် နာကြည်းစရာအကောင်းဆုံး ပုဂ္ဂိုလ်ရေးဆုံးဖြတ်ချက်ကို ချခဲ့ရသည်။ ထိုအချိန်မှာပင် ဝင်နီ၏ ကောင်းကွက်များကို မြင်မိနေဆဲပင်။ သို့ရာတွင် ထိုအချိန်တွင် မိမိဘာလုပ်ရတော့မည်ကို သိခဲ့သည်။ မင်ဒဲလား၏ စိတ်ထဲတွင် အကောင်းနှင့်အဆိုး နှစ်ခုစလုံးကို တစ်ပြိုင်တည်း ခံယူထားနိုင်သည်။ ဝင်နီအပေါ် အကြီးမားဆုံးမြတ်နိုးခဲ့မှု မှတ်ဉာဏ်နှင့် ဝင်နီက သူ့ကို ထိခိုက်နာကျင်အောင် လုပ်ဆောင်နေကြောင်း သိထားမှု နှစ်ခုစလုံးကို ခံယူထားရသည်။ ဝင်နီ့ကို စွန့်ခွာရန် ဆုံးဖြတ်လိုက်ရမှုသည် သူ့အတွက် ဒုက္ခဝေဒနာ ကြီးမားပြင်းထန်လှသည်။

တောင်အာဖရိကတွင် ပွဲဦးထွက် အစိုးရဖွဲ့စည်းရန် ဆွေးနွေးညှိနှိုင်းရာတွင် မင်ဒဲလားသည် သဘောတူညီချက်ရရှိရန် အခြေခံကျကျ အပေးအယူ လုပ်ခဲ့ရသည်။ မင်ဒဲလား၏ လုပ်ဖော်ကိုင်ဖက် အများစုက ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့ကြသည်။ သို့ရာတွင် မင်ဒဲလားသည် National Party ကို မြို့ပြဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးခဲ့သည်။ ညီညွတ်သော အစိုးရဖွဲ့စေသည့် အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့တွင် de Klerk ကို ဒုတိယ သမ္မတရာထူး ခန့်အပ်သည်။ သို့ရာတွင် မင်ဒဲလားသည် နေရှင်နယ်ပါတီဝင်တို့၏ ဘက်ခြမ်းကို ကြည့်မြင်သည်။ ဆက်စပ်လွှမ်းခြုံနေသော ရည်မှန်းချက်သည် အရေးအကြီးဆုံးဖြစ်ကြောင်း သိနားလည်သည်။ မည်သို့မျှ စေ့စပ်ညှိနှိုင်း၍ မရနိုင်သော အခြေခံ သဘောတရားအချို့ ရှိနေသေးသည်။ လူတစ်ကိုယ် တစ်မဲစနစ်၊ လူတကာ လက်ခံကျင့်သုံးနိုင်သော ဒီမိုကရေစီရေးတို့ ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ အခြေအနေ အများစုသည် ပြာနှမ်းနှမ်း အရိပ်ထိုးလျက် ရှိသည်။

ပြာနှမ်းနှမ်းအရိပ်များ (Shades of gray) ကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောဆိုရန် မလွယ်လှပေ။ အဖြူနှင့်အမည်းသည် ညှို့ယူဖမ်းစားနိုင်သည်။ ရိုးစင်းပြီး ပကတိအတိုင်းရှိသောကြောင့် ရှင်းလင်းပေါ်လွင်သည်။ တိကျပြတ်သားသည်။ ထိုအကြောင်းကြောင့်ပင် ကျွန်ုပ်တို့သည် နှစ်ခုစလုံး (both) နှင့် ဖြစ်ချင်ဖြစ်မည်။ (may be) သည် အမှန်တရားနှင့် ပိုမို နီးစပ်မှုရှိသောအခါ Yes သို့မဟုတ် No ဟူသော အဖြေများ ပေးချင်တတ်ကြသည်။ လူအချို့က အားပိုကောင်းသည်ဟု ယူဆမိ၍ Yes နှင့် No ဟူသော ပြတ်သားတိကျမှုအဖြေကို ရွေးချယ်ကြသည်။ သို့ရာတွင် အကယ်၍များ မင်ဒဲလား ကျင့်သုံးသည့်နည်းအတိုင်း မေးခွန်းနှစ်ဖက်စလုံး၊ သို့မဟုတ် မေးခွန်းဘက်များစွာမှ စဉ်းစားချိန်ဆတတ်မှု အလေ့အထပျိုးထောင်နိုင်ခဲ့လျှင် အခြား အဖြေမထွက်နိုင်သော ပြဿနာအဖြေ (solutions) ကို တွေ့ရှိနိုင်လိမ့်မည်။ မင်ဒဲလားသည် မိမိတို့၏ စိတ်တွင်းရှိ အဆိုးရော အကောင်းကိုပါ ထည့်သွင်း စဉ်းစားခဲ့သည်။ ဤသို့သော တွေးခေါ်စဉ်းစားနည်းမျိုး အလေ့အကျင့်ရရန် ကျွမ်းကျင်မှု၊ စိတ်ရှည်မှု၊ အားထုတ်မှု စသည်တို့ လိုအပ်သည်။ မိမိတို့၏ ရှုထောင့်သဘောထား (Point of View) ထဲမှာပင် မစွန့်နိုင် မလွှတ်နိုင် ပိတ်မိနေလျှင်ပင် မိမိတို့ သဘောမကျနိုင်သူတို့၏ သဘောထားကို ကိုယ်ချင်းစာ ကြည့်သင့်သည်။ ယင်းသို့ လုပ်ဆောင်လိုက်လျှင် မိမိစိတ်ကို လျှော့ချပေးလိုက်ရမည်။ မျှဝေခံစားတတ်မှု (empathy) နှင့် စိတ်ကူးစိတ်သန်းရှိရန် လိုအပ်လာလိမ့်မည်။ မင်ဒဲလားဘဝတွင် တွေ့ခဲ့ရသည့်အတိုင်း ဖြစ်ထွန်းလာမည့် အကျိုးရလဒ်မှာ ဉာဏ်ပညာ ကြီးမားပါပေသည်ဟု ထိုက်ထိုက်တန်တန် ဖော်ပြပြောဆိုခံရခြင်းပင် ဖြစ်ပေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

## ကိုယ်ပိုင်ဥယျာဉ် ရှာစေချင်

ဝေးလံခေါင်းပါးလှသော်လည်း လှပသော ကျွန်းကလေးတစ်ကျွန်းပေါ် ရောက်နေစဉ်ကပင် မင်ဒဲလားသည် သီးခြားနေရာတစ်ခု လိုအပ်နေခဲ့သည်။ မိမိကိုယ်ကို မိမိ ဆန်းစစ်ရှာဖွေကြည့်ရင်း နစ်မျောသွားစေနိုင်မည့် နေရာတစ်နေရာ ဖြစ်သည်။

ရော့ဘန်းကျွန်းအကျဉ်းထောင်သို့ ရောက်ခါစ စောစောပိုင်းနှစ်ကာလများသည် စိတ်ကျသွားလောက်အောင် ဆိုးရွားလှသည်။ ထောင်ကြပ်များသည် အောက်တန်းကျ ရိုင်းပျလှ၏။ ရုန့်ရင်းကြမ်းတမ်းလှ၏။ အလုပ်ကို ခါးကျိုးအောင် လုပ်ကြရသည်။ အကျဉ်းသားတစ်ဦးသည် ခြောက်လကြာလျှင် တစ်ကြိမ်မျှ ဧည့်ခန်းနှင့် တွေ့ခွင့်ရသည်။ စာတစ်စောင် ဖတ်ခွင့်ရသည်။ မင်ဒဲလားအတွက်မှာမူ အပြင်လောကနှင့် အတွင်းလောက ကြမ်းတမ်းဆိုးဝါးမှုသည် ပိန်မသာ လိမ်မသာပင်။ သူ့သားအကြီးဆုံး ကားမှောက်၍ သေသည်။ ဝင်နီခမျာ အန္တရာယ်များနှင့် မပြတ်ကြုံနေရသည်။ အေအင်န်စီကို တရားမဝင် အဖွဲ့အစည်းအဖြစ် ပိတ်ပင်ထားသည်။ လူဖြူလူမည်း ခွဲခြားရေးဝါဒီ အစိုးရသည် စိတ်ထင်တိုင်း မင်းမူနိုင်လျက်ရှိသည်။

ထို့ကြောင့် အဆိုပါ ဒုက္ခအခက်အခဲများကြား ၁၉၇၀ ပြည့်လွန်နှစ် စောစောပိုင်းတွင် မင်ဒဲလားသည် ဥယျာဉ်ကလေးတစ်ခုတည်ရန် ဆုံးဖြတ်လိုက်သည်။

အပြောအားဖြင့် လွယ်လှပါ၏။ ပထမဆုံး သက်ဆိုင်ရာအာဏာပိုင်များထံ ဥယျာဉ်လုပ်ခွင့် တောင်းခံရသည်။ ဤကိစ္စကို သာမန်အလုပ်ကလေးတစ်ခု လုပ်ခွင့်ပေးရန် သံသယဝင်ခဲ့ကြသည်။ သာမန်ကိစ္စကလေးတစ်ခုလုပ်ရန် ခွင့်တောင်းလျှင်ပင် လပေါင်းများစွာ ကြာတတ်သည်။ မင်ဒဲလားက လတ်ဆတ်သော ဟင်းသီးဟင်းရွက်များဖြင့် မိမိနှင့် မိမိ၏ လုပ်ဖော်ကိုင်ဖက်များ၏ အာဟာရကို ဖြည့်စွက်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုပါသည်ဟု ရှင်းပြခဲ့သည်။ သူသည် တောင်းဆိုချက် လိုက်လျောလာသည် အထိ တိုက်ပွဲဝင်ရန် ပြင်ဆင်သည်။ ထောင်အာဏာပိုင် ရုံးဌာနများအတွင်း ရုံးစာများ သွားလိုက်လာလိုက် ပလူပျံနေသည်။ မှတ်စုစာကြမ်းများ ရေးကြသည်။ ရှေ့နေရှေ့ရပ်များနှင့်ပင် တိုင်ပင်ကြသည်။ နောက်ဆုံးတွင် အကျဉ်းသားများထားရှိရာ အတန်းလိုက် အခန်းငယ်ရှေ့ ညစ်ညစ်ပတ်ပတ် ရုံးဝန်းအတွင်း တစ်နေရာတွင် မင်ဒဲလား၏ သေးငယ်ကျဉ်းမြောင်းသော ဥယျာဉ်ငယ်လေး လုပ်ကိုင်ခွင့်ပေး လိုက်သည်။

ဥယျာဉ်လုပ်မည့်မြေမှာ ခြောက်သွေ့သည်။ ကျောက်ထူသည်။ နေခင်းထိုင်ခင်း မသာယာလှပေ။ ဥယျာဉ်သည် သုံးဆယ့်ငါးပေခန့်ရှည်သည်။ အနံတစ်ကိုက် (၃၆ လက်မ) မျှသာ ရှိသည်။ လုံးချင်းထောင်ခန်းကလေးများ အတန်းလိုက် ဆောက် ထားသည်နှင့် မျဉ်းပြိုင်ကျသည်။ ထောင်ကြပ်များက မင်ဒဲလား တူးဆွနေစဉ် စောင့်ကြပ် နေကြသည်။

မင်ဒဲလားသည် ပထမပိုင်းတွင် လက်ဖြင့် တူးရဖော်ရသည်။ မကြာမီ ငန်းပြား တစ်လက်နှင့် ထွန်ခြစ်တစ်ချောင်း ရရှိသည်။ မိသားစုများနှင့် မိတ်ဆွေများထံမှ မျိုးစေ့များ တောင်းယူခဲ့ရသည်။ အခြားအကျဉ်းသားများက ကျားထိုးတမ်းကစား နေကြသည်။ စာဖတ်သူက ဖတ်နေသည်။ ဝင်းကြီးအတွင်း စကားပြောသူက ပြောနေကြသည်။ ထိုအချိန်မျိုးတွင် မင်ဒဲလားသည် ဥယျာဉ်ကလေးထဲတွင် တကုပ်ကုပ် အလုပ်များနေသည်။ အဘိုးကြီးနှင့် သူ့ဥယျာဉ်ကလေးကို အခြား အကျဉ်းသားများက လှောင်ပြောင်ချင်ကြသည်။ မင်ဒဲလားကမူ ဂရုဏ်ယူ၍ မဆုံး။

မင်ဒဲလားက ကျွန်ုပ်အား ပြောပြ၏။ 'မြေသြဇာက ညံ့တယ်ဗျ၊ ဒါပေမယ့် ကျုပ် ဥယျာဉ်ကလေးက သီးနှံကောင်းတွေ ထွက်ပေါ်ခဲ့ပါတယ်'ဟု ဆိုသည်။

ခရမ်းချဉ်သီးများ၊ ကြက်သွန်နီများ၊ ငရုတ်သီးများ၊ ဟင်းနုနယ် (spinach) များ စိုက်ခဲ့သည်။ အကျဉ်းသားများအတွက် ချက်ပြုတ်ရာ ဖိုကြီးထဲသို့ ပေးပို့ခွင့် ရခဲ့သည်။ ထိုစဉ်က အကျဉ်းသားများမှာ ပုံမှန်အားဖြင့် ဂျုံပြောင်းယာဂု သောက်ကြ ရသည်။ ရံဖန်ရံခါ အသားကလေး နည်းနည်းပါးပါး စားရသည်။ ပထမနှစ် အနည်းငယ်အတွင်း၌ ထောင်အာဏာပိုင်များသည် မင်ဒဲလားနှင့် သူ့ဥယျာဉ် ကလေးကို အယုံအကြည်မရှိလှပေ။ မင်ဒဲလားသည် မိမိတို့မသိနိုင်သော အကောင်း

www.burmeseclassic.com

www.burmeseclassic.com



သော အကြံအစည်တစ်ခုခု ရှိလိမ့်မည်ဟု သံသယဝင်ခဲ့ကြသည်။ သူတို့ တွေးရ ကျပ်လေ။ မင်ဒဲလား သဘောကျလေ ဖြစ်ခဲ့သည်။

'ရှေ့ဘန်းကျွန်းအနှံ့ ဂူသချိုင်းတွေအပြည့်ရှိတာ ခင်ဗျား အမြင်ပဲ'ဟု တစ်နံနက်ခင်းတွင် မင်ဒဲလားက ကျွန်ုပ်အား ပြောလိုက်၏။ 'ကျုပ် ဥယျာဉ်ကလေးအတွက် တူးလိုက် ဆွလိုက်တော့ လူရိုးတွေ အများကြီးပေါ်လာတယ်ဗျ၊ ကျုပ်က အရိုးတွေကိုယူ၊ အစအနကလေးတွေဖြစ်အောင် နေလှန်းတယ်၊ ကြိတ်ချေလိုက်တဲ့အခါ ကျုပ်ဥယျာဉ်ကလေးအတွက် ဓာတ်မြေသြဇာ ဖြစ်သွားတာပေါ့၊ တစ်နေ့တော့ အလွန်ထိတ်လန့်သွားတဲ့ ထောင်မှူးကြီး ကျုပ်ဆီရောက်လာတယ်၊ အရိုးတွေမြင်လိုက်တဲ့အခါ ဘာတွေလဲလို့ ကျုပ်ရဲ့ ရဲဘော်တစ်ယောက်ကို ထိတ်ထိတ်လန့်လန့် မေးတယ်၊ ထောင်မှူးကြီးက 'ဘာအရိုးတွေလဲ' 'အရိုးတွေနဲ့ မင်ဒဲလား ဘာလုပ်မလို့တုံး'လို့ မေးတဲ့အခါ မသိပါဘူးလို့ ဖြေတယ်။ အဲဒီနောက် 'မင်ဒဲလား၊ ဒီအရိုးတွေ ဘာလုပ်ဖို့တုံး'လို့ ကျုပ်ကို လာမေးတယ်၊ ကျုပ်လည်း 'ဓာတ်မြေသြဇာလုပ်မလို့ပါ၊ ကြိတ်ချေပြီး ဓာတ်မြေသြဇာအဖြစ် သုံးနေပါတယ်'လို့ ပြောပြလိုက်တယ်၊ ထောင်မှူးကြီးက မယုံသလို လုပ်နေတယ်၊ 'အရိုးဆိုတာ လူတိုင်းသိထားပြီး ဓာတ်မြေသြဇာ တစ်မျိုးပါပဲ' လို့ ကျုပ်က ပြောပြလိုက်ရတယ်။ ဒါပေမယ့် ထောင်မှူးကြီးဟာ သံသယကင်းပုံ မပေါ်သေးဘူး၊ 'ဒီမှာ မင်ဒဲလား၊ ဒီနေ့ကစပြီး မြို့ထဲက ဓာတ်မြေသြဇာတွေ ဝယ်ပေးမယ်၊ ဘာတွေလိုသလဲ၊ ဘယ်လောက်လိုသလဲသာပြော၊ ကျုပ်ကိုဝယ်ပေးမယ်၊ အရိုးတွေတော့ မတူးနဲ့တော့'လို့ ပြောတော့တယ်ဗျ၊ နောက်မှ သိရတယ်၊ ကျုပ်ဟာ အရိုးတွေတူးပြီး ရှေ့ဘန်းကျွန်းပေါ်မှာ အကျဉ်းသားတွေကို တိတ်တဆိတ်သတ်ပြီး မြှုပ်ထားတယ်လို့ပြောပြီး ကျုပ်က ထောင်အုပ်ချုပ်ရေးအဖွဲ့နှင့် အစိုးရကို အရှက်ခွဲလိမ့်မယ် ထင်နေတာတဲ့ဗျ'

မင်ဒဲလားသည် ဝင်နီနှင့် အခြားသူများထံသို့ မိမိဥယျာဉ်ကလေးအကြောင်း ထည့်ရေးခဲ့သည်။ မိမိ၏ အပင်ကလေးများနှင့် ဟင်းသီးဟင်းရွက်ကလေးများ အခြေအနေကို မိမိ၏ သားသမီးများပမာ အရိပ်တကြည့်ကြည့် ပြောပြခဲ့သည်။ ရာသီဥတုအကြောင်း၊ မြေဆီလွှာအကြောင်း၊ သီးနှံရိတ်သိမ်းပုံအကြောင်းများ ရေးပြခဲ့သည်။ အချို့က မင်ဒဲလားသည် စကားအဖြစ်သာ ပြောခဲ့ခြင်း ဖြစ်သည်ဟု မယုံကြပေ။ သို့ရာတွင် သူ့ကို စိတ်ရှင်လန်းစေခဲ့ပုံကို ရိုးရိုးကလေး ရေးပြခဲ့ခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ် နှောင်းပိုင်းတွင် ရော့ဘန်းကျွန်းအကျဉ်းထောင်အတွင်း ဖိနှိပ်ချုပ်ချယ်ထားမှုများ လျော့ကျသွားသည်။ မင်ဒဲလားသည် ဥယျာဉ်ကလေးမှ ထွက်သမျှ သီးနှံများကို ထောင်ကြပ်များနှင့် မိသားစုများသို့ ပေးသည်။ ထောင်ရုံးဝင်းပြင်ဘက်တွင် ဒုတိယမြောက် ဥယျာဉ်ကလေးတစ်ခု ထပ်မံလုပ်ခွင့်ရသည်။ မကြာမီထောင်ကြပ်များက မျိုးစေ့များ လာပေးသည်။ သူက သီးနှံများပြန်၍ပေးသည်။

ကျွန်ုပ်တို့ စာအုပ်ပြုစုနေချိန်တွင် ကျွန်ုပ်သည် ရော့ဘန်းကျွန်းကိုကြည့်လို၍ကိပ်တောင်းမြို့သို့ ခရီးထွက်ခဲ့သည်။ ရော့ဘန်းကျွန်းမှအပြန် စာအုပ်ကိစ္စဆွေးနွေးကြရာတွင် ကျွန်ုပ်က ထိုကျွန်းသို့ရောက်သွားကြောင်း ပြောပြလိုက်သည်။ သူ ပထမဆုံး မေးခဲ့သည့်မေးခွန်းမှာ သူနေခဲ့ရသော အခန်းကလေးကို တွေ့ခဲ့သလား၊ အလုပ်ဆင်းရသည့် ထုံးကျောက်တွင်းများကို ရောက်ခဲ့သလား၊ တိုက်ပိတ်ခံခဲ့ရသည့်အခန်း မြင်ခဲ့ရသလားဟူ၍ မဟုတ်ခဲ့ပေ။ 'ကျုပ်စိုက်ခဲ့တဲ့ ဥယျာဉ်ကလေးရှိရာကို လိုက်ပြကြရဲ့လား' ဟူသော မေးခွန်းသာဖြစ်သည်။

ဘယ်သူကမျှ မပြခဲ့ချေ။ ကျွန်ုပ်အား ကျွန်းပေါ် လိုက်ပို့သူ ထောင်ကြပ်များမှာ မင်ဒဲလားရောက်နေစဉ်က ကျွန်းပေါ်တွင် မရှိခဲ့သေးပေ။ ဥယျာဉ်အကြောင်းသိပင် မသိကြ။ ကျွန်ုပ် အားလုံးလိုက်ကြည့်ခဲ့သည်။ ဥယျာဉ်ကား မရှိတော့ပြီ။ မင်ဒဲလား အတော်ပင် စိတ်ပျက်သွားသည်။

ရော့ဘန်းကျွန်းပေါ်တွင် ပျော်စရာ ရွှင်စရာ ရှားပါးလေစွ။ မင်ဒဲလား၏ဥယျာဉ်ကလေးသည် သူ့အတွက် သီးသန့်ကျွန်းကလေးသဖွယ် ဖြစ်နေခဲ့သည်။ ဥယျာဉ်ကလေးကြောင့် စိတ်အေးချမ်းငြိမ်သက်မှု ရရှိခဲ့သည်။ ပြင်ပကမ္ဘာအကြောင်း၊ မိသားစုအကြောင်း၊ လွတ်မြောက်ရေးတိုက်ပွဲအကြောင်း၊ ထာဝရပူပန်ကြောင့်ကြနေမှုများမှ အာရုံအပြောင်းအလဲ ဖြစ်စေခဲ့သည်။ အပြင်ဘက်တွင် အရာရာ ညှိုးခြောက်နေချိန်တွင် သူ့ဥယျာဉ်ကလေးမှာ စိမ်းလန်းစိုပြည်လျက်ရှိသည်။ မင်ဒဲလားသည် စိတ်အာရုံချုပ်တည်းထားနိုင်စွမ်း ရှိသည်။ ဥယျာဉ်လုပ်နေစဉ် စိတ်ငြိမ်သက်နေကြောင်း အကျဉ်းသားများ သတိပြုမိခဲ့သည်။ ဥယျာဉ်အလုပ်တွင် စိတ်ကို မြှုပ်နှံထားသည်။ Ahmad Kathradra က 'သူ့ဥယျာဉ်ကို သူ သိပ်မြတ်နိုးခဲ့တာဗျ' ဟု ပြောပြသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၂ ခုနှစ်တွင် ဖြစ်သည်။ မင်ဒဲလားအား ပြည်မကြီးရှိ Pollsmoor အကျဉ်းထောင်သို့ ရွှေ့ပြောင်းပေးလိုက်သည်။ ဥယျာဉ်စိုက်ပျိုးရေး ပိုမိုအားသွန်လာခဲ့သည်။ ထောင်ကြီး၏ တတိယအထပ် အခန်းကျယ်ကြီးတစ်ခုတွင် မင်ဒဲလားနှင့် အခြားအကျဉ်းသားများ နေထိုင်ရသည်။ အပေါ်ထပ်တွင်နေထိုင်ရသူ အကျဉ်းသားများဖြစ်နေ၍ မိုးကောင်းကင်ကြီးကိုတော့ ကြည့်နိုင်သော လှေကားထစ် ပွဲကြည့်စင်ကြီးသဏ္ဍာန် နေရာမြင့်မြင့်ကြီးတစ်ခုအထိ သွားရောက်နိုင်ခွင့်ရှိခဲ့သည်။ ဤတွင် မင်ဒဲလားသည် ထူးခြားသော ဥယျာဉ်တစ်ခုကို လုပ်ပြန်သည်။ လေးဆယ့်ငါးဂါလံဆန့် ဆီးပုံး အလွတ်ကြီးများကို ထက်ပိုင်း ဖြတ်သည်။ မြေဆီလွှာများထည့်သည်။ ခရမ်းချဉ်သီးများ၊ ကြက်သွန်နီများ၊ ခရမ်းသီးရှည်များ၊ စတော်ဘယ်ရီသီးများ၊ ဟင်းနုနယ်များ၊ ဂေါ်ဖီထုပ်များ၊ ပန်းဂေါ်ဖီစိမ်းများ၊ မုန်လာဥနီများ၊ ဆလတ်ရွက်များနှင့် ပန်းဂေါ်ဖီများ စိုက်ပျိုးသည်။ နံနက်ပိုင်း လေ့ကျင့်ခန်းလုပ်ပြီးတိုင်း နှစ်နာရီလုံးလုံး ဥယျာဉ်စိုက်ပျိုးသည်။ မွန်းလွဲချိန်တွင် တစ်ဖန် ဥယျာဉ်လုပ်တင်သည်။ ဥယျာဉ်စိုက်ပျိုးမှုအလုပ်သည် ပျော်ရွှင်စေရုံမျှသာ မဟုတ်ချေ။ စိတ်လွတ်လူလွတ်လည်း ဖြစ်စေနိုင်သည်။ ဘဝနှင့်ပတ်သက်၍ ရပ်တည်ချက်မှန်စေသည်။ အပြုသဘော ဆောင်စေနိုင်သည်။

တစ်နေ့တွင် မင်ဒဲလားက ကွန်နိုပ်အား 'မြေဆီဩဇာကလည်းကောင်းတယ်၊ အဲဒီ မြေဆီလွှာကို ထောင်အပြင်ဘက်က ကျုံးလာတာ၊ တိရစ္ဆာန် အညစ်အကြေး မြေဩဇာလည်းရတော့ အပင်မပေါက်ဘဲ ရှိပါတော့မလားဗျာ'ဟု ပြောပြသည်။ ဥယျာဉ်အကြောင်းပြောနေရလျှင် မင်ဒဲလား မျက်နှာကြီး ဝင်းလက်နေတတ်သည်။

သူသည် ဥယျာဉ်စိုက်ပျိုး နည်းပညာကို လေ့လာသည်။ စိုက်ပျိုးရေးနှင့် ပန်းမန် စိုက်ပျိုးရေး စာအုပ်များကို ကိုယ်ပိုင်ငွေပေး၍ အော်ဒါမှာဖတ်သည်။ တစ်ခါက ဓာတ်မြေဩဇာအမျိုးမျိုးအကြောင်း ပြောပြရာ နာရီဝက်ခန့်ကြာခဲ့သည်။ ခိုချေးမြေဩဇာသည် အလွန်အန္တရာယ်များကြောင်း၊ သိပ်ပြင်းထန်ကြောင်း ဂရုစိုက်ရန်လိုကြောင်း၊ အမှုန့်ဖြစ်အောင် ကြိတ်ထောင်း ရေထဲထည့်ပြီး ကျဲသွားအောင် လုပ်ရကြောင်း ပြောပြသည်။ ဓာတ်မြေဩဇာအကြောင်း ပြောနေပုံမှာ နိုင်ငံရေး ဟောပြောနေပုံနှင့် ဘာမျှ မခြားပေ။

သူ မြေပဲ ဖြစ်အောင် မစိုက်နိုင်ခဲ့၍ နောင်တရ၍မဆုံး ဖြစ်နေသည်။ 'ကျုပ် မြေပဲစိုက်နည်း သိပ်မတတ်ဘူးဗျ၊ ဒီတော့ မအောင်မြင်ခဲ့ဘူးပေါ့'ဟု ဝန်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင် ထောင်မှူးကြီးက ထောင်ကြပ်များအား မင်ဒဲလား၏ ဟင်းနုနယ်ပင်များ တောင်းခိုင်းသည်။ 'ကျုပ်က ဒီဥယျာဉ်နဲ့ပတ်သက်လို့ သိပ်ဂုဏ်ယူမိတယ်ဗျ။ တနင်္ဂနွေရောက်တိုင်း ကျုပ်ရဲ့ သီးနှံတွေကို ထောင်မှူးဖို့ချောင်ထဲ ပို့ပေးတယ်၊ တနင်္ဂနွေနေ့တိုင်း ဆိုပါတော့ဗျာ'ဟု မင်ဒဲလားက ပြောခဲ့သည်။

၁၉၈၅ ခုနှစ်တွင် မင်ဒဲလား၏ ဆီးကျိတ်ခွဲရန် ကိပ်တောင်းသို့ ပြောင်းရသည်။ ဆေးရုံဆင်းသောအခါ ပထမအထပ်တွင် နေရသည်။ ရဲဘော်ရဲဘက်များနှင့် ကွဲကွာသွားသည်။ ဥယျာဉ်လုပ်ငန်းလည်း အဆက်ပြတ်သွားသည်။ ထိုနောက်ပိုင်း လပေါင်းများစွာ စိတ်မကောင်းဖြစ်မိသေးသည်။

ကိုယ်ပိုင်လွတ်လပ်ခွင့်လည်း မရှိ၊ ကိုယ်ပိုင်ပစ္စည်းလည်းမရှိသော လောကကြီးတွင် ဥယျာဉ်သည် မင်ဒဲလားအတွက် နယ်မြေဒေသကလေးတစ်ခု ဖြစ်နေခဲ့သည်။ သူ လုံးဝပိုင်ဆိုင်သောမြေ ဖြစ်သည်။ မိမိထိန်းချုပ်မထားနိုင်သော၊ သူ့အား အနိုင်တုပြီး ဒုက္ခအမျိုးမျိုးပေးနေသော၊ သူ၏ တန်ဖိုးနှင့် စိတ်ကူးများကို ရန်ပြုနေပုံပေါ်သော လောကကြီးတစ်ခုတွင် ဥယျာဉ်ကလေးသည် အလွန်အလှ ကြွယ်ရာ၊ ပုံမှန်ဖြစ်ပေါ်နေရာ၊ အသစ်ပြုပြင်နိုင်သော နေရာပင် ဖြစ်သည်။ အားစိုက်လုပ်လျှင် လုပ်သလောက် အကျိုးဖြစ်ထွန်းခဲ့သည်။ ရာသီဥတုများက စဉ်လာမပျက် ပြောင်းလဲသည်။ မျိုးစေ့များက အပင်ကလေးများ ပေါက်လာသည်။ ရိုးတံများ မြင့်လာသည်။ အရွက်များ ဝေဆာလာသည်။

ဥယျာဉ်ကလေးပြုစုရာတွင် မင်ဒဲလားသည် ငယ်ရွယ်စဉ်ကလေးဘဝ မမေ့နိုင်စရာကလေးများ အသစ်ပြန်ဖြစ်လာသည်။ သူ၏ နေ့စဉ်မှတ်တမ်းတွင် ဖခင်ကွယ်လွန်သွားပြီးနောက် Mqhekezweni (Great Place) သို့ သူ့အား ခေါ်ဆောင်သွားပုံ၊ ဘုရင်ကြီး၏ ဥယျာဉ်တော်ကို မြင်ခဲ့ရပုံတို့ကို မှတ်တမ်းတင်ထားသည်။ 'ဥယျာဉ်သည် ယူကလစ်ပင်နှစ်ပင်အောက် အရိပ်ထဲတွင် ရှိသည်၊ ရှေ့ဘက်ဥယျာဉ်တွင် မက်မွန်ပင်များနှင့် ဖူးစားပြောင်းများ စိုက်ထားသည်။ နောက်ဘက်ရှိ ပိုမို၍ကြီးသော ဥယျာဉ်ကြီးထဲတွင် ပန်းသီးပင်များ၊ ဖူးစားပြောင်းများ၊ ဟင်းသီးဟင်းရွက်ခင်း၊ ပန်းခင်း၊ ခြံစည်းရိုးကာ ကျူပင်စိုက်ခင်းများ တွေ့ရသည်'ဟု ရေးမှတ်ထားသည်။ မင်ဒဲလားသည် ဥယျာဉ်ကြီးကိုကြည့်ပြီး တအံ့တသြ ဖြစ်ခဲ့မိရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားစပ်မိတိုင်း မင်ဒဲလားသည် ဥယျာဉ်နှင့်ပတ်သက်၍ ပုံခိုင်းပြောဆိုတတ်သည်။ လူများကို အပင်ကလေးများအတိုင်း ပြုစုပေးနိုင်သည်ဟု ပြောတတ်သည်။ တစ်ခါတွင် ကျွန်ုပ်တို့တွင် ကိုယ်ပိုင်ဥယျာဉ်တစ်ခုစီ ရှိထားသင့်ကြောင်း ပြောဖူးသည်။ သို့ရာတွင် Voltaire ၏ Candide ဝတ္ထုကဲ့သို့ ဥယျာဉ်စိုက်နိုင်ရန် မိမိဘဝကို အပျက်စီးမခံဖို့လည်း သတိပေးသည်။ မင်ဒဲလားအတွက် ဘဝသည် အများအကျိုးဆောင်ရန် ဖြစ်သည်။ ဥယျာဉ်သည် ကမ္ဘာလောကကြီး၏ ဝရုန်းသုန်းကား အခြေအနေနှင့် လောဘ ဒေါသ မုန်တိုင်းများမှ ကင်းဝေးနားခိုရာ ဖြစ်သည်။ ဤနည်းဖြင့် မင်ဒဲလားအတွက် ပင်မ ရည်ရွယ်ရင်း လုပ်ငန်းကြီးကို လုပ်နိုင်ခဲ့သည်။ ဥယျာဉ်သည် ငုပ်လျှိုးသွားရာ နေရာမဟုတ်၊ အသစ် အသစ်တို့ ပေါ်လာစေနိုင်သော နေရာပင် ဖြစ်သည်။

Samuel Johnson က ပြောခဲ့ဖူး၏။ မိမိ၏စိတ်ကို နှစ်မြှုပ်ထားသော်လည်း ဦးနှောက်မစားစေသော ပျော်ရွှင်မှုတစ်ခုအပေါ် အာရုံ စုစည်းထားနိုင်မှုလောက် ကိုယ်စိတ်ပင်ပန်းမှု လျော့နည်းစေနိုင်သောအရာဟူ၍ မရှိဟုဆိုခဲ့သည်။ ဂျွန်ဆင် အတွက် ထိုအချက်သည် ဓာတုဗေဒ ပညာရပ်ဆိုင်ရာ အယူအဆတစ်ရပ် ဖြစ်သည်။ မင်ဒဲလား အတွက်မူ ဥယျာဉ်တစ်ခု ဖြစ်သည်။ မိမိတို့အားလုံးအတွက်လည်း တစ်ခုခု ဖြစ်နိုင်သည်။ မိမိတို့အား စိတ်ပျော်ရွှင်မှုနှင့် စိတ်ကျေနပ်မှုကို ပေးအပ်နေသော ကမ္ဘာလောကကြီးမှ သီးသန့်ဖြစ်သော အရာတစ်ခုခု ရှိရန်လိုအပ်သည်။ သီးသန့်နေရာတစ်နေရာ ဖြစ်သည်။

မင်ဒဲလားက ကျွန်ုပ်အား ပြောခဲ့ဖူး၏။ 'ကိုယ်ပိုင်ဥယျာဉ်တစ်ခု တွေ့အောင် ရှာပေတော့'

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## မင်ဒဲလား၏ လက်ဆောင်မွန်

အမှန်တကယ်ပင် ကျွန်ုပ်သည် မင်ဒဲလား အကြံပေးချက်အတိုင်း လုပ်ဆောင်လိုက်ပါသည်။ ၁၉၉၄ ခုနှစ် မေရီနှင့် ကျွန်ုပ် လက်ထပ်လိုက်ကြသည်။ သုံးနှစ်မျှအကြာ ခရစ္စမတ်အကြိုနေ့တွင် မေရီ ကလေးရတော့မည်ဟု သူ့ထံ ဖုန်းဆက်လိုက်သည်။ သူ သဘောကျသွားသည်။ သူ့ထံမှ ရယ်သံကလေးများ ကြားရလိုကြားရငြား သဘောဖြင့် အကယ်၍ သားယောကျ်ားကလေး မွေးခဲ့လျှင် Rolihlahla ဟု မှည့်ခေါ်မည်ဟု ပြောလိုက်သည်။ Rolihlahla သည် လူအများမသိကြသည့် မင်ဒဲလား၏ ပထမ အမည်ရင်း ဖြစ်သည်။ ဇိုဆာဘာသာဖြင့် 'သစ်ပင်ကိုလှုပ်သူ' ဟု အဓိပ္ပာယ်ရသည်။ စာလုံးပေါင်းရသည်ထက် နှ[illegible]ည် အစပိုင်း R ကို လျှာလိပ်သံနှင့် အဆုံးတွင် ပွတ်တိုက် ဗျည်းသံများပါရှိနေ၍ ခေါ်ရခက်သည်။ ဤနာမည်ဖြင့် သူ့ကို မည်သူကမျှ မခေါ်ခဲ့။ သူကိုယ်တိုင်လည်း မသုံးတတ်ချေ။ ထို့ကြောင့် ရယ်စရာ အပြောင်အပြက်သဘောဖြင့် လာပြောလိုက်ခြင်းဖြစ်သည်။ သူ့ထံမှ ရယ်သံမကြားရချေ။ တိတ်ဆိတ်နေသည်။ ကျွန်ုပ် အသံထွက်များ ဗလုံးဗထွေး ခေါ်လိုက်မိလေသလား။ အမေရိကန်လူဖြူတစ်ယောက်က သူ့အမည်ကို သရော်ရာရောက်သွားလေပြီလား။ တစ်အောင့်မျှအကြာတွင် သူက မေရီနှင့် စကားပြောချင်သည်ဆို၍ ဖုန်းပေးလိုက်သည်။ ဟဲလိုဟု နှုတ်ဆက်လိုက်သည်နှင့် မရှေးမနှောင်းမှာပင် မင်ဒဲလားက အသံသြသြကြီးဖြင့် 'ကျုပ်မစောင့်နိုင်တော့ဘူးဗျ၊ Rolihlahla ကလေးကို ကျုပ်လာကြည့်မယ်' ဟု ပြောသံကြားရသည်။

လအနည်းငယ်အကြာတွင် သားဦးမွေးဖွားပြီး၍ ဆေးရုံမှာပင် ရှိနေသေးသည်။ မျက်နှာခပ်တည်တည် သူနာပြုဆရာမတစ်ဦးက မှတ်တမ်းကတ်ယူလာပြီး

www.burmeseclassic.com

www.burmeseclassic.com



ကလေး နာမည်ကို ရေးမှတ်သည်။ ကျွန်ုပ်နှင့် မေရီတို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်မိကြ၏။ ခရစ္စမတ်အကြို တယ်လီဖုန်းစကားကို အမှတ်ရသွားသည်။ ကျွန်ုပ်တို့ သူ့ပထမနာမည်ရင်းအတိုင်း မှည့်ခေါ်ဖို့မဖြစ်ပေ။ ထို့ကြောင့် လှလှပပ စာလုံးကြီးကြီး ဖြင့် Gabriel Rolihlahla Stengle ဟု ရေးချလိုက်သည်။

ကျွန်ုပ်၏သားများ ငယ်ရွယ်ကြပါသေးသည်။ သူတို့ နာမည်တူမှည့်ရန် အကြိမ်များစွာ ကြုံခဲ့ရသည်။ အငယ်ဆုံးသားငယ်သည် Anton ဖြစ်သည်။ သူ့ အမည်တွင် မင်ဒဲလားအမည်မှ အလယ်စာလုံးကို ယူထားသည်။ Madiba သည် မင်ဒဲလား မျိုးနွယ်စုအမည်ဖြစ်ကြောင်း ပြောပြရသည်။ မင်ဒဲလားကို သူငယ်ချင်း များက ဤနာမည်ဖြင့် ခေါ်ခဲ့ကြသည်။ ကျွန်ုပ်၏ သားများသည် နယ်လ်ဆင် မင်ဒဲလားအကြောင်း ပြည့်ပြည့်ဝဝ နားလည်ကြရဲ့လား။ သူ့ ရပ်တည်ချက်နှင့် မိမိတို့၏ ဘဝတစ်လျှောက် မည်သည့်အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့ပုံတို့ကို သိကြပါရဲ့လား။ သူတို့က မသိကြပါ။ သူတို့ အမြင်အရ နယ်လ်ဆင်မင်ဒဲလား ဟူသော ပုဂ္ဂိုလ်ကြီးသည် ဆံပင်ဖြူဖြူနှင့် အဘိုးအိုကြီးတစ်ဦး ဖြစ်သည်။ ထိုအဘိုး ကြီးသည် သူတို့ကို ပွေ့ဖက်ထားတတ်သည်။ လက်များကို ဆွဲထားတတ်သည်။ ဘယ်လိုအားကစားမျိုး ဝါသနာပါသလဲ၊ နံနက်စာ ဘာတွေစားခဲ့ရသလဲ စသည်ဖြင့် မေးတတ်သည်။ တစ်နေ့နေ့တွင်တော့ မင်ဒဲလား မည်သူဆိုသည်ကို သိသွား ပါလိမ့်မည်။ သူ ဘာတွေ စွမ်းဆောင်ပေးခဲ့သည်ကို နားလည်သွားပါလိမ့်မည်။ သူသည်ပင် ကျွန်ုပ်တို့ မိသားစုအဖြစ် အတူတကွ ပေါင်းစည်းမိစေခဲ့သော အစိတ် အပိုင်းအဖြစ် သဘောပေါက်မိပါလိမ့်မည်။ သတ္တိကောင်းလှသော သမိုင်းဝင် ဤပုဂ္ဂိုလ်ကြီးနှင့် သူတို့အကြား အထူးရွှေကြိုးတစ်ချောင်း ယှက်သမ်းထားကြောင်း သိရပါလိမ့်မည်။ ထိုပုဂ္ဂိုလ်ကြီး ခုခံကာကွယ်ပေးခဲ့သော တန်ဖိုးများအကြောင်း လည်း သိကြပါလိမ့်မည်။ ဤအချက်က ကျွန်ုပ်၏ သားကလေးများအား လူတော် လူကောင်းကြီး ဖြစ်စေလိမ့်မည်။ ကျေးဇူးပြန်ဆပ်ရမည့် လက်ဆောင်ကောင်း ဖြစ်လာစေလိမ့်မည်ဟု လှိုက်လှိုက်လှဲလှဲ မျှော်လင့်မိပါသည်။

မင်ဒဲလားပေးခဲ့သော ကျွန်ုပ်၏သားများအတွက် အမွေအကြောင်း စဉ်းစားမိ ရာတွင် မင်ဒဲလားနှင့် သူ၏သားဦးတို့ စိတ်ထိခိုက်ဖွယ် တွေ့ဆုံ ဆက်ဆံခဲ့ပုံကို သတိရမိသည်။ တစ်ခါတွင် ထိုသားက ဝရမ်းပြေးဖခင်ကြီးကို မေးဖူး၏၊ သားတို့

www.burmeseclassic.com

www.burmeseclassic.com



မိသားစုတွေနဲ့ ဘာကြောင့် ညဘက် လာမနေနိုင်ရသလဲ' ဟူ၍ ဖြစ်သည်။ 'သားလိုပဲ ဖေဖေ့ကို လိုအပ်နေတဲ့ ဒီပြင်သားသမီး သန်းပေါင်းများစွာ ရှိနေလို့ပါ'ဟု မင်ဒဲလား က ယင်းသို့ဖြေလိုက်ပုံမှာ ခက်ခဲလှသလောက် ရက်စက်ရာရောက်သည်။ သို့ရာတွင် ရှင်းလင်း သဘောပေါက်လွယ်သည်။ မိမိဘဝကို စွန့်လွှတ် အနစ်နာခံပြီး ရယူ ခဲ့သည့်အရာများအနက် တစ်ခုမှာ တစ်နေ့သောအခါတွင် အခြား ဖခင်များ၊ မိခင် များသည် မိမိတို့၏ သားငယ် သမီးငယ်တို့အား အလားတူ စကားလုံးမျိုးများ ပြောရန် မလိုအပ်စေလိုခြင်း ဖြစ်သည်။ သူသည် သားငယ်အား မိမိ၏မွေးရာပါ ရပိုင်ခွင့်အတွက် လွတ်မြောက်ရေးတိုက်ပွဲဝင်ရန် မရှိတော့သည့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံကို အမွေပေးခဲ့လိုပေသည်။ ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင် မင်ဒဲလား သည် မိမိ၏ဘဝ၊ မိမိ၏တန်ဖိုးများ၊ မိမိ၏ စွမ်းဆောင်ချက်များနှင့် မိမိနောက် တွင် လိုက်ပါလာကြမည့် လူများအကြား ကြိုးမျှင်တစ်ချောင်း ဆက်သွယ်ထားခဲ့ ချင်သည်။ တစ်မူထူးသည်ဟု ဆိုချင်ဆိုပါ။ မင်ဒဲလားက သူသည် ခေါင်းဆောင်မှု ဘဝ ကွင်းဆက်ကြိုးရှည်ကြီးတစ်ချောင်း၏ အစိတ်အပိုင်းဖြစ်ပါသည်ဟု ပြောချင် သည်။ ခေါင်းဆောင်မှုဘဝ ကွင်းဆက်ကြိုးရှည်ကြီးမှာ ကျွန်ုပ်တို့မတိုင်မီ ပေါ်ထွန်းခဲ့ သူများနှင့် ကျွန်ုပ်တို့အား ဆက်ခံမည့်သူများ၏ ကာလကြာမြင့်လာသောအခါ သိသာထင်ရှားလာမည့် ဖြစ်စဉ်ကြီးပင် ဖြစ်သည်။ လူသားတို့၏ လွတ်လပ်ခွင့်ကို တိုးချဲ့နိုင်ရန် တိုက်ပွဲဝင်မည့်သူများ၏ ကြီးမားစွမ်းသန်သော ကြိုးကြီးတစ်ချောင်း ဖြစ်သည်။

မင်ဒဲလားကို လေ့လာကြည့်လျှင် သူကလေးငယ်ဘဝကပင် ခေါင်းဆောင်မှု ပုံစံများအတွင်း မြုပ်နှံဆည်းပူးခဲ့ရသည်။ သူ့ကို လူလားမြောက်စေခဲ့သည့် ဘုရင်ကြီး ထံမှ အရေးကြီးသောအချက်ကို တတ်မြောက်ခဲ့သည်။ ရုံးမိန့်ထုတ် အုပ်ချုပ်သည် ထက် ပိုမိုနားထောင်တတ်ပြီး လမ်းပြတတ်ဖို့ အရေးကြီးသည်ဟူသော အချက် ဖြစ်သည်။ မင်ဒဲလားကလေးသည် ဘုရင်ကြီး၏ ခြေရင်းတွင် ထိုင်ခဲ့သည်။ မိမိ၏ တိုင်းသူပြည်သားများအတွက် တိုက်ပွဲဝင်ခဲ့ကြသော ရှေးခေတ် ဇူလူ တိုင်းရင်းသား အကြီးအကဲများအကြောင်းကို နားစိုက်ထောင်ခဲ့သည်။ အာဖရိကန်သူရဲကောင်း များ၏ ရှည်လျားသော အစဉ်အလာတစ်ရပ်အဖြစ် မိမိကိုယ်မိမိ မြင်ယောင် မိခဲ့သည်။ ကျောင်းများတွင် အင်္ဂလိပ်ကျောင်းအုပ်ကြီးများထံမှ စာပေကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



သင်ယူမှု၊ ဂုဏ်သရေရှိမှု၊ စည်းကမ်းသေဝပ်မှု စသည်တို့ကို သင်ယူခဲ့ရသည်။ Fort Hare တက္ကသိုလ်သို့တက်ရချိန်တွင် ဝင်စတန်ချာချီ၏ စစ်ပွဲအတွင်း ရဲရဲတောက် မိန့်ခွန်းများကို နားထောင်ရသည်။ ခေါင်းဆောင်တစ်ဦးက နိုင်ငံတစ်နိုင်ငံ စိတ်အားတက်ကြွသွားအောင် ပြုလုပ်နိုင်ကြောင်း သိခဲ့ရသည်။ ဂျိုဟန်နက်စ်ဘတ်မြို့ မင်ဒဲလား၏ လက်ဦးဆရာ Walter Sisulu ထံမှ ရည်မှန်းချက်ပန်းတိုင်များသို့ အရောက်သွားနိုင်ရန် လက်တွေ့ဆန်ရသည်။ ယထာဘူတ ကျရမည်ဟု သင်ယူရရှိသည်။ ဥပဒေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်ဖက် သူငယ်ချင်း Oliver Tambo က စိတ်လှုပ်ရှားမှုများကို ထိန်းချုပ်တတ်ရန်၊ စိတ်ရှည်ရှည်ထားရန်နှင့် အလောတကြီး မလုပ်ရန် သင်ပေးခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ ထောင်ထဲသို့ ပို့ထားမခံရမီ တောင်အာဖရိက အပြင်ဘက်သို့ ခရီးထွက်ခဲ့ဖူးသည်။ တန်ဇန်နီးယားသမ္မတ Julius Nyerere က မိမိကိုယ်မိမိ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သူဟု သတ်မှတ်တင်ပြထားပုံနှင့် သင့်တော်သော အိမ်ကလေးတွင် နေထိုင်ပြီး ကားအငယ်စားလေး စီးပုံကို ကြည့်ပြီး သဘောကျခဲ့မိသည်။ အက်ဒစ် အဘာဘာမြို့တွင် အီသီယိုးပီယားဘုရင်ကြီး Haile Selassie ၏ မဟာဆန်ပုံနှင့် ထူးခြားသော ဝတ်စုံကို စွဲငြိသွားခဲ့သည်။ ရော့ဘန်းကျွန်းအကျဉ်းထောင်ထဲတွင် မိမိကိုယ်မိမိ ဆရာတင် တတ်မြောက်ခဲ့ရသည်။ အခြား အကျဉ်းသားများက ပညာရှိလွန်း၍ Allah ဟုပင် တင်စားခံခဲ့ရသူ ရာသက်ပန်သူငယ်ချင်း ဆီဆူးလူးက သူတစ်ပါး၏ ရှုထောင့်သဘောထားကို ထည့်သွင်းစဉ်းစားတတ်ရန် ပြိုင်ဘက်များနှင့် စကားနည်းရန်စဲ နေတတ်ရန်၊ အများသဘောတူညီချက် ရယူလုပ်ဆောင်တတ်ရန် သင်ပေးခဲ့သည်။

ထောင်မှလွတ်လာပြီး တောင်အာဖရိကနိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီသမ္မတဖြစ်လာချိန်အထိပင် မင်ဒဲလားသည် အခြားခေါင်းဆောင်များထံမှ သင်ယူမှတ်သားသည်။ အမေရိကန်သမ္မတ ဂျော့ဘုရှ်(အကြီး) ကမ္ဘာ့ခေါင်းဆောင်များနှင့် လာရောက်တွေ့ဆုံရာတွင် မိမိကိုပါ ထည့်သွင်းခဲ့၍ သဘောကျဂုဏ်ယူမိခဲ့ကြောင်း ပြောပြသည်။ ဘီလ်ကလင်တန်၏ လှိုက်လှဲမှု၊ တက်ကြွမှုနှင့် နူးညံ့မှုတို့ကို သဘောကျခဲ့ပြီး ခမ်းခမ်းနားနား မဟုတ်သော ဟန်ပန်ဖြင့် ဦးဆောင်မှုက ပိုမိုစွမ်းအားထက်မြက်ကြောင်း သိခဲ့ရသည်။ တိုနီဘလဲထံမှလည်း မိမိ၏ မဲဆန္ဒရှင်များနှင့် သဘောချင်း

www.burmeseclassic.com

www.burmeseclassic.com



မတိုက်ဆိုင်သည့်တိုင် ခေါင်းဆောင်တစ်ဦးအနေဖြင့် မိမိအယူအဆများနှင့် မူဝါဒများကို ရှင်းပြနိုင်ရန် အရေးကြီးကြောင်း သဘောပေါက်သွားသည်။

အာဖရိကတွင် ubuntu အယူအဆရှိသည်။ လူသားအချင်းချင်း ရင်းနှီးနားလည်မှု (brother hood) ဟု အနောက်တိုင်းသားများက ခေါ်ကြသည်။ မင်ဒဲလားအတွက် အာဖရိကန် အူဘန်တူ အယူအဆကြောင့် ခေါင်းဆောင်မှုဘဝ ကွင်းဆက် (The chain of leadership) သည် အထူးအရေးကြီးသည်။ ဤစာအုပ် အခန်း ၄ တွင် ဖော်ပြခဲ့ပြီးဖြစ်သော အူဘန်တူ အယူအဆအရ မင်ဒဲလားမည်သို့ တွေးခေါ်စဉ်းစားခဲ့ကြောင်း မိမိကိုယ်မိမိ မည်သို့ ထင်မြင် သတ်မှတ်ထားကြောင်း နားလည် သဘောပေါက်ရန် အရေးကြီးသည်။ အဆိုပါ ဝေါဟာရသည် ဇူးလူးစကားပုံ Umuntu ngumunty ngabantu (လူတစ်ဦးသည် အခြားလူများမှတစ်ဆင့် ဖြစ်ပေါ်လာသော သူ) မှ ပေါက်ဖွား ဆင်းသက်လာသည်။ အူဘန်တူ အယူအဆအရ လူကို တစ်ဦးချင်းအဖြစ် သဘောမထား၊ အခြားလူသတ္တဝါများ အဆုံးအစမရှိ ရောယှက် အိမ်ဖွဲ့ထားမှုကြီး၏ အစိတ်အပိုင်းအဖြစ်မြင်သည်။ ကျွန်ုပ်တို့ တစ်ဦးနှင့် တစ်ဦး ပေါင်းစည်းဖြစ်ပေါ်လာမှု သဘောကိုပြသည်။ me သည် we ၏ အမှီခံ ဖြစ်သည်။ မည်သည့်လူသားမျှ သီးသန့်ကျွန်းတစ်ကျွန်း မဟုတ်ပါပေ။

မင်ဒဲလားက သူ့မြေများအကြောင်း မကြာမကြာ ပြောပြတတ်သည်။ ကျွန်ုပ်က 'ဘယ်သူဘယ်ဝါဟာ ခင်ဗျားရဲ့ မြေးတစ်ယောက် မဟုတ်ဘူးလား'ဟု ဝင်ထောက်ကြည့်သည်။ ထိုအခါ မင်ဒဲလားက ပြုံးလျက် ခေါင်းခါသည်။ 'ကျုပ်တို့ ယဉ်ကျေးမှုအရ ကျုပ်တို့ ဆွေမျိုးတွေရဲ့ သားသမီး အားလုံးဟာ ကျုပ်တို့ရဲ့ မြေးတွေပဲဗျ' ဟု ဖြေသည်။ မင်ဒဲလားသည် အရှိအတိုင်း ရေးမှတ်ထားသော အနောက်တိုင်းမိသားစု ဆွေစဉ်မျိုးဆက် စာရင်းကို သဘောကျသည်။ ကျွန်ုပ်တို့သည် တစ်ခုတည်းသော ကြီးမားလှသည့် အပင်ကြီးတစ်ပင်မှ အကိုင်းအခက်များဖြစ်သည်ဟု သူ သဘောပေါက်မိသည်။ အူဘန်တူ အယူအဆအတိုင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် မင်ဒဲလားနှင့် တစ်နည်းတစ်ဖုံ ဆက်စပ်မှုရှိနေနိုင်သော်လည်း သူသည် တစ်ကိုယ်တည်း ရပ်တည်နေသည်။ ကျွန်ုပ်တို့၏ ပြင်ပသို့ ရောက်နေသည်။ မိမိတို့ကိုယ်တိုင်ထက် ပိုမိုကြီးကျယ်မှုဆိုင်ရာ နမူနာပြယုဂ်တစ်ခု ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လူ့ဘောင်လောကကြီး၏ ကောင်းမြတ်မှုဟူသမျှကို ပုံဆောင်ထားမှုဖြစ်သည်။ သူ၏ အတွေ့အကြုံသည် တစ်ဦးချင်းနှင့်လည်း သက်ဆိုင်သည်။ အများစုနှင့်လည်း သက်ဆိုင်သည်။ သူသည် မျက်မှောက်ခေတ် သမားရိုးကျ သူရဲကောင်း စံနမူနာ ဖြစ်သည်။ တစ်နေရာရာမှ မွေးဖွား ပေါ်ထွက်လာခဲ့သည်။ အလွန်အရေးပါသော စိန်ခေါ်မှုကို ယှဉ်ပြိုင်ဖက်ပြိုင်ခဲ့သည်။ ကြီးမားသော စမ်းသပ်ခံမှုများနှင့် စိတ်မချမ်းမြေ့စရာများ ကြုံခဲ့ရပြီး ရှုံးနိမ့်ရမတတ် ဖြစ်ခဲ့ရပြီးနောက် ပြန်လည် ရှင်သန်လာခဲ့ရသည်။ သဟဇာတ ဖြစ်သွားနိုင်ခဲ့သည်။ ဤအကြောင်းများကြောင့် ကျွန်ုပ်တို့ မင်ဒဲလားကို သဘောကျခဲ့ကြသည်။ သူ့အဖြစ်မှာ ဗုဒ္ဓ၊ မော့ဆက်၊ မိုဟာမက်နှင့် ယေရှုတို့၏ ဇာတ်ကြောင်းများနှင့် ဘာမျှ မခြားသလိုပင်။ မင်ဒဲလား၏ဘဝတွင် အလားတူ ပေါင်းကူးဖွဲ့ယှက်မှုရှိသည်။ တူညီသော သြဇာထက်မြက်မှုမျိုး ရှိသည်။

× × ×

အခြားသော ကြီးမြတ်လှသည့် ပုဂ္ဂိုလ်များနည်းတူပင် မင်ဒဲလားက စိတ်ချမျှော်လင့်မှု စိတ်ဓာတ် ပွားများစေခဲ့သည်။ စိတ်ချမျှော်လင့်မှု (Trust) သည် ခေါင်းဆောင်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ခေါင်းဆောင်တစ်ဦးသည် ရိုးသားသည်။ စွမ်းရည်ပြည့်သည်။ သွားရမည့်လမ်းကို ကြိုမြင်ထားသည်ဟု ကျွန်ုပ်တို့ စိတ်ချ မျှော်လင့်သည်။ သို့ရာတွင် စိတ်ချမျှော်လင့်မှုသည် ပိုမိုနက်ရှိုင်းသော အဆင့်အထိ အာဏာသက်ရောက်သည်။ ခေါင်းဆောင်တစ်ဦးသည် မူလပကတိ အမြင်အတိုင်း ဖြစ်မည်။ လူထုတစ်ရပ်လုံးနှင့် လူတစ်ဦးချင်းစီတို့ အတူတူ သဘောထားတတ်သည်ဟု စိတ်ချ မျှော်လင့်သည်။ နယ်လ်ဆင် မင်ဒဲလားကို လေ့လာလျှင် သူသည် မူလ ပကတိ အမြင်အတိုင်း ရှိနေသူဖြစ်သည်။ လူထုရှေ့တွင် ထောက်တင်ပြခဲ့သော တန်ဖိုးများသည် ပုဂ္ဂလိက နေထိုင်မှုတွင်လည်း လက်တွေ့ကျင့်သုံးသော တန်ဖိုးများဖြစ်ကြသည်။ ကျွန်ုပ်နှင့် သူ အတန်ကြာမျှ အတူနေထိုင်ခဲ့ရစဉ် ကာလတစ်လျှောက် ကိုယ်ကို ရှေ့ဘက်ကိုင်းလျက် 'ဒီမှာဗျ၊ အလွတ်သဘော ပြောတာ၊ ဘယ်သူ ဘယ်ဝါက မနိပ်ဘူးဗျ' ဟု အတင်းအဖျင်း

www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်ခဲ့ချေ။ သူ့တွင် ဝိရောဓိ များစွာ ပါရှိနေ၏။ သို့ရာတွင် သူတော်ကောင်း ဟန်ဆောင်ထားတတ်မှုများ မတွေ့ရတတ်ပေ။

မင်ဒဲလားသည် မိမိအား စိတ်ပျက်အောင် မလုပ်တတ်ဟု မဆိုလိုပေ။ တစ်ခါတစ်ရံတွင် အရေးမပါသလို ဖြစ်သွားစေသည်။ တစ်ခါတစ်ရံတွင် ရင်ဆိုင် ဖြေရှင်းချင်မှ ဖြေရှင်းတတ်သည်။ ပေးထားသော ကတိကို တည်ချင်မှ တည်မည်။ အလွန် အလေးအနက်ထားတတ်မှုနှင့် နှိမ့်ချအောက်ကျို့တတ်မှုသည် အများ တကာ၏ ကောင်းကွက် အားသာချက်ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့ရာတွင် ယင်းတို့သည် တစ်ဦးတစ်ယောက်စီ၏ ကောင်းကွက်ဖြစ်ရန် မလိုအပ်ဟု သူ သိထားသည်။ သူ့တွင် လူသား အားသာရမွက်များ ပါရှိသည်။ ဖုံးကွယ်မထားတတ်ပေ။ ယင်းတို့ကို မိမိဘာသာ ကြိုးစားချိုးနှိမ်ထားတတ်သည်။ မင်ဒဲလားသည် ကြီးကျယ် မြင့်မြတ်သူ ဖြစ်နေသည်။ အပြစ်အနာအဆာ ချွတ်ယွင်းချက်များမရှိ၍ မဟုတ် ပေ။ ပုထုဇဉ်ပီပီ သူ့တွင်ရှိနေသော အပြစ်အနာအဆာ ချွတ်ယွင်းချက် များအပေါ် အနိုင်ယူနိုင်ခဲ့သောကြောင့် ဖြစ်သည်။

တစ်ခါက မေးကြည့်ဖူးသည်။ ထောင်မှ ထွက်လာလာချင်း မကြုံစဖူးအောင် အမွှမ်းတင်ခံခဲ့ရမှုအတွက် အံ့သြမသွားမိဘူးလားဟု မေးခဲ့သည်။ ထိုစဉ်က မင်ဒဲလား၏ ပုံများကို သန်းပေါင်းများစွာသော ပိုစတာများ၊ တီရှပ်များပေါ်တွင် အနှံ့တွေ့ရသည်။ ကျွန်ုပ်က သူ့အား သက်ရှိအထင်ကရပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သွား ပြီဟု ကျီစယ် ပြောခဲ့သည်။

'မ မ မဟုတ်ရပါဘူးဗျာ၊ လူတွေက ခင်ဗျားကို ကယ်တင်ရှင်ကြီးတစ်ပါးလို ထင်မှတ်နေတာ မကောင်းဘူးဗျ၊ စိတ်ပျက်စရာ ကြုံရတတ်တယ်၊ သူတို့ရဲ့ ခေါင်း ဆောင်တွေဟာ သွေးနဲ့ကိုယ် သားနဲ့ကိုယ် ဆိုတာ သိထားသင့်တယ်၊ ပုထုဇဉ်တွေ ဆိုတာ သိထားသင့်တယ်၊ ကျုပ်ကိုလည်း အဲဒီလို သဘောထားစေချင်ပါတယ်၊ ခင်ဗျားကို ကယ်တင်ရှင်လို့ ထင်လိုက်တာနဲ့ သူတို့ရဲ့ မျှော်လင့်အားကိုးစိတ်က အများကြီး မြင့်တက်သွားတတ်တယ်၊ ခင်ဗျားကို သူရဲကောင်းတစ်ယောက်လို့ ထင်ချင် ထင်ပါစေ၊ သက်ရှိ ဒဏ္ဍာရီဇာတ်ကောင်တစ်ယောက်လို့တော့ မထင်စေပါ စေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလောကကြီးက နယ်လ်ဆင် မင်ဒဲလားအား အမွှမ်းတင် ဂုဏ်ပြုခဲ့သည်သာ မဟုတ်ပေ။ သူ့အား တမြည့်မြည့် တသသလည်း ဖြစ်ရခဲ့သည်။ လူမည်း စန်တာကလော့ တစ်မျိုးအဖြစ် ပြောင်းလဲပစ်လိုက်သည်။ ဘိုးဘိုးခရစ္စမတ်သည် ကျင့်ဝတ်သိက္ခာ ကောင်းမြတ်ရေးအတွက် မတွေးတတ်အောင်ကြီးမားစွာ စွန့်လွှတ်အနစ်နာခံနေသူ ကရုဏာရှင် အဘိုးအို၊ ကောင်းမှုသက်သက်ဆိုင်ရာ ရွှင်ပြုံးနေသော သင်္ကေတလက္ခဏာ ဖြစ်သည်။ မင်ဒဲလားသည် သူ့ရဲကောင်းဖြစ်ချင်လည်း ဖြစ်မည်။ နတ်စေတမန် တစ်ဦးတော့ မဟုတ်ချေ။ သူ့ဘဝတွင် အလွန့်အလွန် ခက်ခဲလှသော ဆုံးဖြတ်ချက် အမျိုးမျိုး ချမှတ်နိုင်ခဲ့သည်။ ထိုဆုံးဖြတ်ချက်များသည် မှန်ချင်မှ မှန်မည်။ တရားမျှတချင်မှ မျှတမည်။ သူတစ်ပါးအား ထိခိုက်စေနိုင်သော နစ်နာစေသော ဆုံးဖြတ်ချက်များ ဖြစ်ချင်ဖြစ်မည်။ အချို့ဆိုလျှင် အသက်ပင် ဆုံးရှုံးခဲ့ရလိမ့်မည်။ ခေါင်းဆောင်မှုဘဝသည် ရံဖန်ရံခါတွင် ဆိုးဝါးသော ရွေးချယ်စရာနှစ်ခုအနက်မှ တစ်ခုကို ရွေးချယ်ရတတ်ကြောင်းသူ သိသည်။ လူကောင်းသူကောင်းသည် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သော ဆုံးဖြတ်ချက်မျိုးကို ချမှတ်ရတတ်ကြောင်း သိသည်။

တစ်ချိန်တည်းမှာပင် ခက်ခဲလှသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းသည် ပထမ အခြေခံသဘောတရားများကို ဖောက်ချိုးပစ်ခြင်းဟု မဆိုလိုပေ။ မိမိရှာဖွေနေသည့် လမ်းကြောင်းပေါ်တွင် မိမိ ရည်မှန်းချက်ပန်းတိုင် ထင်ဟပ်မှုရှိနေရမည်ဟု သူက ဆိုခဲ့သည်။ 'သင် ရှာဖွေနေသော ပြောင်းလဲမှု ဖြစ်ပါစေ' ဟူသော ဂန္ဒီကြီး၏ အဆိုအမိန့်ကို တစ်ခါတစ်ရံ ကိုးကား ပြောတတ်သည်။ မင်ဒဲလားသည် အရာရာကို သဘောထားကြီးသည်။ သို့ရာတွင် သဘောထားသေးမှုမျိုးကို လက်မခံတတ်ချေ။ ရည်မှန်းချက်ပန်းတိုင်သို့ ချီရာတွင် ခွဲခြားဆက်ဆံမှုမျိုး အဆုံးသတ်သွားစေရန် တစ်ဖက်ကို နှိမ်၍ မဆက်ဆံတတ်ပေ။ မြင့်မြတ်သော ရည်မှန်းချက် ပန်းတိုင်ကို ယုတ်ညံ့သောနည်းဖြင့် အရောက်မလှမ်းသင့်ပေ။ လက်တွေ့ကျကျ အလားအလာ ကောင်းသော ရည်မှန်းချက်မျိုးလား။ လက်ခံသည်။ လောဘဇောတိုက်သော ရည်မှန်းချက်မျိုးလား။ ဝေးဝေး သွားပေရော့။

မင်ဒဲလားသည် ကယ်တင်ရှင်အဖြစ် မြင်တွေ့ခံရမှုကို ငြင်းပယ် လက်မခံခြင်းသည် နှိမ့်ချ အောက်ကျို့မှုတစ်ခုတည်း မဟုတ်ပေ။ လက်တွေ့ကျပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ခြေရှိသည်။ ထိုသို့ ပြောဆိုခြင်းသည် အဟန့်အတား ပိုမိုမြင့်မားစေသည်။ အခြေခံအားဖြင့် မင်ဒဲလားသည် လွှန်လွှန်ကဲကဲ ကတိမပေးလိုပေ။ ကတိပေးသည့်အတိုင်း လုပ်မပေးဘဲ မနေလိုပေ။ ယင်း အချက်သည် နိုင်ငံရေးသမားတစ်ဦးနှင့် ကယ်တင်ရှင် (မေရှာယ) တစ်ဦးအတွက် သေတွင်း တူးရာရောက်သည်။

ထို့ကြောင့် ကျွန်ုပ်က မေးမိ၏။ ဒဏ္ဍာရီ သူရဲကောင်းနှင့် ဟီးရိုးတစ်ဦး ဘယ်လို ခြားနားလို့လဲဟု မေးကြည့်သည်။ 'ခင်ဗျား သိတဲ့အတိုင်းပါပဲ၊ ဒဏ္ဍာရီ သူရဲကောင်း ဆိုတာတွေ နည်းလွန်းပါတယ်၊ ဒဏ္ဍာရီ သူရဲကောင်းဆိုတာ အလွန်ရှားပါတယ်၊ ဘယ်သူမှလည်း မမြင်ဖူးပါဘူး၊ ဒါပေမယ့် ဒီခေတ် တောင်အာဖရိကမှာ သူရဲကောင်းတွေ ထောင်ပေါင်းများစွာ ရှိနေတယ်၊ ဟီးရိုးဆိုတာ တစ်စုံတစ်ခုမှာ သက်ဝင်ယုံကြည်မှု ရှိသူ၊ ရဲစွမ်းသတ္တိကောင်းသူ၊ လူထုကောင်းစားရေးအတွက် မိမိအသက်ကို စွန့်လွှတ်ရဲသူပါပဲ' ဟု မင်ဒဲလားက အဖြေပေးသည်။ မင်ဒဲလားကသူ ဟီးရိုးတစ်ဦးဖြစ်ခဲ့ဖူးကြောင်း သိသည်။ သို့ရာတွင် ဟီးရိုးတစ်ဦးကိုယ်တိုင် သူတစ်ပါး ပခုံးပေါ် ရပ်တည်နေရသည်။ ယောကျ်ား မိန်းမ ထောင်ပေါင်းများစွာသည် သူတို့၏အသက်များကို စွန့်လွှတ်ကြသည်။ ထို့ကြောင့် ဟီးရိုးသည် မိမိ၏အသက်ကိုလည်း စွန့်လွှတ်နိုင်သည်။ ယောကျ်ား မိန်းမ ထောင်ပေါင်းများစွာ၏ လူမသိသော၊ သတိမရကြသော သတ္တိဆိုင်ရာ စွမ်းဆောင်ချက်များကြောင့် ဟီးရိုးသည် မိမိ၏ သတ္တိ အစွမ်းကို ထုတ်ဖော်ပြသခွင့်ရသည်။

သတ္တိသည် ဤနေရာနှင့် ယခုကာလတွင် အမြစ်စွဲလျက်ရှိသည်။ ဒဿနိကဗေဒ သဘောအရဆိုရသော် မင်ဒဲလားသည် ရုပ်ဝါဒီတစ်ဦးဖြစ်သည်။ မိမိ မထိနိုင်မကိုင်နိုင်သော အရာဟူသမျှ အပေါ် ယုံကြည်မှု မရှိတတ်ပေ။ နှစ်ပေါင်းများစွာပင် ပိုမို၍ တန်ခိုးသြဇာ ကြီးမားသော ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ဆက်စပ်ပြောဆိုမှုမျိုးကို ရှောင်နေခဲ့သည်။ ကိုးစားမှုလည်း မပြုခဲ့ချေ။ မင်ဒဲလားသည် မိမိ၏ အနီးဆုံး လုပ်ဖော်ကိုင်ဖက်များအပေါ် ယုံကြည်အားထားသည်။ အဝေးရှိ နတ်သိကြားများကို ယုံကြည်အားထားမှု မပြုခဲ့ချေ။ သူသည် ဆုတောင်းလေ့မရှိ။ နက်နက်နဲနဲ စဉ်းစားပြီး လက်တွေ့ထ လုပ်တတ်သည်။ အရာရာသည် အကြောင်းပြချက် တစ်ခုခုကြောင့် ဖြစ်ပေါ်လာရသည်ဟု ပြောတတ်သူတို့အား မင်ဒဲလားက ကျွန်ုပ်တို့ (we) သည် အကြောင်းပြချက် ဖြစ်သည်။ ကျွန်ုပ်တို့ကြောင့် အရာရာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာရသည်။ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ကို ပုံသွင်းပေးမည့် ဘဝ ကံကြမ္မာ ဟူ၍ မရှိပေ။ ယင်းကို မိမိတို့ ကိုယ်တိုင်ပင် ပုံသွင်းပေါ်ပေါက်လာစေ သည်။

× × ×

ခေါင်းဆောင်များအတွက် ကျုပ်တို့ကတော့ စိတ်မထိခိုက်မိပါဘူးဗျာ ဟု ပြောရန် လက်သုံး ဖြစ်လာသည်။ စိတ်ထိခိုက် မိပါသည်ဟု ဝန်ခံမိလျက် မိမိတို့၏ အားနည်းချက်ကို သက်သေခံရာရောက်မည်ဟု ထင်မှတ်နေကြသည်။ မင်းဒဲလား တွင် စိတ်ထိခိုက်မှု များစွာရှိသည်။ ပြဿနာကြီးများပေါ်လာလျှင် သူသည် လမ်းမှန်ကို ရွေးချယ်ခဲ့သည်ဟု ယုံကြည်သည်။ သို့ရာတွင် ဆောင်ရွက်ရာလမ်း တစ်လျှောက် အကွေ့မှား များစွာ ပြုခဲ့မိကြောင်း သိထားသည်။ သူသည် မရွေး ချယ်ခဲ့မိသည့် လမ်းကြောင်းနှင့် ပတ်သက်၍ ဝမ်းနည်းမိခဲ့ခြင်း ဖြစ်သည်။ မိမိ၏ ကိုယ်ပိုင်ဘဝ စွန့်လွှတ်ရကျိုးနပ်ခဲ့ပါရဲ့လားဟု တွေးမိခဲ့သောကြောင့်ပင်။ သို့ရာတွင် စွန့်လွှတ်ရကျိုးနပ်ပါသည်ဟု ပြောကြည့်သည်။ ခံစားမိသည့် ဝေဒနာ သက်သာ သွားခဲ့ခြင်း မရှိပေ။

Chris Har: လုပ်ကြံခံရပြီးနောက် ကျွန်ုပ်နှင့် မင်းဒဲလားတို့ ဟာနီ၏အိမ်သို့ သွားကြသည်။ ဟာနီ့ ဇနီးနှင့် တွေ့ရသည်။ အမျိုးသမီးနှင့် စကားစမြည် ပြောပြီး နောက် ထိုအိမ်တွင်ရောက်နေသော လူနှစ်ဆယ်လောက်နှင့် တွေ့ဆုံ စကားပြော သည်။ မင်းဒဲလား၏ မစ္စဟာနီနှင့် မျှဝေခံစားမိမှုသည် သိသာပေါ်လွင်လှသည်။ အမျိုးသမီးက စိတ်ဓာတ်ကြံ့ခိုင်သည်ဟု မင်းဒဲလားက ပြောခဲ့သည်။ 'ဒါပေမယ့် ရင်ထဲမှာ ခံစားနေရတဲ့ ဒဏ်ရာဒဏ်ချက်ကို မျက်လုံးနဲ့ကြည့်လို့ မမြင်ရပါဘူး၊ မမြင်ရတဲ့ဒဏ်ရာဟာ သိပ်ပြီး နာကျင်လှပါတယ်၊ မြင်နိုင်တဲ့ ဒဏ်ရာထက် ပိုမို ဆိုးဝါးစွာ နာကျင်လှပါတယ်' ဟု ပြောခဲ့သည်။ မင်းဒဲလားသည် မိမိ၏ ခံစားချက် ကိုလည်း ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်မိသည်။

စာအုပ်ရေးရန် ကျွန်ုပ်တို့နှစ်ဦး၏ နောက်ဆုံးအင်တာဗျူးကို ဟူတန်မြို့ရှိ မင်းဒဲလား နေအိမ်၌ စနေ တနင်္ဂနွေ နံနက်ခင်းတစ်ခုတွင် ကျင်းပခဲ့သည်။ ကျွန်ုပ်က သူ့အား ကဗျာဆန်ဆန် ဒဿနိကဗေဒဆန်ဆန် ပြောဆိုရန် အမြွတ်နှိုးအားပေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သို့ရာတွင် သူက ရှောင်တိမ်းတတ်သည်။ အင်တာဗျူး နောက်ဆုံးနေ့တွင် သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်ပြစေချင်သည်။ သူက ထုံးစံအတိုင်းပင် ကျွန်ုပ်မေးသမျှကို လက်တွေ့ကျသော မူဝါဒဦးတည် အဖြေများဖြင့် တုံ့ပြန်ခဲ့သည်။ အင်တာဗျူးပြီးခါနီး ကျွန်ုပ်ဘက်က နှိုက်နှိုက်ချွတ်ချွတ် မေးခဲ့ပြီးနောက် မင်ဒဲလားတစ်အောင့်မျှ နားသည်။ ပြတင်းမှ အပြင်သို့ ကြည့်လိုက်ပြီး 'လူတွေရောက်လာကြတယ်၊ လူတွေ ထွက်သွားကြတယ်၊ ကျုပ်လည်း ရောက်လာခဲ့ရတယ်၊ အချိန်တန်ရင် ပြန်သွားရမှာပဲ' ဟု ပြောလိုက်သည်။ သူ၏ စကားပြောကောင်းမှုသည်ပင် လက်တွေ့ဘဝနှင့် နီးစပ်လှသည်။

အချိန်စေ့သွားသောအခါ သူ မတ်တတ်ရပ်လိုက်သည်။ ကျွန်ုပ် လက်ဆွဲနှုတ်ဆက်ရန် သူ့ထံသွားသည်။ သူနှင့် နောက်ထပ် အချိန် အတန်ကြာမျှ တွေ့နိုင်ဖွယ် မရှိတော့ချေ။ ကျွန်ုပ်တို့နှစ်ဦး ရင်းရင်းနှီးနှီး လျှောက်လှမ်းလာခဲ့သော ခရီးရှည်ကြီး လမ်းဆုံးသို့ ရောက်လာခဲ့ကြပြီ။ ကျွန်ုပ်၏ လက်မောင်းတစ်ဖက်ဖြင့် သူ့ပခုံးကို ဖက်လိုက်သည်။ မင်ဒဲလားသည် ရင်းနှီးချစ်ခင်မှုကို ကိုယ်လက်တို့ဖြင့် ဖော်ပြမှု မပြုတတ်ပေ။ သို့ရာတွင် တစ်ခဏ အတွင်းမှာပင် သူ့လက်မောင်းက ကျွန်ုပ် လက်မောင်းကို လာချိတ်သည်။ သူ့ဘက်သို့ ဆွဲယူလိုက်ပြီး ပွေ့ဖက်လိုက်သည်။ ထိုအခါ ကျွန်ုပ် စိတ်မထိန်းနိုင်တော့ဘဲ သူ့ကို တအားပြန်ဖက်မိတော့သည်။ သူ့ဦးခေါင်းနောက်ပိုင်းနှင့် ကျွန်ုပ်ဦးခေါင်း နောက်ပိုင်းတို့ မှီထားမိကြသည်။ သူ့လက်မောင်းက ကျွန်ုပ်ကို နောက်ဘက်မှ ပွေ့ပိုက်ထားသည်။ သူသည် ကျွန်ုပ်၏ စိတ်လှုပ်ရှားနေမှုကို သိပါလိမ့်မည်။ မျက်ရည်မကျမိအောင် မနည်းချုပ်တည်းထားမိပါသည်။ အသက် ၇၅ နှစ်အရွယ် ရောက်နေသည့်တိုင် သူသည် အရပ်မြင့်နေဆဲ၊ ခါးမတ်နေဆဲ၊ ကျန်းမာ တောင့်တင်းနေဆဲပင်။ ထိုအခိုက်မှာပင် ရော့ဘန်းကျွန်း အကျဉ်းထောင်မှ ငါးပေ သုံးလက်မမျှသာ မြင့်သည့် အကျဉ်းသား Eddie Daniels ကို သွားရောက် သတိရမိသည်။ ဒင်နီယယ်က သူ အလွန်အမင်း စိတ်မချမ်းမသာ ခံစားနေရချိန်တွင် မင်ဒဲလားကို တွေ့ရမြင်ရ၊ ထိကိုင်ရ၊ ဖက်ပွေ့ရလျှင် မိမိအား ပြန်လည် အားတက်စေပြီး လူ့ဘဝတွင် ဆက်လက် အသက်ရှင်လိုစိတ် ပေါ်လာစေသည်ဟု ပြောပြခဲ့သည်။ ကျွန်ုပ်သည် ဆယ်စုနှစ်များစွာ အတွင်း ရှိနေခဲ့သော လူသားများ၊ သေရေးရှင်ရေး ကြောက်မက်ဖွယ် အခြေ

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေဆိုးများကြုံခဲ့ရသည့် လူသားများ၊ ကြောက်ရွံ့စိတ်၊ အားငယ်စိတ်တို့ ဖုံးလွှမ်းနေခဲ့သော လူသားများ၊ ဝေဒနာနှင့် သေခြင်းတရားကိုပင် ရင်ဆိုင်နေခဲ့ရသော လူသားများကိုလည်း အမှတ်ရမိ၏။ သူတို့သည် မင်ဒဲလားကို တအားဖမ်းဆုပ်ပွေ့ဖက်ခဲ့ကြသည်။ ဤနည်းဖြင့် စိတ်သက်သာရမှုနှင့် အင်အားတို့ကို ရယူသွားခဲ့ကြသည်။ ယခုလည်း မင်ဒဲလားသည် ကျွန်ုပ် စိတ်သက်သာရာရအောင် သူ့ကို ပွေ့ဖက်ထားခွင့် ပေးထားသည်။

အတန်ငယ်ကြာသောအခါ ဟန်ကျသွားပါပြီဟု ပြောလိုက်သည်။ ကျွန်ုပ်တို့ တစ်ဦးနှင့် တစ်ဦး လွှတ်လိုက်ကြသည်။ ကျွန်ုပ်က နောက်သို့ ဆုတ်လျက် ရပ်နေသည်။ လှေကားပေါ်သို့ မင်ဒဲလား တရွေ့ရွေ့ တက်ရောက်သွားနေသည်ကို စောင့်ကြည့်နေခဲ့မိသည်။

× × ×

ကျွန်ုပ်တို့ စာအုပ်ကိစ္စ လုပ်ကိုင်ခဲ့ကြပြီးနောက် နှစ်များစွာအတွင်း မင်ဒဲလားနှင့် အကြိမ်များစွာ တွေ့ခဲ့ရသည်။ သို့ရာတွင် အထက်ပါအတိုင်း ရင်းရင်းနှီးနှီးနေခွင့် ရခဲ့ပါသည်ဟု ဆိုလိုက်လျှင် ကျွန်ုပ် လိမ်ရာ ရောက်သွားပါလိမ့်မည်။ ထိုသို့ နောက်ထပ်တစ်ကြိမ် တွေ့ခွင့် မလိုချင်ဟု ပြောလျှင်လည်း လိမ်ရာကျသွားပါလိမ့်မည်။ အမှန်စင်စစ် ကျွန်ုပ်မှာလည်း အစမ်းသပ်ခံကာလ၊ ကြမ်းတမ်းခက်ခဲသော အခြေအနေဆိုးများအောက်တွင် သူနှင့် ဘေးချင်းယှဉ်လျက် မျှဝေ ခံစားခဲ့သူလူ ထောင်ပေါင်းများစွာနှင့် ဘာမျှ မခြားလှပါ။ သူတို့သည် မင်ဒဲလား ထောင်မှ လွတ်သွားသည်နှင့် တစ်ပြိုင်နက် ထိုသို့ ကြီးမားခိုင်မာလှသော ဆက်သွယ်မှုမျိုး ပျောက်ဆုံးသွားခဲ့ရသည်။ ကျွန်ုပ်သည် ထိုအကျဉ်းသားဟောင်းများစွာနှင့် တွေ့ဆုံစကားပြောခဲ့သည်။ သိကျွမ်းခဲ့ရသည်။ သူတို့ ထိုနေ့အထိ တစ်ခုတည်းသော လွမ်းဆွတ်နေဆဲ အချက်တစ်ရပ်မှာ အကျဉ်းသား အမှတ် 4664 နှင့် ရင်းရင်းနှီးနှီး နေ့စဉ်လိုလို စိတ်အားထက်ထက်သန်သန် ထိတွေ့ဆက်ဆံခဲ့ရမှုဖြစ်သည်။ ကျွန်ုပ်လည်း လွမ်းဆွတ်မိပါ၏။ ထိုလူများသိသလို ကျွန်ုပ်လည်း သိနေပါ၏။ ထိုအခြေအနေမျိုးကို ပြန်လည်ရယူနိုင်တော့မည် မဟုတ်ပါ။ ယင်း အခြေအနေမျိုးသည် တစ်စုံတစ်ခုသော အချိန်နှင့် တစ်စုံတစ်ခုသော နေရာမျိုးတွင်သော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဖွားလာနိုင်ပါသည်။ သို့ရာတွင် ယင်း အချက်သည် ထိတွေ့ဆက်ဆံခဲ့ရမှု ဩဇာ စွမ်းအားမှ ဖယ်ထုတ်ပစ်လိုက်နိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့ တစ်ဦးချင်းစီတွင် ထိုပုဂ္ဂိုလ်ကြီးနှင့် ပတ်သက်၍ ပြောစရာ ဆိုစရာ အမှတ်ရစရာ အဖြစ်ကလေးများ ကိုယ်စီ ထိန်းသိမ်းထားမိဆဲပင်။

ထူးခြားချက်တစ်ရပ်မှာ မင်ဒဲလားနှင့် သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိ ပူးတွဲ ရေးသားခဲ့ရာတွင် သူနှင့် သူ၏ အတွေးအခေါ် အယူအဆများကို ခံယူပွားများမိခဲ့ပါသည်။ အကြိမ်ပေါင်းများစွာပင် မိမိကိုယ်မိမိ ပြန်လည် မေးခွန်းထုတ်ခဲ့မိ၏။ 'နယ်လ်ဆင် မင်ဒဲလား ဘာတွေလုပ်ဦးမလဲ' ဟူ၍ပင်။ ယင်းသို့ ပြန်လည်မေးခဲ့မိခြင်းသည် စွမ်းအားကြီးမားလှသော လေ့ကျင့်ခန်းတစ်ရပ်ပင် ဖြစ်သည်။ ထိုသို့ မေးခဲ့မိသည့် အခိုက်အတန့်ကလေးအတွင်း ကျွန်ုပ်ကိုယ် ကျွန်ုပ် ပိုမိုတည်ငြိမ်သော၊ ပိုမို ကျိုးကြောင်းညီညွတ်စွာ စဉ်းစားတွေးခေါ်တတ်သော၊ ပို၍ စိတ်ရင်းသဘောကောင်းသော လူတော်တစ်ဦးအဖြစ် ရောက်ရှိစေခဲ့ပါသည်။ ထိုသို့သော အပြောင်းအလဲမျိုးများသည် ကျွန်ုပ်ထံတွင် ဆက်လက်ကျန်ရစ် တည်ရှိနေဆဲဖြစ်ကြောင်း ပြောနိုင်စွမ်းရှိလိုလှပါသည်။ အကြိမ်များများတွင်မူ ယင်းတို့ လွတ်ထွက်သွားတတ်ပါသည်။ သို့ရာတွင် မင်ဒဲလား၏ စံနမူနာများသည် ကျွန်ုပ်တွင် ဆက်လက်တွဲခိုနေဆဲပင်။ စာဖတ်သူများတွင်လည်း ထို့အတူ ကျန်ရှိနေကြပါလိမ့်မည်။ မင်ဒဲလား၏ ဘဝအနေအထားသည် ကျွန်ုပ်တို့၏ ဘဝအခြေအနေချင်း ကွာလှမ်းလှပါ၏။ သို့ရာတွင် သူ၏ စံနမူနာသည် ကျွန်ုပ်တို့ ဆက်လက်ကိုင်စွဲ အသုံးပြုရန် တစ်စုံတစ်ခု ပေးခဲ့ပါသည်။ အခြေခံသဘောတရားနှင့် တန်ဖိုးများ အစုံလိုက်ဖြစ်သည်။ ယင်းတို့က ကျွန်ုပ်တို့ ခက်ခဲကြမ်းတမ်းသော အချိန်ကာလများမှ ဖြတ်သန်းရချိန်များတွင် လမ်းပြကြပါလိမ့်မည်။

ကျွန်ုပ်နှင့် မေရီတို့ လက်မထပ်မီ တစ်ရက်တွင် မင်ဒဲလားက မေရီအား 'ကျုပ် မင်းကို ကောင်းချီးပေးလိုက်ပါပြီ၊ ရစ်ချတ်ဟာ ကျုပ်ရဲ့သား ဖြစ်လို့ပါပဲ'ဟု ပြောလိုက်သည်။ သူက ကျွန်ုပ်အား သားတစ်ဦးအဖြစ် ခေါ်လိုက်ပါ၏။ ကျွန်ုပ်သဘောကျပါ၏။ ကျွန်ုပ် မင်ဒဲလားကို ချစ်ခင်မြတ်နိုးလှပါ၏။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တွင် ညီအစ်ကိုများ၊ မောင်နှမများ သန်းပေါင်းများစွာ များစွာ ရှိနေပါကလား ဟူ၍လည်း သဘောပေါက်လိုက်မိပါသည်။

မောင်ကြည်သန့်

www.burmeseclassic.com

www.burmeseclassic.com

## မူရင်း စာရေးသူ

ရစ်ချက် စတန်ဂယ်သည် တိုင်းမ် မဂ္ဂဇင်း အယ်ဒီတာ ဖြစ်သည်။ မင်ဒဲလား၏ အရောင်းအသွက်ဆုံးနှင့် ဆန်းစစ် ဝေဖန်ချီးကျူး ဂုဏ်ပြုခံခဲ့ရသော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ Long Walk To Freedom စာအုပ်အတွက် ကူညီ လုပ်ဆောင်ပေးရင်း နယ်လ်ဆင် မင်ဒဲလားနှင့်အတူ သုံးနှစ်သုံးမိုး အချိန်ကုန်ခဲ့ရသည်။ စတန်ဂယ်သည် ဆောင်းပါးများစွာ ရေးသားခဲ့ပြီး ဖြစ်သည်။ The New Yorker နှင့် New York Times စသည့် စာနယ်ဇင်း များစွာအတွက် ရေးသား ပေးခဲ့သည်။ January Sun: One Day, Three Lives, A South African Town စာအုပ် ရေးသားခဲ့သူလည်း ဖြစ်သည်။ နယူးယောက်မြို့တွင် လက်ရှိနေထိုင်သည်။ ဇနီး Mary Pfaff ဖြစ်ပြီး သားသမီး နှစ်ဦး ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဤကမ္ဘာပေါ်တွင် ဘယ်အရာမဆို ဖြစ်မြောက်သွားလိုလျှင် သူတစ်ပါး၏ လုပ်ဆောင်ချက်နှင့် အောင်မြင်မှုများဟူ၍လည်း ထည့်တွက်ရပေမည်။ ရစ်ချတ် စတန်းဂယ်သည် အဆိုပါအယူအဆကို လိုလိုလားလား အသုံးချတတ်သူများ အနက် တစ်ဦးဖြစ်သည်။ စတန်းဂယ်သည် မျက်မှောက်ကမ္ဘာကြီးနှင့် ကမ္ဘာကြီး အတွင်း နေထိုင်သူအားလုံး ရင်ဆိုင်နေရဆဲ အစိတ်အပိုင်း များစွာ ဆက်စပ် ပါဝင်နေသည့် ခေါင်းဆောင်မှု ဆိုင်ရာ စိန်ခေါ်ချက်များကို ထူးထူးခြားခြား ကြည့်မြင် သုံးသပ်ပြထားသည်။ ယင်းအချက်မှ လူတိုင်း လေ့လာ သင်ယူ နိုင်ကြပါသည်။

-နယ်လ်ဆင် မင်ဒဲလား

သူရဲကောင်းများကို တောင့်တမျှော်ကိုးနေကုန်၏။ အရေအတွက်ကား အလွန် နည်းပေစွ။ နယ်လ်ဆင်မင်ဒဲလားသည် ဤကမ္ဘာပေါ်တွင် နောက်ဆုံး လက်ကျန် သူရဲကောင်းစစ်စစ်တစ်ဦး ဖြစ်ပါပေသည်။

တိုင်းမ်မဂ္ဂဇင်းအယ်ဒီတာ ရစ်ချတ်စတန်းဂယ်သည် သုံးနှစ်သုံးမိုး နီးပါးပင် မင်ဒဲလား၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ရေးသားရာတွင် ဝိုင်းဝန်း လုပ်ဆောင် ပေးခဲ့သည်။ ခရီးသွားရာတိုင်းသို့လည်း လိုက်ပါသွားခဲ့သည်။ မင်ဒဲလားနှင့် အတူ စားသည်။ မင်ဒဲလား မဲဆွယ်တရားဟောနေပုံကို စောင့်ကြည့်သည်။ သဘောအယူအဆ ပွင့်ပွင့်လင်းလင်း ပြောဆိုနေမှုများကိုလည်း ကြားနာခဲ့ ရသည်။ အစိတ်အပိုင်းများစွာ ပေါင်းစပ်ပါဝင်နေသော ထိုပုဂ္ဂိုလ်ကြီး၏ မတူညီ သော ဘက်ပေါင်းစုံမှ ကြည့်မြင် သဘောပေါက်လာသည်။ စတန်းဂယ်သည် မင်ဒဲလား၏ မြတ်နိုးစရာ မိတ်ဆွေတစ်ဦး၊ လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်လာ သည်။ ယခု မင်ဒဲလားနှင့် နာရီပေါင်းများစွာ ရင်းရင်းနှီးနှီး ပြောခဲ့ဆိုခဲ့သမျှ အနက်မှ အကြောင်းအချက်များစွာကို ပဓာနကျကျ ဘဝသင်ခန်းစာ ဆယ့်ငါးခု အဖြစ် အဆီအနှစ် ထုတ်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



Mandela's Way တွင် စာရေးသူသည် 'တောင်အာဖရိက၏ ဘိုးအေကြီး' စမ်းသပ်ခံခဲ့ရသော အချိန်အခိုက်အတန့်များကို အသေးစိတ် ပြန်လည်တင်ပြထားသည်။ ပြိုင်ဘက်ရန်သူကို ဘာကြောင့် အနီးကပ်ထားသင့်သလဲ၊ သတ္တိရှိခြင်းသည် ကြောက်စိတ်မရှိခြင်းဟူသော အချက်ထက် အဘယ့်ကြောင့် သာလွန်နေရသနည်း၊ အဖြေဆိုသည်မှာ အဘယ်ကြောင့် အမြဲပင် အဖြေလည်း မဟုတ်၊ အမေးလည်း မဟုတ်ရသနည်း။ စာရေးသူသည် မင်းဒဲလား၏ အဆိုပါ ရှုမြင်တွေးခေါ်မှုများကိုလည်း မှုဝေ လေ့လာနိုင်ခဲ့သည်။ ဘဝသင်ခန်းစာများအဖြစ် ဖွဲ့ယှက်လိုက်သောအခါ အံ့လောက်ဖွယ် ဘဝဇာတ်ကြောင်းများ ဖြစ်လာသည်။ လူမျိုးစုဘုရင်တစ်ပါး၏ တပည့်လက်သားအဖြစ် နေထိုင်ကြီးပြင်းလာခဲ့ရသော မင်းဒဲလား၏ ကလေးဘဝ၊ လွတ်လပ်ရေးတိုက်ပွဲဝင် တစ်ဦးအဖြစ် ပါဝင်လှုပ်ရှားခဲ့သော စောစောပိုင်းက နေ့ရက်များ နှစ်ဆယ့်ခုနစ်နှစ်အကျဉ်းစံဘဝတွင် ဒူးမထောက် လက်မမြှောက်ခဲ့မှု၊ အသက်ရှစ်ဆယ်အရွယ်ရောက်မှ အိမ်ထောင်ဖက်အသစ် စိတ်တိုင်းကျရွေးချယ်လက်ထပ်ခဲ့မှု စသည့် ဘဝဇာတ်ကြောင်းများ ဖြစ်သည်။

ဤထူးထူးခြားခြား စိတ်ဓာတ်တက်ကြွဖွယ် စာအုပ်တွင် စစ်သား၊ အာဇာနည်၊ ခင်ပွန်း၊ နိုင်ငံရေးသုခမိန်နှင့် စိတ်ဓာတ်ရေးခေါင်းဆောင် မင်းဒဲလားဟူသော သာမန်ထက်လွန်ကဲသည့် ပုဂ္ဂိုလ်ကြီး၏ စိတ်ဝိညာဉ်ကို အမိအရ ဖမ်းယူထားနိုင်သည်။ ထိုမျှမကသေးချေ။ မိမိတို့၏ အဖွဲ့တွဲပိုင်းကို ပြန်လည်ရှုငဲ့ကြည့်ရန်၊ မှန်သည်ဟု မှတ်ယူထားသမျှတို့ကိုလည်း ပြန်လည်သုံးသပ်ကြည့်ရန်၊ မိမိတို့ ချန်ထားရစ်မည့် ကမ္ဘာကြီးအတွက် အမွေအနှစ်ကိုလည်း စိတ်ကူးမှန်းဆကြည့်ထားကြရန်လည်း စေ့ဆော်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ

www.burmeseclassic.com

www.burmeseclassic.com



# မင်ဒဲလား၏ ဘဝဖြစ်စဉ် မှတ်တမ်း

ဇူလိုင် ၁၈၊ ၁၉၁၈ - မင်ဒဲလားကို တောင်အာဖရိက၊ ထရန်စကီခရိုင်၊ အွမ်တာတူမြို့နယ် မဗီဇိုရွာတွင် မွေးဖွားသည်။

၁၉၂၆ - ကျောင်း စ,နေပြီး၊ နာမည်ကို 'နယ်လ်ဆင်'ဟု သူ့ဆရာကပေးခဲ့သည်။

၂၉၂၇ - သူ့အဖေ ဆုံးသည်။

၁၉၃၅ - ကလပ်ဘာရီ အလယ်တန်းကျောင်းတွင် သင်ကြားသည်။

၁၉၃၇ - အထက်တန်းကို ဟဲလ်တောင်းမြို့ကျောင်းတွင် တက်ရောက်သည်။

၁၉၃၉ - ဖို့တ်ဟဲယား၊ ယူနီဗာစီတီကောလိပ်တွင် တက္ကသိုလ် ပညာ သင်ကြားသည်။

၁၉၄၂ - အာဖရိကန် အမျိုးသား ကွန်ဂရက် (ANC)နှင့် ဆက်သွယ်ခဲ့သည်။

၁၉၄၂ - ဖို့တ်ဟဲယား ကောလိပ်မှ ဝိဇ္ဇာဘွဲ့ရသည်။

ဧပြီ၊ ၁၉၄၄ - လူငယ် ကွန်ဂရက်အဖွဲ့ချုပ်ကို မင်ဒဲလား ဦးဆောင်၍ တည်ထောင်သည်။

ဩဂုတ်၊ ၁၉၄၆ - အာဖရိက မိုင်းလုပ်သားများ သပိတ် ဖြစ်ပွားသည်။

၁၉၄၇ - ထရန်စဗားလ်မြို့ ANC အလုပ်အမှုဆောင်အဖြစ် အရွေးခံရသည်။

၁၉၄၈ - တောင်အာဖရိကတွင် အမျိုးသားရေးပါတီ ရွေးကောက်ခံရပြီး အစိုးရဖွဲ့သည်။ အသားရောင် ခွဲခြားရေး အပြည့်အဝ အကောင်အထည်ပေါ်လာသည်။

၁၉၄၉ - ANC မှ လှုပ်ရှားမှုများ စတင်ရန် ဆုံးဖြတ်ခဲ့သည်။

၁၉၅၀ - ANC အမျိုးသားအဆင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဖြစ်လာသည်။

၁၉၅၁ - လူငယ်အဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် အရွေးခံရသည်။

၁၉၅၂ - ခုခံရေး လှုပ်ရှားမှုများကြောင့် မင်ဒဲလား ခေတ္တ ထိန်းသိမ်းခံရသည်။ ထို့နောက်မှာပင် ထရန်စဗားလ်ANC ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာသည်။ ရှေ့နေစာမေးပွဲ အောင်မြင်သည်။

၁၉၅၅ - ကွန်ဂရက်မှ လွတ်လပ်ရေး ချာတာကို ကြေညာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာ ၁၉၅၆ - နိုင်ငံတော် သစ္စာဖောက်မှုဖြင့် စွပ်စွဲခံရ။

မတ်လ ၂၁၊ ၁၉၆၀ - ရှာပီမီး လူသတ်ပွဲတွင် ပုလိပ်များ၏ ပစ်ခတ်မှုကြောင့် အာဖရိက အမျိုးသား ၆၉ ဦး သေဆုံးသည်။

ဧပြီ ၈၊ ၁၉၆၀ - ANC နှင့် အာဖရိက ကွန်ဂရက် (PAC)ပိတ်ပင်ခံရ။

မတ် ၂၉၊ ၁၉၆၁ - မင်ဒဲလားနှင့် အခြား ခေါင်းဆောင်များ နိုင်ငံတော် သစ္စာဖောက်မှုမှ အပြစ် မရှိကြောင်း စီရင်ခံရသည်။

မေ၊ ၁၉၆၁ - ‘အိမ်ပြင်မထွက်ရေး’လှုပ်ရှားမှု စည်းရုံး အကောင်အထည်ဖော်ခဲ့သည်။

ဇွန်မှ ဇူလိုင်၊ ၁၉၆၂ - အကူအညီရရန်အတွက် အာဖရိကတစ်လွှားနှင့် အင်္ဂလန်သို့ ခရီးလှည့်သည်။

ဩဂုတ်၊ ၁၉၆၂ - တောင်အာဖရိကနိုင်ငံတွင် ဖမ်းဆီးခံရသည်။

နိုဝင်ဘာ၊ ၁၉၆၂ - ထောင် သုံးနှစ် ချမှတ်ခံရသည်။

ဧပြီ၊ ၁၉၆၄ - တရားခွင်မှ နိုင်ငံကျော်မိန့်ခွန်းကို ပြောကြားခဲ့သည်။

ဇွန်၊ ၁၉၆၄ - ရော်ဘင်ကျွန်းတွင် ထောင်တစ်သက် ချမှတ်ခံရ။

၁၉၇၆ - ခြွင်းချက်ဖြင့် လွတ်မြောက်ခွင့်ကို ငြင်းပယ်ခဲ့သည်။

၁၉၈၂ - ပိုးလ်စ်မိုး အကျဉ်းထောင်သို့ ပြောင်းရွှေ့။

၁၉၈၃ - ညီညွတ်သော ဒီမိုကရက်တစ် တပ်ဦး (UDF) ဖွဲ့စည်း။

ဇန်နဝါရီ၊ ၁၉၈၄ - ခြွင်းချက်ဖြင့် လွတ်မြောက်ခွင့်ကို ငြင်းပယ်။

၁၉၈၅ - နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာ၊ အစိုးရနှင့်လျှို့ဝှက် ဆွေးနွေးမှုများစတင်။

အောက်တိုဘာ၁၉၈၆ - အမေရိကန် အစိုးရမှ အသားရောင် ခွဲခြားမှု ဆန့်ကျင်ရေး ဥပဒေ ပြဋ္ဌာန်း။

၁၉၈၇-၈၈ - အစိုးရ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ။

ဒီဇင်ဘာ၊ ၁၉၈၈ - ဗစ်တာဗာစတာ အကျဉ်းထောင်သို့ ပြောင်းရွှေ့။

ဩဂုတ်၊ ၁၉၈၉ - F.W ဒီကလပ် ရွေးကောက်ခံရ။

ဖေဖော်ဝါရီ၊ ၁၉၉၀ - F.W ဒီကလပ်က ANC ကို မတရား သင်းမှ ပယ်ဖျက်ပေးခဲ့။

ဖေဖော်ဝါရီ၁၁၊၁၉၉၀ - ၂၇ နှစ်ကြာ ထောင်သွင်း အကျဉ်းချခံထားရမှုမှ လွတ်မြောက်ခဲ့။

မတ်လ ၂၊ ၁၉၉၀ - ANC ဒုတိယ ဥက္ကဋ္ဌအဖြစ် ပြန်လည် ခန့်အပ်ခံရ။

ဇွန်၊ ၁၉၉၀ - ဥရောပ၊ မြောက်အမေရိကနှင့် အာဖရိကတစ်ခွင် ခရီးလှည့်။

ဇွန်၊ ၁၉၉၁ - ANC ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခံရ။

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာ ၁၀၊ ၁၉၉၃ - F.W ဒီကလပ်နှင့် ပူးတွဲ၍ ငြိမ်းချမ်းရေးနိုဘယ်ဆုရ။
ဧပြီ ၂၆၊ ၂၈၊ ၁၉၉၄ - ပထမဆုံးအကြိမ် ဒီမိုကရေစီ ရွေးကောက်ပွဲတွင် မဲ ၆၂.၆ ရာခိုင်နှုန်းဖြင့် ANC အနိုင်ရ။
မေ ၂၀၊ ၁၉၉၄ - တောင်အာဖရိက၏ ပထမဆုံး လူမည်း သမ္မတအဖြစ် မင်ဒဲလား ကျမ်းသစ္စာကျိန်ဆို။
ဒီဇင်ဘာ၊ ၁၉၉၄ - 'လွတ်မြောက်ခြင်းအတွက် ခရီးရှည်' ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ထုတ်ဝေ။
၁၉၉၆ - ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ် ပြဋ္ဌာန်း။
ဇွန် ၂၊ ၁၉၉၉ - ဒုတိယအကြိမ် ANC ပါတီ အနိုင်ရ၊ သမ္မတရာထူးမှ ဆင်းပေးခဲ့။
၂၀၀၆ - အစိုးရကို ဝေဖန်ခဲ့ပြီး လူမြင်ကွင်းမှ အနားယူသွား။
ဇူလိုင် ၂၀၀၇ - အသက် ၈၉ တွင် ကမ္ဘာ့သက်ကြီးဝါကြီး အုပ်စုကို ဖွဲ့စည်းခဲ့။
၂၀၁၀ - တောင်အာဖရိကတွင် ကျင်းပသော ကမ္ဘာ့ဖလား ဘောလုံးပွဲတွင် နောက်ဆုံး ပြည်သူ့ရှေ့မှောက် ထွက်ပြခဲ့။
ဒီဇင်ဘာ ၂၀၁၃ - အဆုတ်အအေးမိရောဂါဖြင့် သုံးလကြာ ဆေးရုံတွင် တက်ရောက် ကုသခံယူခဲ့ပြီး နေအိမ်တွင် ဆက်လက် ကုသမှုခံယူခဲ့ရာမှ ကွယ်လွန်သွားခြင်း ဖြစ်သည်။

**ပြည်သူ့ခေတ်ဂျာနယ် အတွဲ ၄၊ အမှတ် ၁၇၅ မှ ကူးယူ ဖော်ပြထားပါသည်။**

www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာက နယ်လ်ဆင်မင်ဒဲလားအတွက် ဝမ်းနည်းနေကြစဉ် 'မဒီဘာ လက်ဆောင်' အတွက် ဘုရားသခင်ကို ဒက်စမွန်တူးတူး ကျေးဇူးတင်

နယ်လ်ဆင်မင်ဒဲလား ကွယ်လွန်သည့်အတွက် ကမ္ဘာက ဝမ်းနည်းနေကြစဉ် အသားအရောင် ခွဲခြားမှု ဆန့်ကျင်ရေး သူရဲကောင်းလည်းဖြစ် သမ္မတဟောင်းလည်း ဖြစ်သူအတွက် ရှာပန အစီအစဉ် အသေးစိတ်ကို တောင်အာဖရိက အစိုးရက ထုတ်ပြန်လိုက်သည်။

ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် FNB အားကစားရုံအတွင်း ကျင်းပမည့် အောက်မေ့ဖွယ် ဆုတောင်းပွဲဖြင့် မင်ဒဲလားကို ဂုဏ်ပြုမည်ဖြစ်ကြောင်း သမ္မတ ဂျေကော့ဘ်ဇူးမားက သောကြာနေ့ နံနက်က ထုတ်ဖော် ကြေညာသည်။ ဤအားကစားရုံကြီးတွင်ပင် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွင်း ပြည်သူလူထုရှေ့သို့ မင်ဒဲလား နောက်ဆုံး ထွက်ပြခဲ့ခြင်း ဖြစ်သည်။ သူ့ကို ကြိုဆို ဂုဏ်ပြုကြသည့် အသံတို့က နားအူမတတ်ပင်။

မင်ဒဲလား၏ ရုပ်အလောင်းကို ဒီဇင်ဘာ ၁၁ ရက်နေ့မှစ၍ အခမ်းအနားဖြင့် ပရီတိုးရီးယားတွင် ထားရှိပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ကူနူးရှိ သူ၏ ကျေးလက်အိမ်တွင် သင်္ဂြိုဟ်မည် ဖြစ်ကြောင်း သမ္မတ ဇူးမားက ပြောသည်။

ဒီဇင်ဘာ ၈ ရက်၊ လာမည့် တနင်္ဂနွေနေ့သည် တောင်အာဖရိက နိုင်ငံအတွက် ဆုတောင်းခြင်းနှင့် ပြန်လည် တမ်းတခြင်းနေ့ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းဒဲလား ကွယ်လွန်ကြောင်း ကြေညာပြီးနောက် ကမ္ဘာတစ်ဝန်းမှ 'မေတ္တာမိုးများ ရွာသွန်းဖြိုး'ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ဇူးမားက ဖော်ပြသည်။ 'ဒါက မဒီဘာဟာ ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အချင်းရှိတယ် ဆိုတာကို ဖော်ပြနေတာပါ'ဟု မင်းဒဲလား၏ ရိုးရာ လူမျိုးစုအမည်ကို သုံး၍ သမ္မတက ပြောသွားသည်။ 'နိုင်ငံသစ် တစ်နိုင်ငံနှင့် လူ့အဖွဲ့အစည်းသစ် တစ်ခု ထူထောင်ဖို့ မှန်းတီးမှုနဲ့ ဒေါသကို ကျော်လွှားအောင်နိုင်တာမျိုး' ဖြစ်နိုင်ကြောင်း ပြသခဲ့သဖြင့် တောင်အာဖရိက ပြည်သူများက မင်းဒဲလားကို အမြဲ ချစ်ခင်နေကြမည် ဖြစ်ကြောင်းလည်း သူက ထပ်လောင်း ပြောကြားသည်။

'ကျွန်တော်တို့ နိုင်ငံရဲ့ ထူးချွန်တဲ့ သားကောင်း၊ သက်တမ်းနနယ်သေးတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဖခင်အတွက် အလိုက်လျောဆုံး အသင့်တော်ဆုံး ဈာပန အခမ်းအနား ဖြစ်ပေါ်ရေးကို ကျွန်တော်တို့ အားလုံး ပူးပေါင်း ဆောင်ရွက်ကြပါမယ်'ဟု ဇူးမားက ပြောသည်။

မင်းဒဲလားရဲ့ ဂျိုဟန်နက်စ်ဘတ်မြို့ နေအိမ်အပြင်ဘက်တွင် လူအုပ်ကြီး ဆက်ပြီး တိုးပွားလာနေချိန်မှာပင် မင်းဒဲလား၏ ဈာပန အခမ်းအနား အသေးစိတ်တွေ ပေါ်ထွက်လာခြင်း ဖြစ်သည်။ အင်္ဂါနေ့ ညဉ့်နက်ပိုင်းတွင် မင်းဒဲလား ကွယ်လွန်ကြောင်း သတင်းပျံ့သွားသည်တွင် လူအုပ်စု စတင် စုဖွဲ့လာခြင်း ဖြစ်သည်။ လူအုပ်စုက မင်းဒဲလားအတွက် ပန်းများ၊ ဖယောင်းတိုင်များ၊ ဓာတ်ပုံများနှင့် အမှတ်တရ စာများ ထားရစ်ခဲ့ကြသည်။

သောကြာနေ့က တစ်နိုင်ငံလုံးတွင် အလံများ တိုင်ဝက် ထူလွှင့်ထားသည်။ တောင်အာဖရိက နိုင်ငံသားတို့က မျက်ရည်များ၊ ဆုတောင်းပွဲများနှင့် ဂါရဝပြုကြသည်။ ယင်းသို့ ဂါရဝပြုရာတွင် သီချင်းဆိုခြင်း ကခြင်းများလည်း ပါသေးသည်။

ယင်းနေ့တွင် အငြိမ်းစား ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဒက်စမွန် တူးတူးက မင်းဒဲလား၏ ပေါင်းစည်းညီညွတ်သော၊ ငြိမ်းချမ်းသော နိုင်ငံဟူသည့် မျှော်မှန်းချက်ကို မျက်ခြည်မပြတ်သည့်အတွက် တောင်အာဖရိက နိုင်ငံသားများကို ချီးကျူး ပြောကြားသည်။

'တချို့က ပြောကြတယ်၊ သူ (မင်းဒဲလား) ကွယ်လွန်သွားတဲ့ နောက်မှာ ကျုပ်တို့နိုင်ငံဟာ မီးဟုန်းဟုန်းတောက်လိမ့်မယ်တဲ့၊ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ တောင်အာဖရိက နိုင်ငံသားတွေကို အထင်သေးလို့၊ သူ့ရဲ့ အမွေအနှစ်ကို အထင်သေးလို့ ပြောတာလို့ ကျုပ်ထင်တယ်’ ဟု ဘုန်းတော်ကြီး တူးတူးက ပြောသည်။

‘နေမင်းကြီးဟာ မနက်ဖြန် ထွက်ပြူလာလိမ့်မယ်၊ နောက်နေ့ နောက်နေ့တွေလည်း ထွက်လာလိမ့်မယ်၊ မနေ့ကလောက် မတောက်ပပေမယ့် ဘဝက ဆက်ပြီး သွားနေမှာပဲ၊ နိုင်ငံ အနေနဲ့ ဝမ်းနည်းမှုကာလကို ကျုပ်တို့စတင် ဝင်ရောက်တဲ့အခါ အကြီးမြတ်ဆုံး ဂုဏ်ကျက်သရေနဲ့ လေးစားမှုနဲ့ စတင်ခဲ့ပါတယ်၊ ဘာကြောင့်လဲဆိုတော့ မဒီဘာ အတွက်ရော ကျုပ်တို့ ကိုယ်တိုင်အတွက်ရော ကျုပ်တို့ တာဝန်ရှိနေလို့ပါ’

ယင်းသို့ မှတ်ချက်များပြုရာတွင် ဘုန်းတော်ကြီး တူးတူးက မင်ဒဲလား၏ ခွင့်လွှတ်နိုင်စွမ်း အံ့မခန်းရှိမှုကို ပြန်လည်၍ သတိတရ ပြောသည်။ ၁၉၉၄ ခုနှစ်တွင် အသားအရောင် ခွဲခြားမှု အဆုံးသတ်ရေးနှင့် လူမျိုးပေါင်းစုံ ပါဝင်သည့် ပထမဆုံး ရွေးကောက်ပွဲများ ကျင်းပရန် တောင်အာဖရိက နိုင်ငံက ပြင်ဆင်နေချိန်တွင် မင်ဒဲလားက ပြန်လည် ရင်ကြားစေ့ရေးနှင့် ညီညွတ်ရေးအတွက် တောင်းဆိုခြင်းဖြင့် သူ၏ ခွင့်လွှတ်နိုင်မှုကို ပြသခဲ့သည်။ ၂၇ နှစ်ကြာ ထောင်ဒဏ်ကျခံခဲ့ရသူ မင်ဒဲလားသည် လွတ်မြောက်လာပြီးနောက် သူ၏ နိုင်ငံရေး အတိုက်အခံများကို ကမ်းလှမ်းခဲ့သည်။

‘သူဟာ ဒေါ်နဲ့ မောနဲ့ အင်မတန် ငယ်သေးတဲ့ လူငယ်တစ်ယောက် အဖြစ်နဲ့ ထောင်ထဲ ဝင်သွားတယ် ပြီးတော့ မယုံကြည်နိုင်လောက်အောင် မြင့်မြတ် သဘောထားကြီးတဲ့၊ ကြင်နာတတ်တဲ့ စံထားလောက်သူ တစ်ယောက်အဖြစ်နဲ့ ပေါ်ထွက်လာခဲ့တယ်’ ဟု တူးတူးက ပြောသည်။

မင်ဒဲလား၏ မြေးဖြစ်သူ မန်ဒလာ မင်ဒဲလားကလည်း သောကြာနေ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဤစိတ်ကူးမျိုးကို ပုံတင်လိုက်ထားသည်။ ‘ကျွန်တော် တတ်နိုင်တာကတော့ မိသားစုထဲက ကျွန်တော်တို့ အားလုံးကို ချစ်ပြီး လမ်းပြ ညွှန်ကြားပေးခဲ့တဲ့ ဒီလို အဘိုးတစ်ယောက်ရတာ ဘုရားသခင်ကို ကျေးဇူးတင်ရုံပါပဲ၊ ကျွန်တော်တို့ အားလုံးကို သူ သင်ပြပေးခဲ့တဲ့ထဲက အကောင်းဆုံး သင်ခန်းစာကတော့ ကျွန်တော်တို့ပြည်သူတွေကို အလုပ်အကျွေးပြုဖို့ ကျွန်တော်တို့တွေ အသင့်ပြင်ဖို့ လိုအပ်တယ် ဆိုတာပါပဲ’ ဟု မြေးဖြစ်သူက ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



# မင်ဒဲလား သို့မဟုတ် သည်းခံ ခွင့်လွှတ်ခြင်း တရားရဲ့တမန်တော်

ဖိုးဇော်

မဒီဘရဲ့ တန်းတူညီမျှရေး၊ ဒီမိုကရေစီရေးနဲ့ ငြိမ်းပယ်လို့ မရတဲ့ လူတိုင်း ရသင့်တဲ့ အခွင့်အရေးတွေ ရရှိခံစားနိုင်ရေးတို့ကို လိုချင်တဲ့ စိတ်ဓာတ်ဟာ ဘုရားသခင်ရဲ့ စိတ်ကူးပုံရိပ်နဲ့ ဖန်တီးထားတဲ့ လူတိုင်းဟာ အဖိုးမဖြတ်နိုင်အောင် ထိုက်တန်တယ်ဆိုတဲ့ ကျမ်းစာပါ သင်ကြားမှု အဆိုတွေနဲ့လည်း အတိုင်းအတာတစ်ခုအထိ ဆီလျော်မှု ရှိတယ်။

လူတိုင်း ရသင့်တဲ့ အခွင့်အရေးလို့ ဆိုရာမှာ လူတစ်ယောက်ရဲ့ အမျိုးအနွယ်၊ အသားအရောင်၊ လူမှုအဆင့်အတန်းတွေနဲ့ ကန့်သတ်ထားမှု မရှိတဲ့ လူသားအားလုံးနဲ့ သက်ဆိုင်တဲ့ အခွင့်အရေးတွေ ဖြစ်တယ်။ သည်လို လူ့ဂုဏ်သိက္ခာ၊ တန်းတူညီမျှရေးနဲ့ လွတ်လပ်မှုတွေအတွက် မဒီဘဟာ တိုက်ပွဲဝင်လိုစိတ်ရှိပြီး လိုအပ်ရင် သူ့အသက်ကိုပါ ပေးဝံ့သူ ဖြစ်တယ်။ မတရားမှု၊ လူမျိုးရေး ခွဲခြားမှုနဲ့ ဖိနှိပ်မှုတွေကို ဆန့်ကျင်တဲ့ သူ့ရဲ့ စိတ်ဓာတ်နဲ့ လုပ်ဆောင်မှုတွေဟာ နိုင်ငံရေးနဲ့ ယုံကြည်မှု အတွေးအခေါ် သက်သက် မဟုတ်ဘဲ ဘာသာရေးဆိုင်ရာ သဘောတရားတွေနဲ့လည်း ဆက်နွယ်မှုရှိတယ်။ လွတ်လပ်မှု၊ လူမျိုးရေး မခွဲခြားမှုနဲ့ မှန်ကန်တဲ့ အကျင့်စာရိတ္တရှိမှုတွေကို ကျွန်တော်တို့ရဲ့ကြီးမြတ်တဲ့ အခြေခံဥပဒေမှာ အဓိကနေရာကို ရယူထားစေတာဟာ သူ့ရဲ့ယုံကြည်မှု အမွေအနှစ်တွေ ထာဝရ ရှင်သန်စေနိုင်စေဖို့ ဖြစ်တယ်။

သူဟာ ဒုက္ခအခက်အခဲမီးတွေနဲ့ မာကျောအောင် ထုနက်ခံခဲ့ရတယ်။ အမျိုးပေါင်း များစွာရှိတဲ့ ပန်းနဲ့ တင်စား အခေါ်ခံရလောက်အောင် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ထွက်ပြေး တိမ်းရှောင်နေရစဉ်ကာလနှင့် မိသားစုဘဝနဲ့ ကင်းကွာပြီး ၂၇ နှစ်ကြာ အကျဉ်းသိမ်းခံ ကာလတွေဟာ မင်ဒဲလားဆိုတဲ့ လူတစ်ယောက်ဖြစ်လာစေဖို့ အရေးပါလှတဲ့ အချိန်တွေ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကာလတွေဟာ သူ့ကို အမြင်သစ်တွေ ရအောင်၊ အခြားသူတွေရဲ့ အားနည်းချက်တွေကို ပိုပြီး ဖြည့်စွက် နားလည်လာနိုင်အောင်၊ ပိုပြီး သည်းခံ ခွင့်လွှတ်စိတ် ရှိအောင်၊ ပိုပြီး ရက်ရောပေးကမ်းမှု ရှိအောင်၊ ပိုပြီး ကြီးမြတ်တဲ့ စိတ်ထားရှိအောင် ပြုလုပ်ပေးခဲ့ပြီး ထောင်ကနေ လွတ်မြောက်တဲ့အချိန်မှာ တိုက်ခိုက် ပုတ်ခတ်လို့ မရတဲ့ ရိုးသားမှု၊ ယုံကြည်အားထားနိုင်မှု ရှိတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် ပေါ်ထွက်လာခဲ့တယ်။ သူ့ရဲ့ အရင်တုန်းက ရန်သူတွေကို ခင်မင်ရင်းနှီးတဲ့ လက်နဲ့ ကမ်းလင့်ခဲ့ပြီး သူတို့ အရေးနိမ့်တဲ့ အချိန်မှာ ရက်ရောလှတဲ့ ခွင့်လွှတ်မှုအပြည့်နဲ့ ဆက်ဆံခဲ့တယ်။

ရန်သူဟာ စောင့်ဆိုင်းနေတဲ့ မိတ်ဆွေလည်း ဖြစ်နိုင်တယ် ဆိုတာကို ပြသခဲ့တယ်။ သူ့ကို သေဒဏ်အထိ ကျအောင် တရားစွဲဆိုဖို့ ကြိုးစားခဲ့တဲ့ ဒေါက်တာပါစီရူတာကို သူ့ရဲ့ သမ္မတ တင်မြှောက်ခံရခြင်း အခမ်းအနားကို တက်ရောက်စေခဲ့ပြီး သမ္မတ အိမ်တော်မှာ နေ့လယ်စာ ရင်းနှီးစွာ အတူစားသောက်ခဲ့တယ်။ သမ္မတ တင်မြှောက်ခြင်း အခမ်းအနားကို မလာနိုင်ခဲ့တဲ့ လူဖြူလူမျိုးကြီးဝါဒအပါးထိဒ် ဘုန်းကြီးရဲ့ မုဆိုးမဇနီးဆီကို သွားရောက် လည်ပတ်ပြီး လက်ဖက်ရည် အတူသောက်ခဲ့တယ်။ သူ့ကို နိုင်ငံတော် ဘုံရန်သူ နံပါတ် ၁ အဖြစ် ဆက်ဆံခဲ့တဲ့ လူဖြူတွေကို သူနဲ့ ပူးပေါင်း ဆောင်ရွက်လိုစိတ် ရှိလာအောင် လွှမ်းမိုးနိုင်ခဲ့တယ်။

သူဟာ အံ့သြချီးကျူးဖွယ်ရာ သဘောထားကြီးမြတ်မှုနဲ့ ခွင့်လွှတ်မှုတို့ရဲ့ပြယုဂ်ဖြစ်တယ်။ သူ့ကြောင့် ကျွန်တော်တို့ဟာ နိုင်ငံရဲ့ပြဿနာကို သွေးချောင်းစီး ဖြေရှင်းရမယ့်ကိန်းကနေ ရှောင်ဖယ်နိုင်ခဲ့တယ်။ သည်နိုင်ငံမှာ နေထိုင်တဲ့ လူအများစုကို အပါးထိဒ် လူမျိုးရေး အစွန်းရောက်တွေရဲ့ ဖိနှိပ်မှုကနေ လွတ်မြောက်စေခဲ့တယ်။ ဒုက္ခဆင်းရဲ ခံစားရခြင်းဟာ ခါးသီးမုန်းတီးတဲ့ မကောင်းစိတ်ကို ဖြစ်စေသလို မြင့်မြတ်တဲ့ ကောင်းစိတ်ကိုလည်း ဖြစ်စေနိုင်တယ်။ မဒိဘကြောင့် ကျွန်တော်တို့ဟာ ကောင်းတဲ့စိတ်နဲ့ ဖြေရှင်းပြီးဆုံးနိုင်ခဲ့တာ ဘုရားသခင်က သည်နိုင်ငံကို ကောင်းချီးပေးမှုပဲလို့ ဆိုရမယ်။

သူဟာ သည်းခံခွင့်လွှတ်နိုင်မှုတရားကို အစဉ်တစိုက် ကျင့်ကြံနေတာနဲ့အမျှ သူ့ရဲ့ စိတ်ဓာတ်ရေးရာ အဆင့်အတန်းကလည်း ပို၍ မြင့်မားလို့လာတယ်။ သူဟာ အခြားသူတွေရဲ့ အမြင်၊ အထူးသဖြင့် သူ့ကို ဆန့်ကျင်တဲ့သူတွေရဲ့ အမြင်ကို သိရှိ နားလည်နိုင်အောင် ကြိုးစားနေပြီး ညှိနှိုင်း စေ့စပ်ဖို့ အမြဲ အဆင်သင့်ဖြစ်နေသူ ဖြစ်တယ်။ လိုအပ်ရင် သူ့လက်ကို အပူခံပြီး သူများအတွက် မီးထဲက သစ်အယ်သီးမီးဖုတ်ကို ယူပေးမယ့် အများကောင်းကျိုးအတွက် အနစ်နာခံလိုတဲ့ လူစားဖြစ်တယ်။

သူဟာ ဘာသာတရား အားလုံးကို လေးစားတဲ့ စံနမူနာအဖြစ် ပြသနိုင်ဖို့ကြိုးစားခဲ့တယ်။ သူ သမ္မတအဖြစ် ရွေးကောက်ခံရတဲ့ အပတ်မှာပဲ သောကြာနေ့မှာ ဗလီကျောင်းဝတ်ပြုပွဲကို တက်ရောက်ခဲ့ပြီး စနေနေ့မှာ ဂျူးဘုရား ရှိခိုးကျောင်းကို သွားခဲ့တယ်။ တနင်္ဂနွေမှာ ဆိုဝေတိုက FNB ကစားကွင်းမှာ ပြုလုပ်တဲ့ ခရစ်ယာန်ဘာသာပေါင်းစုံ ဘုရားရှိခိုးပွဲကို

www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ခဲ့တယ်။ သူ့ရဲ့ သမ္မတ တင်မြှောက်ပွဲ အခမ်းအနားမှာ မူဆလင်၊ ဂျူး၊ ဟိန္ဒူ၊ ခရစ်ယာန်ဘာသာရေးဆရာတွေက ဆုတောင်း ကောင်းချီးပေးခဲ့တယ်။ ကွဲပြားတဲ့ သူတွေအကြား သည်းခံစောင့်ထိန်းတဲ့ စိတ်ဓာတ်ကို စံပြတဲ့အနေနဲ့ အရင်က ခရစ်ယာန် အလေ့အကျင့်တွေနဲ့သာ လွှမ်းမိုးနေတဲ့ လွှတ်တော်မှာ ယခုဆို လွှတ်တော်မစမီ ငြိမ်သက်စွာ အချိန်အနည်းငယ်ပေးပြီး မိမိ ယုံကြည်ကိုးကွယ်တဲ့ ဘာသာရဲ့ အယူအဆအတိုင်း ဝတ်ပြု ဆုတောင်းမှုကို ခွင့်ပြုထားတယ်။

ယနေ့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဘာသာရေး အစွန်းရောက်မှုတွေနဲ့ ခြိမ်းခြောက်ခံနေရတဲ့ အချိန်မှာ အခြားသူတွေ အမြတ်တနိုးထားတဲ့အရာကို လေးစားမှုပေးခြင်းဆိုတဲ့ စိတ်ထား အမူအကျင့်ဟာ သူ ထားခဲ့တဲ့ တန်းဖိုးရှိလှတဲ့ အမွေအနှစ်တစ်ခု၊ ကျွန်တော်တို့ မြင်ချင်တဲ့ ငြိမ်းချမ်းတဲ့ အနာဂတ်အတွက် မဒိဘရဲ့ ကြီးမြတ်တဲ့ လက်ဆောင်ပင် ဖြစ်တယ်။

*The Independent မှ Nelson Mandela life story: The prophet of tolerance, by Archbishop Desmond Tutu ကို ဘာသာပြန်သည်။*

■

**ပြည်သူ့ခေတ်ဂျာနယ် အတွဲ ၄၊ အမှတ် ၁၇၅**
**ဖိုးဇော် ဆောင်းပါးမှ ကူးယူ ဖော်ပြထားပါသည်။**

www.burmeseclassic.com

www.burmeseclassic.com

## စာပေလောကတိုက်ထုတ် စာအုပ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ | ဦးနု | မိတ္တဗလဋီကာ | ၃၅၀၀ |
| ၂။ | ဦးနု | ကာမတဏှာ | ၂၈၀၀ |
| ၃။ | ဦးနု | ငရဲဆိုချိုနဲ့လားဗျို့ | ၂၅၀၀ |
| ၄။ | ဦးနု | အာဇာနည် | ၁၂၀၀ |
| ၅။ | ဦးနု | ငါးနှစ်ရာသီ ဗမာပြည် | ၁၅၀၀ |
| ၆။ | ဝဏ္ဏသိရိ | ညီတော်အာနန္ဒာတစ်သက်တာမှတ်တမ်း ပတွဲ-ရိုးရိုး | ၅၀၀၀ |
| ၇။ | ဝဏ္ဏသိရိ | ညီတော်အာနန္ဒာတစ်သက်တာမှတ်တမ်း ဒုတွဲ-ရိုးရိုး | ၅၀၀၀ |
| ၈။ | Dr.အောင်သန်း | အသုံးများဆေးဝါးအညွှန်း | ၂၅၀၀ |
| ၉။ | ညဏ်မိုး | အိမ်သုံးဆေး အကျိုးနှင့် အပြစ် | ၁၀၀၀ |
| ၁၀။ | Dr.အောင်ခင်ဆင့် | ဖို မ ဆက်ဆံရေး | ၁၅၀၀ |
| ၁၁။ | ရွှေဥဒေါင်း | တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ ပတွဲ | ၂၅၀၀ |
| ၁၂။ | ရွှေဥဒေါင်း | တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ ဒုတွဲ | ၂၅၀၀ |
| ၁၃။ | Dr.ခင်မောင်လွင် | မျိုးဗီဇ | ၃၅၀၀ |
| ၁၄။ | Dr.ခင်မောင်လွင် | ဝက်ခြံရောဂါ | ၂၅၀၀ |
| ၁၅။ | သာဂဒိုး | သဘာဝဓာတ်စာနှင့် ကျန်းမာရေး ၂ | ၁၂၀၀ |
| ၁၆။ | စိန်မျိုးမြင့် | တောင်တန်းများကို ဖြတ်ကျော်ခြင်း | ၃၀၀၀ |
| ၁၇။ | စိန်မျိုးမြင့် | မယ်ဟောင်ဆောင်ကို ထိတို့ခြင်း | ၂၅၀၀ |
| ၁၈။ | စိန်မျိုးမြင့် | မြိတ်ကျွန်းစုအလှများ | ၃၅၀၀ |
| ၁၉။ | မောင်ကြည်သန့် | အချစ်ဗေဒ | ၃၀၀၀ |
| ၂၀။ | မောင်ကြည်သန့် | လူ့ဘာဝနေတတ်ရေး ပြိုင်ပွဲတိုင်းအောင်နိုင်သူ သင်ဖြစ်လိုလျှင် | ၁၆၀၀ |
| ၂၁။ | မောင်ကြည်သန့် | ခေါင်းဆောင်ဟောင်းများမှ ခေါင်းဆောင်လောင်းများသို့ | ၃၀၀၀ |
| ၂၂။ | မောင်ကြည်သန့် | မြန်မာနိုင်ငံထင်ရှားဒေသ | ၆၀၀ |
| ၂၃။ | မောင်ကြည်သန့် | ပုဂ္ဂိုလ်ကျော်များနှင့် ထင်ရှားဒေသ | ၆၀၀ |
| ၂၄။ | ခင်မောင်ဇော် | တီထွင်မှု | ၆၀၀ |
| ၂၅။ | ခင်မောင်ဇော် | သဘာဝ | ၆၀၀ |
| ၂၆။ | ခင်မောင်ဇော် | ငှက်များ | ၆၀၀ |

www.burmeseclassic.com